www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com






**အယ်ဒီတာအဖွဲ့**

ဘီဒီ ၊ သိဟ်မြလှိုင် ၊ စံပြနီ

**မျက်နှာဖုံးခေါင်းစီးစာလုံး**

ပန်းချီတင်တွန်း

**ဖြန့်ချိမှုတာဝန်ခံ**

အောင်မိုးလှိုင်

**ထုတ်လုပ်မှုတာဝန်ခံ**

မိုးမြင့်လှိုင်

**အကြံပေး**

လွယ်လွယ်ကြီး

**အယ်ဒီတာအဖွဲ့ရုံးခန်း**

အမှတ် ၁၈၉ ၊ ဒုတိယထပ်

( ၃၄ လမ်းအထက် )

ကျောက်တံတားမြို့နယ် ၊

ဖုန်း ၀၉-၅၁၃၉၆၃၁၁ ၊ ၀၉၄၅၉ ၂၈၂၆၂၀

I rue megazine@gmail.com




www.burmeseclassic.com

www.burmeseclassic.com



ကာတွန်း
Mအောင်ရှိန်၊ ဟန်၊ သခွတ်၊
ဦးအောင်၊ စည်သူကျော်၊
လေနီကြမ်း၊ စောဟန်၊ ၊
ပန်းချီဒီဇိုင်းသရုပ်ဖော်
ကျော်ဦး၊ သိဝံ၊ စက္ကူ၊
ရဲရင့်နိုင်၊ မောင်ညီညီ၊
ကျော်စိုးညိန်း၊ ညီညီလွင်
မျက်နှာဖုံးဂရပ်ဖစ်ဒီဇိုင်း
အောင်မိုးလှိုင်
အတွင်းစာမျက်နှာ မဆွေ
DTP အနာဂတ်ကမ္ဘာ
CTP ကမ္ဘာဦး
KabaOo Colour Separation

ပုံနှိပ်မှတ်တမ်း
ဇူလိုင်လ ၂၀၁၃ ၊ ပထမအကြိမ်
တန်ဘိုး ၅၀၀ ၊ အုပ်ရေ ၁၀၀၀
ဦးကျော်ဌေးမင်း ( ၀၅၉၉၂ )
အောင်သိန်းသန်းပုံနှိပ်တိုက်
အမှတ် ၄၄ (ခ)၊
ဗိုလ်ချုပ်အောင်ဆန်းလမ်း
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်တိုင်းတွင်ပုံနှိပ်ပြီး
မိုးကောင်းလှိုင်( ၁၆၁၆ ) မှခင်းစာပေ
၃ / ၂၆၇ ၊ ခရေပင်လမ်း၊ ဝေဘာဂီ၊
မ / ဥက္ကလာပမြို့နယ် ၊
ရန်ကုန်တိုင်း မှ ထုတ်ဝေသည်



www.burmeseclassic.com

www.burmeseclassic.com



# အရောင်လှလှ ဒီဇိုင်းဆန်းဆန်း ဂရဲလမ်းမှ ပါတိတ်ထဘီများ

အဲသည်နေ့က ဖြစ်ရပ်မှန်ရဲ့ မှုခင်းသတင်းကဏ္ဍအတွက် ရောက်လာတဲ့ နယ်သတင်း တွေကို ဖတ်ရှုရွေးချယ်တည်းဖြတ်နေရင်း ဒီသတင်းကို တွေ့လိုက်ရတာပါ။ ဖြစ်ရပ်မှန် ဝိုင်းတော်သား သတင်းထောက်တစ်ဦး နယ်က ပို့လိုက်တဲ့ သတင်းတစ်ပုဒ်ပါ။ (မူရင်း သတင်းစာမျက်နှာ ၁၁၂ တွင်ကြည့်ပါ)

ဓာတ်ပုံအထောက်အထား အပြည့်အစုံနဲ့ ဖော်ပြထားတဲ့ သတင်းနဲ့ ဓာတ်ပုံတွေကို ကြည့်ပြီး မယုံကြည်ခြင်းနဲ့ တုန်လှုပ်ခြင်း ဝေဒနာကို တစ်ပြိုင်တည်း ခံစားလိုက်ရပါတယ်။

အနယ်နယ် အရပ်ရပ်မှာ ဖြစ်ပွားခဲ့တဲ့ ရာဇဝတ်မှုခင်းပေါင်းစုံက အခင်းဖြစ် ဓာတ်ပုံတွေ၊ သတင်းတွေနဲ့ ရင်းနှီးနေပြီဖြစ်တဲ့ ကျွန်တော့်အဖို့ ဘယ်လို အနိဋ္ဌာရုံ မြင်ကွင်းနဲ့ သတင်းကမှ ရင်တွင်းကိုလှုပ်ခတ်ခြင်း မဖြစ်ခဲ့ပေမယ့် ဒီသတင်း၊ ဒီပုံတွေ ကြည့်မိတော့ စိတ်တွင်းမှာ မကြည်မသာ ဖြစ်ခဲ့ရတာအမှန်ပါ။

သတင်းက ဒီနေ့ပေါ်နေတဲ့ ဒီဇိုင်းဆန်းဆန်း၊ အဆင်လှလှနဲ့ မိန်းမဝတ် ပါတိတ်လုံချည်စတွေ အကြောင်းပါ။

ပါတိတ်ထဘီစကိစ္စများ စာတစ်စောင် ပေတစ်ဖွဲ့နဲ့ ရေးပြစရာ လိုသားလို့ ထင်ကြမှာပါ။ ကျွန်တော်ကိုယ်တိုင်လည်း စောစောပိုင်းက အဲသည်လိုမျိုး စိတ်ထဲမှာ ထင်ခဲ့မိပါ သေးတယ်။ ဒါပေမယ့် ပူးတွဲပါ ဓာတ်ပုံနဲ့ သတင်းကို သေသေချာချာ လေ့လာဖတ်ရှု ကြည့်လိုက်တော့မှ မျက်လုံးမျက်ဆန် ပြူးခဲ့ရတာပါ။

ကြည့်စမ်းပါဦး......

အဲဒီပါတိတ်ထဘီစပေါ်က ဒီဇိုင်းရေးချက်တွေဟာ ပဋ္ဌာန်း ၂၄ ပစ္စည်းကို ကိုယ်စားပြုတဲ့ ပဋ္ဌာန်းစက်ဝိုင်းပုံတွေ၊ ပလ္လင်ပေါ်မှာ ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံးနေတော်မူတဲ့ဟန် ဗုဒ္ဓရှင်တော်ဘုရားရဲ့ ရုပ်ပွားတော်ပုံတွေနဲ့ ယှက်နွယ်ရေးချယ်ထားခဲ့တာပါလား။

ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ရင်သပ်ရှုမောအံ့ဩ တုန်လှုပ်ခဲ့ရပါတယ်။ ဘယ်လို သတ္တဝါ၊ ဘယ်လိုဉာဏ်ကြီးရှင်က ဘယ်လိုအကြံနဲ့ ဘယ်လို ဖန်တီးလိုက်တာလေလဲ။

ဆန်းဆန်းပြားပြား စိတ်ကူးယဉ် ဝိသမလောဘသမားတွေရဲ့ လက်ချက်လေလား။ မိမိပစ္စည်း ဆန်းသစ်မှုအတွက် လုပ်ချချက်၊ တီထွင်ရက်ကတော့ အရပ်ရပ် နေပြည်တော် ကြားမြင်၍မှ မချော်၊ ဒီလိုငွေဘသမား ငရဲကောင်တွေ သူများထက်ထူးပြီး နဖူးဟိုဒင်း ပေါက်တာ သူတို့အတွက် ကိစ္စမရှိပေမယ့် မသိလို့ ဝယ်မိ၊ ဝတ်မိကြတဲ့ အမျိုးသမီးတွေ ကြားမှာတော့ ကိစ္စများသွားနိုင်ပါတယ်။

မိန်းမသားဆိုတော့ အလှအပ အသစ်အဆန်းကို ခုံမင် မက်မောကြတာ ဓမ္မတာပေမို့ အပြစ်ဖွဲ့စရာ မရှိဘူးဆိုပေမယ့် ဒီလို ပါတိတ်ထဘီစဟာ အမြင်မတင့်တယ်၊ ကဲ့ရဲ့ရှုတ်ချဖွယ် ဖြစ်ကုန်နိုင်ပါတယ်။ ဒီလို ပါတိတ်ထဘီစမှာ ဗုဒ္ဓပုံတော်တွေ၊ ပဋ္ဌာန်းစက်ဝိုင်းတွေပါတာ သိခဲ့ရင်တော့ ဗုဒ္ဓဘာသာဝင် အမျိုးကောင်းသမီးတွေဟာ ဝတ်ဆင်ကြမှာ မဟုတ်ပါဘူး။ သို့သော်လည်းပေါ့လေ။ မြန်မာပြည်ကို လာရောက်လည်ပတ်တဲ့ ခရီးသည်တွေထဲမှာ မြန်မာအမျိုးသမီးတွေရဲ့ ဝတ်စားဆင်ယင်မှုဓလေ့ကို

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားသူတွေ ပါနေပါတယ်။ မြန်မာအင်္ကျီ၊ ထဘီကို မြတ်နိုးစွာ ဝတ်ဆင်၊ ပုသိမ်ထီးကလေးကို ကြွကြွရွရွ ဆောင်းလို့ နေရာအနှံ့သွားနေကြတဲ့ နိုင်ငံခြားကမ္ဘာလှည့် အမျိုးသမီးတွေကို တွေ့မြင်နေကြရမှာပါ။

ကဲ····သူတို့က ဒီပါတိတ်ထဘီကို ကြိုက်လို့ ဝတ်ဆင်သွားလာနေရင် မခက်ပြီလား။ သူတို့ကတော့ မသိလို့ဝတ်တာ ဖြစ်ပေမယ့် မြင်ရတဲ့ ဗုဒ္ဓဘာသာဝင်ကတော့ စိတ်မကောင်း ဖြစ်ကြရတော့မှာပါ။

မသိလို့ ဝတ်ဆင်မိသူတွေကို အပြစ်ပြောလို့ မဖြစ်ပါဘူး။ မြန်မာအမျိုးသမီး အချို့ကတောင် ဒီပါတိတ်ထဘီစကို ဝယ်မိဝတ်ဆင်မိနေကြပြီ မဟုတ်လား။

ဒီပြဿနာမှာ အဓိက တာဝန်ရှိသူတွေကတော့ မလျော်ကန်တဲ့ သည်ဒီဇိုင်းမျိုးကို တီထွင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေတဲ့ ငရဲကောင် လူယုတ်မာတွေပဲ ဖြစ်ပါတယ်။ ငရဲလမ်းကို ရှေးရှုနေတဲ့ ဒီလောဘသားတွေ ညွှန်ကြတဲ့လမ်းကို မလျှောက်လှမ်းမိကြဖို့ သတိပြုမိကြရမှာပါ။

တစ်ခါက မြို့နယ်အနှံ့မှာ တီရှပ်ရောင်စုံလှလှလေးတွေ ခေတ်စားခဲ့ဖူးပါတယ်။ လူငယ်တွေ အကြိုက်တွေ့လို့ ဝတ်ဆင်ကြပါတယ်။ ဒီတီရှပ်အင်္ကျီရဲ့ ရင်ဘတ်ပေါ်မှာ လှပတဲ့ အရုပ်တွေ၊ အင်္ဂလိပ်စာတမ်း ဒီဇိုင်းတွေ ပါလေ့ရှိပါတယ်။

တချို့ တီရှပ်တွေက ဝတ်လိုက်ရင် သည်းထိတ်ရင်ခုန်စရာ ရင်ဘတ်မှာ ရဲဒင်းကြီး စိုက်နေသလိုမျိုး ဒီဇိုင်း၊ အချို့က လူအရိုးခေါင်းပုံသင်္ကေတန် ကျက်သရေမဲ့တဲ့ပုံမျိုး၊ အချို့ကတော့လည်း ဝတ်လစ်စလစ် အမျိုးသမီးဒီဇိုင်းပုံတွေ ရိုက်ထားပါတယ်။ ဒီလိုပုံတွေ ပါတဲ့ တီရှပ်တွေကိုလည်း ဝတ်နေတာ မြင်ရပါတယ်။ ဆိုးတာက ရင်ဘတ်ပေါ်မှာ ရိုက်ထားတဲ့ အင်္ဂလိပ်စာတမ်းတွေပါ။ အချို့စာတမ်းတွေဆိုရင် မကြားဝံ့ မနာဝံ့ အဓိပ္ပာယ်ထွက်တဲ့ စာတမ်းတွေပါ။ ဒီလိုစာတမ်းပါ တီရှပ်တွေကို မိန်းကလေးတွေ ဝတ်ဆင်နေကြတာလည်း စိတ်မကောင်းစရာ မြင်နေရပါတယ်။

သည်မိန်းကလေးတွေဟာ စာတမ်းရဲ့ အဓိပ္ပာယ် မသိလို့လား၊ သိရက်နဲ့ပဲ ဆန်းပြား လှပမှုကို ဦးစားပေး ဝတ်ဆင်နေကြလေသည်လား၊ ဘယ်လိုပဲဖြစ်ဖြစ် မိန်းကလေး ဂုဏ်သိက္ခာနဲ့ မြန်မာ့ယဉ်ကျေးမှုကိုတော့ ထိပါးသွားတာ အမှန်ပါ။

ဒီဆောင်းပါးဟာ မိန်းကလေးတွေရဲ့ ကာယိန္ဒြေကို ထိပါးစေမယ့် စတေကာ စာတမ်းတွေပါတဲ့ တီရှပ်တွေ မဝတ်မိစေဖို့၊ အရောင်လှလှ ဒီဇိုင်းဆန်းဆန်းနဲ့ ငရဲလမ်းကို ရှေးရှုနေတဲ့ ပါတိတ်ထဘီစတွေကို ရှောင်ကြဉ်စေဖို့ ကြိုတင်သတိပေး ရည်ညွှန်းချက်ပါ။

ကိုယ်စီးတဲ့ မြည်းကို အထီးမှန်၊ အမမှန်း သိကြရမှာပါ။ တစ်ခါတုံစ်ရဲ့ အသစ်အဆန်း၊ အလှအပတွေကို ခုံမင်မက်မောခြင်းရဲ့ နောက်ကွယ်မှာ အန္တရာယ်တွေ ပူးတွဲပါလာတတ်တာကိုလည်း သတိပြုကြရမှာပါ။

နီလေးမောင်

၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ဖြစ်ရပ်မှန် မဂ္ဂဇင်းမှ

www.burmeseclassic.com

www.burmeseclassic.com



ဖတ်ရှုဖွယ်ရာ သုတစာ

နီလေးမောင် မဂ္ဂဇင်း
အမှတ် ၂၂၃ ၊ ဇူလိုင်လ ၊ ၂၀၁၃ ခုနှစ်

– ဘယ်လို အနိဋ္ဌာရုံမြင်ကွင်းနဲ့သတင်းကမှ ရင်တွင်းကိုလှုပ်ခတ်ခြင်းမဖြစ်ခဲ့ပေမယ့် ဒီသတင်း၊ ဒီပုံတွေကြည့်မိတော့
**အရောင်လုလု ဒီဇိုင်းဆန်းဆန်း ငရဲလမ်းမှပါတိတ်ထဘီစများ – နီလေးမောင်** ---- ၄

– ခရီးသည် ၅၄ ဦးပါသော ဘတ်စ်ကားသည် တံတားလက်ရမ်းကို ချိုးဖောက်ပြီး ပေ ၆၀ ကျော်နက်သော
**နိုင်ငံတကာ သတင်းလွှာ – ညိုမင်းလွင် (မော်ကျွန်း)** ------------------ ၁၇

– ညီဖြစ်သူကိုလူငယ်တစ်ဦးကလက်သီးဖြင့်ထိုးကြိတ်နေသည်ကိုတွေ့ရသဖြင့်ဒေါသအလျှောက်အသင့်ပါလာသည့် ဓားဖြင့်
**ပြစ်မှုနှင့်ပြစ်ဒဏ် – သိန်းနိုင်ဦး (ပဲခူး)** --------------------- ၂၁

– ဖျက်ဆီးခြင်း၊ မီးရှို့ခြင်း၊ ရဲတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်ခြင်း စတာတွေပြုလုပ်လာပြီဆိုရင်
**အဓိကရုဏ်းနှိမ်နင်းရေး – ခင်မမမျိုး** ---------------------- ၂၄

– လိုအပ်လျှင် မြို့ပြအင်အားသုံးပြီးတော့ ထိထိ ရောက်ရောက် တားဆီးနှိမ်နင်းသွားမှာ ဖြစ်ပါတယ်။
**တည်ငြိမ်အေးချမ်းမှုနှင့် လူမှုစီးပွားရေး – ခင်မောင်ဌေး (ပညာရေး)** ------ ၃၄

– လက်ထပ်ယူမည် ဟုကတိမရှိဘဲ ပဋိသန္ဓေရှိလျှင် လျော်ကြေးတောင်းနိုင်သည်။ လက်ထပ်ယူမည်ဟု ကတိရှိပြီး
**ဘယ်သူမပြု ကာမမှု – နတ္တလင်းချစ်လွင်** ------------------------- ၃၈

– စက်ရပ်ပြီးတိမ်းမှောက်သွားခဲ့ရာ စက်လှေသမ္ဗာန်ပေါ်ပါ လူခုနစ်ယောက် နှင့်ကိုရင်ငါးပါးတို့မှာ စက်လှေပေါ်မှ
**အပျော်ခရီး စက်လှေစီး – ကျော်သောင်း (ဘုတလင်)** --------------- ၄၄

– ကျည်ဆန်တစ်တောင့်က သူ့ခေါင်းကိုမှန်သွားပြီး ကျွန်တော့်ရဲ့ နှစ်ရက်တာဇနီးသည်လည်း ပွဲချင်းပြီးသေသွားတယ် ၊
**လမ်းသွေသွားသော ကျည်တစ်တောင့် – တိုးထက်** ------------------ ၅၂

– ခင်ဗျားတို့ လူညစ်တွေပဲဗျ။ လက်ဖွဲ့သမားဘဝက တက်လာတဲ့ ဒိုင် တွေဖြစ်ကြပေမဲ့ ကိုယ်ချင်းစာနာစိတ်မရှိဘူး ၊
**သွေးနှင့် ချွေးနှင့် ရင်းရသည့် လက်ဖွဲ့ဗိုလ်လုပွဲ – ဘာမထီခင်အောင် (ရွှေဘို)** ---- ၆၀

– အဖက်ဖက်က တိုးတက်ပြောင်းလဲရန် ကြိုးဆောင်ကြရာ ကျန်ရစ်ခဲ့သည်လား (သို့မဟုတ်) ချန်ပစ်ခဲ့သည်လား
**တို့လည်းလိုက်မယ် ချန်မထားနဲ့ – တင်ဖေသော် (သထုံ)** ------------- ၇၂

– ညအချိန်ရောက်မှ လက်ကောက်ပျောက်ကြောင်း သိရ၍ အစ်မဖြစ်သူက ညီမဖြစ်သူကို မကျေမနပ်နှင့်
**လက်ကောက်တစ်ကွင်း ချစ်ခြင်းဖွဲ့မာယာ – ပန်းတနော် ကျော့မိုး** ---- ---- ၇၇

www.burmeseclassic.com

www.burmeseclassic.com



- ပစ္စည်းတွေခိုးရောင်း၊ မိဘနာမည်တွေ သုံးပြီးငွေချေး သုံးဖြုန်းမူးယစ်ဆေးထိုး လုပ်နေတယ် ၊

**ရှောင်လေဝေးဝေး မူးယစ်ဆေး - စိန်ဇော်တိက ---------------- ၈၆**

- တိုးအေးသဘော် နစ်မြုပ်မှုကြီးတွင် အပြစ်မဲ့သူ ခရီးသည်ပေါင်း ၉၀ ကျော် အသက်ဆုံးရှုံး ခဲ့ရသည်။

**တိုးအေးတခွေ - ထက်အောင်ကျော် (ကညွတ်ကွင်း) ---------------- ၉၂**

- ရာဇဝတ်သားတစ်ဦး ဖြစ်သည်။အမည်ပြောင်မှာ 'ဝက်ကြီး' ဟုသိသည်။ ဆိုးဆိုးဝါးဝါးပြုမူတတ်သောကြောင့် ဖြစ်သည်။

**အီတလီနှင့် အရက်စက်ဆုံးသော လူသတ်သမား - နေဇော်ဦး (ရွှေပြည်သာ) ----- ၁၀၂**

- ဘာသာရေးနှင့်စပ်လျဉ်းသည့်ရုပ်ပုံများကို အမျိုးသမီးဝတ်ဆင်သည့် ထဘီစ တွင်မည်သို့သောအကြံအစည်ဖြင့်

**ထဘီဝယ်လျှင် သတိထား - ကမ်းနဖူးကစမ်းဦး (ကသာ) ---------- ၁၁၂**

- ''နင်တို့ မိသားစု အားလုံးကို သတ်ပစ်မည်'' ဟု ကြိမ်းဝါးကာ မကြားဝံ့မနာသာ အောင်ဆဲဆိုနေစဉ်

**နေပြည်တော်တပ်ကုန်းမြို့နယ်မှ သတင်းအတိုထွာများ - မင်းဟိန်းခန့် (မှခင်းသတင်းထောက်) -- ၁၁၆**

- အတိတ်နိမိတ်တော့တစ်ခုခုဖြစ်ပါက ပြရပေမည်။ ဟုတ်သည်။ ဘီလူးစီးသလိုဖြစ်ခဲ့ကြောင်းကိုတွေးမိပြန်လာသောအခါ

**ချစ်သူဝိဉာဉ် - မောင်မောင် (မြန်မာပြည်) ---------------- ၁၁၈**

- ဟိုတုန်းက အမြင့်ဆုံးဈေးရခဲ့ပေမယ့် ခုတော့ အရွယ်လွန်၊ ခန္ဓာကျုံ့နေတာကြောင့် ကြေးကြီးမရနိုင်တော့ဘူး

**အလွမ်းမပြေတဲ့ မနန်းဝေ - စိုးဝေ --------------------- ၁၃၀**

- ခင်ဗျားတို့ (၂)ယောက် အဲဒီမိန်းမကို အပြတ်ရှင်းပြီဆိုရင် ခင်ဗျားတို့ကို ကျွန်တော် သိန်း(၅၀) ပေးမယ်''

**အရိပ်မဲ့ ရင်ခွင် - ချစ်ဝေမောင် -------------------- ၁၄၂**

- တောင်းရမ်းစားသောက်သူ၊ ကျူးကျော်နေထိုင်သူတို့ ခိုနားနေထိုင်ရာ မြို့တော်ရန်ကုန်၏ အကြီးဆုံးသုသာန်ဝန်းကျင်လို

**ထွင့်ထိပ်ခေါင်နှင့်အဖြူရောင်နတ်မိစ္ဆာ - ရဲရင့်ထက် (သံတောက်) --------------- ၁၅၆**

- လူငယ်လေးများကအပြေးသွားကာတိုင်ကီပုံးပေါ်မှ ထမင်းစားခုံကိုဖယ်ပြီး မောင်သာချိုလေး ကိုဆွဲထုတ်လိုက်ကြသည်

**မျက်ရည်ကြွေပွဲရတက်နှင့် - မောင်အေးနှစ် (ပညာရေး) ------------ ၁၇၀**

- ခြံစည်းရိုးကိုလောင်မှာ မစိုးရိမ်ရသော်လည်း လက်နက်ကြီးကျည်ဆန်များ သိုလှောင်ထားသည့် ဘန်ကာများတွင်

**ရွက်ကြွေတောမှ မီးလျှံကြီး - ဇေယျာမင်းဦး --------------- ၁၈၀**

- ထောင်ထဲမှာမှ ငွေက ပိုတောင် အသုံးတည့်နေသေးတယ်။ ဘာယာလုပ်မလား၊ တန်းစီး လုပ်မလား၊

**မသာဆယ်ခေါက် ထောင်တစ်ခေါက် - မောင်မိုင်းညို့ (ချောင်းဦး) ------------ ၁၉၀**

- ခြေမဲ့ လက်မဲ့ မျက်စိအလင်းကွယ်နေခဲ့သည့် သူလိုဒုက္ခိတအကျဉ်းသား အိုကြီးတစ်ယောက်ကို

**သစ္စာကိုဆန်၍ - ဇေယျမင်းသျှင် ----------------------- ၂၀၀**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## ဘာကြောင့် ပြစ်မှုဖြစ်ပွားရလဲ
## မှုခင်းကျဆင်းအောင် ဘယ်လိုလုပ်ရမလဲ

- ပြစ်မှုဖြစ်ပွားနေခြင်း၏ အခြေခံအကြောင်းအချက်များ
- ရာဇဝတ်ကောင်တို့၏ အမူအကျင့်၊ အလေ့အထ၊ လုပ်နည်းကိုင်နည်းများ
- မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ မှုခင်းကျဆင်းရေး ဆောင်ရွက်ချက်များ
- အဲဒီအချက်တွေကို ကြိုတင်သိထားပါလျှင်
- အသက်ဘေးအာမခံနေသော်လည်း အမှုတစ်ရာ တွေ့ရတတ်သည်ဟူသော

စကားကို ကျော်လွှားနိုင်မည် ဖြစ်ပါ၏။

## ဒါကြောင့်

လောဘ ဒေါသ မောဟ တရားတို့၏ ဆိုးကျိုးကို မီးမောင်းထိုးပြကာ
မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့်
မှုခင်းများ လျော့နည်းကျဆင်းရေးသို့
ဟူသော ဦးတည်ချက်ဖြင့် ထုတ်ဝေနေသော

နီလေးမောင် မြစ်ဆုံ မဂ္ဂဇင်း


သက်စွဲပြု ဖတ်ရှုမှ ဖြစ်ပါ့မယ်

www.burmeseclassic.com

www.burmeseclassic.com



INTERNATIONAL REPORT



# ညီမြင်းလွင် (မော်ကျွန်း)

## တရုတ်မှ မူလတန်းကျောင်းကြိုပို့ကား ရေကန်ထဲ ထိုးကျ

၂၅.၁၂.၂၀၁၂ နေ့က တရုတ်တောင်ပိုင်း ဂျင်ဂျီဇင် ဒေသတွင် - မူလတန်းကျောင်းသားများ ကြိုပို့ ကားတစ်စင်းသည် အရှိန်မထိမ်းနိုင်ဘဲ၊ ရေကန်တွင် ထိုးကျခဲ့ရာ ကားပေါ်ပါ - ကလေး (၁၅) ဦး အနက် (၁၁) ဦး သေဆုံးခဲ့ရသည်။ နိုဝင်ဘာလအတွင်းကလည်း အလားတူ ယာဉ် မတော်တဆမှုကြောင့် ကလေး (၁၈) ဦး သေဆုံးခဲ့သဖြင့် လူထု၏ ဘဝင်မကျဖြစ်နေစဉ် ထပ်မံဖြစ်ပွားခြင်းကြောင့် စိတ်သောက ဖြစ်ကြရပြန်သည်။ တရုတ်ပြည်တွင် ခေတ်မီတိုးတက်လာသဖြင့် မိသားစုများသည် သားသမီးများ ပညာတတ် လူတန်းစေ့ရန် ရွာနေကျောင်းကို စွန့်ခွာပြီး မြို့နေကျောင်းများတွင် ပညာသင်ကြားခဲ့ရသည်ဟုဆိုသည်။

internetnews 26.12.12

## အရှိန်ပြင်းကား၏ ယာဉ်မောင်းကြောင့် တံတားအောက်ကျ

၁၉.၃.၂၀၁၃ နေ့တွင် အိန္ဒိယနိုင်ငံအနောက်ပိုင်း ရတနာဂီရိခရိုင်၊ အဝေးပြေးလမ်းမကြီးဖြတ်သန်းရာ အကြားရှိ ရှေ့ခတ်ပေါင်း အုတ်ကျောက်သုံး တံတားရှည်ကြီးတွင် ယာဉ်မောင်းတစ်ဦး၏ မဆင်မခြင် အရှိန်ပြင်းမောင်းနှင်မှုကြောင့် ၄င်းဦးဆောင်မောင်းလာသော ခရီးသည် ၅၄ ဦးပါသော ဘတ်စ်ကားသည် တံတားလက်ရမ်းကို ချိုးဖောက်ပြီး ပေ ၆၀ ကျော်နက်သော တံတား အောက်ခြေကိုကျရောက်ပျက်စီးခဲ့ရာ ခရီးသည် ၃၇ ဦး ပွဲချင်းပြီး သေဆုံးခဲ့ရပြီး ၁၇ ဦးမှာ ဒဏ်ရာပြင်းထန်စွာဖြင့် ဆေးရုံပို့ခဲ့ရာ သေဆုံးမှု ဦးရေမြင့်တက်မည်ဟု ဆိုသည်။ ဤကိစ္စသည်

www.burmeseclassic.com

www.burmeseclassic.com



တံတားများကို ကားမောင်းဖြတ်ကျော်ရာ၌ ယာဉ်မောင်းများ ဆင်ခြင်စရာအဖြစ် အသိပေးမီးမောင်းထိုးပြထားသည်။

internetnews 20.3.2013

## တရုတ်ပြည်တွင် "ကလေးမှောင်ခိုရောင်းစားသော အဖွဲ့ကို နှိမ်နင်း

တရုတ်နိုင်ငံ၏ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက မွေးကင်းစကလေးများကို ရောင်းကုန်အဖြစ် ကုန်သွယ် ရောင်းချနေသော ဂိုဏ်းတစ်ခုကို ဖြိုခွင်းနိုင်ပြီး တရားခံများကို ရောင်းစားရန် စီစဉ်ထားသည့် ကလေးများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်းသတင်းစာတွင် ဖော်ပြလိုက်သည်။

တရုတ်ပြည်သည် လူဦးရေ ထိန်းသိမ်းရေးအစီစဉ်အရ အိမ်ထောင်စုတိုင်းတွင် ကလေး ၂ ဦးသာ မွေးခွင့်ပေးသည် (ဝန်ထမ်းမိသားစုဖြစ်ပါက-၁ ဦး) ပြည်တွင်းလှုပ်ရှားခဲ့သော ငလျင်များ သဘာဝ မုန်တိုင်းနှင့် အခြားရောဂါဝေဒနာတို့ကြောင့်ကလေး

## နိုင်ငံတကာ သတင်းလွှာ

များ ကွယ်လွန်သောအခါမိသားစုဆွဲလွဲသံပျောက်ကာ ကလေးလိုချင်ကြသည်။ အခြားသော သားသမီး မထွန်းကားသူများကလည်း ကလေးလိုချင်ကြသည်။ အခြားသော ရက်စက်သူများက ကလေးများ၏ အတွင်းခန္ဓာအစိတ်ပိုင်းများ ဖြုတ်ယူပြီး အစားထိုး ကုသလိုကြသည်။ သို့ဖြစ်၍ ကလေးမှောင်ခို ရောင်းမှုကြီးထွားလာကာ၊ ကလေး (ကျား) တစ်ဦးကို ယွမ်အများဆုံး၃၀၀၁၀ ပေးဝယ်ကာ စက်မှုထွန်းကားသော ယူနန်တို့ပြည်နယ်တွင် ယွမ် ၇၀၀၀၀ မှ ၉၀၀၀၀ ဖြင့် ပြန်ရောင်းခြင်းဖြင့် အမြတ်ငွေအမြောက်အမြား ရနေကြသည်။ မိဖများကလည်း ဆင်းရဲလွန်းသဖြင့် ဤသို့ရောင်းစားခဲ့ခြင်းဖြစ်သည်။ ဤလူမဆန်သော အဖြစ်ဆိုးကို တားကွယ်ရန် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ယင်းအမှုအဖြစ်များသော ဖူဂျင်း၊ယူနန်၊ စီချွမ်အန်၊ အင်ယွတ်၊ ဂွမ်ဒေါင်း စသည်ပြည်နယ် ၉ ခုပေါင်းပြီး "ကလေးရောင်းစားမှုကာကွယ်ရေး အဖွဲ့" ဖွဲ့စည်းခဲ့သည်။ ကားဆိပ်၊ လေဆိပ်၊ သင်္ဘောဆိပ် စသည်တို့၌ ထောက်လှမ်းခြင်းနှင့် အွန်လိုင်းကွန်ရက်များကို စောင့်ကြည့် ထောက်လှမ်းခဲ့ရာ ၁၈.၁၂.၂၀၁၂ နေ့တွင် ကလေး ၉ ဦး အရောင်းအဝယ် အစီစဉ်ကို အွန်လိုင်းမှ သတင်းရခဲ့သည်။ ထိုသတင်းအရ ယူနန်ဒေသတွင် အလုပ်ဖြစ်မည်ဖြစ်၍ အထူးတပ်ဖွဲ့များနှင့် ပူးပေါင်း ရှာဖွေထောက်လှမ်းရာ ကလေးများ အရောင်းအဝယ်လုပ်စဉ် ထိုကလေးရောင်းစားသော ဂိုဏ်းကို ဖမ်းမိပြီး၊ ဆက်စပ်တရားခံ ၃၅၅ ဦးကိုပါ ဖော်ထုတ်ဖမ်းဆီးခဲ့သည်။ ၎င်းဂိုဏ်းတွင် ရောင်းစားရန် အသင့်ဖြစ်နေသော ကလေး (ကျား) ၈၉ ဦးကိုလည်း ကယ်တင်နိုင်ခဲ့သည်။ ကလေးများကို ဝန်ကြီး ဌာနလက်အောက် ကယ်ဆယ်ရေးစခန်းတွင် ကောင်းမွန်ထိန်းသိမ်း စောင့်ရှောက်ထားကာ ကလေးများ၏ DNA ကို စစ်ဆေးပြီး ၎င်းတို့၏ မိဖများကို ရှာဖွေ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပို့ရန်လည်း တစ်ဆက်တည်း စီစဉ်လျက်ရှိကြောင်း သတင်းစာတွင် ဖော်ပြထားသည်။

inhua new 2013.3.13

**ဖလော်ရီဒါတွင် လူတစ်ဦး မြေမြိုခံရပြီးနောက်- မြေများဆက်လက်ပြိုကျစဲ ဖြစ်နေ၍ မိသားစုများကို နေရာရွှေ့ပြောင်း**

၅.၃.၂၀၁၃ နေ့တွင် ဖလော်ရီဒါ ပြည်နယ်၊ တင်ပါ အရပ်တွင် စိမ့်မြေတွင်းများဆက်လက်ပြိုကျ နိမ့်ဆင်းဖြစ်ပေါ်နေသဖြင့် ယင်းဒေသရှိ လူနေအိမ်များကို ပြောင်းရွှေ့စေပြီး (၁.၃.၂၀၁၃) နေ့က ဒေသ ရဲ/ကယ်ဆယ်ရေးတို့က ဆောင်ရွက်နေကြောင်း သတင်းက ဆိုသည်။

၁.၃.၂၀၁၃ နေ့ ယင်းဒေသနေ ဆင်းရဲသော ခြံလုပ်သားမိသားစု ၅ ဦးသည် ညနေအလုပ်ကပြန် (ညစာစားပြီး မိမိတို့အိမ်ခန်းရှိရာ မြေစိုက်အိမ်တွင် အိပ်စက်နေကြစဉ် ည ၁၀ နာရီခန့်တွင် မိသားစုဝင် မစ္စတာဂျက်ဖရီဘုရှ် ၃၆ နှစ် အခန်းမှ ကျယ်လောင်စွာ အော်သံကြားသဖြင့် ညီဖြစ်သူက အစ်ကို့အခန်းသို့ ကူးပြေးကြည့်သောအခါ အစ်ကိုအိပ်ရာမရှိတော့ဘဲ ၅ ပေကျယ် ၃၀ ပေနက်သော ကျင်းကြီးဖြစ်နေတော့သည်။ အသံသဲ့သဲ့ကြားသဖြင့် ညီဖြစ်သူက တွင်းထဲခုန်ဆင်းပြီး လက်ဖြင့် ယက်တူးဖော်သော်လည်း မရသည့်အပြင် မြေကလည်း ဆက်ပြီး ပြိုဆင်းလာ၍ မြေပြင်ပေါ်ပြန်တက်ခါ မီးသတ်ရဲ၊ ကယ်ဆယ်ရေးကို ခေါ်ယူ အကူအညီတောင်းခဲ့သည်။ ကယ်ဆယ်ရေးတို့က ခေတ်မီ အသံဖမ်း ကိရိယာများ တွင်းထဲချပြီး ကယ်ဆယ်ရန်ကြိုးပန်းကြသော်လည်း ဆက်လက်ပြိုနေသော မြေတို့ကြောင့် ကယ်ဆယ်ရေး လက်လျှော့ခဲ့ရသည်။ ဤသို့ဖြင့် ဂျက်ဖရီဘွတ်ရှ် မြေမြိုသေဆုံးခဲ့သည်။ ဆက်လက်ပြီး ယင်းဒေသတွင်း အခြားအိမ် ၂ လုံး၏ ၅ ပေကွာတွင်လည်း ၁၂ ပေကျယ်၍ ၃ ပေနက်သောမြေများပြိုကျပြီးတွင်းဖြစ်ခဲ့သဖြင့် ယင်း ဒေသနေ ဆင်းရဲသားအိမ်အားလုံးကို ရွှေ့ပြောင်းပေးခဲ့ရသည်။

ဂျက်ဖရီဘုရှ် မြေမြိုရာတွင်းသည် ပေ ၃၀ နက်နေရာမှ မြေများ ဆက်ပြိုပါက အနက် ၅ ပေ အကျယ် ၂ ပေခွဲ သာရှိတော့သည်။ ကယ်ဆယ်ရေးအဖွဲ့က ထိုမြေကို ဖယ်ရှားတူးဖော်ရာ ဖွေရာ မိသားစု အလံ တစ်ခု၊ စစ်တပ်ဂုဏ်ထူးတံဆိပ် ၁ ခု၊ ကစားစရာဝက်ဝံရုပ် ၁ ခုပိုက်ဆံအိပ် ၁ ခုနှင့် မိသားစုမျိုးဆက်ဖုန်းနံပါတ်စာရင်းအပြင် ရှေးခေတ်သုံး ရှိုင်ဖယ်သေနတ်တို ၂ လက်တွေ့ရပြီး ဂျက်ဖရီကိုတော့ ရှာမတွေ့တော့ဟု သတင်းက ဆိုသည်။

internetnews 5.3.2013



www.burmeseclassic.com

www.burmeseclassic.com






## USA မှ မူလတန်းကျောင်းအတွင်း သေနတ်သမား တစ်ဦးဝင်ရောက် ပစ်ခတ်ခြင်းကြောင့် လက်နက်ကိုင်ဆောင်မှု တင်းကျပ်ရေးဥပဒေပေါ်လာရေး NGO ဆန္ဒပြု

၁၉.၃.၂၀၁၃ နေ့ကဝါရှင်တန်ရှိ ဆင်ဒီဟော့ခ် မူလတန်းကျောင်းကလေးတွင် အစိုးရမဟုတ်သော အဖွဲ့ NGO ခရီယာန် သီလရှင်ကျောင်းတော်က ဦးစီးပြီး လက်နက်ကိုင်ဆောင်မှု ဥပဒေအတွက် အတည်ပြုနိုင်ရေးနှင့် လိုအပ်သော အကြံပေး ဆန္ဒထုတ်ဖော်ပွဲ ကျင်းပခဲ့ကြောင်း သတင်းက ဆိုသည်။

လွန်ခဲ့သော ၃ လက ယင်းဒေသ မူလတန်းကျောင်းအတွင်းသို့ စိတ်ရူးပေါက် သေနတ်သမားတစ်ဦးက စာသင်နေဆဲ ကျောင်းဝင်းအတွင်း အတင်းဝင်ရောက်ပြီး ချေမှုန်းရေး အော်တိုသေနတ်ဖြင့် တွေ့မြင်သမျှ ကလေးများကို ပစ်ခတ်ခဲ့ရာ မူလတန်းကျောင်းသား/ကျောင်းသူ ၂၀ ဦးနှင့် လူရွယ် မောင်/မယ် ၆ ဦး နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးခဲ့ကြရသည်။ ဤသို့ဖြစ်ရခြင်းသည် သေနတ် ပိုင်ဆိုင်ထားသောသူများ လွတ်လပ်စွာ သေနတ်ကိုင်ဆောင်ကြသော အမေရိကန်နိုင်ငံသားတို့၏ စရိုက်ကြောင့် ဖြစ်ကြောင်း ခရစ်ယာန် NGOသီလရှင်ကျောင်းက သုံးသပ်ပြီး ပြည်နယ်အသီးသီးတွင် သေနတ် ကိုင်ဆောင်ခွင့် ဥပဒေ တင်းကျပ်ရေးကို တွန်းအားပေးသည့် အနေဖြင့် ဆန္ဒသဘောထား ထုတ်ပြန်ခြင်းဖြစ်သည်။ ၄င်းကိစ္စနှင့်တွဲ၍ ၄င်းတို့ဖော်ထုတ်သောသဘောထားမှာ-

-လက်နက်မှန်သမျှတရားဝင်မှတ်ပုံတင်ရေး

-လက်နက်ဝယ်သူရှိပါက ၄င်း၏ နောက်ကြောင်း ရာဇဝင်ကို စစ်ဆေးပြီး ရောင်းသင့်/မသင့် ဆောင်ရွက်ရေး

-စာသင်ကျောင်းများလုံခြုံရေးအတွက် စာသင်ခန်း တံခါးများကို အတွင်းမှ သော့ပိတ်ထားရေးနှင့် ခွင့်ပြုချက်မပါသော ပုဂ္ဂိုလ်များ စာသင်ခန်း အတွင်း မဝင်ရောက်အောင် တားဆီးရေး

-ကျောင်းအားလုံး လုံခြုံရေးကို တိုးမြှင့်ရေးတို့ ပါဝင်သည်။ အိုဘားမားက အခင်းဖြစ်ပြီးနောက် ၄င်းလက်နက် ထိန်းချုပ်ရေး ဥပဒေကို အတည်ပြုရေး ကြိုးစားလျက်ရှိကြောင်း သတင်းက ဆိုသည်။

I,MNews 23.3.2013

ညိုမင်းလွင် (မော်[illegible])

www.burmeseclassic.com

www.burmeseclassic.com





# ပြစ်မှု နှင့် ပြစ်ဒဏ်

သိန်းနိုင်ဦး (ပဲခူး)



www.burmeseclassic.com

www.burmeseclassic.com



# သင်္ကြန်ရေပက်ရာမှ ခိုက်ရန်ဖြစ်ပြီး ဓားနဲ့ထိုးသတ်

**သိန်းနိုင်ဦး(ပဲခူး)**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့တွင် ယခင်နှစ် သင်္ကြန်ရက်အတွင်းက ရေကစားမဏ္ဍပ်၌ လူငယ်များ ရေကစားရာမှ ရေပက်သည့်ကိစ္စနှင့်ပတ်သက်၍ ခိုက်ရန်ဖြစ်ကြပြီး လူငယ်တစ်ဦးကို ဓားဖြင့်ထိုးသတ်မှုဖြင့် ပြစ်မှုကျူးလွန်သူ ကျော်ကျော်လင်းအား ပဲခူးခရိုင် ဒုတိယတရားသူကြီး (၂) ရုံးမှ အလုပ်နှင့် ထောင်ဒဏ် (၇)နှစ် ကျခံစေရန် (၉.၁၂.၂၀၁၂)ရက်နေ့က အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ လွန်ခဲ့သော (၁၆.၄.၂၀၁၂)ရက် (သင်္ကြန်အတက်နေ့) နံနက် (၉)နာရီအချိန်ခန့်က ပဲခူးမြို့နယ် ကတွင်းခြံကျေးရွာအုပ်စု၊ တောင်သူစုကျေးရွာနေ မတင်တင်ထွေး (၃၁)နှစ်သည် နေအိမ်၌ရှိနေစဉ် ၎င်း၏မောင်ဖြစ်သူ နေအောင်မှာ ဓားထိုးခံရ၍ ပဲခူး ဆေးရုံကြီးသို့ ရောက်ရှိနေကြောင်း တစ်ရွာတည်းနေ လူငယ်တစ်ဦးက လာရောက်ပြောပြ၍ သိရှိရသဖြင့် ပဲခူးဆေးရုံသို့ သွားရောက် ကြည့်ရှုရာ မောင်ဖြစ်သူ နေအောင် (၂၆)နှစ် (ပန်းရံလုပ်)သူမှာ ရင်ညွန့်တွင် သွေးထွက်ထိုးသွင်းဒဏ်ရာတစ်ချက်ဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည် ဆို၏။ မတင်တင်ထွေးက အနီးနားရှိ လူများအား မေးမြန်းကြည့်ရာ နေအောင်မှာ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ အင်းဝင်(၅)လမ်းထိပ်ရှိ ရေကစားမဏ္ဍပ်၌ ရေကစားနေစဉ် ဓားဖြင့် အထိုးခံရခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်း၏ မောင်ဖြစ်သူကို ဓားဖြင့် ထိုးသွားသူကို စုံစမ်းဖော်ထုတ် အရေးယူပေးပါရန် သက်ဆိုင်ရာ ပဲခူးအမှတ် (၁)ရဲစခန်းသို့ သွားရောက် တိုင်တန်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com






ပဲခူးအမှတ်(၁) ရဲစခန်းမှ စခန်းမှူး ရဲအုပ်လှမိုးအောင် ဦးဆောင်၍ တာဝန်မှူး ဒုရဲအုပ်ကျော်ဝင်းအောင်နှင့် အဖွဲ့က ရဲစခန်း အရှေ့ဘက်(၁)မိုင်ခန့် ကွာဝေးသော အချင်းဖြစ်ပွားရာ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ အင်းဝင်(၅) လမ်းထိပ်ရှိ သင်္ကြန် ရေကစားမဏ္ဍာပ်သို့ သွားရောက်စစ်ဆေးပြီး ပြစ်မှုကျူးလွန်သူများအား စုံစမ်းခဲ့သည်။

ထိုသို့ စုံစမ်းရာတွင် . .

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ အင်းဝင်(၆)လမ်းနေ ကျော်ကျော်လင်း (၂၉)နှစ် ဆိုသူက ဓားနှင့်ထိုးသွားခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်း၏ နေအိမ်သို့ သွားရောက် ရှာဖွေရာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ၎င်းအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် လိုက်လံရှာဖွေခဲ့သည်။

(၁၈.၄.၂၀၁၂)ရက်နေ့တွင် အမှုဖြင့်အလိုရှိနေသော ကျော်ကျော်လင်းအား ရွှေအောင် ရွှေဘုရားအနီးရှိ ဆေးလိပ်ရုံ၌ ပုန်းအောင်း နေစဉ် ရှာဖွေတွေ့ရှိ ဖမ်းဆီး ရမိခဲ့သည်။

ဖမ်းဆီးရမိသော ကျော်ကျော်လင်းက ဝန်ခံထွက်ဆိုရာတွင် အခင်းဖြစ်သည့် (၁၆.၄.၂၀၁၂)ရက် (သင်္ကြန်အတက်) နေ့က ၎င်းသည် ညီဖြစ်သူနှင့် အတူတူ ရေကစားမဏ္ဍာပ်၌ ရေကစားနေစဉ် ရေပက်ခံထွက်လာသည့်လူငယ်တစ်စုနှင့် စကားများ ခိုက်ရန်ဖြစ်ပွားခဲ့ကြောင်း။

ထိုသို့ ခိုက်ရန်ဖြစ်ကြရာ ညီဖြစ်သူကို လူငယ်တစ်ဦးက လက်သီးဖြင့်ထိုးကြိတ်နေသည်ကို တွေ့ရသဖြင့် ဒေါသအလျှောက် အသင့်ပါလာသည့် ဓားဖြင့် ဝင်ရောက် ထိုးခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

ပြစ်မှု ကျူးလွန်ရာတွင် အသုံးပြုသည့် အရိုးအသွား (၁၂) လက်မခန့်ရှိ ဓားမြှောင်တစ်ချောင်းအား သက်သေများရှေ့ ပေးအပ်ခဲ့သည်။

သေဆုံးသူ နေအောင်၏ အစ်မဖြစ်သူ မတင်တင်ထွေးက တရားလို ပြုလုပ်တိုင်တန်းခဲ့သဖြင့် ပဲခူး အမှတ်(၁)ရဲစခန်းမှ (ပ) ၁၅၄/၂၀၁၂ ပြစ်မှုပုဒ်မ ၃၀၂ အရ၊ အမှုဖွင့်အရေးယူပြီး အမှုစစ်စခန်းမှူး ရဲအုပ်လှအောင်က စစ်ဆေးဆောင်ရွက်ခဲ့သည်။

ယင်းအမှုအား ခိုင်မာအောင် တည်ဆောက်၍ ပဲခူး အမှတ်(၁) ရဲစခန်းစွဲချက်အမှတ် -၁၅၇/၂၀၁၂ ဖြင့် ပဲခူးခရိုင် ဒုတိယတရားသူကြီး(၂)ရုံးသို့ တရားစွဲဆို တင်ပို့ခဲ့သည်။

အမှုကိုတရားရုံးက ရာကြီးအမှတ်-၃၃/၂၀၁၂ ဖြင့် လက်ခံကြားနာစစ်ဆေးပြီး ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် တရားခံ ကျော်ကျော်လင်း (၂၉)နှစ်အားအလုပ်နှင့်ထောင်ဒဏ်(၇)နှစ်ကျခံစေရန် (၉.၁၂.၂၀၁၂)ရက်နေ့ကပြစ် ဒဏ်ချမှတ်ခဲ့သော အမှုဖြစ်သည်။ ။

သိန်းနိုင်ဦး(ပဲခူး)

www.burmeseclassic.com

www.burmeseclassic.com



# မယားကို ဓားနဲ့ထိုးသတ်တဲ့ လင်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့တွင် လင်မယားချင်း စကားများရန်ဖြစ်ပြီး ဒေါသအလျှောက်ဓားဖြင့် ထိုးရာမှ…

ဇနီးဖြစ်သူ သေဆုံးသွားမှုဖြင့် ပြစ်မှုကျူးလွန်သူ ထိန်လင်းအောင်အား ပဲခူးခရိုင်ဒုတိယတရားသူကြီး(၁) ရုံးမှ အလုပ်နှင့်ထောင်ဒဏ်(၇) နှစ် ကျခံစေရန် (၅.၃.၂၀၁၃) ရက်နေ့က အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လွန်ခဲ့သော (၇.၁၀.၂၀၁၂)ရက်နေ့ ည(၆)နာရီအချိန်ခန့်က ကျောက်တံခါးမြို့၊ ဈေးပိုင်းရပ်ကွက်နေ ဦးစိုးအေး(၅၀)နှစ်၊ (ဘ)ဦးစံတင် (ဆိုက်ကားနင်း)သည် ဆိုက်ကားနင်းပြီး နေအိမ်သို့ပြန်လာစဉ်-

တစ်အိမ်တည်း အတူနေသမီးဖြစ်သူ မအေးသီတာ(၂၀) နှစ်နှင့်၎င်း၏ သမက်ဖြစ်သူ ထိန်လင်းအောင်(၂၃)နှစ်တို့ လင်မယားချင်း စကားများ ရန်ဖြစ်နေသည်ကိုတွေ့ရသည်။

သမက်ဖြစ်သူ ထိန်လင်းအောင်က မအေးသီတာကို ဓားဖြင့်ထိုးရာ မအေးသီတာ၏ ဝဲဘက်နို့အုံအောက်တွင် ထိုးသွင်းဒဏ်ရာ(၁)ချက်နှင့် ဝဲဘက်မျက်ခုံးအထက်တွင် ထိုးသွင်းဒဏ်ရာ (၁) ချက်ရရှိကာ လဲကျသွားခဲ့သည် ဆို၏။

ဦးစိုးအေးက ဓားဖြင့်အထိုးခံရ၍ ဒဏ်ရာရရှိပြီး လဲကျနေသော မအေးသီတာကို ဆိုက်ကားဖြင့်တင်ဆောင်ကာ ကျောက်တံခါး ဆေးရုံသို့ တင်ပို့ပေးပြီးနောက် သက်ဆိုင်ရာ အပိုင်ကျောက်တံခါးရဲစခန်းသို့ သွားရောက် အမှုဖွင့်တိုင်တန်းခဲ့သည်။

ကျောက်တံခါး ရဲစခန်းမှ (ပ)၁၃၄/၂၀၁၂ ပြစ်မှုပုဒ်မ ၃၂၆ အရအမှုဖွင့် အရေးယူပြီး ရဲဆေးစာရေးကာ မအေးသီတာအား ဆေးရုံ၌ ဆက်လက်ဆေးကုသမှုခံယူစေခဲ့သည်။



ထို့နောက် စခန်းမှူးရဲအုပ်ဇော်လင်းဦးဆောင်၍ တာဝန်မှူးဒုရဲအုပ် သန်းဝင်းအောင်နှင့်အဖွဲ့သည် ရဲစခန်းတောင်ဘက် (၂) မိုင်ခန့် ကွာဝေးသော အချင်းဖြစ်ပွားရာသို့ သွားရောက်စစ်ဆေးပြီး တစ်အိမ်တည်း အတူနေ ထိန်လင်းအောင်(၂၃)နှစ် (ဘ) ဦးသောင်းငွေ(ကျပန်းလုပ်ကိုင်)သူအား အမှုဖြင့် ဖမ်းဆီးရန် ရှာဖွေရာ အချင်းဖြစ်ချိန်မှစပြီး ကြိုတင်ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

၎င်းထွက်ပြေးရာ နောက်သို့ စခန်းမှူးနှင့်အဖွဲ့က ထက်ကြပ်မကွာ လိုက်လံရှာဖွေ ဖမ်းဆီးရာ…

ဗိုးတန်းကျေးရွာနေ ဦးမြင့်အောင်(၄၅)နှစ်(လယ်လုပ်) သူ၏နေအိမ်၌ ရောက်ရှိပုန်းအောင်းနေစဉ် (၈.၁၀.၂၀၁၂)ရက်နေ့ ညနေ(၅)နာရီအချိန်ခန့်က ရှာဖွေတွေ့ရှိ ဖမ်းဆီးရမိ၍ ကျောက်တံခါးရဲစခန်းသို့ ခေါ်ဆောင်စစ်ဆေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိန်လင်းအောင်က ဇနီး ဖြစ်သူ မအေးသီတာနှင့် လင်မယားချင်း စကားများ ရန်ဖြစ်စဉ် ဒေါသအလျှောက် လက်ထဲရှိ ဓားဖြင့် ထိုးမိခြင်းဖြစ် ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

ပြစ်မှု ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အရိုးအသွား (၈) လက်မခန့်ရှိ ကြက်သွန်လှီးဓား တစ်ချောင်းကို အမှုစစ်ထံ ပေးအပ်ခဲ့သည်။

ထိုသို့ စစ်ဆေးဆောင်ရွက်နေစဉ် မအေးသီတာမှာ ရရှိဒဏ်ရာကြောင့် သေဆုံးသွားသဖြင့် ကျောက်တံခါးရဲစခန်းမှ ပြစ်မှုပုဒ်မ-၃၂၆မှ ပုဒ်မ-၃၀၂ သို့ ပြောင်းလဲအမှုဖွင့် အရေးယူဆောင်ရွက်ခဲ့သည်။

ယင်းအမှုအား စခန်းမှူးရဲအုပ်ဇော်လင်းက အမှုကို ခိုင်မာအောင် တည်ဆောက်၍ ရဲစခန်းစွဲချက် အမှတ်-၁၃၆/၂၀၁၂ ဖြင့် ပဲခူးခရိုင် ဒုတိယတရားသူကြီး(၁) ရုံးသို့ တရားစွဲဆို တင်ပို့ခဲ့သည်။

အမှုကို တရားရုံးက ရာကြီး အမှတ်-၆၅/၂၀၁၂ ဖြင့်လက်ခံ ကြားနာ စစ်ဆေးပြီး ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် တရားခံ ထိန်လင်းအောင်အား ပြစ်မှုပုဒ်မ-၃၀၂ (၂)အရ အလုပ်နှင့်ထောင်ဒဏ် (၇)နှစ် ကျခံစေရန် (၅.၃.၂၀၁၃)ရက်နေ့က ပြစ်ဒဏ်ချမှတ်ခဲ့သည်။

**သိန်းနိုင်ဦး(ပဲခူး)**

# အမေ့အတွက် ဖြစ်ရတဲ့ ဒေါသ
# သေပွဲဝင်ခဲ့သူက အပြစ်မဲ့ ကျောင်းသူလေး

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဝမ်းဘော်ဒုတ်ကျေးရွာတွင် လူမှုရေးကိစ္စနှင့်ပတ်သက်ပြီး လူတစ်ဦးအပေါ် မကျေနပ်မှုကြောင့် ထိုသူ၏ညီမကို အငြိုးအတေးထားကာ ဓားဖြင့် ခုတ်သတ်မှုကို ပဲခူးခရိုင် ဒုတိယတရားသူကြီး(၂)ရုံးမှ အလုပ်နှင့်ထောင်ဒဏ် (၁၀) ကျခံစေရန် (၁၄.၁၂.၂၀၁၂) ရက်နေ့က အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လွန်ခဲ့သော(၁၁.၇.၂၀၁၂) ရက်နေ့ ညနေ (၅) နာရီအချိန်ခန့်က ပဲခူးမြို့နယ်၊ ဝမ်းဘော်ဒုတ်ကျေးရွာနေ ကိုတင်အောင် (၂၉)နှစ်သည် နေအိမ်၌ ရှိနေစဉ် ၎င်း၏ညီမဖြစ်သူ မခိုင်ဇင်ဦး (၁၃) နှစ်အား တစ်ရွာတည်းနေ အောင်ကိုဦးက ဓားဖြင့်ခုတ်ကြောင်းကိုတင်အောင်၏ညီမ ဝမ်းကွဲ တော်စပ်သူ မော်စီတုံးက လာ ရောက်ပြောပြ၍ သိရှိရသဖြင့် သွားရောက်ကြည့်ရှုခဲ့သည် ဆို၏။

ဝမ်းဘော်ဒုတ် ကျေးရွာ သွား လူသွားလမ်းသွယ်အနီး ဦးကျော်မင်း၏ နေအိမ်ရှေ့ လမ်းမပေါ်၌ မခိုင်ဇင်ဦးမှာ ဒဏ်ရာများရှိဖြင့် လဲကျနေသည်ကို တွေ့ရှိရသဖြင့် သက်ဆိုင်ရာ အင်းတကော်ရဲစခန်းသို့ သွားရောက် အကြောင်းကြားတိုင်တန်းခဲ့သည်။

ပဲခူးမြို့နယ်၊ အင်းတကော်ရဲစခန်းမှ (ပ)၁၁၂/၂၀၁၂ ပြစ်မှု

www.burmeseclassic.com

www.burmeseclassic.com



ပုဒ်မ ၃၀၂ အရအမှုဖွင့် အရေးယူပြီး စခန်းမှူး ရဲအုပ်ဝင်းဇော်နှင့် အဖွဲ့က ရဲစခန်းအရှေ့ဘက် လေးမိုင်ခန့်ကွာဝေးသော လူသတ်မှုဖြစ်ရာ ဝမ်းဘော်ဒုတ်ကျေးရွာသို့ ချက်ချင်းသွားရောက် စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် မခိုင်ဇင်ဦး (၁၃)နှစ်မှာ ယာဘက်တံတောင်တွင် သွေးထွက်ပြတ်ရှဒဏ်ရာ(၁)ချက်နှင့် ယာဘက်ဦးခေါင်းတွင် သွေးထွက်ပြတ်ရှဒဏ်ရာ(၁)ချက် ရရှိပြီး နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးနေပြီဖြစ်ကြောင်း တွေ့ရှိရသဖြင့် လိုအပ်သည့် စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ပြီးနောက် ရဲဆေးစာဖြင့် အလောင်းအား ပဲခူးဆေးရုံသို့ တင်ပို့ပေးခဲ့သည်။

ထို့နောက် ရဲတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူ အောင်ကိုဦးအား ရှာဖွေဖမ်းဆီးရာ အချင်းဖြစ်ချိန်မှစပြီး ကြိုတင်ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ၄င်းထွက်ပြေးရာနောက်သို့ ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ပဲခူးမြို့နယ်ရဲတပ်ဖွဲ့မှူးဒုရဲမှူးတင်ဝင်း၏ ညွှန်ကြားမှုဖြင့် ပဲခူးခရိုင်(အထူး)အဖွဲ့မှ ဒုရဲအုပ်ဝင်းဇော်နှင့် အဖွဲ့တို့က အဖွဲ့ငယ်များခွဲ၍ ထက်ကြပ်မကွာ လိုက်လံရှာဖွေခဲ့ကြသည်။

အမှုဖြင့် အလိုရှိနေသော တရားခံပြေး အောင်ကိုဦးအား ထိုနေ့ည သန်းခေါင်ကျော် နံနက် (၁)နာရီအချိန်ခန့်တွင် နေအိမ်အတွင်း တံခါးများအလုံပိတ် ၍ ပုန်းအောင်းနေစဉ် ရှာဖွေတွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် အင်းတကော်ရဲစခန်းသို့ ခေါ်ဆောင်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် ထွက်ဆိုရာ၌ ၄င်း၏မိခင်ဖြစ်သူနှင့် သေဆုံးသူ မခိုင်ဇင်ဦး၏ အစ်ကိုဖြစ်သူတို့မှာချစ်ကြိုက်၍ မကြာခဏ ချိန်းတွေ့ကြသည့်အတွက် တရားဝင်လက်ထပ်ယူရန် ပြောဆိုညှိနှိုင်းခဲ့သော်လည်း သေဆုံးသူ မခိုင်ဇင်ဦး၏အစ်ကိုက လက်မခံဘဲ ငြင်းဆန်ခဲ့ကြောင်း။ ထို့ကြောင့် အောင်ကိုဦးက အရှက်ရ၍ မကျေနပ်ဘဲ ဓားကိုင်ပြီး မခိုင်ဇင်ဦး၏ အစ်ကိုအားသတ်ရန် လိုက်လံရှာဖွေရာ သေဆုံးသူ၏ အစ်ကိုအား မတွေ့ရဘဲ ကျောင်းမှနေအိမ်သို့ ပြန်လာသည့် မခိုင်ဇင်ဦးနှင့်လမ်းတွင် ဆုံတွေ့ခိုက်တွင် ၄င်း၏ အစ်ကိုအပေါ်ထားရှိသည့် ဒေါသအမျက်ဖြင့် ဓားဖြင့်ခုတ်သတ်ခဲ့ခြင်း ဖြစ်ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

ပြစ်မှု ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အရိုးအသွား (၂၄)လက်မခန့်ရှိ ကိုင်းခုတ်ဓားတစ်ချောင်းအားအမှုစစ်ထံ ပေးအပ်သဖြင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခဲ့သည်။

ယင်းအမှုအား စခန်းမှူး ရဲအုပ်ဝင်းဇော်က စစ်ဆေးအမှုတည်ဆောက်၍ ပဲခူးမြို့နယ်၊ အင်းတကော်ရဲစခန်း၊ စွဲချက်အမှတ် ၅၀/၂၀၁၂ ဖြင့် ပဲခူးခရိုင် ဒုတိယတရားသူကြီး (၂)ရုံးသို့ တရားစွဲဆို တင်ပို့ခဲ့ရာ အမှုကို တရားရုံးက ရာဇ‌ဝတ်ကြီးအမှတ် ၅၀/၂၀၁၂ ဖြင့် လက်ခံကြားနာစစ်ဆေးပြီး တရားခံအောင်ကိုဦး (၂၉) နှစ်သည် ပြစ်မှုပုဒ်မ ၃၀၂ (၂)အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ်ကျခံစေရန် (၁၄.၁၂.၂၀၁၂) ရက်နေ့က ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ။


သိန်းနိုင်ဦး(ပဲခူး)

www.burmeseclassic.com

www.burmeseclassic.com

၂၇

ခင်မမမျိုး



# အဓိကရုဏ်းနှိမ်နင်းရေး

ဒေါသထွက်နေသော (သို့မဟုတ်) အလွန်အမင်း တက်ကြွနေသော လူအုပ်ကြီးက ပစ္စည်းများ ဖျက်ဆီးခြင်း၊ မီးရှို့ခြင်း၊ ရဲတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်ခြင်း စတာတွေ ပြုလုပ်ပြီဆိုရင် ဒါဟာ ဆန္ဒဖော်ထုတ်ခြင်း၊ ဆန္ဒပြခြင်း မဟုတ်တော့ပါဘူး။ ဒါဟာ အဓိကရုဏ်းအဆင့်ကို ရောက်ရှိသွားပါတယ်။ ဒီလို အဓိကရုဏ်းတွေ ဖြစ်ပွားလာတဲ့အခါ လူစုလူဝေး ထိန်းချုပ်ခြင်း (crowd control) ပြုလုပ်ဖို့ လိုအပ်လာပါတယ်။

လူစုလူဝေးထိန်းချုပ်ခြင်း ဆိုတာကို လူရှစ်ယောက် (သို့မဟုတ်) လူရှစ်ယောက်ထက်ပိုသော ဒေါသထွက်နေခြင်း (သို့မဟုတ်) အလွန်အမင်း တက်ကြွခြင်း ဖြစ်နေသည့် လူအုပ်စုအား အဖျက်လုပ်ရပ်များ မလုပ်ဆောင်စေရန် တားဆီးခြင်း၊ ကန့်သတ်ခြင်းနဲ့ ဖြိုခွဲခြင်းလို့ အဓိပ္ပာယ် ဖွင့်ဆိုနိုင်ပါတယ်။ အဓိကရုဏ်းနှိမ်နင်းရာမှာ အဓိကရုဏ်းနှိမ်နင်းရေးတပ်၊ စုဖွဲ့နှိမ်နင်းမှုသဏ္ဌာန်၊ အချက်ပြဆက်သွယ်ရေး၊ လက်နက်ခဲယမ်းများနှင့် ပစ္စည်းကိရိယာများ စတဲ့အချက်အလက်တွေကို ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## အဓိကရုဏ်းနှိမ်နင်းရေးတပ် (riot squad)

အဓိကရုဏ်းနှိမ်နင်းရေးတပ် (riot squad) ကို လူစုလူဝေးထိန်းချုပ်ရေးယူနစ် (Crowd Control Unit) အဖြစ်လဲ သတ်မှတ်ခေါ်တွင်ကြပါတယ်။ ဒီယူနစ်တခုဟာ အဖွဲ့ဝင်လေးဦးပါဝင်တဲ့ အစုအဖွဲ့ကနေ အဖွဲ့ဝင်သုံးဆယ် ပါဝင်တဲ့ တပ်စု သဏ္ဍာန်အထိ ဖြစ်နိုင်ပါတယ်။ ကန့်သတ်ထားမှုမရှိပါဘူး။ အခြေအနေပေါ်မှာ မူတည်ပါတယ်။ ယူနစ်တခုတိုင်းမှာ commander eJU second-in-command (2iC) တို့ ထားရှိဖို့ လိုအပ်ပါတယ်။

## လက်နက်ခဲယမ်းနှင့် ကိရိယာများ

လက်နက်ခဲယမ်းတွေမှာ တဦးချင်းကိုင်လက်နက်နဲ့ အစုအဖွဲ့လက်နက်ဆိုပြီး နှစ်မျိုးကွဲပြားပါတယ်။ တဦးချင်းကိုင်လက်နက်တွေမှာ သုံးပေအရှည်ရှိသော တုတ် (Hanbo)၊ Pepper Spray စတာတွေ ပါဝင်ပြီး၊ အစုအဖွဲ့လက်နက်တွေမှာ ဓာတုလက်နက်ပစ္စည်းများဖြစ်တဲ့ CN (Chloroacetophenone)၊ CS စတဲ့ tear gas တွေ နဲ့ အိုစီလို့ ခေါ်လေ့ရှိတဲ့ Capsaicin ၊ အိုင်ယာလန်မြောက်ပိုင်းအဓိကရုဏ်းတွေကို နှိမ်နင်းရေးအတွက် ဗြိတိသျှ လုံခြုံရေးတပ်များ ထုတ်ဝေခဲ့သော ARWEN၊ ရာဘာကျည်ဆံနဲ့ ပလပ်စတစ်ကျည်ဆံသုံး L6 Multi-Launcher ရာဘာကျည်ဆံသုံး သေနတ် စတာတွေ ပါဝင်ပါတယ်။

ကိရိယာတွေမှာ တစ်ဦးချင်းသုံး ကိရိယာတွေအနေနဲ့ သံခမောက်၊ gas mask ၊ ယူနီဖောင်း၊ လက်အိတ်နဲ့ ကျည်ကာအင်္ကျီ စတာတွေ ပါဝင်ပြီး၊ အဖွဲ့သုံးကိရိယာတွေအနေနဲ့ ရှေးဦးသူနာပြုသေတ္တာ၊ အသံချဲ့စက်၊ မီးသတ်ဆေးဗူး၊ ဆက်သွယ်ရေး ရေဒီယို၊ လက်ထိပ် စတာတွေ ပါဝင်ပါတယ်။ ဒါတွေ တင်မကပဲ သံချောင်း၊ ဝါယာကြိုး၊ တူ၊ screw driver စတာတွေ ပါဝင်တဲ့ Tool Kit နဲ့ concertinalbarbed wire ၊ ရာဘာတိုင်ယာများ၊ ပုဆိန်၊ တူရွင်း စတာတွေ ပါဝင်တဲ့ barricade kit စတာတွေကိုလည်း အဖွဲ့သုံးကိရိယာ အနေနဲ့ အသုံးပြုသင့်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## လူစုလူဝေး ဆိုင်ရာ စိတ်ဗေဒ

လူစုလူဝေး ဆိုရာမှာ စတင်စုဝေးခြင်း၊ ကြီးမားလာခြင်း၊ လှုပ်ရှားခြင်းနဲ့ လူစုကွဲသွားခြင်း စတဲ့ သဘောသဘာဝ ရှိပါတယ်။ လူစုလူဝေးတွေ ကြာရှည်စုစည်းမိနေချိန်မှာ စောင့်ကြည့်ခြင်း၊ ထိန်းချုပ်ခြင်း မပြုလုပ်ဘူးဆိုရင် ကြောက်မက်ဖွယ်ကောင်းတဲ့ လှုပ်ရှားမှုတွေ ပေါ်ထွက်လာတတ်ပါတယ်။ နိုင်ငံရေး၊ လူမှုရေးဆိုင်ရာ အခြေအနေများနဲ့ အရက်သေစာသောက်သုံးမှုများဟာ လူစုလူဝေးအပေါ် သက်ရောက်မှု ရှိစေတတ်ပြီး၊ ဒေါသထွက်မှု၊ ရှုပ်ထွေးမှု၊ တင်းမာမှုနဲ့ ပဋိပက္ခတွေဆီကို ဦးတည်သွားလေ့ရှိပါတယ်။

အဓိကရုဏ်းဖြစ်ပွားချိန်မှာ လူအုပ်ရဲ့ ဆယ်ရာခိုင်နှုန်းကသာ တက်ကြွစွာ ပါဝင်လေ့ရှိပြီး၊ ခြောက်ဆယ်ရာခိုင်နှုန်းက passive participants တွေ ဖြစ်ပါတယ်။ အခြား သုံးဆယ်ရာခိုင်နှုန်းကတော့ ပွဲကြည့်ပရိသတ် (spectators) တွေ ဖြစ်ပါတယ်။ ဒီလိုပွဲကြည့်ပရိသတ်တွေနဲ့ passive participants တွေက တက်ကြွစွာ ပါဝင်သူတွေကို အကာအကွယ်ပေးထားလေ့ရှိပါတယ်။ များသောအားဖြင့် အတက်ကြွဆုံး ဆယ်ရာခိုင်နှုန်းဟာ ရှေ့ဆုံးမှာ ရှိတတ်ပါတယ်။

ကြီးမားတဲ့ လူအုပ်ဟာ များသောအားဖြင့် စနစ်တကျ စုစည်းထားမှု မရှိပါဘူး။ ကိရိယာ တန်ဆာပလာ တွေလဲ အပြည့်အစုံ မပါဝင်ပါဘူး။ ဒါကြောင့် စနစ်တကျ စုစည်းလေ့ကျင့်ထားပြီး၊ လက်နက်ကိရိယာ အပြည့်အစုံ ပါဝင်တဲ့ အဓိကရုဏ်းနှိမ်နင်းရေးတပ်ဟာ ကြီးမားတဲ့ လူအုပ်ကို ကောင်းမွန်စွာ ထိန်းချုပ်ပြီး လူစုခွဲနိုင်ပါတယ်။ ဥပမာအားဖြင့် လူအင်အား (၁၀၀) ပါဝင်တဲ့ အဓိကရုဏ်းနှိမ်နင်းရေးတပ်ဟာ မဟာ ဗျူဟာနဲ့ နည်းဗျူဟာကောင်းများကို အသုံးပြုပြီး လူအင်အား နှစ်သောင်းသုံးထောင်ကျော်ကို ထိန်းချုပ် နိုင်ပါတယ်။

ဒေါသနဲ့ စိတ်ရှုပ်ထွေးမှုတွေဟာ အဓိကရုဏ်းကို ဦးတည်စေနိုင်တာ ဖြစ်တဲ့အတွက် ဒီလို ခံစားချက် တွေကို ဘယ်လို လမ်းလွှဲလျှော့ချပေးနိုင်မလဲဆိုတာကို နားလည်ထားမယ်ဆိုရင် အင်အားသုံးဖြိုခွဲရန် မလိုပဲ ငြိမ်းချမ်းစွာ လူစုကွဲသွားအောင် လုပ်ဆောင်နိုင်ပါတယ်။ ဒေါသနဲ့ စိတ်ရှုပ်ထွေးမှုတွေကို လမ်းလွှဲ လျှော့ချမှုတွေပြုလုပ်ရာမှာ စေ့စပ်ညှိနှိုင်းခြင်း (ဒိုင်ယာလော့ခ်) နဲ့ အင်အားပြခြင်း (show of force) နည်းလမ်းတွေကို အသုံးပြုနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## စုဖွဲ့နှိမ်နင်းမှုသဏ္ဌာန်

ကော်လံသဏ္ဌာန်၊ လိုင်းသဏ္ဌာန်၊ မြှားဦးသဏ္ဌာန်နဲ့ စက်ဝိုင်းသဏ္ဌာန်ဆိုပြီး စုဖွဲ့နှိမ်နင်းမှုသဏ္ဌာန် လေးမျိုး ရှိပါတယ်။ အဓိကရုဏ်းနှိမ်နင်းရေးတပ်ကို တစ်နေရာမှ တစ်နေရာသို့ ရွေ့ပြောင်းချိန်မှာ ကော်လံ သဏ္ဌာန်ကို အသုံးပြုလေ့ရှိပါတယ်။ ကော်လံသဏ္ဌာန် စုဖွဲ့ရာမှာ ဒေါင်လိုက်ပုံ rows နှစ်ခု ထားရှိသင့်ပြီး၊commander က ရှေ့မှာ၊ 2iC က နောက်မှာ နေသင့်ပါတယ်။ လိုင်းသဏ္ဌာန်စုဖွဲ့မှုဆိုရာမှာ ကော်လံသဏ္ဌာန်စုဖွဲ့မှုကနေ တယောက်ချင်းစီ ရှေ့တိုးသွားပြီး အလျားလိုက် လိုင်းတခုတည်းအဖြစ် ဖြန့်ခွဲနေရာယူခြင်းကို ဆိုလိုတာဖြစ်ပါတယ်။ လူစုကို ရှေ့ဆက်သွားလို့မရအောင် ပိတ်ဆို့ရာမှာ လိုင်း သဏ္ဌာန်စုဖွဲ့မှုကို အသုံးပြုလေ့ရှိပါတယ်။

မြှားဦးသဏ္ဌာန် စုဖွဲ့မှုဆိုရာမှာ ကော်လံသဏ္ဌာန်၊ လိုင်းသဏ္ဌာန် စုဖွဲ့မှုကနေ မြှားဦးသဏ္ဌာန် ပြောင်းလဲ စုဖွဲ့မှုဖြစ်ပါတယ်။ လူအုပ်ထဲသို့ ဝင်ရောက်ခြင်း၊ လူစုခွဲခြင်းနဲ့ နှိမ်နင်းခြင်းများ ပြုလုပ်ရာမှာ မြှားဦးသဏ္ဌာန်ကို အသုံးပြုလေ့ရှိပါတယ်။ စက်ဝိုင်းသဏ္ဌာန် စုဖွဲ့မှုကိုတော့ stationary position မှာ ခံစစ်သဏ္ဌာန်အနေနဲ့ အသုံးပြုလေ့ရှိပါတယ်။ နံရံတစ်ခုခု ရှိနေမယ်ဆိုရင် နံရံကို ကျောထောက် နောက်ခံ ထားပြီး စက်ဝိုင်းပြတ်သဏ္ဌာန် စုဖွဲ့မှု ပြုလုပ်နိုင်ပါတယ်။

## မြေပြင်ပကတိ အခြေအနေ ဆန်းစစ်ချက်

အဓိကရုဏ်းနှိမ်နင်းရေး မစတင်ခင်မှာ မြေပြင်ပကတိအခြေအနေ ဆန်းစစ်ချက်ကို ပဏာမ ပြုလုပ်ဖို့ လိုအပ်ပါတယ်။ ထည့်သွင်းစဉ်းစားသင့်တဲ့ အချက်တွေကတော့ လူအုပ်ရဲ့ အရွယ်အစား (လူအင်အား၊ ထိတွေ့မှုလုပ်လာနိုင်သည့် လူအင်အား) နှင့် အမျိုးအစား (ငယ်ရွယ်သော အမျိုးသား၊ အမျိုးသမီး၊ မိသားစုနှင့် ကလေးများ၊ ကျောင်းသားများ စသည်)၊ လူစုလူဝေးဖြစ်ပေါ်လာစေသော လှုံ့ဆော်မှု အကြောင်းတရားများ၊ လူအုပ်၏ ရွေ့လျားမှုသဏ္ဌာန်များ၊ လက်နက်များ (တုတ်၊ ခဲယမ်းမီးကျောက်များ၊ ဘက်တံများ၊ ချိန်းကြိုးများ) နှင့် လက်နက်အဖြစ် အသုံးပြုလာနိုင်သည့် ပစ္စည်းများ (ကျောက်ခဲများ၊ အုတ်ခဲများ) စတာတွေ ဖြစ်ပါတယ်။

အဓိကရုဏ်းနှိမ်နင်းရာမှာ လူအုပ်ထဲမှာရှိတဲ့ ခေါင်းဆောင်နဲ့ လှုံ့ဆော်သူများကို စောင့်ကြည့် ဖော်ထုတ်ခြင်း ဟာ လူစုလူဝေးထိန်းချုပ်ရေးအတွက် အထောက်အကူဖြစ်စေနိုင်ပါတယ်။ ခေါင်းဆောင်များနဲ့ စေ့စပ်ဆွေးနွေး ခြင်း၊ ခေါင်းဆောင်များအား ဖမ်းဆီးခြင်း၊ အခင်းဖြစ်ပွားရာနေရာမှာ ဖယ်ရှားခြင်း စတဲ့ နည်းလမ်းများကို အသုံးပြုနိုင်ပါတယ်။

ခေါင်းဆောင်တွေနဲ့ စည်းရုံးလှုံ့ဆော်သူများဟာ လူအုပ်ရဲ့ ပြုမူဆောင်ရွက်ပုံအပေါ် ကြီးမားစွာ

www.burmeseclassic.com

www.burmeseclassic.com



သက်ရောက်မှုရှိပါတယ်။ ကျွမ်းကျင်တဲ့ စည်းရုံးလှုံ့ဆော်သူတယောက်ဟာ စိတ်တက်ကြွနေတဲ့ လူတစ်စုကို ဒေါသထွက်ပြီး အဖျက်လုပ်ရပ်တွေ လုပ်ဆောင်လာတဲ့အထိ စွမ်းဆောင်နိုင်မှုရှိပါတယ်။ အဓိကရုဏ်းတွေမှာ ဒီလူတွေက အဓိကကျတဲ့အတွက် အဓိကရုဏ်းနှိမ်နင်းရေး မစတင်ခင်မှာ ခေါင်းဆောင်တွေနဲ့ လှုံ့ဆော်သူများကို ဖော်ထုတ်ဖို့ လိုအပ်ပါတယ်။

## ပိတ်ဆို့ခြင်း (Containment) နှင့် လူစုခွဲခြင်း (Dispersal)

အဓိကရုဏ်းနှိမ်နင်းရာမှာ လူအုပ်စုရဲ့ အဖျက်လုပ်ရပ်များ ပိုမိုဆိုးဝါးသွားခြင်း မရှိစေရန် ပိတ်ဆို့ခြင်းနဲ့ လူစုခွဲခြင်း ပြုလုပ်ရတာတွေ ရှိပါတယ်။ ပိတ်ဆို့မှုပြုလုပ်ရာမှာ အဓိကရုဏ်းနှိမ်နင်းရေးတပ်ရဲ့ အင်အားကြီးမားဖို့ လိုအပ်ပါတယ်။ လူအုပ်ကို နံရံနောက်ခံနဲ့ အခြားနောက်ခံ အတားအဆီးများရှေ့မှ ဝန်းရံခြင်းဟာ ပိတ်ဆို့ခြင်းကို အထောက်အကူ ဖြစ်စေနိုင်ပါတယ်။

ထိန်းချုပ်မှုများ လုပ်ပြီးချိန်မှာ လူတစ်ဦးချင်းစီကို လူအုပ်ထဲမှ ခွဲထုတ်ပြီး လွှတ်ပေးခြင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်းများ ပြုလုပ်ဖို့ လိုအပ်ပါတယ်။ လွှတ်ပေးလိုက်သူတွေက အခင်းဖြစ်ပွားရာနေရာမှ ချက်ချင်းထွက်ခွာသွားဖို့ လိုအပ်ပါတယ်။ ခေါင်းဆောင်နဲ့ လှုံ့ဆော်သူ များကိုတော့ ယာယီထိန်းသိမ်းပြီး မေးခွန်းများမေးခြင်း၊ ဥပဒေချိုးဖောက်မှုများရှိပါက တရားစွဲဆို အရေးယူမှုပြုလုပ် ခြင်းများ ဆက်လက်ပြုလုပ်နိုင်ပါတယ်။

လူစုခွဲခြင်းများ ပြုလုပ် ချိန်မှာ လူတစ်စုလုံးကိုဖမ်းဆီး ထိန်းသိမ်းရန် မလိုအပ်ဘူး ဆိုရင် ထွက်ပြေးနိုင်လမ်းကြောင်း အချို့ကိုဟပေးဖို့လိုပါတယ်။ အထူးသဖြင့် အင်အား သုံးဖြိုခွဲမှု လုပ်ချိန်မှာ ထွက်ပေါက်တွေ ထားရှိဖို့က ပိုပြီးအရေးကြီးပါတယ်။ လူအုပ်ကို ထောက်ချောက်ထဲ ထည့်ပြီး ထွက်ပေါက်ပိတ်လိုက်တဲ့အခါ ခုခံ တိုက်ခိုက်ရေးလုပ်ဖို့ တွန်းအားပေးလိုက်သလို ဖြစ်တတ်ပါတယ်။ ဒါကြောင့် ပိတ်ဆို့ခြင်း ပြုလုပ်ချိန်မှာ ထွက်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်တွေကိုလည်း ဖွင့်ပေးဖို့ လိုအပ်ပါတယ်။

## နှုတ်သတိပေးခြင်းနှင့် နေရာယူခြင်း

ပိတ်ဆို့ခြင်း၊ ဖမ်းဆီးခြင်း၊ အင်အားသုံးခြင်းများ မပြုလုပ်ခင်မှာ နှုတ်သတိပေးခြင်း (verbal warning) ကို ပြုလုပ်ဖို့ လိုအပ်ပါတယ်။ နှုတ်သတိပေးခြင်း ပြုလုပ်ရာမှာ အသံချဲ့စက်ကို အသုံးပြုပြီး လူစုခွဲဖို့ နှစ်မိနစ်မှ လေးမိနစ်အထိ ထပ်ခါတလဲလဲ ပြောကြားရပါမယ်။ ဒီလိုနှုတ်သတိပေးခြင်းအားဖြင့် လူအုပ်ထဲမှာရှိတဲ့ ကြောက်တတ်သူများ၊ ပွဲကြည့်ပရိသတ်အဖြစ် လိုက်ပါလာသူများ၊ passive participants များ နဲ့ တက်ကြွစွာ ပါဝင်နေသူများကို ခွဲထုတ်လိုက်နိုင်ပါတယ်။

နှုတ်သတိပေးခြင်းများ ပြုလုပ်ပြီးချိန်မှာ လူစုခွဲရေးအတွက် အဆင်သင့် နေရာယူပြင်ဆင်မှုများ ပြုလုပ်ရပါတယ်။ ဒီအခြေအနေမှာ တပ်ဖွဲ့ခေါင်းဆောင်တွေက အခြေအနေကို စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုနေဖို့ လိုအပ်ပါတယ်။ လူအုပ်က စတင်လူစုခွဲလာချိန်မှာ လူစုကွဲတဲ့ အရှိန်ကို ပိုကောင်းလာစေမယ့် လှုပ်ရှားမှုများကိုသာ ပြုလုပ်သင့်ပါတယ်။ လူစုခွဲနေတဲ့ လူအုပ်ကို ကြောက်လန့်ပြီး ဖရိုဖရဲနဲ့ တုံ့ပြန်တိုက်ခိုက်မှုများ မဖြစ်ပွားစေအောင် လှုပ်ရှားမှုများကို စနစ်တကျ လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

## ဖမ်းဆီးထိန်းသိမ်းခြင်း

ဖမ်းဆီးထိန်းသိမ်းရေး အဖွဲ့ငယ်များကို အဓိကရုဏ်းနှိမ်နင်းရေးတပ်များမှာ သီးခြားတာဝန်ပေးဖွဲ့စည်းထားသင့်ပါတယ်။ ဒီအဖွဲ့ငယ်များမှာ အဖွဲ့ဝင် လေးဦးမှ ခြောက်ဦးအထိ ပါဝင်ပြီး၊ လူအုပ်ထဲမှ သတ်မှတ်လူအချို့ကို ဖမ်းဆီးထိန်းသိမ်းဖို့ တာဝန်ယူရမှာ ဖြစ်ပါတယ်။ ဒီအဖွဲ့ငယ်တွေက လိုင်းသဏ္ဌာန်စုဖွဲ့မှုရဲ့ နောက်မှာ နေရာယူထားသင့်ပြီး၊ ဖမ်းဆီးရမယ့် လူကို လူအုပ်ထဲမှာ ဖော်ထုတ်တွေ့ရှိချိန်မှာ လိုင်းသဏ္ဌာန်ကို အနည်းငယ်ငပေးရပါတယ်။ ဒီလို ဟထားတဲ့နေရာကနေ ဖမ်းဆီးထိန်းသိမ်းရေးအဖွဲ့ငယ်က ဖြတ်သန်းဝင်ရောက်ရပါတယ်။

လူနှစ်ယောက်က အမှန်တကယ် ဖမ်းဆီးထိန်းသိမ်းရေးကို တာဝန်ယူရပြီး၊ ဒီလူနှစ်ယောက်ဟာ လုယူဖို့ လွယ်ကူစေမယ့် လက်နက်များကို မကိုင်ဆောင်ရပါဘူး။ လက်ထိပ်နဲ့ ကြိုးများကိုသာ ကိုင်ဆောင်သွားသင့်ပါတယ်။ အခြား လူနှစ်ယောက် (သို့မဟုတ်) လေးယောက်ကတော့ ဖမ်းဆီးမယ့် လူနှစ်ယောက်ဘေးကနေ အရံအတားအဖြစ် တာဝန်ယူရမှာ ဖြစ်ပါတယ်။ ဒီလိုတာဝန်ယူသူတွေကတော့ နံပါတ်တုတ်များနဲ့ pepper spray များကို ကိုင်ဆောင်သွားသင့်ပါတယ်။ ဖမ်းဆီးရမယ့်လူကို ဖမ်းဆီးထိန်းသိမ်းပြီးတာနဲ့

www.burmeseclassic.com

www.burmeseclassic.com



လိုင်းသဏ္ဍာန်စုဖွဲ့မှုဆီကို ချက်ချင်းပြန်လည်ခေါ်ဆောင်သွားပြီး၊ ဟထားတဲ့ လမ်းကြောင်းကို ပြန်ပိတ်လိုက်ဖို့ လိုအပ်ပါတယ်။

## နိဂုံး

အဓိကရုဏ်းဆိုတာ ဒေါသ၊ စိတ်ရှုပ်ထွေးမှုတွေ ရောပြွန်းရာက ပေါ်ထွက်လာတဲ့ စုပေါင်းစိတ်ခံစားမှု ဖော်ပြချက် (collective e_pression) ဖြစ်ပါတယ်။ နိုင်ငံရေး၊ ဘာသာရေးနဲ့ လူမှုရေး အကြောင်းတရားတွေကြောင့် လူတွေ စုဝေးလာပြီး၊ အင်အားကြီးထွားလာချိန်မှာ အဖျက်လုပ်ရပ်များ လုပ်ဆောင်ဖို့ လှုံ့ဆော်သူတွေ ပေါ်ထွက်လာတဲ့အခါ အဓိကရုဏ်းတွေကို ဦးတည်သွားစေတတ်ပါတယ်။ အဓိကရုဏ်းတွေဟာ စီးပွားရေးအရ ဆုံးရှုံးမှုများနဲ့ အုပ်စုများအကြား တိုက်ခိုက်ရေးစိတ်များ ရှင်သန်မှုတွေကို ဖြစ်ပွားစေပြီး၊ ပဋိပက္ခများ ကြီးမားလာစေတတ်တဲ့အတွက် အဓိကရုဏ်း နှိမ်နင်းရေးကို တာဝန်ရှိသူများက စနစ်တကျ ပြုလုပ်သင့်ပါကြောင်း ရေးသားတင်ပြအပ်ပါတယ်။

**ခင်မမမျိုး (၅၊ ၄၊ ၂၀၁၃)**



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဌေး (ပညာရေး)

# တည်ငြိမ်အေးချမ်းမှုနှင့် ရပ်ရွာစီးပွားရေး

စစ်အုပ်ချုပ်ရေးမှ အရပ်ဘက်အုပ်ချုပ်ရေးဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လှမ်းခဲ့သည်မှာ နှစ်နှစ်တာခရီးပေါက်ခဲ့လေပြီ။ ထိုက်သင့်သော ပြုပြင်ပြောင်းလဲမှုများကြောင့် ကမ္ဘာ့စင်မြင့်တွင် မြန်မာနိုင်ငံ၏ ပုံရိပ်ကောင်းများကြောင့် နိုင်ငံတကာ ဆက်ဆံရေးမြင့်တက်လာခြင်း၊ ကုန်သွယ်စီးပွားဖြေလျှော့မှုများ၊ နိုင်ငံတကာကူညီထောက်ပံ့မှုများ၊ ပယ်ဖျက်ပေးခဲ့သည့် ကြွေးမြီများ၊ ထပ်မံချေးငှားသည့် နှစ်ရှည်ချေးငွေများကြောင့် ဒီမိုကရေစီ တည်ဆောက်ရေးခရီးတွင် များစွာ အားရဖွယ်ရာများ ရှိခဲ့သည်လည်း ဖြစ်သည်။

အသွင်ကူးပြောင်းရေးကာလတစ်ရပ်အတွင်း အခက်အခဲများ၊ ပြဿနာများ၊ စိန်ခေါ်မှုမျိုးစုံတို့ တွေ့ရမည်မှာ မထူးဆန်းလှပါ။ သို့သော် နိုင်ငံတော်၏ ပုံရိပ်ကို ထိပါးစေမည့် လုပ်ဆောင်နေမှုများကား အရှိန်ယူစပြုနေသည့် ဒီမိုကရေစီခရီးတွင် အဟန့်အတားသဖွယ် ဖြစ်စေနိုင်သည်ကို သတိပြုကြရန်သာ ဖြစ်သည်။

မကြာလှသေးသော လပိုင်းအတွင်းကပင် အနောက်တံခါးကိစ္စ ပေါ်ခဲ့သည်။ ယင်းကိစ္စအတွက် များစွာ စီမံဆောင်ရွက်နေရဆဲမှာပင် သွေးတိုးလှုံ့ဆော်မှုများ၊ ကောလာဟလများနှင့်ရော၍ မှိုင်းတိုက်ကာ လူမျိုးရေး၊ ဘာသာရေးအသွင် ရောက်စေရန် ဆူပူအကြမ်းဖက်သတ်ဖြတ်မှုများ ဖြစ်ပေါ်ခဲ့ရသည်မှာ များစွာကြေကွဲဖွယ်ရာပင် ဖြစ်သည်။

ယင်းကိစ္စများနှင့် ပတ်သက်၍ သက်ဆိုင်ရာဒေသများတွင် အရေးပေါ်အက်ဥဒပေ ပုဒ်မ- ၁၄၄ ထုတ်ပြန်ကာ နိုင်ငံတော်သမ္မတ၏ သဘောထားကြေညာချက်တွင် "ကျွန်တော့်အနေနဲ့ ပြဿနာဖြေရှင်းရတာကို မနှစ်မြို့ပါဘူး။ ဒါပေမဲ့ ပြည်သူလူထုရဲ့အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုကို ထိပါးတဲ့ လုပ်ရပ်မှန်သမျှကိုတော့ လုံးဝလက်သင့်ခံမှာ မဟုတ်ဘဲ လိုအပ်လျှင် မြို့ပြအင်အားသုံးပြီးတော့ ထိထိရောက်ရောက် တားဆီးနှိမ်နင်းသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ တရားဥပဒေစိုးမိုးရေးအတွက် အဓိက

www.burmeseclassic.com


www.burmeseclassic.com



တာဝန်ရှိနေတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ဥပဒေနဲ့အညီ ရဲဝံ့ပြတ်သားစွာ ဆောင်ရွက်ကြဖို့ ပြောကြားလိုပါတယ်'' ဟု အတိအလင်းဆိုမိန့်ခဲ့သည်။

မငြိမ်းချမ်းမှသာ ငြိမ်းချမ်းခြင်း၏အရသာကို သိနိုင်ပါသည်။ တည်ငြိမ်မှုမရှိသည့်အခါမှသာ တည်ငြိမ်မှု၏အရသာကို ခံစားနိုင်ပါသည်။ တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးမှုရှိမှသာ ပြည်သူအများ လွတ်လပ်ပျော်ပါးစွာ လှုပ်ရှားသွားလာနိုင်ပါသည်။ ကြည့်ရှုစရာပွဲလမ်းသဘင်များသို့ စိတ်အေးသက်သာစွာ ကြည့်ရှုနိုင်ပါလိမ့်မည်။ ညနေခင်းဈေးတန်းများ၊ စားသောက်ဆိုင်တန်းများသည် ရန်ကုန်ညကို တိုးဝေ့စည်ကားစေပါသည်။

ပုံမှန်လှုပ်ရှားရောင်းဝယ်သွားလာနေသည့် လူမှုယန္တရားတစ်ခု ရပ်တန့်သွားသည်နှင့် လူတစ်ဦးတစ်ယောက် တစ်စုတစ်ဖွဲ့တည်း နစ်နာဆုံးရှုံးရသည် မဟုတ်ပါ။ အထူးသဖြင့် လက်လုပ်လက်စားဈေးရောင်းဈေးဝယ်များ၊ နေ့စားအလုပ်သမားများ၊ အနေးယာဉ်လုပ်သားများ၊ တက္ကစီများ၊ လမ်းဘေးဈေးဆိုင်များ ဝင်ငွေသိသာစွာ ကျဆင်းသွားခြင်းမျိုးဖြင့် ရင်ဆိုင်ကြရတော့၏။ ထို့ပြင် ရန်ကုန်-ပြည်မီးရထားလမ်းတစ်လျှောက် ကုန်စည်ဝင်ရောက်မှု နည်းသွားခြင်းကြောင့် ကုန်တင်ကုန်ချ အလုပ်သမားများ ဝင်ငွေကျဆင်းသွား၏။ ကုန်စည်အဝင်အနည်းပါးမှုကြောင့် အမြတ်တင်ရောင်းသူများ ပေါ်လာ၏။ ညနေပိုင်း ဖြတ်သန်းမောင်းနှင်ခွင့်မရသည့် မြို့နယ်များတွင် ခရီးသွားပြည်သူများ ခရီးကြန့်ကြာမှု ဖြစ်ကြရ၏။ ပုပ်သိုးပျက်စီးနိုင်သည့် ရောင်းကုန်ပစ္စည်းများ အကျိုးမဲ့ ဆုံးရှုံး ပျက်စီးနိုင်၏။ ဤမျှမကသေး။ တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုဆဲကာလဖြစ်၍ ကျောင်းသူ/သားများမှာ စာမေးပွဲကို အထိတ်တလန့် ဖြေဆိုခဲ့ရ၏။ တက္ကသိုလ်စာမေးပွဲအချို့ ရပ်နားရ၏။ သံဃာ့စာမေးပွဲများ ဖြေဆိုမှုအချိန် ပြောင်းရွှေ့လိုက်ရ၏။ ဆုံးရှုံးပျက်စီးရမှုများစွာတို့မှာ နိုင်ငံသူ/သားတို့၏ ဆုံးရှုံးမှုဖြစ်သကဲ့သို့ နိုင်ငံတော်၏ ဆုံးရှုံး



www.burmeseclassic.com

www.burmeseclassic.com



မှုများလည်း မည်ပါသည်။

မြန်မာတို့သည် နှစ်ပရိစ္ဆေဒ ကြာမြင့်စွာကပင် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံတို့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်လာခဲ့ကြသည်သာ ဖြစ်သည်။ ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းအတွင်း လူမျိုးရေး၊ ဘာသာရေးအသွင် အဓိကရုဏ်းများ၊ ပဋိပက္ခများအဖြစ် ပြောင်းလဲ အရောင်ဆိုးကြမည့် စိန်ခေါ်မှုများကိုမူကား မည်သူ့ကိုမျှ လက်ခံနိုင်ကြလိမ့်မည် မဟုတ်ပါ။

ထို့ကြောင့်လည်း ငြိမ်းချမ်းရေးသိတဂူဆရာတော်ကြီး မိန့်ကြားသကဲ့သို့ ယခုဖြစ်ပေါ်ခဲ့သော ဆူပူအကြမ်းဖက်မှုသည် လူ့အဖွဲ့အစည်းတွင်း ရောက်ရှိနေသည့် မစင်ပုံနှင့်တူကြောင်း၊ ယင်းကို ဝိုင်းဝန်း ထိုးဆွနေကြလျှင် အနံ့ဆိုးများ ပျံ့နှံ့လာမည် ဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်းအတွင်းမှ အမြန်ဆုံး ဖယ်ရှား ရှင်းလင်းပစ်ဖို့ လိုကြောင်း မိန့်ကြားခဲ့လေသည်။

ထို့ပြင် သိတဂူဆရာတော်၏ ငြိမ်းချမ်းရေးသဝဏ်လွှာတွင် "ဗုဒ္ဓရဲ့ဝါဒဟာ အဟိံသာဝါဒ ဖြစ်သလို ခရစ်ယန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာတွေကလည်း Non-violence ဆိုတဲ့ အဟိံသာ ဝါဒဟု ယုံကြည်ကြောင်း၊ ဘုရားသခင်အားလုံးတို့က လူများအားလုံးတို့ကို ဆူပူသောင်းကျန်းမှုတွေ ပြုလုပ်ကြဖို့ ဘယ်ဘုရားကမှ မဟောကြားခဲ့ကြောင်း၊ မိမိတို့ယုံကြည်ရာ ဘာသာတရားအသီးသီးကို လိုက်နာကျင့်သုံးနေကြတဲ့၊ ကိုးကွယ်နေကြတဲ့ ဘာသာဝင်လူမျိုးအားလုံးတို့ဟာ ငြိမ်းချမ်းစွာ ညီညွတ်စွာနဲ့ အတူလက်တွဲနေထိုင်ကြဖို့ အထူးမေတ္တာရပ်လိုကြောင်း၊ ဘာသာရေးအကြမ်းဖက်မှု၊ လူမျိုးရေး အကြမ်းဖက်မှု၊ စီးပွားရေးအကြမ်းဖက်မှု အားလုံး ဘယ်လိုအကြမ်းဖက်မှုမျိုးမဆို သိတဂူဆရာတော်က ပြင်းထန်စွာ ရှုတ်ချကြောင်း" အကျယ်တဝင့် သဝဏ်လွှာပေးပို့ခဲ့သည်ကို တွေ့ရ၏။

စင်စစ် အကြမ်းဖက်ဖျက်ဆီးခြင်း၊ လူ့အသက်များ သေဆုံးခြင်းများ ရှိခဲ့သည့် မင်းမဲ့စရိုက် ဆန်ဆန် ပြုလုပ်မှုများ၏ အကျိုးဆက်များအား ဆန်းစစ်ကြည့်လျှင် မည်သို့သောရလဒ်များ ထူးခြား ပြောင်းလဲသွားပါသနည်း။ နှစ်ပေါင်းများစွာ အတူယှဉ်တွဲနေထိုင်လာသူများ၊ သည်လူ၊ သည်မျက်နှာများ ပြန်တွေ့ကြရသည်သာ။ ဆုံးရှုံးသွားသော အဆောက်အဦများ၊ အိုးအိမ်များ၊ မီးလောင်ပြင်များကား မည်သူ ၏ အကျိုးစီးပွားကို တိုးပွားစေပါသနည်း။ မေတ္တာတရား၊ သည်းခံခြင်းတရားကို မျက်ကွယ်ပြု၍ တည်ငြိမ်အေးချမ်းမှု ပျက်သုဉ်းသွားသည့်အခါ တစ်ဦးတည်း တစ်ဖက်တည်းမဟုတ် "ဆန်စင်ရာ ကျည်ပွေ့ပါ" သကဲ့သို့ နှစ်ဦးနှစ်ဖက် ဆုံးရှုံးရခြင်းသာ အဖတ်တင်ပါသည်။ လူထုလူတန်းစားအလွှာ အသီးသီး လူမှုရေးဒုက္ခ၊ စီးပွားရေးဒုက္ခများစွာ ရင်ဆိုင်ခဲ့ကြရပါသည်။

ဤသို့အတိဒုက္ခရောက်သောအခါတွင်လည်း မည်သူတို့ လာ၍ ကယ်ဆယ်စောင့်ရှောက်ကြ ရပါသနည်း။ အဖွဲ့ပေါင်းစုံ၊ အသင်းပေါင်းစုံ၊ ဘာသာပေါင်းစုံတို့ ဝိုင်း၍ ဝန်း၍ ကူကြ ပံ့ပိုးကြရပြန် ၏။ ဤနေရာတွင် အသွေးအရောင်၊ ဘာသာအယူဝါဒများ ကွဲပြားခြားနားမှု ရှိနိုင်ပါဦးမည်လား။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာ" ဆိုသကဲ့သို့ တစ်နေရာတွင် မငြိမ်းချမ်းခြင်း၊ မတည်မငြိမ်ဖြစ်ခြင်းသည် တစ်နေရာမှ တစ်နေရာသို့ ကူးစက်နိုင်သည်ဖြစ်ရာ တည်ငြိမ်အေးချမ်းမှု၏ အရင်းခံ တရားဥပဒေစိုးမိုးရေးသည် အဓိကကျလှပါသည်။ တရားဥပဒေစိုးမိုးမှု မရှိသရွေ့ မင်းမဲ့စရိုက်ဆန်ဆန် ပွဲလန့်တုန်း ဖျာခင်းလိုသူများ၊ အမျိုးဘာသာသာသနာ ဗန်းပြ၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ်များ၊ အရေခြုံများ၏ သွေးထိုးလှုံ့ဆော်မှုများကို ပြည်သူပြည်သားတစ်ရပ်လုံး၏ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လိုစိတ်ဖြင့် ဖြိုခွင်းရှင်းလင်းပစ်ရမည် ဖြစ်၏။

သို့မှသာ လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ကြမည် ဖြစ်သည်။ တရားဥပဒေစိုးမိုးမှုအောက်တွင် ဥပဒေ၏ အကာအကွယ်ပေးမှုကို ခံစားနိုင်ကြမည် ဖြစ်သည်။ မိမိတို့၏ လူမှုအကျိုးစီးပွားများကိုလည်း အဆင်ပြေချောမွေ့စွာ လုပ်ကိုင်ရှာဖွေ စားသောက်နိုင်ကြမည်ဖြစ်သည်။ လူ့အဖွဲ့အစည်းအတွင်း ယခင်ကကဲ့သို့ပင် "ပိုနေမြဲ ကျားနေမြဲ" မိမိတို့၏ဘဝများစွာကို ပြန်လည်ထူထောင်ရင်း ယုံကြည်မှုတည်ဆောက်ခြင်း (Trust Building) အမှုကို မလွှဲမသွေပြန်လည် ပြုစုပျိုးထောင်ယူကြရမည်သာ ဖြစ်ပါသည်။

ခင်မောင်ဌေး(ပညာရေး)



www.burmeseclassic.com

www.burmeseclassic.com

နတ်တလင်းချစ်လွင်

# “အချစ်သုစရ...ကမ္ဘာအရှ”

“အလွန်အေးတဲ့ရာသီ××အလွန်ချမ်းတဲ့ရာသီ×××မောင်တစ်ရွာမယ်တစ်မြို့တော့ နေလို့လည်း မဖြစ်နိုင်ပါပြီ×××”

ငယ်စဉ်က နားဝင်ပီယံဖြစ်ခဲ့သော သီချင်း၊ ခံစားချက်နှင့်လိုက်ညီ၍ ဖွဲ့ခဲ့သော စာပိုဒ်၊ အားလုံး အားလုံး ချစ်သူပျိုငယ်နနယ်တို့ ခေတ်အလိုက် သီချင်းစာသားတွေ ပြောင်းသွားပေမယ့် “ကြားလေသွေးတော့ ဝေးတယ်ထင်” “မောင်မနေတတ်ဘူး××ယောင်ချာချာအရူး တစ်ပိုင်းဖြစ်နေပြီ×××× ဘာတွေပဲလုပ်လုပ် ဟာတာတာရင်မှာကျန်နေတယ်××”ဖြစ်နေခဲ့ကြ၊ ဖြစ်နေကြ၊ လောကတံထွာ၊ ဓမ္မတာ၊ အရိုးကို အရွက်မဖုံးသော အချစ်ဖြစ်စဉ်တွေပါပေ။

ခုခေတ် "Living together" "Valentine Day" တွေခေတ်စားတာရယ်ကြောင့် ဟိုတုန်းကလို (၃) နှစ်(၃ )မိုး စောင့်ပြီးမှ လက်ထပ်ပေါင်းသင်းကြတာ တွေ၊ “အိမ်ထောင်မှု ဘုရား တည်ဆေးမှင်ရည်စုပ်ထိုး” သည် ၃ ခု ချက်မပိုင်လျှင်၊ နှောင်ပြင်နိုင်ခက်သည့်အမျိုး ဆိုတာကို ဦးထိပ်ထား ကျင့်ကြံတာတွေက ဆရာမ “ဂျူး”ရေးတဲ့ ဝတ္ထုရှည်လို “ရာဇဝင်ထဲမှာ မောင်ကို ထားခဲ့ပြီ” “ခုမြင်၊ ခုလိုက်၊ ခုကြိုက်၊ ခုညား၊ ခုကွဲ ဖြစ်စဉ်



တွေ ဖြစ်ကုန်ကြ ာကာ၊ ဆရာသုမောင်ရဲ့ “စေ့စပ်၊ လက်ထပ်၊ ကွာရှင်း၊ ပြတ်စဲပြီးစီးခြင်း” တွေဖြစ်ကုန်ကြတာကတော့၊ မြန်မာမှု နယ်ပယ်မှာ အကျည်းတန်နေစေပါတယ်။

ဒီနေရာမှာ ပိုအရုပ်ဆိုးတာက၊ အချစ်နယ်လွန်ကြပြီး၊ လင်ကောင်မပေါ်ဘဲ ကလေးမွေးတာတို့ ၊ ကိုယ်ဝင်ဖျက်ချလို့ မိခင်ရော ကလေးပါ အသက်ဆုံးတာတို့၊ မွေးစ ကလေးအမှိုက်ပုံ (သို့) လူအလစ် မြင်သာထင်သာ တစ်နေရာရာ (ဘူတာရုံ၊ ဈေး၊ဘုရား၊ ကျောင်းကန် အနီးတဝိုက်မှာ စွန့်ပစ်ထားခဲ့တာတို့၊ ဆေးရုံမှာ ကလေးမွေးပြီး ဝန်ထမ်းများအလစ် စွန့်ပစ်ပြေးတာတို့ တွေက မြန်မာတွေမှ ဟုတ်ရဲ့လား၊ အမေဖြေထုတ်စရာပါ။

တကယ်တော့ ကာမအား

www.burmeseclassic.com

www.burmeseclassic.com



ဆေးတွေ၊ တားဆေးတွေလည်း နေရာအနှံ့၊ အမျိုးသား ဦးရေထက် အမျိုးသမီးဦးရေကများ လူပျို့အမေဆန့်တစ်အိတ်နဲ့ ပုန်းအိပ်ရမည့်ကိန်း ဖြစ်စဉ်မို့၊ သမီးရည်းစားချင်း အချစ်နယ်ကျွံဖို့၊ နောင်ခါလာ နောင်ခါချေး၊ လာမည့် ဘေးပြေးတွေ့မယ်။ လောလောဆယ် အငိုလွယ်၊ အရှိက်ခက်တာကို မစိုးရိမ်ဘဲ ဆင်ကန်းတောတိုး၊ ချစ်မိုးတွေ အပြိုင်ရွာကုန်ကြတာပေါ့။

မဖုံးနိုင် မဖိနိုင် အရှုပ်ရှာယ်ရင်ဆိုင်လာကြတော့ ယောကျ်ားကလည်း သစ္စာရှိရှိ တာဝန်သိသိနဲ့ မရှောင်တိမ်းဘူးဆိုရင် ပြဿနာကို လူသာဝခေါ် နတ်သာဝခေါ်ပြီးသွားမှာပါ။ ဒီလိုမှမဟုတ်ဘဲ လင်ကောင်ဖော်ဖို့ကလေးအဖေခေါ်ဖို့ ပြဿနာတွေဖြစ်လာရင် အချင်းချင်းညှိနှိုင်းကြမိဘဆွေမျိုးရပ်ရွာက ဝိုင်းဝန်းကြတို့နှင့် ပြီးသွားရင်ပြီး မပြီးပြတ်ပါက တရားရုံးကို အမှုအခင်းအဖြစ်ရောက်ပြီလေ။

'မလှသန်းနှင့် ကိုကျော်ဆင့်' ၁၉၇၁ ခုနှစ်၊ တရားမဒုတိယ အယူခံမှု အမှတ် (၂၇)



(မန္တလေး) အမှုမှာ မလှသန်းက ၄င်းတွင် ရရှိသည့် ကိုယ်ဝန်သည် ကိုကျော်ဆင့်နှင့် ရရှိသောကိုယ်ဝန်ဖြစ်ကြောင်း 'မွေးဖွားကြေညာပေးရန်' သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ တရားစွဲဆိုသည်။ တရားစွဲဆိုသည့် အချိန်တွင် ကလေးမဖွားမြင်သေးပေ။ ထို့ကြောင့် ကလေးမဖွားမီ ကိုယ်ဝန်ရှိစဉ်အချိန်၌ ဤကဲ့သို့သောအမှုမျိုး တရားစွဲဆိုခွင့် ရှိ/မရှိ ပြဿနာ ပေါ်ထွက်လာသည့် တရားရုံးချုပ်က-

"မိခင်အနေဖြင့် ယခုကဲ့သို့သော အမှုမျိုးကိုတရားမရုံးများ၌ စွဲဆိုခြင်း မပြုနိုင်ကြောင်း တွေ့ရှိရသည်။ ကလေးအနေဖြင့်မည်သည့်အခါတွင်မှ ၄င်းသည် တရားပြိုင်ကလေး ဖြစ်ကြောင်း မစွဲနိုင်ဟု မဆိုလိုပေ။ ဤပြဿနာမျိုးပေါ်လျှင်ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားရန်ရှိသည်။ မိခင်အနေဖြင့် ဤကိစ္စ၌ တရားဥပဒေ အသိအမှတ်ပြုသော ဂုဏ်အင်္ဂါ (Legeal Character) သို့မဟုတ် ပစ္စည်းပိုင်ရေး၊ ဆိုင်ရေးဆိုင်ခွင့်ရှိသည်ဟု မဆို နိုင်ပေ။ မိခင်ဖြစ်သူသည် ကလေးအုပ်ထိန်းသူ အနေဖြင့် ကလေးအတွက် ပြစ်မှုကြောင်း စွဲဆိုပိုင်ခွင့်ရှိသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ အရ ကလေးစားရိတ် လျှောက်ထားနိုင်သည်ဟု ဆုံးဖြတ်သည်။ (မွေးဖွားကြေညာခြင်း ပြုလုပ် မပေးပေ)

ဖိုမတို့ 'လိင်'ကိစ္စတွင် အထူးသဖြင့် ပိုမိုနစ်နာရသည်က အမျိုးသမီးများဖြစ်ရာ၊ ခေတ်အဆက်ဆက် တရားရုံး စီရင်ထုံးများ၊ ဓမ္မသတ်များက "လျော်ကြေး"တောင်းခံခြင်း ရှိတတ်သည်။ ယင်းနှင့် ပတ်သက်၍ ပေးသင့်၊ မပေးသင့် အမျိုး မျိုး သုံးသပ်ဆုံးဖြတ်ကြသည် ထို့နှင့် မောင်မျိုးချစ်နှင့် ဒေါ်ပု (၁၉[illegible]) ခုနှစ် မြန်မာနိုင်ငံတ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ထုံး၊ စာ (၁၀၈) အမှုတွင်

"မမွှသတ်အများစုက အမျိုးသမီးသည် မိမိအပေါ် သစ္စာမဲ့သည့် အမျိုးသားထံမှ လျော်ကြေးတောင်းဆို ခွင့်ပြုထားကြသည်။ ယင်းသို့ ခွင့်ပြုခြင်းသည်ဖြောင့်မှန်ခြင်း၊ တရားမျှတခြင်း ကောင်းမြတ်သောစိတ်ထားရှိခြင်း စသည့် မူများနှင့်လည်း ဆန့်ကျင်ခြင်းမရှိသည့်အလျောက် လက်ခံသင့်သည်ဟု ကျွန်ုပ်တို့ ယူဆသည်"

သို့ပါ၍ ဗုဒ္ဓဘာသာဝင် အမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးအား ဖြားယောင်းသွေးဆောင်ပြီး ကျူးကျူးလွန်လွန်ဖြစ်၍ ပဋိသန္ဓေရရှိသည့် ကိစ္စတွင် ထိမ်းမြားလက်ထပ်ရန် ကတိမရှိသော်လည်း အမျိုးသမီးက လျော်ကြေးတောင်းခွင့် ရှိသည်ဟု ပြောဆိုလိုက်ပြီ 'မခင်နှင့်မောင်မြင့်ကြီး' 'ဘိုးသိုက်နှင့်မနှင်းစံ' 'မယုံနှင့်မောင်ဘိုး လူ' 'မောင်သန်းဋ္ဌေးနှင့်မပု' အမှုများရှိ ယင်းကိစ္စနှင့် စပ်လျဉ်းသမျှ ဆုံးဖြတ်ချက်ကို ပယ်ဖျက် လိုက်သည်ဟု ဆုံးဖြတ်ခဲ့သည်။

သို့ဖြင့် လက်ထပ်ယူမည်ဟု ကတိမရှိဘဲ ပဋိသန္ဓေရှိလျှင် လျော်ကြေးတောင်းနိုင်သည်။ လက်ထပ်ယူမည်ဟု ကတိရှိပြီး ကိုယ်ဝန်ရှိ၍ လက်ထပ်ရန် ငြင်းဆန်ပါမူ ပြစ်မှုဆိုင်ဥပဒေ ပုဒ်မ ၄၁၇ (ကာမလိမ်လည်မှု) နှင့် ပတ်သက်၍ 'မောင်ကြည်ဝင်းနှင့် ပြည်ထောင်စု' ၁၉၇၀ ပြည့်နှစ် ပြည်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၃(ခ) မန္တလေး အမှုတွင် "၁၉၆၇ ခုနှစ် ပြည်ထောင်စုနှင့် ကိုကျင်ဇော်(၁၉၆၇) ခုနှစ် မတစ, စာ ၄၆ အမှုတွင် ချမှတ်ထားသည့် "အမျိုးသားက အမျိုးသမီးကို လက်ထပ်ပါမည်ဟု အယုံသွင်းပြီး ကာမရယူသဖြင့် အမျိုးသမီး၌ ကိုယ်ဝန်ရှိလာသောအခါ လက်ထပ်ရန်ငြင်းဆိုခြင်းသည်၊ ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၄၁၅ ၏ ဒုတိယပိုင်းအရ လိမ်လည်မှု မြောက်နိုင်သည်ဟုယူဆခဲ့သည်။ "ကိုလက်မခံဘဲ"××× ထိုကဲ့သို့ ငြင်းဆိုခြင်းသည် ပြစ်မှုကျူးလွန်ရာမရောက် နစ်နာသူက တရားမကြောင်းဖြင့်သာ အရေးဆိုရန်လည်း အရေးရှိသည့်ဟု ဆုံးဖြတ်ခဲ့ပြန်သည်။ သို့ဖြင့် တရားရုံးချုပ်က ဆုံးဖြတ်ချက် ၂ ခု ဆန့်ကျင်ဘက် အဖြေထွက်နေသည်။ ယင်း ဆုံးဖြတ်ချက်များမှာလည်း တရားသူကြီး ၂ ဦး ထိုင်ခုံရုံးမှ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များဖြစ်ရာ၊ အဆိုပါ ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



အပေါ် ဝိဝါဒကွဲပြားမှုမရှိရအောင် 'မောင်သန်းထွန်းနှင့် ပြည်ထောင်စု' ၁၉၇၂ ခုနှစ် မတစ၊ စာ ၂၃ အမှုတွင် စုံညီ ခုံရုံးဖြင့် အကျယ်တဝင့် စစ်ဆေး ကြားနာခဲ့ပြီး-

"အမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးကို လက်ထပ်ယူပါမည်ဟု အယုံသွင်းပြီး ကာမရယူပြီးနောက် လက်ထပ်ရန် ငြင်းဆိုခြင်းသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ လိမ်လည်မှု မြောက်နိုင်သည်ဟု ဆုံးဖြတ်လိုက်သည်။

'ကျောရရုံကြံသူ' 'အိုင်တွေ့ခြေဆေး' 'နမချင်း မစာနာသူ' တို့အတွက် ပုဒ်မ ၄၁၇ က ကြိုဆိုနေသည်။ နမ မထိနဲ့ ဓားကြည့်ဆိုသူ၊ လက်ရဲဇာက်ရဲ အစ်ကို မောင်သားချင်းများနှင့် ဆိုလျှင်တော့ ယင်းသို့ တရားရုံးမှာ ဖြေရှင်းမနေတော့ဘဲ၊ ယုတ်မာစော် ကားသူကို ရရာလက်နက်ဖြင့် ဆုံးမနှိပ်ကွပ်၍ လူသတ်မှု၊ ဓားခုတ်မှု၊ ရိုက်မှုတို့၏ မူခင်းဖြစ်စဉ်များတွင် ပါ,ပါလာတတ်သည်ကိုလည်း တွေ့ရတတ်သည်။ အဖြစ်ဆိုးကလေးနှင့် အဖြစ်ဆိုးကြီးများ တစ်ခုခုကြုံ၍ မှဆိုးမ သားကောင်ဘဝရောက်မည်။

ပုဒ်မ၄၁၇ ကာမ,လိမ်လည်ရယူမှု ပုဒ်မနှင့်ပတ်သက်၍ သတိပြုစရာ စီရင်ထုံးဥပမာကို တင်ပြလိုသည်။ (၂၀၀၈) ခုနှစ် တရားစီရင်ထုံးများ ပြစ်မှုဆိုင်ရာ အထူးအယူခံမှု "မောင်အောင်နိုင်ထွန်းနှင့် ပြည်ထောင်စုပါ ၂ အမှုအမှတ် ၂/၂၀၀၈"ဖြစ်သည်။ ကျွန်တော်တို့ မြန်မာလူမျိုးတို့ တစ်ခါတစ်ရံ၊ 'တစ်လွဲဆံပင်ကောင်း' (သို့) 'အဓိက, က သာမည၊ သာမညက အဓိက' ဆိုတာမျိုး အချို့ကိစ္စများတွင် ဖြစ်တတ်သည့် တကယ်တော့ ပြဿနာကို ရိုးသားတည်ငြိမ်စွာ ကိုင်တွယ်မဖြေရှင်းဘဲ 'မယားနေစ၊ ကြောင်သေမှ၊' 'လင်နေစဆင်သေမှ" ဟူသော လွဲမှားသည့် အယူအဆဖြင့် မိမိတို့ (မ)ဘက် (ကျား) ဘက် တောင်းဆိုချက်မရလျှင်ဖြင့် မခံမရပ်နိုင် ဦးကျိုးတော့မခံနိုင်၊ နဂါးမှန်းသိအောင် အမောက်ထောင်ပြလိုက်ဦးမယ် စသည့် မလိုလားအပ်သော၊ မဖြစ်သင့်သော အတွေးအခေါ် အယူအဆတို့ဖြင့် 'ပါးကိုက်၊ နားကိုက်' လုပ်ချင်ကြသည်၊ လုပ်ကြသည်။ ထိုအခါ အပ်နှင့် ထွင်းရမည်ကို ပုဆိန်နှင့်ပေါက် ကြရတော့ပြီ။



မြန်မာမှုနယ်ပယ်တွင် လူကြီးမိဘတိုင်း နှစ်ဖက်သဘောတူစေ့စပ်ကြောင်းလမ်း၊ လက်ထပ်ထိမ်းမြားကြ၊ မင်္ဂလာဆွမ်းကျွေး၊ ဧည့်ခံပွဲလုပ်ကြဖြင့် ရွှေလမ်းငွေလမ်းဖောက်၍ အိမ်ထောင်တစ်ခုကို ထူထောင်ပေးသည်မှာ မိဘဝတ္တရား 'မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ် (၅) အင်၊ ဖခင်မယ်တို့တာ'ဆိုထားသည့် ချစ်စရာကောင်းသော မြန်မာ့ရိုးရာ ထိမ်း

www.burmeseclassic.com

www.burmeseclassic.com



မြားခြင်း အစဉ်အလာ ကောင်းဖြင့် ဘဝတစ်ခုထူထောင်ဖို့ ဖြစ်သည်။ သို့သော် ဖြစ်တတ်ကြသည်က မိဘက သားသမီး အရွယ်မရောက်သေး၊ ပညာမစုံသေး၊ အိမ်ထောင်သားမွေး ပြုရန်မသင့်သေး၊ ကိုယ့်ခြေထောက်ပေါ်ကိုယ် မရပ်နိုင်သေးဟု သတ်မှတ်လင့်ကစား ယခုခေတ်လူငယ်အချို့တို့ ကိုယ့်လှေကိုယ်ထိုး ပဲ့ရူးရောက်ရောက်၊ ထင်ရာစိုင်းသည်။ အခြေအနေ အကြောင်းကြောင်းကြောင့်ဟု ဆင်ခြေပေးကာ မိဘအုပ်ထိန်းသူ စိမ့်မှုကို မစောင့်နိုင်ဘဲ ခိုးပြေးကြသည်။ ၃-၄ ရက်၊ တစ်ပတ်ကြာပြီး ပါသည့်ငွေကုန်၊ ပေါင်နှံစရာလည်း မကျန်တော့မှ (သို့) မိဘ အုပ်ထိန်းသူတို့၊ ဆွေမျိုးတို့ သတင်းအရ လိုက်ခေါ်မှ မင်္ဂလာဆောင် ဧည့်ခံပွဲလုပ်ရန်၊ သူ့အိမ် ကိုယ့်အိမ်ပြန်နေကြသည်။ မင်္ဂလာဆောင် ဧည့်ခံပွဲပြီးမှ တရားဝင် အကြင်လင်မယားအဖြစ် ပေါင်းသင်းဖို့ဖြစ်သည်။ ဒီအတွင်း မင်္ဂလာဧည့်ခံပွဲကိစ္စနှင့် ပတ်သက်၍ အထူးသဖြင့် ကုန်ကျစရိတ်နှင့် ပတ်သက်ပြီး ညှိမရကြပါကအကျယ်အကျယ် မငြိမ်းဖွယ်ဖြစ်ရသည်။ အမှိုက်ကစ ပြဿဒ်မီးလောင်တော့သည်။ ကာယကံရှင် သားသမီးတို့ အပျို၊ လူပျိုပြန်ဖြစ်တော့မှာလား၊ ဧည့်ခံပွဲမလုပ်၍လည်း အရှေ့ (၇)အိမ်၊ အနောက် (၇)အိမ်၊ ပုဆိုးတန်းတင် အကြင်လင်မယားအဖြစ် ဘုရားသွားကျောင်းတက်၊ သာရေးနာရေး အတူသွားလာပါက စာချုပ်စာတမ်းလည်းမလို၊ မင်္ဂလာအခမ်းအနားကျင်းပဖို့ မလိုဘဲ တရားဝင် လင်မယားအရာမြောက်ပါ သည်။ (ဦးပုလေးနှင့် ဒေါ်ချစ် ၁၉၇၆ ခုနှစ်၊ မတစ၊ စာ-၄၁)



ယခု 'မောင်အောင်နိုင်ထွန်း' အမှုတွင် အထူးအယူခံရုံး၏ သုံးသပ်ချက်အရ မူလမြို့နယ်တရားရုံး၊ အထက်တရားရုံး အဆင့်ဆင့်တို့က တရားခံ မောင်အောင်နိုင်ထွန်းကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ- ၄၁၇ အရ ကာမလိမ်လည်မှု မြောက်သည်ဆိုကာ ယင်းဥပဒေပုဒ်မ အရ အလုပ်နှင့်ထောင်ဒဏ် (၆)လ ကျခံစေရန် ချမှတ်ထား သည်။ အမှုတွဲပေါ်ပေါက်ချက် (၂)ဖက်လျှောက်လဲချက်တို့အရ နှစ်ဦးသဘောတူ ခိုးပြေး၍ တရားသူကြီးရှေ့လက်ထပ် စာချုပ်ချုပ်ခဲ့ပြီး မင်္ဂလာပွဲပြုရန် ကျေးရွာခလေ့ ကန်တော့ကြေးငွေအနည်းအများတွင် အငြင်းပွားကြသည်။ ဧည့်ခံပွဲနေ့တွင် အမျိုးသမီးမိဘများဘက်မှ ရဲစခန်းတိုင်ခြင်း၊ ဧည့်ခံပွဲ မလာရောက်ခြင်းတို့ ရှိခဲ့သည်။ သို့သော် တစ်လခန့်ပေါင်းသင်းပြီး အမျိုးသမီးမှာ ယောက္ခမအိမ်မှ ဆင်းသွားရာမှ ယခုကဲ့သို့ အမှု

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်တိုင်ကြားခြင်း ဖြစ်သည်။

ဤအမှုကို မူလမြို့နယ်ရုံး နှင့် ပြင်ဆင်မှုအယူခံမှု လက်ခံကြားနာသော ခရိုင်၊ တိုင်း တရားရုံးချုပ်တို့ကလည်း တရားခံကို ပြစ်မှုပုဒ်မ- ၄၁၇အရကျူးလွန်သူ ဆိုကာ အမိန့်ချခြင်း၊ အတည်ပြုခြင်း ပြုလုပ်သည်။ ယခု အထူး အယူခံရုံးတွင်ပင် နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်သူ ဥပဒေ အရာရှိ (ညွှန်ကြားရေးမှူး) က အမိန့်ကိုဆက်လက် အတည်ပြု၍ အယူခံကို ပလပ် သင့်ကြောင်း လျှောက်လဲချက် ပေးခဲ့သည်။



သို့သော် အထူးအယူခံတရားရုံးက "...... မောင်အောင်နိုင် ထွန်းသည် မသွဲ့သွဲ့ဝင်းအား လက်ထပ် ပေါင်းသင်းပါမည်ဟု လှည့်ဖြားပြောဆို၍ ကာမကို လိမ်လည်ရယူခြင်း ဖြစ်သည်ဟု ပေါ်ပေါက်ခြင်း မရှိသောကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ - ၄၁၇နှင့် ငြိစွန်းကြောင်း ကောက်ယူနိုင်ခြင်းမရှိပေ။ ရာသက်ပန် ရိုးမြေကျ ပေါင်းသင်းမှုပြုခြင်း၊ မပြုခြင်းကိစ္စသည် လင်နှင့် မယားနှစ်ဦးအကြားတွင် ပေါ်ပေါက်သော ကိစ္စရပ်သာ ဖြစ်၍ ဖြစ်မှုမြောက်သော ကိစ္စရပ် မဟုတ်ပေ" ဟု သုံးသပ် ဆုံးဖြတ်ကာ မူလရုံးနှင့် အဆင့်ဆင့် တရားရုံးများ၏ အမိန့်များကို ပယ်ဖျက်၍တရားခံကို အမှုမှ အပြီးအပြတ်လွှတ်လိုက်သည်။

အပျို၊ လူပျိုတို့ အပါအဝင် မိဘရှင်တို့ပါ ဂရုပြုစရာစီရင်ထုံး ပါပေ။ မြန်မာနိုင်ငံမှာက (၁၂) လရာသီပွဲတော်များတွင် အထူး သဖြင့် ဝါဆိုပန်းခူး၊ သင်္ကြန်ပွဲ တို့က လူငယ်သမီးရည်းစားတို့ ချိတ်ဆက်၊ ဖန်တီး လွှတ်လွှတ် လပ်လပ် အကြောင်းပြု၍ ကဲ နိုင်ကြသလို တောရွာများတွင် သီတင်းကျွတ်၊ တန်ဆောင်တိုင် တို့၌ ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ရုပ်ရှင်ပွဲများ၊ ဘုန်းကြီးပျံပွဲ၊ ရှင်ပြုနားသ၊ မင်္ဂလာဧည့်ခံပွဲ ဆိုင်းဝိုင်း၊ ရုပ်ရှင် ညဥ့် ပွဲများမလွတ်။ ထိုအခါ ဖိုမ သွေးသား သောင်းကျန်းတုန်း အရွယ်တွေ မဖြစ်သင့်တာ ဖြစ် ကုန်၍ ပညာမစုံ၊ ကြင်ယာစုံ၍ အလုပ်မရှိ၊ အိမ်ထောင်ရှိ ဇာတ်ခင်းကြတော့သည်။ သူတို့၊ သူတို့လေးတွေ၏ ချစ်သူတို့လမ်း ခရီးကား မဖြောင့်ဖြူးသည် ထက်၊ အထက်ကတင်ပြခဲ့သလို 'လိင်' ပြဿနာ၏ အကျိုးဆက် ပေါ်ပေါက်လာ၍ အမှုအခင်းများ ကြုံရတော့သည်။ မည်သူမပြု၊ မိမိမှုကို ဘယ်သူမပြု ကာမအမှု ဟု ပြောင်းလဲခေါ်ဝေါ်ရတော့မ လိုဖြစ်နေသည်။ နှစ်လိုဖွယ် ကောင်းသော 'မင်္ဂလာဧည့်ခံပွဲ' ဓလေ့စရိုက်ကို မာနနှင့် အတ္တ ဆိုသည်တို့ ရိုက်မချိုးမိပါစေ ရန် သတိပေးဆောင်းပါး ရေးသား လိုက်ရပါသည်။

**နတ်တလင်းချစ်လွင်**

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





၁၃၇၄ ခုနှစ် သီတင်းကျွတ်လဆုတ် (၁၀) ရက် (၉.၁၁.၂၀၁၂)နေ့က မုံရွာ ဆုတောင်းပြည့် ဘုရားပွဲတော်ကြီးက ကြက်ပျံမကျ စည်ကားဆဲ။ ည (၈)နာရီအချိန်ခန့်၊ မုံရွာ မြို့၊ ဘုန်းစိုးရပ်၊ ဘုန်းစိုးကျောင်းတိုက်မှ ရှင်သာမဏေများဖြစ်ကြသော ရှင်နာဂသေန၊ အသက် (၁၅)နှစ် ရေစကြိုမြို့နယ်၊ ကံသစ်ကျေးရွာ။ ရှင်နန္ဒိယ၊ အသက် (၁၄)နှစ်၊ ရေစကြိုမြို့နယ်၊ ကသစ်ရွာ။ ရှင်အိန္ဒြိယ အသက် (၁၅)နှစ်၊ မုံရွာမြို့၊ ရတနာပုံရပ်။ ရှင်စာရိတ္တအသက် (၁၄)နှစ် ပလောင်ရှမ်း ပြည်နယ်၊ ရှင်ဓမ္မသာမိအသက် (၁၂)နှစ်၊ မုံရွာမြို့ အင်းရွာသစ်တို့ ငါးပါးသည် ဘုရားပွဲတော်လှည့်လယ်နေသည်။

ဘုရားကြီးလမ်း ပွဲတော်ဈေးမှ ချင်းတွင်းမြစ်ကမ်းရှိ တာရိုးပေါ် လျှောက်လာကြရင်း မုံရွာ ညောင်ပင်ကြီးကူတို့ဆိပ် အရောက် ညဥ့်ရှစ်နာရီထိုး၍ တရားဝင်ဖြတ်ကူး ကူးတို့စက်လှေများပိတ်ချိန်၊ လှေသမ္မာန်ငယ်များကို တရုတ်လုပ် ဟွန်ဒါစက်လေးများကို တပ်ဆင်ပြီး ဘုရားပွဲဈေးအသွားအပြန်ခရီးသည်များကို ပို့ဆောင်ပေးနေကြသည်။

ပွဲတော်ဈေးသွာ ဈေးလာများ နန်ချွန်စတိုးဘက်မှ ညောင်ပင်ကြီးကူးတို့ဆိပ်ဆီလာနေစဉ် မြင်တွေ့ကြရသော လှေသမ္မာန်

www.burmeseclassic.com

www.burmeseclassic.com



ကျော်သောင်း (ဘုတလင်)

# အပျော်ခရီး စက်လှေစီး

စက်လှေသမားတို့က အပြိုင်အဆိုင် လုယက်ခေါ်ဆိုကြပြီး သူ့ထက်ငါ မြစ်ကိုဖြတ်ကူးပို့နေကြသော အချိန်ဖြစ်သည်။

ရှင်သာမဏေ ငါးပါးတို့သည် တစ်ဦးနှင့်တစ်ဦး တိုင်ပင်ကြပြီး တစ်ပါးသော ရှင်တစ်ပါးက စတင်ပြီး တို့စက်လှေ မစီးဖူးဘူးကွ၊ အပျော်စက်လှေစီးကြရအောင်ကွာ'' ''အေးကောင်းတယ်ကွ တို့စီးကြရအောင်''

သီတင်းကျွတ်လပြည့်ကျော် (၁၀) ရက်ရဲ့ ညဥ့်ရှစ်နာရီ ထိုးပြီးချိန်၊ လမ်းမီး အဆောက်အဦးမီးတို့ကြောင့် သာမြို့တွင်းလမ်းများပေါ်အလင်း ရောင်ရှိနေသော်လည်း ချင်းတွင်းမြစ်အတွင်းမဲမှောင်နေပြီး မြစ်တစ်ဖက်ကမ်းရှိ ညောင်ပင်ကြီးဘက်မှ မီးရောင်တို့သည် ချင်းတွင်းမြစ်အားအလင်းရောင် ထိုးဖောက်နိုင်ခြင်းမရှိဘဲ အမှောင်ထုကြားမှ မြစ်ကိုဖြတ်ကူးနေကြသော ဟွန်ဒါစက်သံ စက်မပါသော လှေသမ္ဗာန်တို့၏ လှော်ခတ်သံ၊ အော်ဟစ်စကား ပြောသံတို့ကသာ ညဥ့်အမှောင်ထုကို ကျော်ဖြတ်၍ကြားနေရပါသည်။

ကူးတို့ဆိပ်အရောက်သမ္ဗာန်စက်လှေသမား တစ်ဦး၏ ''ကိုရင်တွေ ညောင်ပင်ကြီးလိုက်မလား။ ညောင်ပင်ကြီး လိုက်ချင်လှေပေါ်မှာ လူ ခုနစ်ယောက်ရှိတယ်။ ကိုရင်တို့လိုက်လျှင် ထွက်မယ်။

''လိုက်မလား ကိုရင်တို့ တို့လိုက်ကြရအောင်ကွာ''

ဒါက တစ်ပါးသော သာမဏေတစ်ပါးရဲ့ ပြောသံ။

ကိုရင်အသံကြားလိုက်ရတော့ စက်လှေသမားက ထွက်မယ် ထွက်မယ် ငါးပါးတစ်ထောင်သာပေး၊ တစ်ပါးမှနှစ်ရာရယ်လိုက်မယ် မဟုတ်လား။ ''လိုက်မယ်ဗျို့ ဟု ပြောဆိုပြီး ကိုရင်ငါးပါး လှေပေါ်တက် ငွေတစ်ထောင် ပေးလိုက်သည်။

စက်လှေကို စက်နှိုး၍ မုံရွာဘက်ကမ်းမှ ထွက်ခွာလာခဲ့ရာ စက်လှေသမ္ဗာန်သည် မနိုင်ဝန်ကိုထမ်းလာခဲ့ရသဖြင့် ကုန်းပတ်ရေစွဲလျက် ပသီနသီဖြင့် အမှောင်ထု အတွင်း ချင်းတွင်းမြစ်ကို ဖြတ်ကူးလာခဲ့ရာသည်။

စက်လှေပေါ်တွင် စက်လှေပိုင်ရှင်ကိုယ်တိုင် တက်မကိုင်ကိုယ်တိုင်စက်မောင်း အပါအဝင် လူခုနစ်ဦးနှင့် ရှင်ငါးပါး ပေါင်း (၁၂)ယောက်၊ ဆိုင်ကယ်တစ်စီးတို့ဖြင့်လရောင်မရှိ ကြယ်ရောင်မသန်း၊ အမှောင်ထုလွှမ်းသော အကာလ ညဥ့်ရှစ်နာရီခွဲအချိန်။ မုံရွာမြို့ နန်းချုပ်စ[illegible]ဆိုင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင်ကြီး ကူးတို့ဆိပ်တာရိုးပေါ်ကွင် ထွန်းထားသော မီးရောင်မှ ညောင်ပင်ကြီး ကူးတို့ဆိပ်ရှိ လျှပ်စစ်မီးရောင်ဆီသို့ မောင်းနှင် ထွက်ခွာလာပါတော့သည်။

ထွက်ခွာလာသော သမ္မာန်စက်လှေငယ်သည် မုံရွာဘက်ကမ်းမှ ချင်းတွင်းမြစ်အတွင်း ညောင်ပင်ကြီးဆိပ်ကမ်း ရောက်ဖို့ သုံးပုံတစ်ပုံခန့်အလို မြစ်အတွင်း လေကပြင်းပြင်း တိုက်ခတ်လေသည်။ တိုတ်ခတ်သော လေကြောင့် ပုတ်ခတ်နေသော လှိုင်း ကြက်ခွပ်တို့ကို ဖြတ်သန်းနေစဉ်။

ရုတ်တရက် စက်ရပ်ပြီး တိမ်းမှောက်သွားခဲ့ရာ စက်လှေသမ္မာန်ပေါ်ပါ လူခုနစ်ယောက်နှင့် ကိုရင်ငါးပါးတို့မှာ စက်လှေပေါ်မှ ချင်းတွင်းမြစ်အတွင်း လွင့်စဉ်ကျသွားကြပြီး ကယ်ပါ၊ ယူပါ တစ်စာစာ အော်သံတို့မှာ ငရဲပွက်သည့်အလား အမှောင်သန်းနေသော မြစ်အတွင်း ဆူညံစွာ ထွက်ပေါ်နေခဲ့တော့သည်။

ညောင်ပင်ကြီးကူတို့ဆိပ် ရှိ ကူတို့ပို့ချိန်ကုန်သဖြင့် ရပ်နား

**စက်ရပ်ပြီး**
**တိမ်းမှောက်သွားခဲ့ရာ**
**စက်လှေသမ္မာန်ပေါ်ပါ**
**လူခုနစ်ယောက်နှင့်**
**ကိုရင်ငါးပါးတို့မှာ**
**စက်လှေပေါ်မှ**
**ချင်းတွင်းမြစ်အတွင်း**
**လွင့်စဉ်ကျသွားကြပြီး**

ထားကြသော ငွေဇင်ယော် စက်လှေနှစ်စီးတို့က မြစ်အတွင်းမှ စက်လှေနှစ်ပြီး ဒုက္ခရောက်နေသော သူတို့၏ အော်ဟစ်သံများ ကြားလိုက်ရတော့..။

စက်လှေပေါ်ရှိ စက်လှေသမားတို့က စက်လှေချည်ထားသော ကြိုးကိုဖြုတ်၊ စက်ကို နှိုးအော်သံကြားရာ ထွက်ပြီး ကယ်တင်လိုက်ကြရာ ကိုရင်နှစ်ပါးနှင့် လူခြောက်ဦး ပေါင်း (၈) ဦးကို ဆယ်ယူရရှိ ပြီး ကိုရင်သုံးပါးနှင့် ယောကျ်ား တစ်ဦးပေါင်း (၄) ဦးဆယ်ယူ ရရှိခြင်းမရှိဘဲ စက်လှေမှောက်ရာတွင် ဆိုင်ကယ်တစ်စီးပါ နစ်မြုပ်ပျောက်ဆုံးနေကြောင်း သိကြရပါသည်။

ပျောက်ဆုံးနေသော ကိုရင်သုံးပါးမှာ ရှင်အိန္ဒြိယ အသက် (၁၅)နှစ်၊ ရတနာပုံရပ်ကွက်နှင့် ရှင်စာရိတ္တ အသက် (၁၄)နှစ်၊ ပလောင်ရှမ်းပြည်နှင့် ရှင်ဓမ္မသာမိ အသက် (၁၂)နှစ် အင်းရွာသစ်တို့ဖြစ်ကြပြီး ပျောက်ဆုံးနေသူ တစ်ဦးမှာ ယောကျ်ားလေးဖြစ်ပြီး အသက် (၂၂)နှစ် အောင်ချင်းစီ ရွာသားဟု သိရပါသည်။

ပျောက်ဆုံးကိုရင်သုံးပါး

www.burmeseclassic.com

www.burmeseclassic.com



**အသက်ရှင်လျက် မတွေ့တော့ဘဲ အလောင်း တွေ့မည်ဆိုပါက၊ အလောင်းထည့်ရန် ဇစ်ဆွဲ ပလတ်စတစ် အိတ်တို့ကိုပါ ယူဆောင်ခဲ့ကြပြီး**

မှာ မုံရွာမြို့ ဘုန်းစိုးကျောင်းတိုက်ကပဲ သိရတဲ့အတွက် ဘုန်းစိုးကျောင်းကို တယ်လီဖုန်းဖြင့် အကြောင်းကြားခဲ့ရာမှ ဘုန်းစိုးကျောင်းဆရာတော် ဦးဇနက၏ စီစဉ်မှုဖြင့် ဘုန်းစိုးကျောင်းတိုက်မှ ဦးဇင်းဦးပညာသာမိ၊ ဦးအိန္ဒြိယ၊ မုံရွာမြို့နယ် ရဲတပ်ဖွဲ့မှူးတို့ ညဉ့် (၉း၃၀)နာရီအချိန် ညောင်ပင်ကြီးဘက်သို့ ကူးလာခဲ့ကြသည်။

ညောင်ပင်ကြီး ရဲစခန်းအရောက်တွင် စက်လှေပိုင်ရှင် စက်လှေမောင်းသူအား ဖမ်းဆီးချုပ်နှောင်ထားပြီး ဒုရဲအုပ် တစ်ယောက်၊ ဘုန်းစိုးကျောင်းသို့ ပျောက်ဆုံးနေသော ကိုရင်သုံးပါးအတွက် အတိအကျ စစ်ဆေးချက်ရယူပြီး ဘုန်းစိုး ကျောင်းပြန်ခဲ့ကြရာ။

ဘုန်းစိုးကျောင်း အရောက် ပျောက်ဆုံးနေတဲ့ ကိုရင်သုံးပါးတို့ရဲ့ ဘွဲ့တော် အသက်၊ နေရပ်၊ ခမည်းတော်၊ မယ်တော်တို့ရဲ့ စာရင်းကို ရေးမှတ်ရယူပြီးနောက် ညဉ့် (၁၁)နာရီ ကျော်မှ ဒုရဲအုပ် ပြန်သွားခဲ့ပါသည်။

ဘုန်းစိုးကျောင်းတိုက်ဆရာတော် ဦးဇနကသည် စက်လှေမှောက်ရာတွင် ပါသွားပြီးပျောက်ဆုံးနေသော ကိုရင်သုံးပါးအား နောက်ရက်များတွင် ရှာဖွေကြရန် ကိုရင်တို့နဲ့ ခမည်းတော်မယ်တော်များ၊ ဘုန်းစိုးရပ်ကွက်ရှိ လူမှုကူညီရေးအသင်း၊ အမေနေ့သွေးလှူရှင်အသင်း၊ ဘုန်းစိုးကျောင်းတိုက် ဗုဒ္ဓသာသနာနုဂ္ဂဟ အသင်းတို့အား အကြောင်းကြားပြီး ပျောက်ဆုံးနေသော ကိုရင်သုံးပါးအား ရှာဖွေကြရန် ညတွင်းချင်း စီစဉ်ကြရပါတော့သည်။

သီတင်းကျွတ် လဆုတ် (၁၁) ရက် (၁၀.၁၁.၂၀၁၂)နေ့ နံနက်တွင် ပျောက်ဆုံးနေသော ကိုရင်တို့၏ ခမည်းတော် မယ်တော်များ၊ ဘုန်းစိုးကျောင်းတိုက်မှ အကျိုးတော်ဆောင် ဆရာတော်များ၊ ဘုန်းစိုးကျောင်းတိုက် ဗုဒ္ဓသာသနာအဖွဲ့ကြီးမှ ဦးမျိုးတင့်အောင်နှင့် အဖွဲ့ဝင်များ၊ ဘုန်းစိုးလူမှုရေး အသင်းမှ ဦးအောင်ထွန်းဦးနှင့် အဖွဲ့ဝင်များ၊ အမေနေ့သွေးလှူရှင် အသင်းမှ ဦးဇော်နှင့်အဖွဲ့ဝင်များ လိုက်ပါကြလျက်။ ထန်းတောကြီးဘူးတို့ဆိပ်မှ စက်လှေကြီးတစ်စင်းကို

www.burmeseclassic.com



ငှားရမ်းပြီး ပျောက်ဆုံးနေသော ကိုရင်သုံးပါးကို ရှာဖွေရန် ထွက်ခဲ့ကြပါတော့သည်။

ကိုရင်သုံးပါး ရှာဖွေရေးအဖွဲ့သည် စက်လှေမှောက်သည့်နေရာမှ စတင်ပြီး ချင်းတွင်းမြစ်ရိုးတစ်လျှောက် စုန်ဆင်း၍ရှာဖွေကြရာ၊ လက်ပံတောင်း ဝဲကြီး၊ ဝဲကွဲ၊ နတ်ကျွန်း၊ နတ်စက်၊ ပက်ကား၊ ခံကုန်းပေါင်းဝအထိ အစုန်လက်ျာဖက် ကမ်းတစ်လျှောက်နှင့်၊ လက်ဝဲဖက် ကမ်းတစ်လျှောက်တို့ကိုပါ စေ့စေ့စပ်စပ် ရှာဖွေကြသော်လည်း လုံးဝရှာဖွေ မတွေ့ဖြစ်ခဲ့ကြရာမှ။

ငှင်းမြစ်ရိုးတစ်လျှောက်ရှိ ရွာများမှ ရေလုပ်သား၊ တံငါသည်တို့ပါမကျန် ရွာစဉ်တို့တစ်လျှောက် ကိုရင်သုံးပါး အလောင်းမျောပါ တွေ့ရှိပါက၊ ဆယ်တင်ထားကြပါရန် နှင့် အချိန်မီ အကြောင်းကြားနိုင်အောင် ဖုန်းနံပါတ်များပေးခဲ့ကြပြီးသည်။

ထိုနေ့ ကိုရင်သုံးပါး ရှာဖွေရေးအဖွဲ့၊ ဘုန်းကြီးရော၊ လူပါ နံနက်စာ ထမင်းလွတ်ဟင်းလွတ် ပင်ပင်ပန်းပန်း ရှာဖွေကြသော်လည်း လုံးဝရှာဖွေ မတွေ့ရှိကြရသောကြောင့် စက်လှေဖြင့် ပြန်ခဲ့ကြရပါသည်။

သီတင်းကျွတ် လဆုတ် (၁၂) ရက် (၁၁.၁၁.၂၀၁၂)နေ့ နံနက် (၉) နာရီအချိန် စက်လှေနှစ်စီးနှင့် ပျောက်ဆုံးနေသော ကိုရင်သုံးပါး အရှာထွက်ခဲ့ကြရပြန်ပါပြီ။ မနေ့က နံနက်စာငတ်ခဲ့တဲ့အတွက် ယနေ့တော့ ဘုန်းစိုးကျောင်းတိုက်က ထမင်းဟင်းများ ချက်ပြုတ်ယူလာခဲ့ကြသည်။

အကယ်၍ ကိုရင်သုံးပါးကို အသက်ရှင်လျက် မတွေ့တော့ဘဲ အလောင်းတွေ့မည်ဆိုပါက၊ အလောင်းထည့်ရန် ဇစ်ဆွဲပလတ်စတစ် အိတ်တို့ကိုပါ ယူဆောင်ခဲ့ကြပြီး တွေ့ရှိသော အလောင်းဆေးရုံ အရောက်အမြန်သယ်ပို့နိုင်အောင်၊ မုံရွာမြို့ သုဗောဓာရုံ ဆရာတော် ဘုရားကြီး စီမံထားသောဂရုဏာမြင့်မိုရ် လူမှုကူညီရေး မော်တော်ကားအား ဖုန်းဖြင့် ဆက်သွယ် ချိတ်ဆက်လုပ်ထားပြီး ရှာဖွေရေးအဖွဲ့သည် ချင်းတွင်းမြစ်ရိုး တစ်လျှောက် ရှာဖွေရေး ထွက်ခဲ့ကြပါတော့သည်။

ထိုနေ့ ရှာဖွေရာတွင် မနေ့ကကဲ့သို့ စက်လှေနှစ်စင်းအနက် တစ်စင်းစီခွဲပြီး ချင်းတွင်းမြစ်၏ အစုန်ခရီးကို ဝဲယာခွဲရှာဖွေခဲ့သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကိုရင်သုံးပါးတို့၏ အစ အနကိုပင် မတွေ့ရဖြစ်နေခဲ့ရာမှ ရှာဖွေရေး အဖွဲ့တွင် ဘုန်းတော်ကြီးများ ပါဝင်နေသဖြင့် မွန်းလွဲသွားပါက ဆွမ်းအချိန်လွန်သွားမည် စိုးသဖြင့် ရွှေလေ့ရွာရဲ့တစ်ဖက်ကမ်း သောင်ပြင်တွင် ဆိုက်ကပ်၍ ချက်ပြုတ်လာသောဆွမ်း၊ ဆွမ်း ဟင်းများကို သဲခုံပေါ်ချ၍ နံနက်စာကို စားကြရပါသည်။

နံနက်စာစားပြီး ဆက်လက် ရှာဖွေကြရာ၊ ညနေ (၃) နာရီ အချိန်ခန့် ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတားကြီး ရောက်ခါနီး၊ ရွာထင်ရွာဘက်ကမ်း ရေလက်ကြားအတွင်း ကိုရင်တစ်ပါး အလောင်းတစ်လောင်း တွေ့ရှိကြောင်း သတင်းအရသွားရောက်ကြရာ။ အသက် (၁၂) နှစ်အရွယ် ရှင်ဓမ္မသာမိ၊ အင်းရွာသစ် အလောင်းကို တွေရှိရသဖြင့် ရှာဖွေရေး အဖွဲ့တို့မှ အလောင်းကို ဆယ်ယူပြီး၊ ဂရုဏာမြင်မိုရ်ကားအား ဖုန်းဆက်ခေါ်ယူပြီး အလောင်းအား မုံရွာဆေးရုံသို့ ပို့ဆောင်ခဲ့ပါသည်။

ထိုနေ့ ကိုရင်ဓမ္မသာမိ

**ချင်းတွင်းမြစ်ကူး**
**ဆင်ဖြူရှင်တံတားကြီး**
**ရောက်ခါနီး၊**
**ရွာထင်ရွာဘက်ကမ်း**
**ရေလက်ကြားအတွင်း**
**ကိုရင်တစ်ပါး**
**အလောင်းတစ်လောင်း**

အလောင်းကိုသာ တွေ့ရှိရပြီး အချိန်ကုန်သွားသည့် အတွက် ရှာဖွေရေးအဖွဲ့သည် မုံရွာသို့ ပြန်ခဲ့ကြရပါသည်။

သီတင်းကျွတ်လဆုတ် ၁၃ ရက် (၁၂.၁၁.၂၀၁၂) နေ့တွင် ဆက်လက် ရှာဖွေကြပြန်ရာ။ နေ့လယ် ၁၂ နာရီအချိန်ခန့် အနိမ့်ရွာ (သုံးပန်လှရွာ) တစ်ဖက်ကမ်းသောင်စပ်တွင် ကိုရင်တစ်ပါး အလောင်း တစ်လောင်း တွေ့ရှိ၍ ဆယ်ယူ ချီထားကြောင်း သတင်းရသဖြင့် ရှာဖွေရေးအဖွဲ့ လိုက်သွားကြရာ၊ အသက် ၁၄ နှစ် ရှင်စာရိတ္တရဲ့ အလောင်း တွေ့ရှိရပြန်သဖြင့်။

အလောင်းကို မြစ်တစ်ဖက်ကမ်း စက်လှေနှင့်ဆွဲယူပြီး ဂရုဏာမြင့်မိုရ်ကားကို ဖုန်းဆက်ခေါ်ယူပြီး မုံရွာဆေးရုံသို့ပို့ပြီး ဆေးရုံမှယနေ့ ညနေမှာ သင်္ဂြိုဟ်ရန် ဆုံးဖြတ်ကြပြီး ရှာဖွေရေး အဖွဲ့များ မုံရွာသို့ ပြန်ခဲ့ကြသည်။ ဘုန်းကြီး ကျောင်းတိုက်ကြီး အတွင်း၌၊ ကိုရင်သုံးပါး စက်လှေမှောက် သေဆုံးမှုနှင့် ပတ်သက်၍ လာရောက် မေးမြန်းသူများနှင့် ကိုရင်ပို့ဆောင်ရန်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိနေကြသူတို့မှာ အလွန်များပြားသည်ကို တွေ့ရှိရပါသည်။

မုံရွာဆေးရုံပို့ဆောင်ထားသော ကိုရင်လောင်းတို့အား မှူးခင်း ဆရာဝန်ကြီးကဆေးဘက်ဆိုင်ရာ စစ်ဆေးမှုများ ပြုလုပ်ပြီးနောက် ညနေ (၄) နာရီအချိန်တွင် ကိုရင်ပျံအသုဘ သင်္ဂြိုဟ်ပွဲကျင်းပပြုလုပ်ကြရာ၊ အသုဘလိုက်ပါပို့ဆောင်ကြတဲ့ ရဟန်းပရိသတ်၊ ရှင်သာမဏေပရိသတ်၊ လူပရိသတ်ကြီးမှာ အလွန်များပြားပြီး၊ ကားတန်း၊ ဆိုင်ကယ်တန်းကြီးမှာ အုံ့မခန်း စည်ကားများပြားသည်ကို တွေ့ရပါသည်။

ကိုရင်နှစ်ပါး အသုဘချ၍အပြီး ည (၇း၂၅) နာရီအချိန်တွင် ထပ်မံ၍ ဖုန်းဖြင့် အမြင့်မြို့အထက်ဘက်တွင် အသက် (၁၅) နှစ်အရွယ် ရှင်အိန္ဒြိယ အလောင်း တွေ့ရှိထားကြောင်း ဖုန်းဆက် အကြောင်းကြားလာသဖြင့်၊ ဂရုဏာမြင့်မိုရ်ကားနှင့် သွားရောက်သယ်ဆောင်ခဲ့သည်။ အလောင်းမှာ သုံးရက်ကြာပြီဖြစ်တဲ့ အတွက် ကိုင်တွယ်ရန်ကိုပင် ခက်ခဲနေပြီဖြစ်၍၊ ဆေးရုံမှူးခင်း ဆရာဝန်ကြီး၏ စစ်ဆေးချက်ကိစ္စပြီးသည်နှင့် ညတွင်းချင်း သင်္ဂြိုလ်ရန် ဆုံးဖြတ်လိုက်ကြပါသည်။

စာရေးသူရဲ့ အပျော်ခရီး စက်လှေစီးဖြစ်ရပ်မှန် အကြောင်းကတော့ ဤမျှသာဖြစ်ပါသည်။ သို့သော်.....မြစ်ကူး၊ ချောင်းကြား ခရီးသွားကြတဲ့ သူတိုင်း။ မြစ်ကူးချောင်းကြား ငွေရလို့မှုအတွက် လုပ်ကိုင်စားသောက်နေကြရတဲ့ သူတိုင်း၊ အထူးသတိထား စဉ်းစားသွားလာ၊ လုပ်ကိုင်သင့်တဲ့ အလုပ်တစ်ခုဆိုတာကိုတော့ သတိလုံးဝ မမေ့သင့်ပါဘူး။

မြစ်ကူး၊ ချောင်းကြားခရီးမှာ လှေငယ်တစ်စင်းနှင့် ခရီးသွားကြသူတိုင်း အထူးသတိပြုရတဲ့ ကိစ္စပါ။ ကုန်းလမ်းခရီးကားတိုက်၊ ကားမှောက်တာကမှ ကံကောင်းနိုင်သော်လည်း မြစ်တွင်း၊ ချောင်းတွင်း၊ လှေမှော်တော်မှောက်လို့ကတော့ ရေကူးကျွမ်းကျင်လျှင် တော်ပါလိမ့်ဦးမည်၊ ရေကူး မကျွမ်းကျင်လို့ကတော့ ကျောက်ခဲ ရေထဲချလိုက်သလိုဖြစ်ပြီဆိုတာ သတိပြုသင့်ပါတယ်။

တစ်ဖန် ရေကူးကျွမ်းကျင်သော်လည်း၊ ရေနစ်နေသူက ကြောက်အားလန့်အားနှင့် ဆွဲမိဆွဲရာ၊ ဖက်မိဖက်ရာ၊ ဖက်တတ်တဲ့အတွက် ရေကူးတတ်သူကို၊ ရေကူးမတတ်သူက ဖက်တွယ်လိုက်လို့ နှစ်ဦးစလုံး သေတတ်သည် ဆိုတာကိုလည်း သတိပြုသင့်ပါသည်။

ယခုဖြစ်ရပ်မှာ၊ ညဥ့်မှောင်မှောင်၊ အချိန်မတော်၊ ပဲစင်ကလှုပ်၊ လှိုင်းကပုတ်ဆိုသည့်ဥပမာကဲ့သို့၊ စက်လှေ အပျော်စီးတဲ့ ကိုရင်ငါးပါး။ ဝန်နဲ့အား၊ လေးနှင့်မှုား မချိန်ဆတဲ့ စက်လှေဆရာ ပေါင်းဆုံမိကြတော့ မဖြစ်သင့်တာတွေ ဖြစ်ကုန်ကြတော့တာပေါ့။

ကျော်သောင်း(ဘုတလင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





တနင်္လာနေ့ည ဖြစ်နေခဲ့သောကြောင့် လီယို၏ ဆိုင်ထဲတွင် ခုံလွတ်အတော်များများ ရှိခဲ့သည်။ သို့သော် ချာတိတ်သည်ကား ကောင်တာအဆုံးအထိ ဟစ်မင်းနောက်မှလိုက်ခဲ့ပြီး သူ့ဘေးနားမှာပင် ထိုင်လိုက်သည်။ ပုံမှန်အားဖြင့်ဆိုလျှင် ဟစ်မင်းသည် ဤသို့ မိတ်ပြုလာချက်ကို ငြင်းဆန်မည် မဟုတ်ချေ။ သို့သော် ဤတနင်္လာနေ့ ညနေတွင် သူ အနည်းငယ်ပင်ပန်းနေခဲ့၍ တစ်ယောက်တည်း အေးအေးလူလူ ထိုင်လိုခဲ့သည်။

ချာတိတ်မှာ အသက်နှစ်ဆယ့်နှစ်နှစ်၊ နှစ်ဆယ့်သုံးနှစ်ခန့်ရှိပုံ ရခဲ့သည်။ မုတ်ဆိတ်မွေးရိတ်ရန် လိုနေပုံ ပေါက်ခဲ့သည်။ ဟစ်မင်းသည် သူ့ထိုင်ခုံတွင် တစ်လက်မခန့် နောက်သို့တိမ်းလိုက်ပြီးနောက် ဘားကောင်တာနောက် နံရံပေါ်တွင် ချိတ်ဆွဲထားသော ဒရယ်ဦးခေါင်းပုံကို တစ်ချက်ငေးကြည့်မိလိုက်သည်။

"အတော်အေးဆေးတဲ့ညပဲ"

ချာတိတ်လေးက ဆိုလိုက်သည်။

"အေးကွ"

ဟစ်မင်းက လိုက်လိုက်လျောလျော ပြောလိုက်သည်။ သူသည် အနီရောင်ရင်ဖုံးစကို ကောက်စွပ်နေသော ဆိုင်ရှင်ကို လက်လှမ်းပြရင်း ပြောလိုက်သည်။

"ထုံးစံအတိုင်း တစ်ခွက်လီယို"

လီယိုသည် ဖန်ခွက်ပုပုဝိုင်းဝိုင်းတစ်ခုထဲသို့ ရေခဲတုံးသုံးလေးတုံး ချလိုက်ပြီး ရေခဲတုံးပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com



တိုးထက်

# လမ်းသွေသွားသော ကျည်တစ်တောင့်

ဝီစကီလောင်းချလိုက်သည်။ အရက်ခွက်ကို ဟာစ်မင်း၏ရှေ့တွင် ချပေးပြီး ချာတိတ်ဘက်သို့ လှည့်လိုက်သည်။

"ဘာသောက်မလဲ"

"ဘီယာတစ်ခွက်လောက်ဗျာ"

ချာတိတ်က ပြောလိုက်သည်။

"အသားညှပ်ပေါင်မုန့်ရော စားဦးမလား မစ္စတာဟာစ်မင်း"

အရက်ကောင်တာသမားက ဘီယာစည်တစ်ခုမှ ဘီယာကို ဖန်ခွက်တစ်ခုထဲ ဖွင့်ထည့်ရင်း ဟာစ်မင်းကို မေးလိုက်သည်။

"မစားတော့ဘူး လီယို။ ကျွန်တော် ကိုယ်အလေးချိန်လျှော့ဖို့ ကြိုးစားနေတယ်"

လီယိုက သူ့ဗိုက်ကို သူပုတ်၍ ဖြေလိုက်သည်။

"ကျွန်တော်လည်း အလေးချိန်လျှော့သင့်တယ်။ ဒါပေမဲ့ ကျွန်တော်က ပိန်ပိန်ပါးပါးနှင့် စိတ်ညစ်နေရမယ့်အစား ဝဝဖြိုးဖြိုးနဲ့ စိတ်ချမ်းသာနေချင်တယ်။ ကောင်မလေးတွေက အပြစ်ဆိုစရာ မမြင်သမျှပေါ့ ဟုတ်လား"

"ဟုတ်ပါ့"

ဟာစ်မင်းက ဆိုလိုက်သည်။

လီယိုသည် အရက်ဖိုး ကျသင့်ငွေများကို ကောက်ယူ၍ ငွေစာရင်းစက်တွင် ထည့်သွင်းရေတွက်ရန် ကောင်တာတစ်ဖက်စွန်းသို့ လျှောက်သွားသည်။

"ဒါ ကျွန်တော် လော့အိန်ဂျယ်မြို့ကို ပထမဦးဆုံးအကြိမ် ရောက်ဖူးတာပဲ။ ကျွန်တော်က အိုရီကွန်ပြည်နယ်ကပါ"

ချာတိတ်က ဆိုလိုက်သည်။

"မဆိုးပါဘူး။ အဲဒီပြည်နယ် စိမ်းစိမ်းစိုစိုနဲ့ မိုးတော့ကြီးတယ်နော်"

ဟာစ်မင်းက ဆိုလိုက်သည်။

ချာတိတ်က ရှေ့သို့ကိုင်းလိုက်ပြီး ဟာစ်မင်း၏

www.burmeseclassic.com

www.burmeseclassic.com






မျက်နှာကို စူးစူးစိုက်စိုက်ကြည့်လိုက်သည်။

"ဒီမှာ ... ခင်ဗျားကို ကျွန်တော် ဇာတ်လမ်းတစ်ပုဒ်ပြောပြချင်တယ်။ နားထောင်မလား။ ကျွန်တော် ဒီအဖြစ်ကို တစ်ယောက်ယောက်ကို ပြောပြရမှဖြစ်မယ်ဗျာ။ တစ်ကြိမ်တော့ ပြောရမှ ဖြစ်မယ်။ ခင်ဗျား အမဲလိုက်မုဆိုးတစ်ယောက် ဖြစ်ရင်တော့ စိတ်ဝင်စားမှာပါ။ ဇာတ်လမ်းက လမ်းလွှဲသွားတဲ့ ကျည်ဆန်တစ်တောင့်အကြောင်းပဲဗျ"

ဟစ်မင်းသည် ချာတိတ်ကို တစ်အောင့်အကဲခတ်လိုက်သည်။ ချာတိတ်က ပိန်ပိန်ပါးပါး အားအင်ချည့်ဟန်ပင် ပေါက်နေခဲ့သည်။ ဝတ်ထားသော အဆင်ကွက်ကြား၊ အပေါ်ဝတ်အင်္ကျီက သူ့အတွက် လေးလံနေသည်ဟုပင် ထင်ရသည်။ အညိုရောင်ဆံပင်က ဘုတ်သိုက်ဖြစ်နေပြီး မုတ်ဆိတ်မွေး ဗရပျစ်နှင့်ဖြစ်သည်။ မျက်လုံးများကမူ နာနာကျင်ကျင် စူးစူးရှရှ အရိပ်အရောင်ရှိနေခဲ့သည်။

"ကောင်းပြီလေ။ ကြားရအောင်"

ဟစ်မင်းက ပြောလိုက်သည်။ ချာတိတ်သည် သူတို့အတွက် အရက်တစ်ခွက်စီ ယူလာပေးရန် လီယိုကို လက်လှမ်းပြလိုက်ပြီးနောက် အက်တက်တက်အသံဖြင့် သူ့ဇာတ်လမ်းကို စတင်လိုက်သည်။

"ကျွန်တော့်နာမည်က ဝက်စလီမစ်ပါ။ လွန်ခဲ့တဲ့ စက်တင်ဘာလက ပို့တလန်မြို့က ကောင်မလေးတစ်ယောက်နဲ့ ကျွန်တော် လက်ထပ်ခဲ့တယ်။ သူ့နာမည်က ဂျူဒီ၊ ကျွန်တော်တို့ အတန်းကျောင်းကတည်းက သိကျွမ်းခဲ့ကြတာ။ သူ့ဆံပင်လေးတွေက ရွှေဝါရောင်၊ မျက်လုံးတွေက မိုးပြာရောင် ဝိုင်းစက်စက်ကလေးတွေဗျာ"

"ကျွန်တော်တို့ ပျားရည်ဆမ်းခရီးထွက်ဖို့ ဆိုပြီး ကျွန်တော် အလုပ်လုပ်တဲ့အားကစားပစ္စည်းအရောင်းဆိုင်က ခွင့်တစ်ပတ်ယူခဲ့တယ်။ ကျွန်တော်တို့က ကျွန်တော်တို့ပြည်နယ်ထဲမှာပဲ မော်တော်ကားလျှောက်မောင်းဖို့ ရည်ရွယ်ခဲ့တယ်။ ဒုတိယနေ့ကျတော့ ကျွန်တော်တို့ ယူဂျင်းမြို့အရှေ့ဘက်မှာ အဝေးပြေးလမ်းမကြီးအတိုင်း အရှေ့ဘက်ကို မောင်းနေခဲ့တယ်။ အဲဒီအချိန်မှာ ဂျူဒီက တောထဲဝင်သွားတဲ့ သစ်ဆွဲလမ်းဟောင်းတစ်ခုကို တွေ့တယ်။ အဲဒီ တောလမ်းအတိုင်းလိုက်သွားရင် သူကြိုက်တဲ့ ဘလက်ဘယ်ရီရိုင်းပင်တွေ တွေ့လိမ့်မယ်လို့ တပ်အပ်ယုံကြည်ခဲ့တယ်။ ဒါနဲ့ ကျွန်တော်လည်း အဝေးပြေးလမ်းကနေ ဆင်းချလာခဲ့တယ်။ ကားမောင်းလို့မရတော့အောင် ချုံထူတဲ့အထိ ကား မောင်းဝင်ခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ကားပေါ်က ဆင်းလိုက်တော့ အဟုတ်ပဲ ပတ်ပတ်လည်မှာ ဘယ်ရီသီးချုံတွေ ချည်းပဲ။ ဂျူဒီက ကလေးငယ်လေးတစ်ယောက် လိုပဲ ဝမ်းသာအားရ ရယ်မောကခုန်လိုက်တယ်။ ကားထဲက ပလပ်စတစ်ပုံးတစ်ခုယူပြီးတော့ ဘယ် ရီသီးတွေ ဆွတ်မယ်ဆိုပြီး ပြေးသွားတယ်"

သူက တောင်ကုန်းလေးတစ်ခုပေါ် အပြေး တက်သွားတယ်။ ကျွန်တော့်ဘက်လှည့်ပြီး လာခဲ့ ဆိုပြီး ဝှေ့ယမ်းခေါ်တယ်။ "မြန်မြန်လာ ဝက်စ်။ ဒီမှာလာကြည့်စမ်း ကျွန်မတွေ့တာ"

ကျွန်တော်က သူစောင့်နေတဲ့နေရာကို အပြေး တက်သွားတယ်။ ဒါပေမဲ့ သူ ဘာတွေ့လဲကျွန်တော် မသိခဲ့ရတော့ဘူး။ သူ ရပ်နေတဲ့ တောင်ကုန်းလေး ထက်ကို ကျွန်တော် ရောက်ချိန်မှာပဲ ကျည်ဆန် တစ်တောင့်က သူ့ခေါင်းကို မှန်သွားပြီး ကျွန်တော့်ရဲ့ နှစ်ရက်တာဇနီးသည်လည်း ပွဲချင်းပြီး သေသွား တယ်"

"ဟာ … ဆိုးဝါးလိုက်တာ"

ဟာစ်မင်းသည် တစ်စုံတစ်ရာပြောရန် လိုအပ် သည်ဟု ယူဆပုံဖြင့် ရေရွတ်လိုက်သည်။

"ကျွန်တော် ရူးသလိုဖြစ်သွားတယ်။ သူ့ကို သေစေခဲ့တဲ့ သေနတ်သံကို ကျွန်တော် မကြားလိုက် ဘူး။ ဒါပေမဲ့ နောက်ထပ် သေနတ်သံသုံးချက်ကို ဆက်တိုက်ကြားလိုက်ရတယ်။ အဲဒီကျည်ဆန်တွေ ဘယ်လိုမှန်သွားလဲ ကျွန်တော် မမြင်ဘူး။ ကျွန် တော် နတ်ဆိုးနောက်ကို သရဲမရဲစီးလိုက်နေတဲ့ပုံစံ မျိုး အဲဒီအသံနောက်ကို အပြေးလိုက်မိတယ်။ ကျွန်တော် သစ်ပင်အမြစ်တချို့နဲ့ ခလုတ်တိုက်မိပြီး လဲကျသွားတယ်။ ညာခြေထောက်က အရိုးနှစ် ချောင်း ကျိုးသွားတယ်။ ဘယ်လို ဘယ်လိုနည်းနဲ့ လည်းတော့ မသိဘူး။ ဂျူဒီနားကိုရောက်အောင် ကျွန်တော် ပြန်တွားသွားနိုင်ခဲ့တယ်။ ဘာလို့ဆို တော့ နောက်ခြောက်နာရီအကြာမှာ သူတို့ ကျွန် တော့်ကို ရှာတွေ့တော့ ကျွန်တော် ဂျူဒီအလောင်း မှာရှိနေခဲ့တယ်။ ကြောင်တောင်တောင်ကြီးပေါ့။ ကင်းလှည့်နေတဲ့ ယာဉ်ထိန်းရဲတစ်ယောက်က ကျွန်

အရက်ပုလင်းကို လွှင့်ပစ်ပြီး ကားမောင်းထွက်သွားတဲ့ သူရဲ့အရက်ဖော ဖောနေတဲ့မျက်နှာကို ကောင်းကောင်းတွေ့လိုက်ပါတယ်။ ကားလမ်း တစ်လျှောက်လုံးပြည့်အောင် ဟိုထိုးဒီထိုး မောင်းသွားခဲ့တာ။

www.burmeseclassic.com

www.burmeseclassic.com



တော်တို့ကား အဝေးပြေးလမ်းကနေ ဆင်းသွားတာ မြင်ပြီး နောက်ကလိုက်မစုံစမ်းခဲ့ရင် ကျွန်တော်တို့ နှစ်ယောက်လုံး အဲဒီမှာပဲ ရှိနေခဲ့ဦးမှာ"

"အဲဒါကတော့ ကံကောင်းသွားတယ်ပေါ့"

ဟာစ်မင်းက ဆိုလိုက်သည်။

"ကံကောင်းသွားခဲ့တယ် ဟုတ်လား"

ဝက်စလီမစ်သည် ထိုမေးခွန်းကို ထိုအတိုင်း လွှင့်မျှောထားခဲ့ပြီး စကားဆက်လိုက်သည်။

"နောက် ငါးလလုံးလုံး ကျွန်တော် ဆေးရုံ တက်ခဲ့ရတယ်။ ကျွန်တော့်ခြေထောက်ကို ပြန်ကုသဖို့ ကြိုးစားခဲ့ကြတယ်။ အဲဒီရက်ပေါင်း တစ်ရာ လေးဆယ့်ခုနစ်ရက်မှာ ဂျူဒီအစား ကျွန်တော် သေသွားခဲ့ရင် သိပ်ကောင်းမှာပဲလို့ ကျွန်တော် မတောင်းတမိခဲ့တဲ့ တစ်နာရီတောင် မရှိခဲ့ဘူး"

"အဲဒီသေနတ် ဘယ်သူပစ်မှန်း ရဲက မပြောနိုင်ခဲ့ဘူးလား"

"ရဲက ဘာမှဟုတ်တိပတ်တိ မပြောနိုင်ခဲ့ပါဘူး။ ၃၀.၀၆ ဒရယ်ပစ်ရိုင်ဖယ်မှန်းတော့ သိခဲ့တယ်။ သေနတ်သံထွက်လာခဲ့တဲ့နေရာမှာ ဝီစကီ ပုလင်းလွတ်တစ်လုံး တွေ့ခဲ့တယ်။ သေနတ်သမားက သစ်ဆွဲလမ်းကွေ့နားမှာရှိတဲ့ ဆိုင်းဘုတ်ဟောင်း တစ်ခုကို သေနတ်နဲ့ပစ်နေခဲ့တာလို့ သူတို့ တွက်ဆခဲ့ကြတယ်။ လက်တည့်စမ်းနေခဲ့တာ သက်သက်ပဲလေ။ အဲဒီဆိုင်းဘုတ်တိုင်ကို သုံးချက်ထိခဲ့တယ်။ ပထမတစ်ချက်က လွဲပြီး ဂျူဒီကိုမှန်ခဲ့တယ်။ သူ ပစ်လိုက်တဲ့ကျည်ဆန် လူတစ်ယောက်ကို မှန်မှန်းတောင် သူ မသိခဲ့ဘူး။ အဲဒီမှာ ချုံပုတ်တွေကွယ် နေခဲ့တော့ လမ်းကို လှမ်းမမြင်နိုင်ခဲ့ဘူး"

"အဲဒါ အတော်ဆိုးတာပဲ။ အဲဒီလူရဲ့ကားကိုတောင် မင်းတစ်ချက်မမြင်လိုက်ရတော့ ပိုဆိုးတာပေါ့"

ဟာစ်မင်းက ဆိုလိုက်သည်။

"အိုး ... အဲဒါကတော့ ကျွန်တော် တွေ့လိုက်မိပါတယ်။ သူ့ကားကို ကျွန်တော်လှမ်းတွေ့လိုက်တာတင်မကဘူး ကာလီဖိုးနီးယား လိုင်စင် နံပါတ်ကိုပါတွေ့ခဲ့တယ်။ သေနတ်နဲ့ ပစ်သွားတဲ့သူကို မြင်လိုက်တယ်။ အရက်ပုလင်းကို လွှင့်ပစ်ပြီး ကားမောင်းထွက်သွားတဲ့ သူ့ရဲ့အရက်ဖောဖောနေတဲ့မျက်နှာကို ကောင်းကောင်းတွေ့လိုက်ပါတယ်။ ကားလမ်း တစ်ကျောလုံးပြည့်အောင် ဟိုထိုးဒီထိုး မောင်းသွားခဲ့တာ။ နောက်တစ်နေ့ကျ ဖြစ်ရပ်တစ်ခုတလေမှ မှတ်မိမယ့်ဟန် မရှိခဲ့ဘူး။ ကျွန်တော် အဲဒီကားနောက် ပြေးလိုက်နေတုန်း သစ်မြစ်တွေနဲ့ ခလုတ်တိုက်ပြီး လဲကျသွားခဲ့တာ"

"အဲဒီလူရဲ့ ကားနံပါတ်ကိုလည်းသိ၊ မျက်နှာပုံလည်း မင်းသိနေတယ်ဆိုရင် ဘယ့်နှယ့်ကြောင့် အဲဒီလူကို ရှာမတွေ့နိုင်ရတာလဲ"

ဝက်စလီမစ်သည် မတ်တတ်ရပ်လိုက်ပြီး သူ့ ပါးစပ်ကို တစ်သျှူးတစ်ခုဖြင့် သုတ်လိုက်သည်။

"ကျွန်တော် သန့်စင်ခန်း ခဏသွားလိုက်ဦးမယ်။ ပြန်လာမှ ကျန်တဲ့အပိုင်းကို ဆက်ပြောပြမယ်"

ချာတတ်က ပြောလိုက်သည်။

ချာတိတ်က သန့်စင်ခန်းသို့ ထော့နဲ့ ထော့နဲ့ ထွက်သွားချိန်တွင် လီယိုသည် ဟာစ်မင်းဆီသို့ လျှောက်လာပြီး ဘားကောင်တာပေါ် ကိုင်းညွတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး မေးလိုက်သည်။

"ဟိုကောင် ဟောင်ဘွာ ဟောင်ဘွာနဲ့ ခင်ဗျားကို ဒုက္ခပေးနေတာလား"

"မပေးပါဘူး။ အေးဆေးပါ။ သူ့မိန်းမ ကြုံခဲ့တဲ့အဖြစ်တစ်ခုနဲ့ပတ်သက်ပြီး စိတ်များနေတာ။ ရင်ဖွင့်ချင်တာလောက်ပါပဲ"

"ဒီကောင် စည်းလွတ်ဝါးလွတ်ဖြစ်လာရင် ကျွန်တော့်ကိုသာ လှမ်းပြီးအချက်ပြလိုက်။ သူ အိုရီဂွန်ပြည်နယ်ကလို့ ပြောသံကြားလိုက်တယ်။ အဲဒီလူတွေက ကျွန်တော်တို့ ကလီဖိုးနီးယားသားတွေကို သိပ်သဘောကျကြတာ မဟုတ်ဘူး။ ကျွန်တော့်သဘောနဲ့ပြောရရင် သူတို့ပြည်နယ်လောက်ကတော့ စာရင်းထဲထည့်မတွက်ဘူး"

"မိုးကလည်း အရမ်းရွာတယ်"

ဟစ်မင်းက ဆိုလိုက်သည်။

ချာတိတ်က ပြန်လာပြီး သူ့ထိုင်ခုံတွင် ထိုင်လိုက်သည်။ လီယိုက သူ့ကို ခက်ထန်စွာကြည့်လိုက်ပြီးနောက် ဘားကောင်တာတစ်ဖက်စွန်းသို့ အသာလျှောက်သွားသည်။

ချာတိတ်က သူ့ဓာတ်လမ်းကို အစပြန်ကောက်သည်။

"အဲဒီလူကို ရဲကမဖမ်းမိတဲ့အကြောင်းကတော့ သူ့ကို ကျွန်တော် တွေ့လိုက်တဲ့အကြောင်း သူတို့ကို မပြောခဲ့လို့ဘဲ"

"မင်းက ဘာလို့မပြောခဲ့တာလဲ။ သူ့ကို အပြစ်ပေးမခံစေချင်ဘူးလား"

ဟစ်မင်းက မေးလိုက်သည်။

"သူ့အပြစ်ဒဏ်ခံစေချင်လို့ကိုး မပြောခဲ့တာ။ ဒီနေ့ တရားရုံးတွေ ပျော့တဲ့ပုံစံနဲ့ပဆို သူ ကွင်းလုံးမကျွတ်တောင် တစ်နှစ် နှစ်နှစ်ဆိုင်းငံ့၊ ထောင်ဒဏ်လောက်နဲ့ ပွဲပြီးသွားမှာ။ အဲဒီလူဟာ ကျွန်တော့်ဘဝရဲ့အလှဆုံးအရာကို ဖျက်ဆီးလိုက်တာ။ သူလုပ်ခဲ့တဲ့အပြစ်အတွက် သူ ခံရမယ့်ဒဏ်တစ်ခုပဲ ရှိတယ်။ သူ သေရမယ်"

"ကျွန်တော် ဆေးရုံတက်နေတဲ့ကာလတွေမှာ ကျွန်တော့်ကို အသက်ရှည်စေခဲ့တဲ့အကြောင်းတစ်ခုပဲ ရှိခဲ့တယ်။ အဲဒါက ကျွန်တော့်မယားကို သတ်တဲ့သူနောက်လိုက်ပြီး လက်စားချေသတ်ဖို့ဆန္ဒပဲ"

"အဲဒီလူကို မင်းဘာသာမင်းတွေ့အောင်ရှာမယ်လို့ ဆိုလိုတာလား"

"အဲဒီလူကို ကျွန်တော် တွေ့ပြီလို့ဆိုလိုတာပဲ။ ရှာရတာ လွယ်ပါတယ်။ ကျွန်တော် ကယ်လီဖိုးနီးယားပြည်နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့ကို စာရေးလိုက်တယ်။ အဲဒီစာထဲမှာ ကျွန်တော်သိချင်တဲ့ ကားလိုင်စင်နံပါတ်ပေးလိုက်တယ်။ သူတို့က ကားပိုင်ရှင်အမည်ကို ပြန်ပေးပို့လိုက်တယ်။ သူက ဒီလော့အိန်ဂျယ်မြို့မှာနေထိုင်တဲ့သူ ဖြစ်နေတယ်"

ဟစ်မင်းသည် ရုတ်တရက် ထိတ်လန့်သွားသည်။

"မင်း သူ့လိပ်စာကို သိတယ်"

"အမှန်ပဲ ဒီနေ့ ကျွန်တော် သူ့အိမ်ကို သွားတယ်။ သူမှန်းသေချာအောင် သူ့အိမ်ထဲကထွက်လာတဲ့အထိ ကျွန်တော် စောင့်နေခဲ့တယ်။ နောက်တော့ သူ့နောက်ကိုလိုက်ခဲ့တယ်။ အခု ဒီဘားဆိုင်ကို အရောက်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဟစ်မင်း ငုံ့ကြည့်လိုက်သောအခါတွင် ချာတိတ်သည် ပေါင်ပေါ်တွင် ဒသမ ၄၅ ကာလီဘိုင်ပစ္စတိုလ်တစ်လက် ကိုင်ထားသည်ကို တွေ့ရသည်။

"နေဦး … ချာတိတ် မင်းမှားနေပြီ"

ဟစ်မင်းက အထိတ်တလန့် အော်လိုက်သည်။

"မမှားဘူး"

ချာတိတ်က ဆိုလိုက်သည်။

သူတို့အသံကျယ်သွားသောကြောင့် လီယိုသည် ဘားကောင်တာအထက်ဘက်ဆီသို့ကသုတ်ကယက် လျှောက်လာသည်။ သူတို့နှစ်ယောက်နှင့် မျက်နှာချင်းဆိုင်နေရာသို့ သူရောက်သောအခါတွင် ဝက်စလီမစ်သည် သူ၏ပစ္စတိုလ်ကို မြှောက်၍ သူ၏မျက်နှာတည့်တည့်ကို ပစ်ထည့်လိုက်သည်။ လီယိုသည် နောက်သို့လွန်သွားပြီး အရက်ပုလင်းစင်နဲ့ ရိုက်မိသွားသည်။ ထို့နောက် ရှေ့သို့ ပြန်မှောက်ကျပြီး ဘားကောင်တာနဲ့ မျက်နှာ ရိုက်မိပြီး ကြမ်းပေါ် လျှောကျသွားသည်။

ဟစ်မင်းသည် ထိုင်ခုံတွင် ဂဟေဆော်ခံထားရသည်ကဲ့သို့ တုတ်တုတ်မလှုပ် ငြိမ်သက်သွားသည်။ ဝက်စလီမစ်သည် ဘားကောင်တာပေါ်တွင် သူ၏ သေနတ်ကိုတင်လိုက်ပြီး ဟစ်မင်းဘက်သို့ တွန်းပို့လိုက်သည်။ ထို့နောက် ပြောလိုက်သည်။

"ကျွန်တော် ဒီသေနတ်လိုမှာမဟုတ်တော့ဘူး။ လမ်းသွေသွားတဲ့ကျည်ဆန်က နေရာမှန် ပြန်ရောက်သွားပြီ"

တိုးထက်

The Stray Bullet by Gar Gary Brandner ကို ပြန်ဆိုပါသည်။



www.burmeseclassic.com



# သွေးနှင့်ချွေးနှင့် ရင်းရသည်



အခန်း ( ၁ )

"ကျော်ငြိမ်း"

"ဟုတ်ကဲ့"

"ကနေ့ လူချင်းပူး ထိုးသတ်ရမယ့် Sparring Dayကွ။ 16.02 Sparring Glovesကို စွပ်။ ကျော်ငြိမ်းက Round Robin အနေနဲ့ (၄)ယောက်ကို လှည့်ပတ်ထိုးရမယ်။ ရဲခင် (၁၀၅) ပေါင်၊ အောင်နိုင် (၁၁၂) ပေါင်၊ မင်းဝေ (၁၃၂) ပေါင်၊ ဆရာ (၁၂၆) ပေါင်နဲ့ ထိုးသတ်ရမယ်။ ပွဲစဉ် (၁) ကျော်ငြိမ်းနဲ့ ရဲခင် (၃) မိနစ် (၂) ချီထိုးရမယ်။

(၁၁၂) ပေါင်တန်းရှိ ကျော်ငြိမ်းသည် ပိန်ပိန်ပါးပါး အရပ်ရှည်မျောမျောသဏ္ဍာန်၊ စစ်ကိုင်းတိုင်း (၁၁၂) ပေါင်တန်း (၃) နှစ်ဆက်တိုက် ချန်ပီယံဖြစ်၏။ သတ္တိကောင်းပြီး ထိုးကွက်စုံသလောက် လျင်သည်၊ မြန်သည်။ သူ့ကို ထိလျှင်နောက်

www.burmeseclassic.com

www.burmeseclassic.com



# လက်ဝှေ့မိုလ်လုပွဲ



မဆုတ်တတ်။ လက်ဝှေ့ကျော်တို့တွင် ရှိအပ်သည့် အင်္ဂါရပ်နှင့်ညီ၏။ သို့သော် ကျော်ငြိမ်းက စိတ်တိုတတ်ချေသည်။ ထိုသည်ကတော့ မကောင်းလှ။ ကျွန်တော်က ထိန်းပေးရသည်။ လက်ဝှေ့သမား၊ လက်ဝှေ့ကျော်အပေါင်းတို့၏ အဓိက (အဓိက) လိုအပ်ချက်မှာ သဲတွိပင် ဖြစ်တော့သည်။ ကျော်ငြိမ်းမှာ ထိုအရည်အသွေးရှိနေသဖြင့် ကျွန်တော်က စိတ်ချသည်။

၁၉၆၃ ခုနှစ် ဧပြီလ ပထမအပတ်ထဲတွင် မေမြို့ (ယခု ပြင်ဦးလွင်)တွင် ကျင်းပတော့မည့် မန္တလေး၊ ရွှေဘို၊ မေမြို့ လက်ဝှေ့မိုလ်လုပွဲသို့ သွားရောက်ထိုးပြိုင်ရန်အတွက် ကျွန်တော့်တပည့် လက်ဝှေ့သမားပေါင်း (၈၀)ထဲမှ (၅)ဦးကိုသာ ကျွန်တော် ရွေးချယ်ထား၏။ ဒေါင်ဒေါင်မြည် လက်ရွေးစင် (၅) ဦးကတော့ ရဲဒင် (၁၀၅)ပေါင်၊

www.burmeseclassic.com

www.burmeseclassic.com



ဘာမထီခင်အောင်

# သွေးနှင့်ချွေးနှင့်ရင်းရသည့် လက်ဝှေ့မိုးလေလုပွဲ

ကျော်ငြိမ်း (၁၁၂)ပေါင်၊ အောင်နိုင် (၁၁၉)ပေါင်၊ ဘာမထီခင်အောင် (၁၂၆)ပေါင်၊ မင်းဝေ (၁၃၂)ပေါင်တို့ ဖြစ်သည်။

ကျွန်တော်လည်း ထိုးသတ်မည်၊ နိုင်ရမည်၊ အားလုံးနိုင်ရမည်။ အလောင်းဘုရားရဲ့သွေးကို ရဲရဲတောက်ပြမည်ဟု ဆုံးဖြတ်ထားကြသည်။ ကြောက်တတ်သည်ဆိုသည့် ဝေါဟာရ ရွှေဘိုအဘိဓါန်တွင် မရှိ။ (စကားညှပ်) ကျော်ငြိမ်းဆိုသူသည်ကား နီလေးမောင်ရဲ့ ဖြစ်ရပ်မှန်မဂ္ဂဇင်းတွင် နှစ်ပေါင်းများစွာ ပညာပေးဆောင်းပါးတွေကို ရေးသားနေသည့် ပင်တိုင် စာရေးဆရာ (ကလောင်အမည်-ကျော်သူ)ပင် ဖြစ်သည်။

ကျော်စိုးမိုး (ရွှေဘို)၊ ချမ်းငြိမ်း (ဒသသန)

ကလောင်ခွဲ စသည်များနှင့်လည်း စာရေးသေးသည်။ ကျော်ငြိမ်းသည် ရဲအရာရှိ (ငြိမ်း) လည်း ဖြစ်၏။

ထူးခြားချက်မှာ ကျော်ငြိမ်းတို့ ညီအစ်ကို (၄) ယောက် ဖြစ်သော ကိုလှမောင်၊ ကျော်ငြိမ်း၊ ရဲဒင်နှင့် ချစ်ဆွေသည် ကျွန်တော့်ထံသို့ ၁၉၆၂ ခုနှစ်ကတည်းက Boxing လက်ဝှေ့ထိုးပညာကို လာရောက်သင်၏။ သူတို့၏ဖခင်ကြီး ရဲအရာရှိ ဦးအုန်းကိုယ်တိုင် လာရောက်အပ်ခဲ့သည်။ ချစ်ဆွေဆိုသူမှာ စာရေးဆရာ ချစ်မြတ်(ရွှေဘို)ပင် ဖြစ်သည်။

ကျွန်တော့်ဘဝက ထူးခြား၏။ ကျွန်တော်က လက်ဝှေ့သမား၊ လက်ဝှေ့နည်းပြဆရာပါ။ ၁၉၅၀ ခုနှစ်က ဆရာကြီး (တိုရီယိုဆိုးဆား) TORIO-SOSA ထံ လက်ဝှေ့ပညာကို သင်ပြီး ၁၉၅၁ ခုနှစ်ကစ၍ ၁၉၆၅ ခုနှစ်အထိ (၁၅) နှစ်တိုင် လက်ဝှေ့သတ်ပြိုင်ခဲ့၏။ လက်ဝှေ့ပွဲပေါင်း (၇၄) ပွဲ ထိုးသတ်ခဲ့ရာ (၆၇) ပွဲအနိုင်ရပြီး (၁၁) ပွဲ ရှုံးခဲ့သည်။ ချန်ပီယံ Title(၁၃) ဘွဲ့ရထားသည့် သဲအိတ်ကြီးပေါင်း (၆၂) လုံးကို ဗလာလက်သီးဖြင့် ထိုးခွဲနိုင်ခဲ့ရာ ကျွန်တော် တင်ထားသည့်စံချိန်ကို ကနေ့(၂၀၁၂)အထိ အဘယ်လက်ဝှေ့ကျော်မှ မချိုးနိုင်ခဲ့ပါချေ။

ကျွန်တော်သည် ဘုန်းစွမ်းသူမဟုတ်။ လူပြိန်းတူသူ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ညာခြေတစ်ဖက် အမေ မွေးကတည်းက ကျိုးလာသူဖြစ်၏။

သို့တစေ ...

ကျွန်တော် ဘယ်လိုလူစားမျိုးကိုမှ မကြောက်။ မှုမထီပါ။ ကြိုးဝိုင်းအတွင်းမှာ တွေ့ရသည့် သတ်ဖက်ကို ထည့်မတွက်။

ခြေတစ်ဖက် မသန်ပေသည့် အားမငယ်တတ်ပါ။ ယောက်ျားပဲ ရဲရဲပေါ့။ လက်ဝှေ့သတ်တယ်ဆိုတာ သူရဲကောင်းတွေရဲ့ အလုပ်။ ကြောက်တတ်သူများ၊ အားငယ်တတ်သူများ ခြေချရသည့် ကြိုးဝိုင်းမဟုတ်ပါချေ။

◆◆◆

## အခန်း ( ၂ )

ကျွန်တော် (ဘာမထီခင်အောင်)၊ ကျော်ငြိမ်း၊ ရဲဒင်၊ အောင်နိုင်၊ မော်ကြီး (၅) ယောက်သည် တစ်ဦးလျှင် (၈) ချီ လေ့ကျင့်ထိုးသတ်မှု Sparring လုပ်အပြီး တစ်ဦးချင်းကို ကျွန်တော်က ဝေဖန်



၁၉၆၃ ခုနှစ်အတွင်းက ပြည်ရွှေဘို ကျားနက်လက်ဝှေ့ အသင်းမှ လက်ရွေးစင်လက်ဝှေ့ ကျော် (၁၆) ယောက်။

ဝဲမှယာ - လှမောင်၊ မောင်ချို၊ တင်မောင်၊ မင်းဝေ၊ (လိုက်ဝိတ် ၁၃၂ ပေါင်တန်း) ဘာမထီခင်အောင်(ဖယ်သာဝိတ် ၁၂၆ ပေါင် တန်း) မော်ကြီး၊ အီစွတ်၊ ကျော် ငြိမ်း(ဖလိုင်းဝိတ် ၁၁၂ ပေါင် တန်း) (စာရေးဆရာကျော်သူ ဖြစ် လာသူ)

ရှေ့တန်းဝဲမှယာ - နေဝင်း၊ ဝင်းကို၊ ရဲဒင်(လိုက်ဖလိုင်းဝိတ် ၁၀၅ ပေါင်တန်း) မောင်လုံ၊ ခင် မောင်ဝင်း၊ အောင်နိုင်(ဘင်တန်း ၁၁၉ ပေါင်)၊ လှမိုး၊ သိန်းထွန်း။

www.burmeseclassic.com

www.burmeseclassic.com



သမူ ပြု၏။

"ကျော်ငြိမ်း ကနေ့ ထိုးသတ်မှု မြန်တယ်၊ ကောင်းတယ်။ One + Two သိပ်ကောင်းတယ်။ မင်း မေမြို့လက်ဝှေ့ပွဲမှာ One + Two ကို ၇၅% ရာခိုင်နှုန်းအားထားပြီး ထိုးသတ်ပါ။ Champion ဖြစ်မှာ သေချာတယ်။ Hook ကို မင်း အားမပြုနဲ့။ ထိုးသင့်မှ ထိုး၊ ဝိုက်လက်သီး Hook ထိုးတာ ပုတဲ့လူ တွေအတွက်ပဲ ကောင်းတယ်။ နားလည်လား"

"ဟုတ်"

"မင်းက တိုက်စစ် သိပ်ဆင်ချင်တဲ့ အကောင်ပဲ။ ကိုယ့်ထက် ပုတဲ့လက်ဝှေ့သမားကို စောင့်ပြီး Counter ထိုးလေကွာ။ ဘာဖြစ်လို့ လိုက်သတ်နေရတာလဲ။ အဲဒါကို ပြင်။ ကြားလား"

"ဟုတ်ကဲ့"

"ကိုမင်းဝေက (၁၃၂) ပေါင်တောင်ရှိတာ။ မင်းက (၁၁၂) ပေါင်သာရှိတာ။ ဝိတ်ချင်းက မတူဘူးလေကွာ။ ဘာဖြစ်လို့ ပြိုင်ထိုးနေရတာလဲ။ ကျချင်းကျ မင်းကျသွားမှာပေါ့ကွ။ Defence To Fight လုပ်ရမယ်။ နားလည်ပြီလား"

"နားလည်ပြီ ဆရာ"

"အေး ... အဲဒါတွေကို ပြင်လိုက်။ မင်း မေမြို့၊ မန္တလေး၊ မြစ်ကြီးနားပွဲမှာ ချန်ပီယံ ဖြစ်မယ်။ ဒါပဲ"

ကျော်ငြိမ်းကို ဝေဖန်အပြီး သူ့ရဲ့ညီအရင်း ရဲဒင်အား ဝေဖန်ရ၏။

"ရဲဒင် ... မင်းက ပုပု။ ဒီတော့ အရပ်ရှည်တဲ့လက်ဝှေ့သမားတွေနဲ့ချည်း တွေ့ရဖို့များတယ်။ ဝင်သတ်၊ ပူးသတ် (Attack) လုပ်ရမယ်။ သတ်ပြိုင်ဘက်ကို ပင့်လက်သီး (Upper CUT) ဝိုက်လက်သီး (Hook) တွေ များများသုံးရမယ်။ ဘယ်ပင့်၊ ညာပင့်၊ ဘယ်ဝိုက်၊ ညာဝိုက် ထိုးချက် ၇၅% ထိုးပါ။ မြန်မြန်ထိုး၊ မြန်မြန်ပြန်ထွက်။ တစ်ဖန် မြန်မြန်ဝင်သတ်ရမယ်။ ကြားလား"

"မင်း သတိထားရမှာက Jaw မေးရိုးထောင်နေတယ်။ မေးရိုးချိုးထားတာပဲ"

"ဟုတ်ကဲ့ပါ"

"အောင်နိုင် ... ခြေထောက်လှုပ်ရှားမှု (Foot Work) ကောင်းလိုက်တာကွာ။ (Very Good)။



www.burmeseclassic.com

www.burmeseclassic.com





မဝွတ်တာက ခြေရွှေ့ပြေးစဉ်မှာ လက်က ထောက်၊ထောက်မထား ဘူး။ ထောက်ထောက်ထားခဲ့လေ ကွာ။ (Jab x Jab) လုပ်ပြီး ရွှေ့ ပြေးပါ။ တစ်ခု သတိထား။ မင်း ပျာယာခတ်လွန်းတယ်။ မပျာနဲ့။ ပါးစပ်ကို စေ့နေအောင် ပိတ်ထား စမ်း။ ကဲ ... သိပြီလား”

“သိပြီဗျ”

အောင်နိုင်နဲ့ ရဲဒင်တို့က တစ်မျိုး။ ပွဲပေါ်ရောက်လျှင် ပို၍ ပိုမိုကောင်းနေတတ်၏။ သူတို့ (၂) ယောက်လည်းပဲ စစ်ကိုင်း တိုင်း (၃) နှစ်ဆက်တိုက် ချန်ပီ ယံတွေပါ။ သတ္တိအရာမှာ ပြော စရာမရှိ။ ရွှေဘိုသားပီသလှ၏။

ကျော်ငြိမ်း၊ ရဲဒင်၊ အောင် နိုင်တို့သည် လက်ဝှေ့သတ်ပွဲတွင် လိုသည်ထက်ပို၍ ရဲတင်းလွန်း၍ ကျွန်တော်က ထိန်းရ၏။ သတ္တိ ကို အလွဲသုံးစားလုပ်လျှင် မှား တတ်၏။ ကျွန်တော်က ကိုယ် တွေ့မို့ တပည့်တွေအား သတိ ပေးထားရသည်။ နောက်ဆုံး အကြံပေးရမည့်သူကတော့ ကျွန် တော်နှင့် သက်တူရွယ်တူ ကို မင်းဝေကြီးပါ။ ကျွန်တော်နှင့် Sparring Parner ပါ။ ကျွန်တော်က သူ့ကို ချစ်စနိုး ဝေဝေကြီး ဟု ခေါ်လေ့ရှိ၏။

“ဝေဝေကြီး ကနေ့လေးနေ တယ်။ အဝင်အထွက် နှေးနေ တယ်။ ထိုးအား Punch က သိပ် ပြင်းတယ်။ ကျွန်တော် ခါသွား တယ်။ ဝေဝေက ဆက်သွင်း လိုက်ရမှာဗျ။ Second Round မှာ ခင်ဗျားကျသွားရတာက Jaw ပွင့်နေလို့ပဲ။ မေးရိုးထောင်နေ တတ်တာကို သတိပြုပါ။ ပြီး တော့ ဝေဝေ ကနေ့မောနေတယ်။ ညက အိပ်ရေးပျက်သလား။

“ဟုတ်တယ်။ ညက ဗိုက် နာလို့ အိပ်ရေးမဝဘူးဗျာ”

“နောက်ကို Fit မဖြစ်ရင် Sparring မလုပ်ပါနဲ့။ ကဲ ... ကဲ ... ကနေ့ နားလိုက်ကြစို့။

◆◆◆

## အခန်း ( ၃ )

မေမြို့ဘောလုံးကွင်းကြီး ၏ အလယ်တွင် ပေ (၂၀) ပတ်လည်ရှိ လက်ဝှေ့ကြိုးဝိုင်း တည်ရှိ၏။ (၄)ပေ မီးချောင်း (၄) ချောင်း (၅၀၀) ဝပ် မီးသီး (၃) လုံး ထွန်းထား၍ လင်းဝင်း နေ၏။ လက်ဝှေ့ကြည့်ပရိသတ် (၅၀၀၀) ကျော်ကျော်သည် တစ်ခဲနက် တစ်ပြိုင်နက်တည်း အားပေးလျက်ရှိသည်။

“ရွှေဘို ××× ရွှေဘို ××× ရွှေဘိုသားကွ။ ရွှေဘိုသားကွ။ လိုက်ထိုး ××× လိုက်ထိုး ××× ကျတော့မယ် ××× ကျတော့ မယ်”

မြစ်ကြီးနားက လက်ဝှေ့ သမားသည် နောက်ပြန်ဆုတ်၍ ပြေးနေရသည်။ ကျော်ငြိမ်း ထိုး လွှတ်နေသော One + Two ဘယ်/ညာဖြောင့်ဆင့်လက်သီး တွေကို ရှောင်ရင်း၊ တိမ်းရင်း ပြေးနေစဉ် အတောအတွင်း ကြိုး ဝိုင်းဒိုင်လူကြီး ဦးစောလှမြင့်က ပွဲကို ရပ်ပစ်လိုက်ပြီး သူ့ထောင့်သူ ပြန်စေသည်။

ပြီး အမှတ်ပေးဒိုင် (၃)ဦး အား R.S.C (Referee Stop Con

www.burmeseclassic.com

www.burmeseclassic.com



test) "ဒိုင်ပွဲရပ်အနီ" "ဒိုင်ပွဲရပ်အနီ" ဟု ကြေညာလိုက်သည်။

ဘယ်ညာဖြောင့် ထောက်လက်သီးထိုးချက် JAB အထိုးကောင်းပြီး မြန်ဆန်လှသူ ရွှေဘိုကျော်ငြိမ်းက ဒုတိယအချီ၌ မြစ်ကြီးနားမှ ပါစွပ်ဗဟာဒူးအား ဒိုင်ပွဲရပ်R.S.Cဖြင့် အနိုင်ရလိုက်သည်။

ပြည်ရွှေဘို ကျားနက်လက်ဝှေ့အသင်းမှ ကျော်ငြိမ်းသည် (၄) မြို့နယ် လက်ဝှေ့ဗိုလ်လုပွဲ၏ (၁၁၂) ပေါင်တန်းမှ ဗိုလ်တကာ့ဘုရင် ဖြစ်လာတော့သည်။

"ဘာမထီ ... မင်းတပည့် ကျော်ငြိမ်းထိုးလိုက်တဲ့ ဝမ်းဗိုက်ကြီး... စက်သေနတ်ပစ်သလို ဘာပဲလားကွ"

တဲ့ ဆရာကျားဘညိမ်းက ပွဲ အပြီးမှာ ချီးကျူး၏။

ကျော်ငြိမ်း၏ညီလေး ရဲဒင်သည်လည်း ဖိုင်နယ်ပွဲစဉ်တွင် မန္တလေးရွှေကျားလက်ဝှေ့အသင်းမှ မိုးဝင်းအား (၃-၀) နှင့် အနိုင်ရကာ (၁၀၅) ပေါင်တန်းက ဗိုလ်စွဲပြန်သည်။ အင်မတန်မှ ကြည့်ကောင်းလှသည့် လက်ဝှေ့ဗိုလ်လုပွဲပါပေ။

"ရွှေဘို ××× ရွှေဘို" နှင့် တစ်ဖက်သတ် တစ်ဖက်စီးသောင်းသောင်းဖျဖျ အားပေးလိုက်သည်မှာ တစ်မြို့လုံး တုန်



www.burmeseclassic.com

www.burmeseclassic.com



ဟည်းလို့နေသည်။ ကျွန်တော်တို့ ရွှေဘိုအဖွဲ့ ဝမ်းနည်းခဲ့ရသည်မှာ အောင်နိုင်(ရွှေဘို)နှင့် အတူး(မန္တလေး)ပွဲ၊ ကိုမင်းဝေ(ရွှေဘို)နှင့် လှထွန်း(မန္တလေး)ပွဲအညစ်ခံရ၍ ရှုံးရပါသည်။

အမှတ်ပေးဒိုင် (၃) ဦးစလုံးက မန္တလေးက ချည်းမို့ ရှုံးရခြင်းပါ။ ဒိုင်လူကြီးတစ်တွေ မတရားလှပါ။ ဘက်လိုက်၏၊ ညစ်တတ်၏။ ထိုညစ်သည့်အထဲတွင် ဆရာကျားဘညိမ်း မပါပါ။ ကျွန်တော်က မခံ။ အမှတ်ပေးဒိုင်တွေနှင့် စကားများကြသေးသည်။ ဆရာကျားက ကျွန်တော့်ကို တားသည်၊ ဖျောင်းဖျ၏။ ဆရာကျားက ကျွန်တော်နှင့် အမျိုးမကင်းပါ။

၁၉၆၃ ခုနှစ် ဧပြီလ (၂၇) ရက်ညပွဲစဉ် (၈)၊ ကျွန်တော် ဘာမထီခင်အောင်(ရွှေဘို)နှင့် အာချီမိုး(မန္တလေး) ထိုးရ၏။ (၁၂၆) ပေါင်တန်းနောက်ဆုံး ဗိုလ်လုပွဲ၊ ကျွန်တော်က အပြာထောင့်၊ အာချီမိုးက အနီထောင့်ကြီးဗိုင်း ဒိုင်လူကြီးက ဆရာကျားဘညိမ်း ဖြစ်ပါသည်။

ပထမအချီ လွှတ်လိုက်လျှင် လွှတ်လိုက်ခြင်း ကျွန်တော်က ကျွန်တော့်ထောင့်မှ လေအဟုန်နှင့်အတူ ထွက်၍ အာချီမိုးအား တိုက်စစ်ဆင်သည်။ သူက ကျွန်တော့်ထက် အရပ်မြင့်၍ ကျွန်တော်က တိုက်စစ်ဆင်ကာ ပူးသတ်ရမည် ဖြစ်သည်။ သူက ဘယ်/ညာ ဖြောင့်၊ထောက်၊ လက်သီးတွေကို တရစပ်ထိုးလွှတ်၍ ပြေးထိုးထိုး၏။

သူ့ထိုးကွက်မှန်လှသည်။

ပရိသတ်အားလုံးလိုလိုက "ရွှေဘို ××× ရွှေဘို"နှင့် တစ်ခဲနက် အားပေးလျက်တည်း။

ပထမအချီမှာပင် ကျွန်တော့်နှာခေါင်းသွေးများ ဖြာကျလာသည်။ ရင်ဘတ်၌ သွေးတစက်စက်နှင့်။ မမှုပါ။ ကျွန်တော် ရဲရဲကြီး လိုက်ချသည်။ ပထမအချီ ထိုးချိန် (၃)မိနစ်စေ့ ခေါင်းလောင်းသံထွက်လာ၏။ ကျွန်တော် သိလိုက်ပြီ။ ဤအချီ ကျွန်တော် အမှတ်ဖြင့်ရှုံးသည်။ တစ်မိနစ်နားအပြီး ဒုတိယအချီ၌ အာချီမိုးအား အဆက်မပြတ်တမ်း ဘယ်၊ညာ လက်သီးစုံကို သွင်းတော့သည်။ သူ ဆုတ်၍ ပြေးကွက်ကျဉ်းအောင် ထောင့်ပိတ်၍ ရက်ရက်စက်စက် သတ်သည်။

ကျွန်တော့်ညာဖြတ် Right Cross လက်သီးပြင်းတစ်လုံးက သူ့မျက်ခုံးကို တိုက်ရိုက်ထိလိုက်သည်တွင် သွေးရဲနီနီတွေ ပန်းထွက်လာ၏။ ကျွန်တော်က အဆက်မပြတ် ပစ်ပစ်သွင်းနေသည်။ ကျွန်တော့်နှာခေါင်းက သွေးတစက်စက်ကျနေသလို သူ့မျက်ခုံးရိုးမှလည်း သွေးတစက်စက်ကျနေသည်။

"ရွှေဘို ... ရွှေဘို ... ရွှေဘိုသားကွ။ ချ ... ချ"

"မန္တလေး ... မန္တလေး မန္တလေး ... ဆက်ထိုး ... ဆက်ထိုး"

ပွဲက ကောင်းနေပြီ။

ပရိသတ် (၅၀၀၀) စလုံး ပွက်လောရိုက်ကုန်သည်။ သတ်ကောင်းနေတုန်း ဒုတိယအချီ ပြီးသွားသည်။

ကျွန်တော် သိလိုက်သည်။ ကျွန်တော် နိုင်သည့်အချီ။

အာချီမိုးအား ဘယ်လို ဘယ်ကဲ့သို့ ထိုးသတ်ရမည်ကို ကျွန်တော် သိလိုက်ပြီမို့ တတိယအချီ၌ ပထမအချီနှင့် ဒုတိယ

www.burmeseclassic.com

www.burmeseclassic.com



အချီကို မထိုးတော့ဘဲ ထိုးကွက် တစ်မျိုးပြောင်းလိုက်ရန် ချက်ချင်းပဲ ဆုံးဖြတ်လိုက်ရသည်။

တတိယအချီလွတ်လိုက်သည်နှင့် ကျွန်တော် သူ့ရှိရာသို့ တစ်ဟုန်ထိုးပြေးထွက်လိုက်ပြီး ဘယ်ဝိုက်ကျဲ Left Swing အားရပါးရ ထိုးနှက်၏။ သူက ဘယ်ဘက်မျက်ခုံးကွဲနေရာကို ဘယ်လက်အိတ်ဖြင့် လုံလုံခြုံခြုံ ကာကွယ်ထား၏။ ကျွန်တော် ထိုးလွှတ်နေသော ဘယ်ဝိုက်ကျဲ ထိုးချက်က သူ့လက်အိတ်နှင့် လက်မောင်းကိုပဲ တဖုန်းဖုန်းနှင့် ထိနေ၏။

သူက ကျွန်တော့်ကို ညာဖြောင့်ထိုးချက်ဖြင့် တုံ့ပြန်သည်။ ကျွန်တော့်နှာခေါင်းကို တိုက်ရိုက်ထိ၍ သွေးတွေ ပိုကျလာသည်။ တကယ်မတော့ ကျွန်တော် ထိုးထိုးလွှတ်နေသည့် ဘယ်ဝိုက်ကျဲ လက်သီးထိုးချက်အား အာချီမိုးက အာရုံစိုက် ဂရုထားအောင် တမင်ဟန်ပြ Feint လုပ်နေခြင်းပါ။

တတိယအချီထိုး၍ (၂) မိနစ်ခန့်အကြာ သူ့ ဘယ်လက်အကျ၌ ကျွန်တော် အင်မတန်မှ အားထားသည့်ညာဖြတ် Right Cross လက်သီးတစ်လုံးကို အားရှိပါးရှိ တစ်ကိုယ်လုံး ခုန်ပစ်၍ ဒိန်းခနဲ ဝင်ဆောင့်လိုက်ရာ ဝုန်းခနဲ ပြုတ်ကျသွားတော့သည်။ ပက်လက်လန်၍ လဲအကျ ကျွန်တော်က ကြားထောင့်ဆီသို့ လှစ်ခနဲ သွားရပ်နေသည်။ ဤသည်



လက်ဝဲစွန်း - နေဝင်း၊ မင်းဝေ (၁၃၂ ပေါင်)၊ ရဲဒင် (၁၀၅ ပေါင် ကြိုးခုန်နေသူ) ဘာမထီခင်အောင် (ဘောင်းဘီရှည်နှင့်)၊ ၁၂၆ ပေါင်၊ မောင်လုံ၊ မော်ကြီး၊ ကျော်ငြိမ်း (၁၁၂) ပေါင်၊ ဘောင်းဘီနက်၊ စွပ်ကျယ်ဖြူညာပင့်လက်သီးထိုးပုံ၊ လှမောင် (Time Keeper) အောင် နိုင် (၁၁၉ ပေါင်တန်း၊ ငုံ့တိမ်းနေသူ)၊ ခင် မောင်ဝင်းတို့(၄)မြို့နယ် လက်ဝှေ့ဗိုလ်လုပွဲ ၂၇၊ ၄၊ ၁၉၆၃) သို့ ဝင်ရောက်ထိုးရန် လေ့ကျင့်နေပုံ။

www.burmeseclassic.com

www.burmeseclassic.com



တွင် ပက်လက်ကြီးလဲကျနေသော ရွှေမန်းသားအာချီမိုးအား ကြိုးဝိုင်းဒိုင်လူကြီးဖြစ်သူ ကျား ဦးဘညိမ်းက အမှတ်စဉ်ရေတွက်ချေသည်။ အမှတ်စဉ် (၁) မှ (၁၀) အထိ (၁၀ စက္ကန့်) ရေတွက်ပြီးပါသော်လည်း သူပြန်မထ မလာနိုင်သဖြင့် နောက်ကောက် (knock out) ဖြင့် ပွဲသိမ်းသွားတော့သည်။

ကျွန်တော် နောက်ကောက်ဖြင့် အနိုင်ရဗိုလ်စွဲလေပြီ။

"ရွှေဘိုသားကွ … မှတ်ထား"

ကျွန်တော်တို့ ပြုံးပျော်၍ မဆုံး။

ထိုညတွင် အောင်နိုင် ရှုံးရ၏။

ကိုမင်းဝေက မေမြို့ စစ်ခွေးတပ်မှ လက်ဝှေ့ကျော်အား အမှတ်ဖြင့် အနိုင်ရသင့်ပါလျက် (၃-၁) နှင့် အညစ်ခံရပြီး ရှုံးရသည်။ တကယ်တော့ မင်းဝေ နိုင်တဲ့ပွဲပါ။

◆◆◆

**အခန်း ( ၄ )**

၁၉၆၃ခုနှစ်၊ ဧပြီလ နောက်ဆုံးအပတ်က မေမြို့ (ပြင်ဦးလွင်) တွင် ကျင်းပခဲ့သည့် မေမြို့၊ မန္တလေး၊ မြစ်ကြီးနား၊ ရွှေဘို (၄) မြို့နယ် လက်ဝှေ့ဗိုလ် လုပွဲဝယ် ဝိတ်တန်း (၇) တန်း ယှဉ်ပြိုင် အနိုင်လုကြရာ၌ ရွှေဘိုက (၃) တန်း၊ မန္တလေးက (၂) တန်း၊ မေမြို့က (၂) တန်း ဗိုလ်ဆွဲကာ ရွှေတံဆိပ်ဆု ရခဲ့၏။ ရွှေဘိုက ရဲဒင် (၁၀၅) ပေါင်တန်း၊ ကျော်ငြိမ်း (၁၁၂) ပေါင်တန်း၊ ကျွန်တော် ဘာမထီခင်အောင် (၁၂၆)ပေါင်တန်းက ဗိုလ်တကော့ဘုရင် ရွှေတံဆိပ် ရခဲ့သည်။ ရွှေဘိုက မင်းဝေ (၁၃၂) ပေါင်တန်းက ငွေတံဆိပ်ဆုရ၏။ ဒုတိယပေါ့။

ရွှေဘိုက အောင်နိုင်နှင့် မင်းဝေကြီးသာ အညစ်မခံရပါလျှင်။ ကျွန်တော်တို့ ပြည်ရွှေဘိုကျားနက် လက်ဝှေ့သမား (၅) ဦး စလုံးသည် ရွှေတံဆိပ်ရ (CHAMPION) တွေ ဖြစ်လာရမည်မှာမုချ။

"ခင်ဗျားတို့ လူညစ်တွေပဲဗျ။ လက်ဝှေ့သမားဘဝက တက်လာတဲ့ ဒိုင် (JUDGE) တွေ ဖြစ်ကြပေတဲ့။ ကိုယ်ချင်းစာနာစိတ် မရှိဘူး။ မန္တလေး အနိုင်ရဖို့ပဲ လုပ်ပေးနေကြတယ်။ ကျုပ်တို့တစ်တွေ ဆင်းဆင်းရဲရဲကြားက လွန်ခဲ့တဲ့ (၄) လကတည်းက (BOXING TRAING) လက်ဝှေ့လေ့ကျင့်ကြတာ။ တစ်နေ့ (၄) မိုင် အပြေးလေ့ကျင့်ခဲ့ရတာတွေ အလကားဖြစ်ခဲ့ရပြီ …

ခင်ဗျားတို့ မန္တလေးက ဒိုင်လူကြီးတွေ ရွှေဘိုမှာ ကျင်းပတဲ့ လက်ဝှေ့ပွဲမျိုးမှာ ဒီလိုသာ ညစ်ပတ်ခဲ့ရင် ဓါးနဲ့ အခုတ်ခံမယ် မှတ်ထား"

ကျွန်တော်က နောက်ရက် နံနက်ခင်းတွင် မန္တလေးက ဒိုင်လူကြီးကို လက်ဖက်ရည်ဝိုင်း၌ လက်ညှိုး ငေါက်ငေါက်ထိုး၍ ကြိမ်းရာ ဆရာကျားက "ခင်အောင်တော်တော့" ဟု တား၏။ ကျွန်တော့်လူ လက်ဝှေ့ ကျော် ကိုမင်းဝေကြီးကလည်း လက်လွန် ခြေလွန်ဖြစ်မည်စိုး၍ တား၏။ တကယ်တော့ ကျွန်တော် လူကောင်းလူမွန် မဟုတ်ပါ။ အကြိမ်ကြိမ် လက်သွေးစွန်းခဲ့ဖူး၏။ ဘာမထီဘွဲ့က သွေးစွန်း၍ ရခဲ့တာဖြစ်သည်။

တော်ပါသေးရဲ့။ မန္တလေး

www.burmeseclassic.com

www.burmeseclassic.com



က ဒိုင်တွေက တုတ်တုတ်မှ မလှုပ်။ စကားများရလျှင် ကျွန်တော် ထလုပ်လိုက်မည်။

မေမြို့မှ ဗိုလ်ကြီး အေဗယ်(လ်)ဆိုသူက ကျွန်တော့်အား မေး၏။

"မင်းတို့ ရွှေဘိုက လက်ဝှေ့သမား (၅) ယောက်စလုံး ထိုးကွက်၊ ထိုးအား၊ လက်ဝှေ့ နည်းဗျူဟာတွေ ကောင်းတယ်။ အားလုံး (Fit)လည်း ဖြစ်ကြတယ်။ မင်းတို့ရဲ့ဆရာက ဘယ်သူလဲ။ ဘယ်လိုလေ့ကျင့်ကြတာလဲ"

တဲ့။ ကျွန်တော်က …

"ကျွန်တော်တို့ ပြည်ရွှေဘိုကျားနက် လက်ဝှေ့ကလပ်ကို စတင်တည်ထောင်ခဲ့တဲ့ လက်ဝှေ့နည်းပြဆရာကြီးက ဖိလစ်ပိုင်လူမျိုး (Torio Sosa)ဖြစ်ပါတယ်။ ကိုလိုနီခေတ်က ကြေးစား လက်ဝှေ့ကျော်ပါ။ လိုက်ဝိတ်တန်းက ထိုးသတ်ပါတယ်"

"မင်းတို့ ရွှေဘိုကို ဘယ့်နှယ် ရောက်လာတာလဲ။ ဘယ်တုန်းက ရောက်နေတာလဲ။ အခု ဘာလုပ်နေလဲ" တဲ့။

"ဆရာကြီး တိုရီယိုဆိုးဆားက ၁၉၃၈ ခုနှစ်မှာ ရန်ကုန်ကို ရောက်လာတယ်။ ကြေးစားလက်ဝှေ့ပွဲတွေ သတ်တယ်၊ ငွေရှာတယ်။ ရန်ကုန်ဂျူဗလီဟောလ်(လ်)မှာ သွင်းတဲ့ လက်ဝှေ့ပွဲတွေမှာ နာမည်ကျော် 'ဂျော့ဂေါက်ဒီ' 'နော်မံဂေါက်ဒီ'၊ 'ကစ်ဒီဆီးလဘား'၊ 'ဟူစိန်မာမက်'၊ 'ရန်ကုန်ကိုကိုကြီး'၊ 'သရဲဗအေး'တို့နဲ့ ကြေးစားထိုးခဲ့တယ်ခင်ဗျ။ ဂျပန်ခေတ်မှာ မန္တလေးဝင်းလိုက်ရုပ်ရှင်ပိုင်ရှင် ဦးကျော်ဝင်း၊ ဦးကျော်မင်းညီအစ်ကိုက ရုပ်ရှင်ရုံဂိတ်ပေါက်စောင့် အလုပ်ကို ပေးထားတယ်။ အင်္ဂလိပ်အစိုးရ ပြန်ဝင်လာတဲ့အ ႘ါ မန္တလေးမှာ နေခဲ့ပါတယ်။ ၁၉၄၈မြန်မာပြည်လွတ်လပ်ရေး ရတော့ မန္တလေးက ဆည်မြောင်းမင်းကြီး ဦးဘကျော် (စာရေး ဆရာမောင်သော်က ခေါ် ဗိုလ်ဘသော်ရဲ့ အစ်ကိုရင်း)က ကျွန်တော့်မေမေ ရွှေဘိုခရိုင် ရဲဝန် ဦးမေခင်နဲ့ ဆက်သွယ်ပြီး ဆရာ တိုရီယိုဆိုးဆားကို ရွှေဘို လွှတ်လိုက်တယ်။ ကျွန်တော့်ဖေဖေ ဦးဖေခင်က ရွှေဘို ရဲတပ်ဖွဲ့မှာ တပ်ကြပ်ကြီးရာထူးနဲ့ အလုပ်ခန့် လက်ဝှေ့သင်တန်းတွေ ဖွင့်စေတယ်။ ဆရာကြီး တိုရီယိုရဲ့ တာဝန်က လက်ဝှေ့ဝါသနာပါသူ ရွှေဘိုသားတစ်တွေကို လက်ဝှေ့ပညာ သင်ပေးရုံပါပဲ"

"အေး … ဟုတ်ပြီ။ မင်းတို့ ရွှေဘိုသားတွေဟာ တိုရီယိုရဲ့ လက်ပေါက်ပေါ့ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ပါတယ်။ ဆရာကြီး တိုရီယိုဟာ ရွှေဘိုက လက်ဝှေ့သမားအားလုံး (အားလုံး) ရဲ့ ဆရာပါခင်ဗျား”

“အခု သူ ဘာလုပ်နေလဲ”

“အလုပ် မရှိတော့ဘူး။ အသက် (၆၀) ကျော်နေပြီ”

“သူ့လိပ်စာ ငါ့ကိုပေး။ ငါ တစ်ခုခုလုပ်ပေးမယ်”

ဟုဆို၏။

ဗိုလ်ကြီးအေဗယ်(လ်)က ကျွန်တော့်အား တစ်ချက်ငဲ့ကြည့်လိုက်ပြီး မေးခွန်းတစ်ခု ထုတ်ပြန်ပါသည်။

“မင်းတို့လက်ဝှေ့သမားတွေကို ဆရာတိုရီယိုဆိုးဆားက ဘယ်လို လေ့ကျင့်မှု (Training) ပေးသလဲ”

“ကျွန်တော်တို့လို ကြေးစား လက်ဝှေ့ကျော်တွေကို နေ့စဉ် လေ့ကျင့်တဲ့ နည်းတူနည်းပါး လေ့ကျင့်ပေးခဲ့ပါတယ်။ ဆရာကြီး နားတဲ့အခါ ကျွန်တော်ကိုယ်တိုင်ကိုယ်ကျ ဦးဆောင်ပြီး သင်ကြား၊ လေ့ကျင့်ပေးခဲ့ပါတယ်။ ကြေးစားစတိုင်အတိုင်းပါပဲ”

“ဘယ်လိုလေ့ကျင့်ခန်း ပေးတာလဲကွ”

ဥပမာပြောရရင် တစ်ပတ်မှာ (၆) ရက် လေ့ကျင့်ကြပါတယ်။ နေ့စဉ် နံနက် (၅) နာရီ ထပြီး (၄) မိုင် ပြေးရတယ်။ တစ်ပတ်ကို လူချင်းပူးတွဲထိုးမှု Sparring(၃) မိနစ်ထိုး (၁) မိနစ်နား၊ (၆) ချီ၊ (၈) ချီ၊ (၁၀) ချီ (၄) ရက် ထိုးရတယ်။

အရိပ်ကြည့် လက်ဝှေ့ (Shadow Boxing) က (၃) ချီ သဲအိတ်ထိုး၊ (Sand Bag) က (၃) ချီ၊ ကြိုးခုန် (Skipping) ကလည်း (၃) ချီ လေ့ကျင့်ရတယ်။ ကိုယ်ခန္ဓာ ကြံ့ခိုင်ဖွံ့ဖြိုးမှုအတွက် (Exercises) တွေ (၄၅) မိနစ်ကြာ လေ့ကျင့်ရပြန်တယ်။ Total Box အနည်းဆုံးအချီ (၂၀) လုပ်ရပါတယ်။ တစ်ခါတစ်ရံတော့ Total Box (၁၀) ချီပဲ လုပ်စေပါတယ်။

“တော်တော်ကို ပြင်းထန်တာပဲကွ”

“ဟုတ်ကဲ့။ ဒါကြောင့်လည်းပဲ လက်ဝှေ့ပွဲမှာ K.O ချပြီး အနိုင်ရတာ များပါတယ်။ တချို့ ဒိုင်တွေက ညစ်တတ်တဲ့အတွက် K.O နောက်ကောက်ချနိုင်အောင် အလွန်အမင်းအဆင်းရဲခံပြီး လေ့ကျင့်ထားရပါတယ် ဗိုလ်ကြီး”

“အေး … အေး ….ငါ သိထားပါတယ်။ မင်းတို့ ရွှေဘိုသားတွေ သတ္တိကောင်းကြတယ်နော်”

“ဟုတ်ကဲ့။ ကျွန်တော်တို့ ရွှေဘိုသားတွေဟာ သူ့ရဲကောင်း အလောင်းမင်းတရား ဦးအောင်ဇေယျရဲ့အနွယ်တွေမို့ ဘာကိုမှ မကြောက်တတ်ကြဘူးဗျ”

“အေး … ကောင်းတယ်။ ယောက်ျားဆိုတာ သတ္တိအပြည့်ရှိရတယ်” တဲ့။

ရွှေဘိုဘာမထိခင်အောင်

www.burmeseclassic.com

www.burmeseclassic.com



# တို့လည်းလိုက်မယ်ချန်မထားနဲ့

## တင်ဖေဘော်

ရိုးရိုးပဲ ရေးသားတင်ပြပါမည်။ နိဒါန်းအကျယ်မလွယ်တော့ပါ။ ယနေ့ မျက်မှောက်ကာလ၌ သက်ဆိုင်ရာကဏ္ဍအသီးသီးတွင် တာဝန်ရှိသူတို့က အမျိုးမျိုး အဖက်ဖက်ကတိုးတက်ပြောင်းလဲရန် ကြံဆောင်ကြရာ ကျန်ရစ်ခဲ့သည်လား (သို့မဟုတ်) ချန်ပစ်ခဲ့သည်လား မပြောတတ်။ တရားစီရင်ရေး ကဏ္ဍတွင်တင်ပြစရာရှိနေပါသည်။ တရားရုံးများကလည်း အားလုံးသိကြပါသည်။



သေဒဏ် ထိုက်သင့်သည့်ပြစ်မှုဖြင့် စွပ်စွဲခံရသော ဆင်းရဲနွမ်းပါးသည့် တရားခံများအတွက် အစိုးရစရိတ်ဖြင့် ငှားရမ်းသော ရှေ့နေများ၏ အခကြေးငွေနှုန်းထားကို တိုးမြှင့်သတ်မှတ်ပေးသင့်ကြောင်း ရေးသားလိုပါသည်။

သေဒဏ်ထိုက်သင့်သော ပြစ်မှုဖြင့် စွပ်စွဲခံရသော ဆင်းရဲနွမ်းပါးသည့် တရားခံများအတွက်အစိုးရငှားပေးသည့် ရှေ့နေများ၏ အခကြေးငွေနှုန်းထားများကို ရှေးယခင် (၁၉၉၃ ခုနှစ် မတိုင်မီ)

www.burmeseclassic.com

www.burmeseclassic.com



က တစ်နေ့အတွက် လိုက်ပါဆောင်ရွက်ခ အဖြစ် (၂၅/-)နှုန်း သတ်မှတ်ခဲ့ပါသည်။

၁၉၉၃ ခုနှစ်တွင် အင်းစိန်ရှေ့နေများမှ ခေတ်ကာလ ဒေသအခြေအနေအရ ကိုက် ညီမှုရှိစေရန် ယင်းရှေ့နေခနှုန်းထားများကို တိုးမြှင့်သတ်မှတ်ပေးရန် လျှောက်ထားချက် အရ နိုင်ငံတော်ရှေ့နေချုပ်ရုံးမှ (၁၂-၃-၁၉၉၃) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၉၃)ဖြင့် ရှေ့နေလိုက်ပါဆောင်ရွက်ခွင့် နှုန်းထားကို (တစ်နေ့-တစ်မှုအတွက်) (ပထမနေ့ ၇၅/-)နှုန်း၊ ကျန်နေ့ရက်များ အတွက် (၅၀/-)နှုန်းအထိ တိုးမြှင့်သတ်မှတ်ပေးခဲ့ပါသည်။

ထိုအမိန့်ကြော်ငြာစာဖြင့် တိုးမြှင့်သတ် မှတ်ပေးခဲ့သည့် အစိုးရငွေရမ်းပေးသည့် ရှေ့နေများအတွက် တစ်နေ့တာ အခကြေး ငွေ နှုန်းထားမှာလည်း ယနေ့ကျရောက်ဆဲ အချိန်ကာလအတွက် အခက်အခဲ အမျိုးမျိုး နှင့် ကြုံတွေ့နေရပါသဖြင့် လျှော်ကန်သင့် မြတ်သောနှုန်းထားအထိ တိုးမြှင့်သတ်မှန်ပေးရန်ကိုလည်း အင်းစိန်ရှေ့နေများမှ (၁၇-၁၂-၂၀၁၀) ရက်နေ့စွဲပါ ပန်ကြားစာဖြင့် သက်ဆိုင်ရာသို့ တင်ပြခဲ့ဖူးကြောင်း သိရှိရပါသည်။

ယင်းတင်ပြစာတွင် အစိုးရငွေရမ်းပေးသော ရှေ့နေများအတွက် ငွေရမ်းခတိုးမြှင့်သတ်မှတ်ပေးပါရန် လိုအပ်သောအကြောင်းပြချက်များအဖြစ် အောက်ပါတို့ကို ထည့်သွင်းဖော်ပြပါရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။

(၁) ယနေ့အထိ သတ်မှတ်ထားသည့် တည်ဆဲအခကြေးငွေ တစ်နေ့အတွက် (၅၀/-) မှာ ကွမ်းယာ တစ်ယာမျှသာ ဝယ်ယူရရှိနိုင်ပါသည်။

(၂) ယနေ့ လက်ရှိတွင် လက်ဖက်ရည်တစ်ခွက် (၂၅၀/-)၊ ထမင်းတစ်နပ်အနိမ့်ဆုံး (၁၀၀၀/-၊ ၁၃၀၀/) ဖြစ်နေပါသည်။

(၃) ယင်းသတ်မှတ်ခွင့်ပြုထားသည့် နှုန်းထားဖြင့် အမှုတစ်မှုကို ရက်ချိန်း(ရုံးချိန်း) ပေါင်း (၂၀) လိုက်ရပါမှ (၅၀/- + ၂၀ = ၁၀၀၀/-) မျှသာ ခံစားခွင့်ရှိပါမည်။

(၄) ထိုငွေကို ခံစားခွင့်ပြုရန် ဆောင်ရွက်ရသည့် ရှေ့နေမှ စာရင်းဇယားပြည့်စွက်၍ ထောက်ခံစာများဖြင့် တောင်းခံကြရာတွင် ကုန်ကျစရိတ်ပင်လျှင် (၁၀၀၀/-)မျှမက ကုန်ကျရန် ရှိနေသည် ဖြစ်၍ တောင်းခံမှုပင် မပြုကြတော့ပါ။

(၅) ခရိုင်ဥပဒေရုံးမှ အစိုးရငွေရှေ့နေအဖြစ် လိုက်ပါရန် အမည်စာရင်းတောင်းခံသည့်အခါတွင် လည်း လိုက်ပါဆောင်ရွက်ရန် ဆန္ဒရှိသူ အလွန်နည်းပါးသဖြင့် အမျိုးမျိုးချဉ်းကပ်စည်းရုံးပြီး ရွေးချယ်ပေးနေရပါသည်။

(၆) အထူးသဖြင့် ရှေ့နေဖြစ်စ (ဝါနုသေးသော) ရှေ့နေများကို လိုက်ပါစေရခြင်းက များသဖြင့် သေဒဏ်ထိုက်သောအမှုကြီးနှင့် ဝါနုရှေ့နေများအတွက် မလိုက်ဖက်၍ ခက်ခဲမှုများ ကြုံတွေ့

www.burmeseclassic.com

www.burmeseclassic.com





နေရပါသည်။

(၇)သို့ဖြစ်ပါ၍ သေဒဏ်ထိုက်သင့်သည့် ပြစ်မှုဖြင့် စွဲဆိုခံရသော ဆင်းရဲနွမ်းပါးသည့် တရားခံများအတွက် အစိုးရစရိတ်ဖြင့် ငှားရမ်းပေးသော ရှေ့နေများ၏ (တစ်နေ့အတွက် - တစ်နေ့တာ) ရှေ့နေလိုက်ပါဆောင်ရွက်ခများကို လက်ရှိကျရောက်ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်နှင့် လိုက်လျောညီထွေဖြစ်စေရန် အမှန်လိုအပ်ပါသည်။

(၈)ဝန်ထမ်းများအား ခံစားခွင့်လစာငွေများ၊ ပင်စင်လစာငွေများ တိုးမြှင့်ပေးဘိသကဲ့သို့ ချိန်ခွင်ညှာ ညီညွတ်မျှတစေရန်အတွက် သင့်လျော်သောနှုန်းထားအထိ တိုးမြှင့်သတ်မှတ်ပေးပါရန် အစီရင်ခံပန်ကြားအပ်ပါကြောင်း စသည်တို့ ဖြစ်ပါသည်။

အစိုးရစရိတ်ဖြင့် ရှေ့နေလိုက်ပါသူများကို အချင်းချင်းကပင်လျှင် တစ်နေ့လိုက်ခါ ဘယ်လောက်ရသလဲဟု သိလျက်နှင့်ပင် ရယ်သွမ်းသွေး၍ မေးတတ်ကြပါသေးသည်။ အမှန်တကယ်ပင် ရယ်စရာသဖွယ် ဖြစ်နေပါသည်။

၁၉၉၃ ခုနှစ်မတိုင်မီက တစ်နေ့အတွက် ရှေ့နေလိုက်ပါဆောင်ရွက်ခအဖြစ် (၂၅/-) နှုန်း သတ်မှတ်ခဲ့ရာ ထိုခေတ်၊ ထိုအခါ၊ ထိုအချိန်ကာလက ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှင့်ပဲတွက်ကွက်၊ စပါးဈေးနှင့်ပဲတွက်တွက်၊ သစ်ဈေးနှင့်ပဲတွက်တွက် မည်ရွေ့မည်မျှ တန်ဖိုးရှိသည်ကို နှိုင်းယှဉ်ကြည့်လျှင် သိနိုင်ပါသည်။

ထို့အတူ ၁၉၉၃ ခုနှစ်၊ ရှေ့နေရုံး၏ (၁၂-၃-၁၉၉၃) ရက်စွဲပါ အမိန့်ကြေငြာစာအမှတ် (၁/၉၃) ဖြင့် ပြင်ဆင်သတ်မှတ်သည့် ရှေ့နေလိုက်ပါဆောင်ရွက်ခွင့်နှုန်းထားကို (တစ်နေ့-တစ်မှုအတွက်) (ပထမနေ့ ၇၅/-) နှုန်း၊ ကျန်နေ့ရက်များအတွက် (၅၀/-)နှုန်းအထိ တိုးမြှင့်သတ်မှတ်ပေးခဲ့သည့်ငွေကိုလည်း ယနေ့ ကွမ်းတစ်ယာဈေး၊ လက်ဖက်ရည်တစ်ခွက်ဈေး၊ ထမင်းတစ်နပ်ဈေး၊ ဘယ်ဈေးနှင့်တွက်တွက် သင့်တင့်မျှတမှုရှိ၊မရှိကို ချင့်ချိန်တွက်ကြည့်လျှင် သိနိုင်ပါသည်။

အကယ်၍သာ လျော်ကန်သင့်မြတ်သောနှုန်းထားအထိ ပြင်ဆင်သတ်မှတ်ပေးမည်ဆိုပါက ဆင်းရဲနွမ်းပါးသော တရားခံများအတွက်လည်းကောင်း၊ လိုက်ပါအကျိုးဆောင်ပေးရသော ရှေ့နေများအတွက်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ အမှန်တရားအတွက် ဥပဒေနှင့်အညီ ဆုံးဖြတ်ချက်ပေးရမည့် တရားရုံးများအတွက်လည်းကောင်း သုံးပွင့်ဆိုင် သုံးနားညီ အကျိုးရှိမည် ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတော်အတွက်လည်း တရားရေးမဏ္ဍိုင် မယိုင်မလဲ ပိုမိုခိုင်မြဲစေနိုင်ပါသည်။

သမ္မတကြီးဦးသိန်းစိန်ခေါင်းဆောင်သည့် ယခု အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်အတွက် အကျိုးရှိသော ပြုပြင်ပြောင်းလဲမှုများ သိသာထင်ရှားစွာ တွေ့မြင်နေရပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာတို့မှ သေဒဏ်ထိုက်သင့်သည့် ပြစ်မှုဖြင့် စွပ်စွဲခံရသော ဆင်းရဲနွမ်းပါးသည့် တရားခံများအတွက် အစိုးရစရိတ်ဖြင့် ငှားရမ်းသော ရှေ့နေများ၏ တစ်နေ့တာအခကြေးငွေ (ချီးမြှင့်ငွေ)နှုန်းထားကို တိုးတက်ပြောင်းလဲနေပြီဖြစ်သော ခေတ်နှင့်အညီ လျှော်ကန်သင့်မြတ်သော နှုန်းထားအထိ တိုးမြှင့်သတ်မှတ်ပေးသင့်ပါကြောင်း ထပ်လောင်းရေးသား တင်ပြအပ်ပါသည်။

နိဂုံးအနေဖြင့်မူ "တို့လည်းလိုက်မယ် ချန်မထားနဲ့" ဟုအစိုးရစရိတ်ဖြင့် ငှားရမ်းသော ရှေ့နေများ၏ အခကြေးငွေနှုန်းထားက ကြုံးဝါးကြွေးကြော် ဟစ်အော်နေဘိသို့ ရှိနေပါကြောင်း။

တင်ဖေသော်(သထုံ)






www.burmeseclassic.com

www.burmeseclassic.com





# အရောင်နှင့် စိတ်ရိုင်း ခက်ထန်မှုကို ဟန့်တားနည်း

အကျဉ်းထောင် အခန်းများ၏ အတွင်းနံရံများကို ပန်းရောင်ဆေး သုတ်သင့်သည်ဟု သတ္တဗေဒလူမှုဆက်ဆံရေး သုတေသန ညွှန်ကြားရေးမှူး 'အလက်ဇန္ဒားရှော' က ဆိုသည်။ ပန်းရောင်မြင်ကွင်းသည် ဟော်မုန်းဖြစ်ထွန်းမှုကို ပြောင်းလဲစေသည်။ ထို့ကြောင့် စိတ်ရိုင်းဝင်မှုများကို လျော့နည်းစေသည်ဟု ထုတ်ဖော်သည့် ကယ်လီဖိုးနီးယားပြည်နယ်၊ ဆန်ဂျို့စ်တောင်မှ အုပ်ချုပ်ရေးမှူး ပေါလ်ဘက်ကာက ထိုအချက်ကို လက်တွေ့စမ်းသပ်ကြည့်သည်။ ဤသို့ ပန်းရောင်ဆေးသုတ်ထားသော အကျဉ်းခန်းထဲသို့ အကျဉ်းသားများကို ထည့်၍ လေ့လာကြည့်ရာတွင် -

- ပထမ ၁၅ မိနစ်အတွင်း ရလိုသောအမူအရာများ နည်းပါးသွားသည်။ သို့ရာတွင် မိနစ် ၂၀ ကြာသောအခါ ရန်လိုသော စိတ်များ ပြန်လည်ပေါ်လာမည်။ ၃ နာရီကြာအောင် ထားလိုက်သောအခါ အကျဉ်းသားအချို့သည် အုတ်နံရံမှ ပန်းရောင်ဆေးသားများကို ခြစ်ခွာပစ်ကြလေသည်။ သို့ဖြင့် သူ၏ လက်တွေ့စမ်းသပ်ချက်အရဆိုလျှင် ပန်းရောင် အကျဉ်းခန်းထဲတွင် အကျဉ်းသားများကို ၁၀ မိနစ်နှင့် ၁၅ မိနစ်ကာလအတွင်းသာ ထားသင့်ကြောင်းဖြင့် ဆန်ဂျို့ထောင်မှ အုပ်ချုပ်ရေးမှူး ပေါလ်က ထုတ်ဖော်ပြောကြားသည်။


TIME, NEWS MAGAZINE

www.burmeseclassic.com

www.burmeseclassic.com



ကျော်မိုး




www.burmeseclassic.com

www.burmeseclassic.com



ပန်းတနော် ကျော်မြို့

# လက်ကောက်တစ်ကွင်းနှင့် ချစ်ခြင်းဖွဲ့မာယာ

ရေဝတီမြို့မှာနေသော ကျွန်တော်သည် ဆွေမျိုးများရှိရာ ပြည်တော်အေးရွာသို့ အလည်ရောက်ရှိနေသည်မှာ (၃) ရက်ရှိပြီဖြစ်၏။ မရောက်သည်မှာ ကြာပြီဖြစ်၍ ကွဲကွာနေကြသော ညီကိုမောင်နှမများက ကျွန်တော့်ကို နွေးနွေးထွေးထွေးနှင့် ဧည့်ဝတ်ကျေပွန်ကြပါသည်။

ကျွန်တော်ရောက်ရှိသွားသည့် အချိန်မှာ နွေရာသီကိုင်းသိမ်းချိန်ဖြစ်၏။ ရွာမှာ စိုက်ပျိုးသီးနှံများ ဖြစ်ထွန်းအောင်မြင်နေကြ၏။ ဝင်ငွေကောင်းပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်လျက်ရှိကြသည်။ ထိုရွာနှင့် ရွာနီးချုပ်စပ်တို့မှာ အလှူမင်္ဂလာပွဲများဖြင့် စည်ကားသာယာနေကြပါသည်။

◆◆◆

ကျွန်တော့်ဘကြီးဖြစ်သူ ဦးစံမောင်အိမ်တွင် နေထိုင်သည့် နောက်ဆုံးည ဖြစ်သည်။

ကျွန်တော်သည် နောက်နေ့ နံနက်စောစောမှာ မြို့သို့ပြန်တော့မည်ဖြစ်သည်။ အိမ်မှာရှိသည့် မိသားစုများနှင့် ည (၉)နာရီ အချိန်ထိ ရေနွေးသောက်ရင်း စကားပြောကြပြီးနောက် အိမ်အပေါ်ထပ်သို့ တက်ရောက်ပြီး အိပ်ရာဝင်ခဲ့သည်။

(၁၅)မိနစ်ခန့် အချိန်ကြာသွားမည်ထင်သည်။ အိပ်ရာပေါ်တွင် အိပ်မပျော်နိုင်သေးဘဲ ရှိနေခဲ့သည်။

အိပ်ရာပေါ်တွင် လှဲနေရင်း အတန်ငယ်ကြာချိန်မှာ အိမ်အောက်ထပ်ဆီမှ စကားပြောသံ၊ လှုပ်ရှားသံများ ကြားလိုက်ရသည်။ ထိုအသံများမှာ ထူးခြားဟန်ရှိနေ၍ ဂရုစိုက်နားစွင့်နေမိလိုက်သည်။

"စည်းကမ်းမှုမရှိဘဲ ကိုယ့်ပစ္စည်းကို ထားချင်ရာထား၊ ဟိုမေ့ ဒီမေ့နဲ့ အိမ်ကိုလည်း ရွာထဲက ဘယ်သူမှ လာတာမဟုတ်ဘူး။ စဉ်းစားလည်းကြည့်ဦး။ အလှူကပြန်တော့ ကိုယ့်လက်မှာပါလာတယ် မပါလာဘူးကောသိရဲ့လား။ အခု ပျောက်တဲ့ ပန်းလက်ကောက်က

www.burmeseclassic.com



နည်းတဲ့တန်ဖိုးမဟုတ်ဘူး။ တစ် ကျပ်သားရှိတယ်''

ကြားရသောအသံမှာ ဘကြီး စံမောင်၏သမီးအကြီး မအေး ဟန်၏အသံဖြစ်သည်။ အိမ်မှာ ရွှေလက်ကောက်တစ်ကွင်း ပျောက်နေကြောင်း သိလိုက်ရ သည်။ ပြောဆိုနေသည့် စကား အရ မအေးဟန်၏ ညီမ မမြ ကြည် မနက်ပိုင်းက ဝတ်စား ဆင်ယင်ပြီး ရွာထဲက အလှူပွဲ သို့ သွားခဲ့သည်။ အလှူက ပြန်လာပြီးနောက် ညအချိန် ရောက်မှ လက်ကောက်ပျောက် ကြောင်း သိရ၍ အစ်မဖြစ်သူ က ညီမဖြစ်သူကို မကျေမနပ် နှင့် ဆူပူနေခြင်း ဖြစ်သည်။ ညီ မဖြစ်သူ မမြကြည်ထံမှ တစ် ချက် တစ်ချက် ပြောသံကို ကြားရသော်ငြား သဲသဲကွဲကွဲ မရှိ လှ။

အချိန်အတော်ကြာမျှ ပြော ဆိုဆူပူလှုပ်ရှားသံတွေ ကြားနေ ရပြီး ညဉ့်နက်ချိန်ရောက်မှ တိတ် ဆိတ်ငြိမ်သက်သွားကြသည်။

ကျွန်တော့်မှာ မိမိတည်းခို အိမ်မှ ပစ္စည်းပျောက်သည့် ကိစ္စ ကို စိတ်မကောင်း ဖြစ်နေရပြီး

**ကျွန်တော့်မှာ မိမိတည်းခိုအိမ်မှ ပစ္စည်းပျောက်သည့် ကိစ္စကို စိတ်မကောင်း ဖြစ်နေရပြီး**

မည်သည့်အချိန်မှာ အိပ်ပျော် သွားသည်ကိုပင် မသိလိုက်ပေ။

အရုဏ်တက်ချိန်ရောက် သည်နှင့် အိပ်ရာမှ နိုးခဲ့သည်။ မြို့သို့ပြန်ရန် အိမ်အောက်ထပ် ဆင်းပြီး ပြင်ဆင်ရတော့သည်။ ပြင်ဆင်နေချိန်မှာ အိမ်သားများ လည်းနိုးလာကြသည်။

ညက ရွှေထည်ပစ္စည်း ပျောက်သည့်ကိစ္စကို သူတို့ထံမှ ဘာမျှပြောဆိုခြင်း မရှိသလို၊ ကျွန်တော်ကလည်း စွက်ဖက် မမေးမြန်းဘဲ နေမိခဲ့သည်။ မော် တော်ဆိပ်သို့ဆင်းရန် အဆင်သင့် ဖြစ်သည်နှင့် မိသားစုအားလုံးကို နှုတ်ဆက်ပြီး အိမ်ပေါ်မှ ဆင်းခဲ့ သည်။ မိသားစုများနှင့် နှုတ် ဆက်ချိန်မှာ ကျွန်တော့်အပေါ် သံယောဇဉ်စိတ်နှင့် လိုက်လိုက် လှဲလှဲ ဆက်ဆံပြောဆိုကြသော် လည်း ထိုမိသားစုမှာ သူတို့ သောကနှင့်သူတို့ ရှိနေကြ၍ မျက်နှာတွေ မကောင်းကြသည် ကို တွေ့ရှိခဲ့ရပါသည်။

◆◆◆

''ရှင်သူငယ်ချင်း ကိုအောင်လှက ပြန်မရောက် သေးဘူးလားလို့ ညနေတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ရွှေထည်ပစ္စည်း လာရောင်းသည့် လူငယ်မှာ အသက် ၂၀ ဝန်းကျင်လောက်သာ ရှိဦးမည်ထင်သည်။ သူ့ရုပ်ရည်အသွေး အသွေးကိုကြည့်ပြီး ကျွန်တော်က လူငယ်ကို စပ်စုမိလိုက်သည်။

လာမေးရှာတယ်''

မြို့ကို ပြန်ရောက်သည်နှင့် အိမ်မှ ဇနီးသည်က ပြောလာသည်။

ဇနီးသည်ပြောသည့် ကိုအောင်လှမှာ ကျွန်တော်၏ ငယ်ပေါင်းသူငယ်ချင်း ဖြစ်၏။ သူက ယခု ကျွန်တော့်ဖခင်၏ တပည့်လည်း ဖြစ်သည်။ ဖခင်ထံတွင် ပန်းတိမ်လုပ်ငန်းကို သင်ခဲ့ပြီး သူ့အိမ်မှာ ပန်းထိမ် လုပ်ငန်းလုပ်ကိုင်လျက် ဈေးထဲမှာ ရွှေဆိုင်ဖွင့်ထားသည်။

မြို့ပြန်ရောက်ပြီး နောက်နေ့ မနက်ပိုင်းအချိန်မှာ မြို့ထဲရှိ မာလာမြိုင်ဈေးရုံကြီးထဲသို့ ရောက်ရှိသွားသည်။

ဈေးရုံထဲရှိ ရွှေဆိုင်တန်းဘက် ဝင်သွားသည်နှင့် ဆိုင်အသီးသီးတွင် ပသပူဇော်ထွန်းညှိထားကြသည့် စပယ်ပန်း၊ နှင်းဆီပန်း၊ အမွှေးတိုင်ရနံ့တို့မှာ မွှေးထုံသင်းပျံ့လျက်ရှိကြပြီး မှန်ဗီရိုထဲမှ ခင်းကျင်းပြသထားသော စိန်ရွှေရတနာ ပစ္စည်းတို့မှာလည်း ဝင်းလက်တောက်ပလျက် ရှိနေကြသည်။

လျှောက်လာရင်း အောင်လှတစ်ယောက် သူ့ဆိုင်ပေါ်တွင် ထိုင်လျက်ရှိနေသည်ကို တွေ့လိုက်ရသည်။ အောင်လှက။

''မင်းတောသွားတာ ကြာလှချည်လား။ ငါလည်း မင်းကို မျှော်နေတာ''

ကျွန်တော်က ဆိုင်ထဲဝင်ပြီး မှန်ဘီရိုနောက်ရှိ အောင်လှဘေးတွင် ဝင်ထိုင်လိုက်သည်။

''ခဏကြာရင် တို့အိမ်က တစ်ယောက် ယောက်လာလိမ့်မယ်။ သူတို့လာရင် ဆိုင်မှာထားခဲ့ပြီး လက်ဖက်ရည်ဆိုင်သွားကြမယ်''

ကျွန်တော်နှင့် အောင်လှမှာ မကြာမကြာ ဆုံတွေ့တတ်ကြသလို တွေ့ဆုံသည့်အခါတိုင်း လက်ဖက်ရည်ဆိုင်သို့ သွားပြီး စကားပြောနေကြဖြစ်၏။ အမှန်တော့ အောင်လှမှာ သူ့ရွှေဆိုင်မှာ အမြဲထိုင်လေ့မရှိပါ။ သူ့မိသားစုထဲမှ တစ်ဦးတစ်ယောက် ရောက်လာပြီး ဆိုင်မှာထိုင်ကာ ရောင်းဝယ်လေ့ရှိပါသည်။

ကျွန်တော်တို့ နှစ်ယောက် ဆိုင်ထဲတွင် စကားစမြည်ပြောနေကြခိုက် လူငယ်တစ်ယောက်ဆိုင်ရှေ့ရောက်လာပြီး-

''ရွှေထည်ပစ္စည်း တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ရောင်းချင်လို့ဗျာ ဝယ်ပါသလား''

''အေး ဝယ်တယ်''

အောင်လှက ပြန်ပြောလိုက်၍ လူငယ်က ဆိုင်ရှေ့ ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပြီး သူ့မှာ ပါလာသည့် လွယ်အိတ်ထဲမှ ပစ္စည်းတစ်ခုကို ထုတ်ပေးသည်။

ပန်းလက်ကောက် တစ်ကွင်းပင်ဖြစ်သည်။

ကိုအောင်လှက ပစ္စည်းကို ကိုင်တွယ်စစ်ဆေး ကြည့်ရှုချိန်ဆလိုက်ပြီး မှန်ဗီရိုပေါ်ရှိ ချိန်ခွင်လေးထဲမှာ ထည့် ချိန်လိုက်သည်။

''တစ်ကျပ်သားရှိတယ်၊ အထည်ပျက် ရွှေဟောင်းဈေး (....) ဈေးနဲ့ ဝယ်တယ်''

လူငယ်က လက်ခံသည့်အနေဖြင့် ခေါင်းညိတ်သည်။

အောင်လှက လက်ကောက်ကို သူ့အင်္ကျီအိတ်ထဲသို့ ထည့်လိုက်ပြီး ....

''ငါ့ညီရောင်းတဲ့ ပစ္စည်းဖိုး ငွေချေဖို့ ဆိုင်မှာရှိတဲ့ငွေနဲ့ မပြည့်စုံဘူး။ လိုတဲ့ငွေကို အိမ်ပြန်ယူရဦးမယ်။ ငါ့ညီဆိုင်မှာ ခဏစောင့်ပါ။ ကျော်ငွေလည်း ဆိုင်မှာခဏစောင့်ကွာ။ ငါအိမ်ပြန်ပြီး ငွေယူမှာမကြာပါဘူး။

အောင်လှက လူငယ်နှင့် ကျွန်တော့်ကို ပြောဆိုပြီး ဆိုင်မှ ထွက်သွားသည်။ ကျွန်တော်တို့ နှစ်ယောက် ဆိုင်မှာ ကျန်ရစ်ခဲ့ကြသည်။

ရွှေထည်ပစ္စည်းလာရောင်းသည့် လူငယ်မှာ အသက် ၂၀ ဝန်းကျင်လောက်သာ ရှိဦးမည်ထင်သည်။ သူ့ရုပ်ရည်အသွေးအမွေးကိုကြည့်ပြီး ကျွန်တော်က လူငယ်ကို စပ်စုမိလိုက်သည်။

''ငါ့ညီက ဧည့်သည် ထင်တယ်''

''ဟုတ်ပါတယ်''

''ဘယ်မှာနေတာလဲ''

''ပြည်တော်အေး ရွာမှာနေတာပါ''


''ပြည်တော်အေးရွာ''

လူငယ်စကားကြောင့် ပြည်တော်အေးရွာ နာမည်ကို မိမိနှုတ်မှ လွတ်ခနဲ ထွက်သွားမိသည်။

ပြည်တော်အေးရွာမှ မပြန်မီညက ကျွန်တော်ညအိပ်ခဲ့သည့် အိမ်တွင်လက်ကောက်ပျောက်သည့်ကိစ္စကို ပြန်သတိရမိသွားသည်။

လူငယ်နှင့် စကားမပြောတော့ဘဲ ကိုယ့်အတွေးနှင့်ကိုယ် ရှိနေရင်း အတန်ငယ်အကြာမှ အောင်လှရောက်လာသည်။ သူနှင့်အတူ သူ့ညီမဖြစ်သူလည်း ပါလာသည်။

အောင်လှက သူဝယ်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့် ရွှေထည်တန်ဖိုးငွေကို လူငယ်အား ပေးချေသည်။ လူငယ်က ငွေများကိုယူပြီး သူ့လွယ်အိတ်ထဲထည့်ကာ ဆိုင်မှထွက်သွားလေသည်။

"ကဲ ငါတို့အပြင်သွားကြမယ်။ ဆိုင်မှာ ထိုင်မယ့်သူရောက်ပြီ" ဆိုင်မှာအောင်လှ၏ ညီမဖြစ်သူကို ထားခဲ့ပြီး ကျွန်တော်တို့ နှစ်ယောက် ထွက်ခဲ့ကြသည်။

ကျွန်တော်တို့ နှစ်ယောက် ဈေးရုံအပြင်ဘက် ကမ်းနားလမ်းရှိ သောက်နေကျ လက်ဖက်ရည်ဆိုင်မှာ ထိုင်မိကြသည်။ လက်ဖက်ရည်သောက် စကားပြောကြရင်း နာရီဝက်ခန့် ကြာသွားချိန်မှာ-

"အောင်လှ ငါဒီနေ့တော့ အချိန်သိပ်မရဘူးကွ၊ အိမ်မှာ ကိစ္စလေး နည်းနည်းရှိလို့ ပြန်ဦးမယ်။ ဒီမနက်က ငါပြန်လာပြီဆိုတာ မင်းသိအောင် ထွက်လာတာ"

ကျွန်တော်တို့ နှစ်ယောက် လက်ဖက်ရည်ဆိုင်မှာ အမြဲလိုလို အချိန်တစ်နာရီ ကျော်ကြာအောင် ထိုင်တတ်လေ့ရှိသည်မို့

**လူငယ်တစ်ယောက် မြို့ကရွှေဆိုင်မှာ လက်ကောက် လာရောင်းချသည့် အကြောင်းနှင့် လာရောင်းသူ၏ ရုပ်ရည်ပုံပန်းသဏ္ဌာန်**



အောင်လှကို ရုတ်တရက် ပြောလိုက်ရ၍ အားနာစရာတော့ ဖြစ်ရသည်။

"မင်း ကိစ္စရှိလည်း ပြန်ကြမယ်လေ"

အောင်လှက ဆိုင်မှစားပွဲထိုးလူငယ်အား လက်ဖက်ရည်ဖိုးရှင်းပေးအပြီးမှာ ဆိုင်မှထွက်လိုက်ကြပြီး ကျွန်တော်တို့နှစ်ယောက် လမ်းခွဲခဲ့ကြပါတော့သည်။

◆◆◆

ခွေမျိုးများရှိရာ ပြည်တော်အေးရွာသို့ အလည်သွားပြီး မြို့ပြန်ရောက်ခဲ့သည်မှာ ၁လကြာပြီဖြစ်၏။ ထိုပြန်ရောက်နေသည့် လအတွင်းမှာ ပြည်တော်အေးရွာမှ အစ်မကြီး မမြဟန်တို့ မိသားစုကို မြို့မှာနေသည့် ကျွန်တော့်ထံ ရောက်လာကြလိမ့်မည်ဟု မျှော်လင့်မိခဲ့သည်။ အကြောင်းမှာ အစ်မကြီးမမြဟန်တို့အိမ်မှ လက်ကောက်ပျောက်သည့် ကိစ္စနှင့် ပတ်သက်သည့်သတင်းကို သိချင်နေမိသည်။

ကျွန်တော်သည် ပြည်တော်အေးရွာမှ မြို့ကိုပြန်ရောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့မနက် သူငယ်ချင်းဖြစ်သူ အောင်လှရွှေဆိုင်သို့ ရောက်သွားစဉ်မှ လူငယ်တစ်ယောက် ရွှေလက်ကောက်တစ်ကွင်း လာရောင်းသွားသည်ကို သံသယဖြစ်မိခဲ့သည်။ ထိုနေ့မနက်ပိုင်းက အောင်လှနှင့် လက်ဖက်ရည်ဆိုင်သို့ သွားပြီးနောက် ဆိုင်မှာအချိန်ကြာကြာ မထိုင်လိုဘဲ အောင်လှကို အိမ်ကိစ္စ အကြောင်းပြပြီး လူချင်းခွဲခဲ့ကြသည်။ ထို့နောက် ပြည်တော် အေးရွာမှ အစ်မကြီး မမြဟန်ထံသို့ စာတစ်စောင်ရေးပြီး မော်တော်နှင့် စာထည့်ပေးပို့ခဲ့သည်။

စာထဲတွင် လူငယ်တစ်ယောက် မြို့ကရွှေဆိုင်မှာ လက်ကောက် လာရောင်းချသည့် အကြောင်းနှင့် လာရောင်းသူ၏ ရုပ်ရည်ပုံပန်းသဏ္ဌာန် အနေအထားစသည်ဖြင့် ပြည့်ပြည့်စုံစုံ ဖော်ပြပါရှိခဲ့သည်။

စာရေးပို့ပြီးနောက်ပိုင်းမှာ ဘာသတင်းမျှ မကြားရ၊ ရေးပို့လိုက်သည့်စာမှာ မရောက်၍လား သို့တည်းမဟုတ် ပျောက်သည့်ပစ္စည်းမှာ ပြန်တွေ့၍လား လက်ကောက် လာရောင်းသူအပေါ်မှာ မိမိသံသယလွဲမှားနေ၍လား စသည်တို့ကိုအကြောင်းရင်း ဖြစ်ရပ်မှန် မသိရသေး၍ စဉ်းစားတွေးတောစရာ ဖြစ်နေရပါသည်။

တစ်နေ့သော် မနက်ခင်းအချိန်မှာဖြစ်၏။ ကျွန်တော်သည် မြို့ထဲသို့သွားရင်း အောင်လှရွှေဆိုင်ဘက်သို့ မသွားရောက်သေးဘဲ ကမ်းနားဆိပ်ဆီသို့ ဆင်းခဲ့သည်။

ကမ်းနားဆိပ်တွင် ခရီးသွား ခရီးလာအလုပ်သမား ဈေးသည်များနှင့် စည်ကားလျက်ရှိနေကြသည်။ ဆိပ်ကမ်းစပ်တွင် အနယ်နယ်အရပ်ရပ်မှ ခရီးသည်တင် မော်တော်လေးများ ရောက်ရှိဆိုက်ကပ်နေကြပြီဖြစ်၍ ထိုမော်တော်များထဲတွင် အိုကေဝင်း မော်တော်လေးကို လှမ်းမြင်လိုက်ရသည်။

အိုကေဝင်းမော်တော်မှာ ပြည်တော်သာရွာနှင့် ရေဝတီမြို့ကို နေ့ချင်းပြန် ပြေးဆွဲနေသည့် မော်တော်ဖြစ်၏။ မနက်ပိုင်း ၁၀ နာရီခွဲခန့် အချိန်မှာ ပြန်ထွက်ပေမည်။ မော်တော်ဆိုက်ကပ် နေသည်မှာ အချိန်သိပ်ကြာလှဟန် မရှိသေး။

ကမ်းစပ်ဆင်းပြီး မော်တော်ပေါ်သို့ ရောက်သွားတော့ မော်တော်ဝမ်းထဲမှာကုန်အနည်းငယ် ရောက်ရှိနေပြီး မော်တော်လက်တန်းဘေး တန်းလျားခုံပေါ်တွင် အသက် ၅၀ အရွယ်ရှိ ခရီးသည် တစ်ယောက်သာ ထိုင်နေသည်ကို တွေ့ရသည်။ ကျွန်တော်က တန်းလျားခုံပေါ်တွင် ထိုင်နေသူ နားသို့ သွားရောက်ထိုင်လိုက်ပြီး မေးလိုက်မိသည်။

"အစ်ကိုကြီးက ဘယ်သွားမှာလဲ"

"ငါက ပြည်တော်အေး ရွာကို ပြန်မှာ။ မြို့မှာဈေးလာဝယ်တာလေ၊ မင်းကကော ဘယ်လိုက်မှာလဲ"

ထိုင်နေသည့် သူက ဖော်ဖော်ရွေရွေနှင့်ပင် ပြန်လည်ဆက်ဆံကာမေးလာသည်မို့-

"ကျွန်တော်က မလိုက်ပါဘူး အစ်ကိုကြီးရယ်၊ အစ်ကိုကြီးက ပြည်တော်အေးရွာကဆိုတော့ မမြဟန်ကိုသိလား"

"ဟာ သိတာပေါ့၊ ရပ်ဆွေရပ်မျိုး တစ်ရွာတည်းသားတွေပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကုန်ခဲ့တဲ့ တစ်လကျော်လောက်က မမြဟန်တို့အိမ်က လက်ကောက်ပျောက်တဲ့ ကိစ္စ နောက်ပိုင်း ဘာသတင်းမှမကြားရလို့ပါ။ အစ်ကိုကြီးများ သိသလားလို့ မေးချင်လို့ပါ"

"ဩော်အေး အဲဒီကိစ္စက ပြီးသွားပါပြီ"

"ဘယ်လိုပြီးသွားတာလဲ"

ကျွန်တော်က တစ်ဖက်လူအပေါ် အားမနာဘဲ သိချင်သည့် အနေအထားသာ ဆန္ဒ ဇောနေမိသည်။ ထိုလူကလည်း စိတ်ရှည်လက်ရှည်နှင့် ပြန်ပြောပြပါသည်။

"ဒီလိုကွ… လက်ကောက်ပျောက်တဲ့ကိစ္စမှာ အတွင်းလူပါလို့ဖြစ်တာပါ။ ပြောရရင်တော့ ရွာထဲက မောင်ချစ်ထွေးဆိုတဲ့ လူငယ်လေးနဲ့ မမြဟန်ရဲ့ညီမ မမြကြည်တို့ လူငယ်ချင်းမေတ္တာမျှနေကြတာ နှစ်နှစ်လောက်ရှိကြပြီတဲ့။ သူတို့ နှစ်ယောက်က ခိုးပြေးကြဖို့ အစီ အစဉ်ရှိတယ်လို့ ပြောတယ်။ သူတို့ ခိုးပြေးကြပြီး ပြန်အပ်တဲ့အခါ မောင်ချစ်ထွေးက ရပ်ရွာ ဓလေ့ထုံးစံအတိုင်း ခန်းဝင်ပစ္စည်းလေးနဲ့ တင့်တောင်းတင့်တယ်ပြန်အပ်နိုင်ဖို့ မမြကြည်က မောင်ချစ်ထွေးကို သူ့လက်ကောက်ပေးပြီး ထုခွဲခိုင်းလိုက်တာပါ။ မမြကြည်က သူ့အိမ်ကိုတော့ တစ်ဖက်လှည့်နဲ့ ပျောက်သွားတယ်လို့ ပြောထားတယ်။ မောင်ချစ်ထွေးကလည်း ဆင်းရဲရှာတယ်။ ရွာထဲမှာ ကြွေးမြီကလည်းရှိတယ်။ မိခင်မုဆိုးမကြီးကိုလည်း လုပ်ကျွေး နေရရှာတယ်။ မမြကြည်ကလည်း မောင်ချစ်ထွေးကို ဒီလိုမှ မလုပ်ပေးရင် ပြန်အပ်နိုင်စွမ်း မရှိမှာစိုးလို့လုပ်ရတာ ဖြစ်မှာပါ။

ဒါပေမယ့် သူတို့နှစ်ယောက်ကံ မကောင်းရှာကြပါဘူး။ မြို့မှာလက်ကောက်သွားရောင်းတာ သိသွားလို့ ရွာလူကြီးအိမ်မှာ ရှင်းကြရတယ်။ မောင်ချစ်ထွေးက အမှန်အတိုင်း အစစ်ခံတဲ့အတွက် မမြဟန်က အမှုမှာ သူ့ညီမပါဝင်နေတာ သိလို့ အမှုဆက်မလုပ်တော့ဘဲ လက်ကောက် ရောင်းရတဲ့ငွေကိုသာ ပြန်ယူ ထားလိုက်ကြတယ်။ နောက်ပြီး မမြဟန်က သူ့ညီမကို မောင်ချစ်ထွေးနဲ့ သဘောမတူလို့ ကြပ်ကြပ်မတ်မတ်နဲ့ ထိန်းထိန်းသိမ်းသိမ်း လုပ်ထားလိုက်တော့ လူငယ်တွေ တစ်ဦးနဲ့တစ်ဦး ပြတ်စဲသွားကြပြီး အခုတော့ မောင်ချစ်ထွေးလည်း အိမ်ထောင်ကျသွားပြီ"

"ဟုတ်လား ဘယ်သူနဲ့လဲ"

ကျွန်တော်က နားထောင်နေရာမှ စိတ်ဝင်စားလျက် ဆက်မေးမိရာ–

"ရွာထဲက ဈေးဆိုင်က အပျိုကြီးမငွေခင်နဲ့ အိမ်ထောင်ကျသွားတာ။ မောင်ချစ်ထွေးကတစ်မျိုးတော့ ကောင်းသွားပါတယ်။ သူ့မှာ သူ့ဖခင်ကြီး မသေခင်ကမကျန်းမမာလို့ ဆေး



www.burmeseclassic.com

www.burmeseclassic.com



ကုစရာမရှိတဲ့ အတွက် အပျိုကြီး မငွေခင်ဆီက ချေးငှားခဲ့ရတဲ့ ကြွေးကော၊ ဈေးဆိုင်မှာ ကြွေး ယူစားတဲ့ ဈေးဖိုးကော ရှိတယ်။ သူ့မှာလုပ်လုပ်စားစားနဲ့ ပြန်ဆပ်နိုင်ဖို့ဆိုတာ မလွယ်ဘူးမဟုတ်လား။ မငွေခင်က ရုပ်ဆိုးပေမယ့် ပစ္စည်းရှိတယ်လေ။ နောက်ပြီး မောင်ချစ်ထွေးကိုလည်း တစ်ဖက်သတ် မေတ္တာရှိခဲ့ပုံရတယ်။ မောင်ချစ်ထွေးကလည်း မထူးတော့ပြီဆိုပြီး သူ့ဘဝအတွက် ဖန်တီးပြောင်းလဲလိုက်တယ်နဲ့ တူပါတယ်ကွာ''

ပြောပြသူ၏ စကားအဆုံးမှာတော့ ကျွန်တော့်၏ရင်မှာ မောကျန်ရစ်ခဲ့ရသည်။ မမျှော်လင့်သော စိတ်မကောင်းစရာ အကြောင်းအရာလေးတစ်ခု ဖြစ်နေသည်။

လက်ကောက်ပျောက်သည့် ကိစ္စမှာ ဤသို့သော သက်ရောက်ခြင်းအထိ ဖြစ်လာနိုင်မည်ဟု မထင်မိခဲ့ပါ။ မြို့သို့ လက်ကောက် လာရောင်းသည့် အကြောင်းကို ပြည်တော်အေး ရွာသို့ စာမရေးပို့မိဘဲ အမှုမဲ့နေလိုက်မည်ဆိုပါက မောင်ချစ်ထွေးနှင့် မမြကြည်တို့၏ ချစ်ခြင်းမှာ ကွဲကွာသွားကြမည် မဟုတ်သော်ငြား-

ထိုကဲ့သို့ စာမရေးပို့မိလျှင်လည်း ကျွန်တော့်အနေနှင့် သိလျက်နှင့် မျက်ကွယ်ပြုရာ တာဝန်မဲ့ရာ ကျရောက်ပေတော့မည်။

ကျွန်တော်သည် မြစ်ပြင်ဘက်ဆီသို့ တွေဝေငေးမော ကာ ထိုင်နေမိရင်း မော်တော်ပေါ်သို့ ခရီးသည်များ တစ်စတစ်စ ရောက်လာကြသည်ကို ဂရုပြုမိလိုက်သည်။ မကြာမီ မော်တော်ပြန်ထွက် တော့မည်ဖြစ်၍-

''အစ်ကိုကြီးရေ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦးဗျာ''


''အေး....အေး''

ထိုင်နေသူအား နှုတ်ဆက်ပြီးနောက် ကုန်းပေါ်သို့ ပြန်တက်ရောက်လျက် အိမ်သို့သာ တန်းပြန်ခဲ့ပါသည်။ ထိုနေ့မနက်က သူငယ်ချင်းဖြစ်သူ အောင်လှနှင့် မတွေ့ဖြစ်ခဲ့တော့ပါ။

ကျွန်တော်သည် ပြည်တော်အေးရွာသို့ မရောက်သည်မှာ ကြာပြီဖြစ်၏။ လွန်ခဲ့သော ၅ နှစ်ခန့်က ထိုဖြစ်ရပ်ကလေးကို မမေ့နိုင်သေးပါ။ အမှန်ဆိုရပါ မူ ထိုအချိန်က ကျွန်တော့်ရင်မှာ မဖော်ပြနိုင်သော ခံစားရသည့် အငွေ့ အသက်ကလေးများ စွဲငြိကျန်ခဲ့ပါသည်။

ယခုအချိန်တွင် အစ်မကြီး မမြဟန်၏ညီမ မမြကြည်တစ်ယောက် အိမ်ထောင်ကျနေပြီလား၊ မောင်ချစ်ထွေးနှင့် ဖူးစာလွဲခဲ့ရသည့်အတွက် တစ်ကိုယ်တည်း ဘဝနှင့်ပင် ရှိနေမည်လား ဆိုသည်ကို မသိပါ။

ပန်းတနော် ကျော့မိုး



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com





တောင်းဆိုးပလုံးဆိုးသာပစ်ရိုးထုံးစံရှိပေမယ့်
မူးယစ်နွံ့အတွင်းနစ်နေသောသားဆိုးတစ်ဦးကို

www.burmeseclassic.com

www.burmeseclassic.com



မိန်ဇောဟိက

# ရှောင်လေဝေးဝေး ရူးယစ်ဆေး

ကချင်ပြည်နယ်၏ ရာသီဥတုထဲတွင် မိုးရာသီကား အဆိုးဝါးဆုံးကာလရာသီဖြစ်သည်ဟု နယ်ခံများက ပြောကြားကြ၏။ မိုးအဆက်မပြတ်ရွာ၏။ တစ်နေကုန် မိုးဇွေနေတတ်၏။ မိုးအပြင် လေကပါ ပြင်းထန်စွာတိုက်ခတ်တတ်၏။ မိုးပြင်းလေပြင်းတိုက်ခတ်လျှင်သွားလာစရာအကြောင်းရှိက သွားလာမှုနှေး၏။ စိတ်ပျက်စရာကောင်းလှ၏ ဟု ဆိုကြ၏။

ယခုလည်း မိုးဇွေနေသောနေ့တစ်နေ့ ဖြစ်လေသည်။

ဗန်းမော်ရဲစခန်းမှ လှမ်း၍မြင်နေရသော တောင်တန်းကြီးငယ်များသည် မိုးမှုန်များအကြားတွင် ထီးထီးမားမားတည်ရှိနေပါ၏။ မှုန်ဝါးဝါးမြင်တွေ့နေရသည့် တောင်တန်းကြီးငယ်များအား စခန်း၌ နေ့တာဝန်မှူးအဖြစ် တာဝန်ထမ်းဆောင်နေသူ ဒုရဲအုပ်ဦးသိန်းရွှေသည် ငေးကြည့်နေရင်းမှ မိမိ၏ဇာတိဖြစ်သော ရန်ကုန်မြို့ကို လွမ်းနေမိသည်။ လွမ်းစိတ်ကလေးများက ဒုရဲအုပ်ဦးသိန်းရွှေအား ဖြစ်ပေါ်စေသည်။

ရန်ကုန်သားကြီး ဒုရဲအုပ်ဦးသိန်းရွှေသည် ရွှေကူရဲစခန်းမှ ဗန်းမော်ရဲစခန်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေသည်မှာ ခြောက်လခန့်သာ ရှိသေးသော်လည်း ငွေဖော်ထုတ်ဖမ်းဆီးအရေးယူခဲ့ရသည့် အမှုပေါင်းကား မနည်းတော့ပြီ။

လူသတ်မှု၊ လုယက်မှု၊ မုဒိမ်းမှု၊ ခိုးမှု၊ ရိုက်မှု စသည့် အမှုကြီးငယ်များအား တာဝန်အရဖြေရှင်းခဲ့ရ၏။ အထက်လူကြီးများ၏ ချီးကျူးမှုကို အကြိမ်ကြိမ်ခံရကာ နာမည်ကောင်းလက်မှတ်များလည်း အကြိမ်ကြိမ်ရခဲ့၏။

ဒုရဲအုပ်ဦးသိန်းရွှေ၏ တာဝန်ဝတ္တရားကျေပွန်မှု၊ နယ်သူနယ်သားအပေါင်းအား လိုက်လျောညီထွေစွာ ဆက်ဆံမှု၊ ရိုးသားဖြောင့်မတ်မှု၊ မှန်ကန်သော အကူအညီပေးမှု၊ ဘာသာရေးကိုင်းရှိုင်းမှုများကြောင့် ဒုရဲအုပ်ဦးသိန်းရွှေအား တစ်နယ်သားလုံး ချစ်ခင်ရိုသေ၊ လေးစားကြ၏။

သို့သော် ဒုရဲအုပ်ဦးသိန်းရွှေသည် ဘဝင်မြင့် မာန်ထောင်လွှားခြင်း အလျဉ်းမရှိဘဲ မိမိ ကိုင်တွယ်ဖြေရှင်းရမည့် တာဝန်အား သင်တန်းမှ ချမှတ်ပေးလိုက်သည့် အသိ၊ ပညာတို့ဖြင့် ချင့်ချိန်စဉ်းစားဝေဖန်၍ စနစ်တကျ လုပ်ကိုင်သဖြင့် ငှင်းကိုင်တွယ်ဖြေရှင်းရသည့် အမှုကိစ္စကြီးငယ်မဟူ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးအဆင်ပြေ၏။ တစ်ဖက်လူကို အကူအညီပေးနိုင်သ၍ ပေး၏။

ယခုလည်း ဒုရဲအုပ်ဦးသိန်းရွှေသည် စခန်း၌ နေ့တာဝန်မှူးအဖြစ် တာဝန်ထမ်းဆောင်နေခိုက် ရဲတပ်သားသစ်ကလေး မောင်ကျော်သန်း၏ လာရောက်သတင်းပို့စကားကြောင့် အတွေးစိတ်ကလေးများ ပြေပျောက်သွားလေသည်။ တပ်သားသစ်ကလေးအား ဤသို့ ပြန်မေးမြန်းမိလေသည်။

"ဘယ်လို ... ပြန်ပြောစမ်းပါဦးကွ ကောင်လေးရ"

"ဆရာကြီးတို့နဲ့ တွေ့ပါရစေဆိုပြီး လူသုံးယောက်စာ ဝင်ခွင့်တောင်းနေတယ် ဆရာကြီး"

ဟု ရိုသေလေးစားစွာ ပြောလေသည်။ ဒုရဲအုပ်ဦးသိန်းရွှေက

"ကိစ္စရှိလို့နဲ့ တူတယ်။ အထဲလွှတ်လိုက်ကွာ"

ဟုပြောဆိုကာ ဂိတ်ဝသို့ လှမ်းကြည့်လိုက်သည့်အခါ အရပ်ပုပုဝဝက တစ်ယောက်။ အရပ်ပိန်ပိန်ရှည်ရှည်နှင့်လူက တစ်ယောက်၊ မိန်းမကြီးက တစ်ယောက် စုစုပေါင်း သုံးယောက်ကို မြင်တွေ့ရလေသည်။

"သူတို့ရဲ့သားက အခု ဘိန်းဖြူသားကောင် ဖြစ်နေပြီ ဆရာကြီးရဲ့။ အဲဒါ ဆရာကြီးတို့ ကူညီပါခင်ဗျာ"

အချိန်အနည်းငယ်အတွင်း ထိုသုံးယောက် ၎င်း၏ရှေ့မှောက်သို့ ရောက်ရှိလာကာ အရပ်ပုပုဝဝနှင့်လူက ဤသို့ပြောကြားလေသည်။

"ကျွန်တော့်နာမည် စိုးမောင်။ မလှလာကျေးရွာဥက္ကဋ္ဌပါ ဆရာကြီး။ သူက ဦးအိုက်စံ၊ ဒါက သူ့ရဲ့မိန်းမ ဒေါ်သန်းမေပါ"

ဟု ကျွန်လူများနှင့် မိတ်ဆက်ပေးလေသည်။ ဒုရဲအုပ်ဦးသိန်းရွှေက ...

"ကျုပ်တို့ ဘာအကူအညီပေးရမလဲ"

"ဒီလိုပါဆရာကြီး။ အခုလာရတာက သူတို့ရဲ့သား ရဲမောင်ကိစ္စပါခင်ဗျာ။ သူတို့ရဲ့သားက အခု ဘိန်းဖြူသားကောင်ဖြစ်နေပြီ ဆရာကြီးရဲ့။ အဲဒါ ဆရာကြီးတို့ ကူညီပါခင်ဗျာ"

ဒုရဲအုပ်ဦးသိန်းရွှေက ဤသို့ ပြောလေ၏။

"ခက်တယ်ဗျာ။ ကျုပ်တို့ကို အပ်ရင် ကျုပ်တို့က တာဝန်အရ လုပ်ရမှာဆိုတော့ ခင်ဗျားတို့ စဉ်းစားကြပါ။ ကောင်လေး

www.burmeseclassic.com

www.burmeseclassic.com



အတွက်လည်း ထည့်ပြီးစဉ်းစားကြပါဦး"

ထိုအခါ ဦးအိုက်စံ၏ဇနီးသည်က ဤသို့မျက်ရည်ကလေးကျ၍ ပြောလေသည်။

"ကျွန်မတို့သားကလေး ဒီအဖြစ်မျိုးရောက်တာ ကျွန်မတို့အပြစ်ပါ ဗိုလ်ကြီးရယ်။ ကျွန်မတို့မှာက ဒီသားလေးတစ်ယောက်ပဲ ရှိတာဆိုတော့ အလိုလိုက်မိတာပေါ့ ဗိုလ်ကြီးရယ်။ အခု သားက အိမ်မှာလည်း ဒုက္ခအမျိုးမျိုးပေးနေတယ် ဗိုလ်ကြီးရဲ့။ ပစ္စည်းတွေ ခိုးရောင်း၊ မိဘနာမည်တွေ သုံးပြီး ငွေချေး သုံးဖြုန်း မူးယစ်ဆေးထိုးလုပ်နေတယ်။ ကျွန်မတို့လည်း မနိုင်တော့ဘူး။ နောက်ဆုံး ဒီဥက္ကဋ္ဌကြီးက ဗိုလ်ကြီးတို့ဆီ အကူအညီတောင်းဆိုလို့ အခုလို လာခဲ့ရတာပါရှင်။ ကျွန်မတို့ကို ကူညီပါ ဗိုလ်ကြီးရယ်"

ဟု ပြောလေ၏။ ဒုရဲအုပ်ဦးသိန်းရွှေက …

"အကောင်းဆုံးကတော့ ခင်ဗျားတို့ရဲ့သားကို ဆရာဝန်နဲ့ပြသပြီး ကုလိုက်ရင် အဆင်ပြေနိုင်ပါတယ်။ ကျုပ်တို့ကတော့ တာဝန်အရ လုပ်ရရင် ခက်ကုန်မယ်။ ဆရာဝန်နဲ့ အရင်ပြကြည့်ဗျာ"

ဟု အကြံဉာဏ်ပေးသော် ၄င်းတို့လည်း တစ်ဦးမျက်နှာ တစ်ဦးကြည့်ကာ ဒုရဲအုပ်ဦးသိန်းရွှေအား မလူလာဥက္ကဋ္ဌ ဦးစိုးမောင်က ဤသို့ပြောဆိုလေသည်။

"သူတို့သားကို ဆရာဝန်နဲ့ ပြသကုသပြီးပါပြီ။ ဒါပေမဲ့ မရဘူးဆရာကြီးရဲ့။ အခု ပိုဆိုးလာလို့ ဆရာကြီးတို့ဆီ လာရတာပါ။ အကူအညီပေးပါခင်ဗျာ"

"ဒါက ဒီလိုရှိတယ် ဥက္ကဋ္ဌကြီးရဲ့။ ပထမဦးဆုံး ခင်ဗျားတို့သိထားရမှာက ကျုပ်တို့ကို အပ်ရင် ကျုပ်တို့က ဥပဒေအတိုင်း လုပ်ရမှာဆိုတော့ ကျုပ်တို့ကို နားလည်ပေးစေချင်တယ်။ နိုင်ငံတော်က ချမှတ်ထားတဲ့မူးယစ်ဆေးဝါး သုံးစွဲမှု ပြစ်မှုအနေနဲ့ အရေးယူရမှာ။ တကယ်တော့ ခင်ဗျားတို့လည်း အပြစ်မကင်းဘူးဗျ။ ဘယ်နဲ့ဗျာ။ ကိုယ်သားသမီးကို ချစ်တာတော့ ချစ်တာပေါ့။ အလိုလိုက်တာလည်း အလိုလိုက်တာပေါ့။ ဒါပေမဲ့ အလွန်အကျွံဖြစ်တာတော့ ဘယ်ကောင်းပါ့မလဲဗျာ။ အခုတော့ အားလုံး စိတ်မကောင်းစရာတွေ ဖြစ်လာရပြီ။ ခင်ဗျားတို့သားက မူးယစ်ဆေးဝါး၊ ဘိန်းဖြူစွဲနေပြီဆိုတော့ နောင်တစ်ချိန်မှာ ရာဇဝတ်ပြစ်မှုတွေ လုပ်လာတော့မှာ။ ဒီတော့ အကောင်းဆုံးကတော့ ခင်ဗျားတို့သားကို စခန်းကို ချော့မော့ခေါ်ခဲ့ပါ။ ကျုပ်တို့ အစွမ်းကုန် အကူအညီပေးပါ့မယ်"

ဟုပြောကြားမှ ၄င်းတို့အားလုံး၏မျက်နှာများ ပြုံးယောင်သန်းလာကာ ဤသို့ပြောလေ၏။

"ကျေးဇူးတင်ပါတယ် ဗိုလ်ကြီးရယ်။ ကျွန်မတို့သားလေးကို ချော့မော့ခေါ်လာခဲ့ပါ့မယ်"

ဟုပြောဆိုကာ နှုတ်ဆက်၍ ပြုံးရွှင်စွာ ပြန်သွားကြလေသည်။ စခန်းမှ တရွေ့ရွေ့ထွက်ခွာသွားကြသော ၄င်းတို့ကို ဒုရဲအုပ်ဦးသိန်းရွှေ ကြည့်ရင်း ၄င်းကိုယ်တိုင် ရဲတပ်ဖွဲ့ဝင် မဖြစ်မီက တက္ကသိုလ်ကျောင်းသားဘဝနှင့် ကြုံတွေ့ခဲ့ရသည့် ကျောင်းနေဖက်သူငယ်ချင်း ကိုဝင်းရွှေ ဖြစ်ပျက်ခဲ့ပုံကို ပြန်လည်အမှတ်ရနေလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

◆◆◆

၁၉၈၀ ခုနှစ် ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်နယ် မြေကား ကျောင်းသားကျောင်းသူများနှင့် စည်ကားလျက်ရှိလေသည်။ ထိုအထဲတွင် ယခု ဒုရဲအုပ်ဖြစ်လာမည့် ကိုသိန်းရွှေသည် ပထမနှစ် ဒဿနိကဘာသာရပ်ချင်းတူသူသူငယ်ချင်း ကိုဝင်းရွှေနှင့် စတင်ခင်မင်ခဲ့၏။ အချိန်ကြာလာသည်နှင့်အမျှ ၄င်းတို့နှစ်ဦး တစ်ဦးနှင့်တစ်ဦး ညီအစ်ကိုရင်းတမျှ ချစ်ခင်တွယ်တာကြ၏။ သွားအတူ လာအတူ စားအတူ။

၄င်းတို့ ဒုတိယနှစ်သို့ ရောက်လာကြသည့်အခါ ကိုဝင်းရွှေ ဇွေဖောက်လာသည်။ အပေါင်းအသင်းများလာသည်။ လူပေါင်းမှားလာသည်။ ဆေးသမား(မူးယစ်ဆေးသုံးစွဲသူ)များနှင့် ပေါင်းသင်းမိလေသည်။ ထိုမှတစ်ဆင့် ကိုဝင်းရွှေလည်း နောက်ဆုံး မူးယစ်သားကောင်ဖြစ်ခဲ့ရပြီး ဆေးစွဲသူဖြစ်လာသည်။

ကိုသိန်းရွှေ အမျိုးမျိုးတား၏။ မူးယစ်ဆေးသည် မကောင်းသောအကျိုးကို ဖြစ်စေ၏။ လူညွန့်တုံးစေ၏။ အမျိုးမျိုးပြောဆိုသော်လည်း ကိုဝင်းရွှေကား မူးယစ်သားကောင်ဘ၀ထဲသို့ ဖွတ်တိုးဝင်သွားလေသည်။

၄င်းတို့ တတိယနှစ်သို့ ရောက်သောအခါ ကိုဝင်းရွှေ တစ်ယောက် မူးယစ်ဆေး၏ဒဏ်ကို လှလှကြီးခံယူကာ သေပွဲဝင်ခဲ့ရလေသည်။ ကိုသိန်းရွှေတစ်ယောက် ညီရင်းအစ်ကိုတမျှ ချစ်ခင်ရပါသော သူငယ်ချင်းတစ်ယောက် ဆုံးရှုံးခဲ့ရ၏။ ဒီတစ်သက် ဘယ်တော့မှ မေ့၍ရနိုင်တော့မည် မဟုတ်ပေ။ ကိုသိန်းရွှေသူငယ်ချင်းအတွက် မျက်ရည်ကျခဲ့ရသည်။ မူးယစ်ဆေး၏ ကြောက်မက်ဖွယ် ဝါးမျိုမှုအန္တရာယ်ကား ကြောက်မက်ဖွယ်ကောင်းလှ၏။ အသွေးကိုယူ၊ အသားကိုယူ နောက်ဆုံးအသက်ပါ ယူသွားသေး၏။ ကိုသိန်းရွှေ ၄င်း၏သူငယ်ချင်းအတွက် ယူကျုံးမရဖြစ်ခဲ့ရ၏။

"ထမင်းချိုင့်ရောက်နေပြီ ဆရာ"

ဟူသော ကင်းသမားလေး၏ စကားသံကြောင့် ဒုရဲအုပ်ဦးသိန်းရွှေ အတွေးပြန်ဝင်လာကာ မူးယစ်ဆေးဝါးသားကောင်ကလေးကို မည်သို့ဆက်လက်ဆောင်ရွက်ရမည်ကို တွေးတောနေလေတော့သည်။ စခန်းအပြင်၌ မိုးရွာသွန်းမှုကား တဝုန်းဝုန်း တဖြုန်းဖြုန်းရွာသွန်းနေလေ၏။

**စိန်ဇော်တိက**



www.burmeseclassic.com

www.burmeseclassic.com






ရန်ကုန်မြစ်လယ်ခေါင်မှာ ခရီးသွားပြည်သူတွေကို
မရဏတိုင်းပြည်သို့ ဦးတည်စေခဲ့တဲ့

တိုးအေးသခေါက်ကြီး ရဲ့ နောက်ဆက်တွဲ
စိတ်ဝင်စားစရာဥပဒေရေးရာ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ထက်အောင်ကျော် (ကညွတ်ကွင်း)

# တိုးအေးဟာရွှေ

**မရဏာအဖြစ်ဆိုးနှင့်တိုးအေး**

၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်နေ့။

ရန်ကုန်ဆိပ်ကမ်းသည် ခရီးသည်များ၊ ကူလီများ၊ ဈေးသည်များဖြင့် စည်ကား ရှုပ်ထွေးနေသည်။ လူပေါင်းစုံတို့၏ အော်သံ၊ ခေါ်သံ၊ စကားပြောသံများဖြင့်လည်း ပွက်လောရိုက် ဆူညံလျက် ရှိသည်။

ဆိပ်ကမ်းတွင် တိုးအေး အမည်ရှိ သင်္ဘောကြီးဆိုက်ကပ်ထားသည်။

တိုးအေးသည် ပြည်တွင်းရေကြောင်းပိုင်ဖြစ်ပြီး ရန်ကုန်နှင့် ဒလကို ခေါက်တုံ့ခေါက်ပြန် ကူးပေးနေသော သင်္ဘောဖြစ်သည်။

မရဏာနာရီလက်တံက တစ်ထစ်ချင်း၊ တစ်ထစ်ချင်း ရွေ့လျားလာနေသည်။

သေခြင်း၏အေးစက်မှု တွေ လွှမ်းခြုံလျက်ရှိစဉ် သေမင်း၏ တမန်တော်တွေကလည်း တဖွဲဖွဲ ရောက်ရှိနေကြသည်။

သို့သော် ထိုအခြင်းအရာကို မည်သူတစ်စုံတစ်ယောက်မျှ သတိမမူမိကြ။

ညနေ ၃ နာရီ ၄၅ မိနစ်ခန့်တွင် တိုးအေးဆီမှ ဆူညံသော စက်သံများ ထွက်ပေါ်လာသည်။ အနည်းငယ် နောက်ကျနေသည့် ခရီးသည်များ သင်္ဘောရှိရာသို့ အပြေးဆင်းလာကြသည်။

တစ်ခဏအကြာတွင် တိုးအေးသည် ဥသြသံရှည်တစ်ချက်နှင့်အတူ ဆိပ်ကမ်းမှ စတင်ထွက်ခွာလာသည်။

ရေယာဉ်အုပ် ကိုကျွေသည် တိုးအေးကို ရန်ကုန် ဆိပ်ကမ်းမှ ၄၅ ဒီဂရီခန့် စောင်း၍ ဒလဘက်သို့ ခုတ်မောင်းစေသည်။

ညနေ (၄) နာရီထိုးရန် မိနစ်အနည်းငယ်သာ လိုတော့သည်။

ထိုအချိန်မှာပင် သေမင်း၏ အချက်ပေးသံတွေကို ကိုကျွေ စတင်ကြားလိုက်ရသည်။

"သင်္ဘောကြီး …… သင်္ဘောကြီး"

ခရီးသည်တို့၏ အော်ဟစ်သတိပေးသံကြောင့် ကိုကျွေ ထွက်ကြည့်၏။

ပင်လယ်ကူး သင်္ဘောကြီး တစ်စင်းကို တွေ့ရသည်။

"ဘုံဘေမာရူး"

ပင်လယ်ကူး သင်္ဘောကြီး၏ အမည်ကို လှမ်းတွေ့နေရသည်။

မိမိသင်္ဘော တိုးအေးနှင့် ကိုက် ၁၅၀ ခန့် ဝေးသေးသည်။

ကြမ္မာငင်ခြင်းပင် ဖြစ်မည်

www.burmeseclassic.com

www.burmeseclassic.com



ထင်၏။ ကိုကျွေသည် စက်အရှိန်လျော့၍ ပင်လယ်ကူးသင်္ဘောကြီးနှင့် ဘေးတိုက်ယှဉ်မောင်းလျှင် အန္တရာယ်ကင်းမည်ကို သိသော်လည်း ထိုသို့ပြုစုပ်ရန် စိတ်မကူးမိ။

စက်ကုန်မြှင့်၍ ပင်လယ်ကူးသင်္ဘောကြီး၏ရှေ့မှ လွတ်အောင်ဖြတ်ရန် ဆုံးဖြတ်လိုက်သည်။

ချက်ချင်းပင် စက်ကို ရှေ့သို့ အပြည့်မောင်းရန် စက်ခန်းသို့ အချက်ပေးလိုက်သည်။

ထိုအချိန်တွင် စက်ခန်းအုပ်ဦးမောင်စိန်မှာ စက်ခန်းအတွင်း ရှိမနေခဲ့။

တိုးအေး၏ တစ်နေရာရာတွင် ရောက်နေပေသည်။

စက်ခန်းအတွင်း စက်မောင်းနေသူမှာ ဒုဆီလောင်း မောင်ဘကြည် ဖြစ်သည်။

မောင်ဘကြည်သည် အချက်ခေါင်းလောင်းပေးသံ ကြားသည်နှင့် စက်ရှိန်ကို အမြင့်ဆုံးသို့ မြှင့်လိုက်သည်။

စက်မောင်းသံ ဘုဒုန်းဒုန်းက နားကွဲလုမတတ် ဆူဆူညံညံထွက်ပေါ်လာသည်။

"မမောင်းနဲ့ ... မမောင်းနဲ့။ မလွတ်နိုင်ဘူး"

အခြေအနေကို စိုးရိမ်တကြီး စောင့်ကြည့်နေသည့် ခရီးသည်များက အော်ဟစ်တားဆီးကြသော်လည်း ကိုကျွေ မည်သို့မျှ မတုံ့ပြန်မိ။

တိုးအေးသည် မြစ်လယ်တွင် ခုတ်မောင်းနေသောပင်လယ်ကူးသင်္ဘောကြီး၏ ရှေ့မှ လွတ်အောင် ဖြတ်ရန် ကြိုးစားနေဆဲ ...

"တိုက်တော့မယ် .. တိုက်တော့မယ် ... တိုက်တော့မယ်"

ခရီးသည်များ၏ ငယ်သံပါအောင် အော်ဟစ်သံကို ဆိပ်ကမ်းများဆီကပင် ကြားနေရသည်။

ထိုအခါမှ ကိုကျွေ သတိပြန်ဝင်လာသည်။

"နောက်ပြန် အပြည့်မောင်း"

အချက်ပေးခေါင်းလောင်းပေးလိုက်သည်။

သူသည် စက်ကုန်တင်၍ လွတ်ကင်းအောင်ကြိုးစားခဲ့သည်။ ယခု မလွတ်နိုင်မှန်း သိသည့်အခါ တိုးအေးကို နောက်ပြန်မောင်းရင်း တက်မကို လက်

"တိုက်တော့မယ် .. တိုက်တော့မယ် ... တိုက်တော့မယ်" ခရီးသည်များ၏ ငယ်သံပါအောင် အော်ဟစ်သံကို ဆိပ်ကမ်းများဆီကပင် ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ အကုန်ပေးကာ သဘော်ကြီးနှင့် ပွတ်ပြီး တိုက်မိရန် ကြိုးစားလိုက်ခြင်းဖြစ်သည်။

သို့သော် သူ၏ ပြုလုပ်ချက်တို့က စက္ကန့်အနည်းငယ်မျှ နောက်ကျသွားလေပြီ။

ဂျပန်ပင်လယ်ကူးသဘော်ကြီး ဘုံဘေမာရူးက သူ့လမ်းကြောင်းရှေ့တွင် ရောက်ရှိလာသည့် တိုးအေးသဘော်ာအား တိုက်ချလိုက်လေသည်။

ထိုအချိန်မှာ ညနေ (၄) နာရီတိတိပင် ဖြစ်ပါတော့သည်။

**ရင်နှင့်ကြေကွဲစရာများ**

ခရီးသည် သုံးရာခန့် တင်ဆောင်ထားသည့် တိုးအေးသည် ရန်ကုန်မြစ်လယ်တွင် တုံးလုံးလဲကျသွားခဲ့သည်။

မိနစ်အနည်းငယ် အတွင်းမှာပင် ရေပြင်ပေါ်မှ ပျောက်ကွယ်သွားသည်။

ခရီးသည် အများအပြားတိုးအေးနှင့်အတူ ရေအောက် ပါသွားခဲ့ရသည်။

အသက်ဘေးကြောင့် ကြောက်လန့်တကြား ကူးခတ်နေသူတွေနှင့်။

ဝန်စည်စလယ်များကို ဖက်တွယ်ရင်း ထိတ်လန့်စိုးရွံ့ မျောပါနေသူတွေကလည်း အမြောက်အမြား။

အခင်းဖြစ်နေရာသို့ ရန်ကုန်နှင့် ဒလဆိပ်ကမ်းများဘက်မှ မော်တော်၊ စက်လှေများနှင့် ၄က်သမ္ဗာန်များ ချက်ချင်းရောက်လာကြသည်။

ဘေးဒုက္ခရောက်နေသူ များအား ဆယ်ယူကယ်တင်၍ ဆိပ်ကမ်းသို့ ပို့ပေးကြသည်။

သေကံ မရောက်သူတွေအတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပေမယ့် ရင်နင့်ကြေကွဲစရာအဖြစ်ဆိုးများကြောင့် ရောက်လာသူအပေါင်း စိတ်မချမ်းမသာ ဖြစ်ကြရသည်။

သမီးငယ်အမည်ကို အော်ဟစ်ခေါ်ရင်း အရူးတစ်ပိုင်း ပြေးလွှားနေသော မိခင်တစ်ဦး။

သားကိုရှာရန် မြစ်ထဲပြေးဆင်းနေသည့် မိခင်တစ်ဦးကိုမူ လူတွေ ဝိုင်းဆွဲနေကြရသည်။

ကမ်းပေါ်မှာ ငိုကြွေးသံတွေ ညံနေသည်။

လှေ၊ မော်တော်အချို့က အောက်ဘက်ထိ လိုက်ရှာကာ မျောပါသွားသူများကို ကယ်တင်ကြသည်။

ရေနစ် သေဆုံးသူတို့၏ အလောင်းတွေကလည်း မရှုရက်၊ မမြင်ရက်စရာ။

ဆန့်သောလက် မကွေးမီ၊ ကွေးသောလက် မဆန့်မီ ချစ်ခင်သူတို့နှင့် သေကွဲ ကွဲကြရလေပြီ။

"နေဝင်တော့မယ်။ ရှာကြပါဦး။ ကျွန်မသားလေး ... ကျွန်မသားလေး"

နေရောင်ခြည်တို့အား မှော့မေးမှိန်လာသည်နှင့်အတူ မျှော်လင့်ချက်တို့ကလည်း တစ်စတစ်စ နည်းပါးလာခဲ့သည်။

နေလုံးကြီးသည် စိတ်မကောင်းခြင်းကြီးစွာဖြင့် အနောက်အရပ်သို့ ထွက်ခွာ သွားခဲ့သည်။

ရှာဖွေကယ်တင်သူတို့ ကားလက်မလျှော့ကြသေး။ မြစ်ပြင်ကျယ်ကြီးအတွင်း ဆလိုက်မီးများ၊ လက်နှိပ်ဓာတ်မီးများ အသုံးပြု၍ စုန်ဆန်လူးလားရှာဖွေနေကြဆဲ။

အလောင်းအချို့ ထပ်မံ ရရှိသည်။ ထိုအထဲမှာ နို့စို့ကလေးငယ်ကို တင်းတင်းကျပ်ကျပ်ဖက်ရင်း သေဆုံးခဲ့ရှာသည့် မိခင်၏ ဖြစ်ရပ်က မြင်သူတိုင်း၏ ရင်ကို

www.burmeseclassic.com

www.burmeseclassic.com



ဆို့နစ်လိုက်လို့ မျက်ရည်ဝဲစေခဲ့သည်။

ရှာဖွေခြင်းကို ရက်သတ္တတစ်ပတ်ကြာမှ အဆုံးသတ်ခဲ့ကြသည်။

ရေနစ်သေဆုံးသည့် ခရီးသည်တို့၏ အလောင်းအချို့ကား ရန်ကုန်မြစ်အတွင်းနှင့် ဒီရေ ဝင်ထွက်ရာ ချောင်းငယ်များအတွင်း ရက်အတန်ကြာထိ တွေ့ရှိနေခဲ့သည်။

တိုးအေးသင်္ဘော နစ်မြုပ်မှုကြီးတွင် အပြစ်မဲ့သူ ခရီးသည်ပေါင်း ၉၀ ကျော် အသက်ဆုံးရှုံးခဲ့ရသည်။ ကျန်ခရီးသည် ၂၀၀ ခန့်တို့မှာလည်း ဆင်းရဲဒုက္ခအမျိုးမျိုး တွေ့ကြုံခဲ့ရပြီး ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး အနေဖြင့်လည်း တန်ဖိုးများစွာ ထိုက်တန်သော သင်္ဘောတစ်စီး ပျက်စီးဆုံးရှုံးခဲ့ရသည်။

ထိုဖြစ်ရပ်နှင့် ပတ်သက်၍ တိုးအေးသင်္ဘောမှ တာဝန်အရှိဆုံးသူ (၂) ဦးဖြစ်သည့် ရေယာဉ်အုပ် ကိုကျော့နှင့် စက်ခန်းအုပ် ဦးမောင်စိန်တို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၀၄(က)/၃၄ဖြင့် အမှုဖွင့် အရေးယူခဲ့သည်။

အမှုသည် အထူးရာဇဝတ်ရုံးမှ ဗဟိုတရားရုံး စီရင်ရေးအဖွဲ့ ရှေ့ထိ ရောက်ရှိခဲ့သောအမှုဖြစ်သည်။

ဗဟိုတရားရုံးစီရင်ရေး အဖွဲ့၏ ကြားနာသုံးသပ်ချက်၊ စိစစ်ဝေဖန်ချက်များမှာလည်း စိတ်ဝင်စားစရာ ကောင်းလှပါတော့သည်။

**ရေယာဉ်အုပ်ကိုကျော့နှင့် တရားဥပဒေ**

၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ရေယာဉ်အုပ် ကိုကျော့နှင့် စက်ခန်းအုပ် ဦးမောင်စိန်တို့အား ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ-၃၀၄(က) ကို ကျူးလွန်ကြောင်း ထင်ရှား၍ အထူးရာဇဝတ်ရုံးက ထောင်ဒဏ်(၁၅) နှစ်စီ ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ပြစ်ဒဏ်အပေါ် ကျေနပ်ခြင်းမရှိ၍ ကိုကျော့နှင့်ဦးမောင်စိန်တို့က အကျိုးဆောင်ရှေ့နေများဖြင့် ဗဟိုတရားရုံးသို့ အယူခံတက်ခဲ့သည်။

ကိုကျော့၏ ပညာရှိအကျိုးဆောင်ကြီးက အယူခံလွှာတင်ပြသည့်အချက်အလက်များမှ အချို့မှာ -

* မူလရုံးက အပြစ်ဒဏ် (၇) နှစ်သာချမှတ်ခြင်းကို အတည်ပြုအဖွဲ့မှ မိမိအလို အလျောက် အပြစ်ဒဏ် (၁၅) နှစ်သို့ တိုးမြှင့်ချမှတ်ခြင်းသည် ဥပဒေအရ လွဲမှားနေကြောင်း၊

** အထူးရာဇဝတ်ရုံးက စစ်ဆေးကြားနာနိုင်သောအမှု ပုဒ်မများကို ၁၉၆၂ ခုနှစ် အထူးရာဇဝတ်ရုံး ဥပဒေတွင် ဇယားပြုလုပ်ဖော်ပြထားရာ ပြစ်မှုဆိုင်ရာပုဒ်မ-၃၀၄ (က) ဖော်ပြခြင်း မရှိကြောင်း။

*** ကိုကျော့သည် ပြစ်မှုကျူးလွန်ရန်အတွက် ရည်ရွယ်ချက် အကြံအစည် မရှိကြောင်းနှင့်

**** သင်္ဘောချင်းတိုက်ရခြင်းမှာ ဂျပန်သင်္ဘော၏မှားယွင်းမှုကြောင့်လည်းဖြစ်နိုင်သောကြောင့် ဂျပန်သင်္ဘော ဘုံဘေမာရူးမှ သက်ဆိုင်သူအရာရှိများကိုလည်း ခေါ်ယူစစ်ဆေးသင့်ကြောင်း တင်ပြထားသည်။

တင်ပြချက်များအား ဥက္ကဋ္ဌ ဦးစိုးလှိုင်နှင့်အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးသန့်ဇင်တို့ ပါဝင်သော ဗဟိုတရားရုံး

www.burmeseclassic.com

www.burmeseclassic.com



စီရင်ရေးအဖွဲ့က တစ်ချက်ချင်းစီ စီစစ်ဝေဖန်ခဲ့သည်။

အမှုတွဲကို လေ့လာသောအခါ -

* အတည်ပြုအဖွဲ့သည် မူလရုံးက ထောင်ဒဏ် (၇) နှစ် ချမှတ်ခြင်းကို မိမိတို့ အလိုအလျောက် ထောင်ဒဏ် (၁၅)နှစ်သို့ တိုးမြှင့်လိုက်ခြင်းမဟုတ်၊ ဥပဒေ ညွှန်ကြားချက်အတိုင်း အပြစ်ဒဏ်ကို တစ်ကြိမ် ပြန်လည် ပြင်ဆင်စေခြင်းသာ ဖြစ်သည်။ ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခြင်းမှာလည်း တစ်ကြိမ် ပြန်လည်ပြင်ဆင်သတ်မှတ်ခြင်းပင် ဖြစ်သည်။

** အထူးရာဇဝတ်ရုံးမှ စစ်ဆေးနိုင်သော ပြစ်မှုများ စာရင်းဇယားတွင် ပုဒ်မ-၃၀၄(က) မတွေ့ရဟူသော တင်ပြချက်နှင့် ပတ်သက်၍လည်း ၁၉၆၂ ခုနှစ် အထူးရာဇဝတ်ရုံး ဥပဒေကို ၁၉၆၄ ခုနှစ် ဥပဒေအမှတ် ၃၄ အရ ပြင်ဆင်ဖြည့်စွက်ပြီး ဖြစ်သည်။ ဤသို့ပြင်ဆင်ဖြည့်စွက်ရာတွင် ဇယားဝင်ပြစ်မှုများကို ပယ်ချလိုက်ပြီးလျှင် အခြားတည်ဆဲဥပဒေအရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ အထူးရာဇဝတ်ရုံးသည် မည်သည့်ပြစ်မှုကိုမဆို စစ်ဆေးကြားနာ စီရင်နိုင်သည်ဟု ပုဒ်မ ၄(၁)တွင် အတိအလင်း ထည့်သွင်းဖော်ပြထား၍ ကိုကျော့နှင့်ပတ်သက်၍ တင်ပြသော ဥပဒေအချက်အလက်မှာ လက်ခံနိုင်ဖွယ်ရာအကြောင်းမရှိချေ။

*** ကိုကျော့သည် ပြစ်မှုကျူးလွန်ရန်အတွက် ရည်ရွယ်ချက် အကြံအစည်မရှိကြောင်း တင်ပြခဲ့သည်။ ယခု ကိုကျော့အပေါ်တွင် အပြစ်ဒစ်ပေးထားသော ပြစ်မှုဆိုင်ရာ ပုဒ်မ-၃၀၄(က)မှာ ပြစ်မှုကျူးလွန်လိုသောဆန္ဒ၊ ရည်ရွယ်ချက်နှင့် မသက်ဆိုင်ချေ။ ရည်ရွယ်ချက်နှင့် ဆန္ဒသာရှိမည်ဆိုလျှင် ကိုကျော့သည် လူသတ်မှုကျူးလွန်ရာ ရောက်ပေလိမ့်မည်။ ပုဒ်မ-၃၀၄(က) သည် ပေါ့လျော့ခြင်းဖြင့် သေစေမှုဖြစ်သောကြောင့် ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ချက်နှင့် မသက်ဆိုင်ချေ။

**** သဘော်ချင်းတိုက်ရခြင်းမှာ ဂျပန်သဘော်၏ မှားယွင်းမှုကြောင့်လည်း ဖြစ်နိုင်သောကြောင့် ဂျပန်သဘော် ဘုံဘောမာရှူးမှ သက်ဆိုင်သူအရာရှိများကိုလည်း ခေါ်ယူစစ်ဆေးသင့်ကြောင်း တင်ပြချက်နှင့်ပတ်သက်၍ အချင်းဖြစ်ပွားစဉ်က ဘုံဘောမာရှူးသဘော်တွင် ရေကြောင်းပြအဖြစ် ဆောင်ရွက်သော ဦးကျော်ဝင်း(လိုပြ-၃၁)ကို စစ်ဆေးထားကြောင်း တွေ့ရသည်။ ထိုအချိန်က သဘော်ကြီး၏သွားလာမှုနှင့် ပတ်သက်ပြီး အမိန့်ပေးနိုင်သူမှာ ဦးကျော်ဝင်းသာဖြစ်၍ ဂျပန်သဘော် မာလိန်မှူးမဟုတ်ချေ။ ထို့ကြောင့် ဂျပန်သဘော် မာလိန်မှူးနှင့် အခြားအရာရှိများကို စစ်ဆေးရန် ပျက်ကွက်ခြင်းအားဖြင့် လျှော့ကျသွားသူ ကိုကျော့အပေါ် မည်သို့မျှ ထိခိုက်နိုင်ဖွယ်ရာမရှိပေဟု စီစစ်ဝေဖန်ခဲ့သည်။

ထို့ပြင် ဆိပ်ကမ်းဥပဒေ နှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေများအရ ရေယာဉ်အုပ်သည် သဘော်တွေ့မည်ဆိုလျှင် ဥသြဆွဲရသည်။ သဘော်မတွေ့မီ နောက်ပိုင်းကို ကြည့်ရှုပြီးအချက်ပေးရန် 'နောက်ကြည့်' ခေါ်သော သဘော်သားထားရန် တို့ကိုလည်း ကိုကျော့ ပျက်ကွက်ခဲ့ကြောင်း ထင်ရှား တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောတွင်ပါသော ခရီးသည်များက လွတ်မည်မထင်၍ ဖြတ်မကူးရန် သတိပေးသော်လည်း ကိုကျွေသည် ဖွတ်ဖြတ်ကူးခဲ့သည်။

ကိုကျွေသည် သင်္ဘောကြီးကို မြင်ရချိန်တွင် စက်ကိုလျှော့၍ ကြိုကြိုတင်တင် သင်္ဘောကြီးနှင့် ဘေးတိုက်မောင်းလျှင် သင်္ဘောချင်း တိုက်မိနိုင်စရာအကြောင်းမရှိ။ ဆိပ်ကမ်းဥပဒေ အပိုဒ် ၄၅ အရ ဆိပ်ကမ်းနယ်နိမိတ်အတွင်းတွင် အခြားသင်္ဘောများသည် ပင်လယ်ကူး သင်္ဘောကြီးများကို ဦးစားပေး ရှောင်ရှားရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

လွတ်မည်ထင်၍ အမြန်ဖြတ်မောင်းပါသည် ဟူသော ဆင်ခြေမှာလည်း လက်မခံသင့်။

သင်္ဘောစီးခရီးသည် ၃၀၀ ခန့်တို့၏အသက်ကို တာဝန်ယူဆောင်ရွက်ရသူတစ်ဦးသည် လွတ်လိုလွတ်ငြား ဟူ၍ အမြန်ဖြတ်မောင်းရန် ကြိုးစားခြင်းသည် ပင်လျှင် မဆင်မခြင်ပြုမှုသော အကြောင်းတစ်ရပ်ဖြစ်သည်။

ထို့ကြောင့် ကိုကျွေသည် စွဲ

**ဆိပ်ကမ်းနယ်နိမိတ်အတွင်းတွင် အခြား သင်္ဘောများသည် ပင်လယ်ကူး သင်္ဘောကြီးများကို ဦးစားပေး ရှောင်ရှားရမည် ဖြစ်ကြောင်း**

ဆိုသည့်အတိုင်း ပြစ်မှုကျူးလွန် ထင်ရှားသည်ဟု ဗဟိုတရားရုံးတော်က ယူဆသည်။

ထောင်ဒဏ် (၁၅)နှစ် ပြစ်ဒဏ်သတ်မှတ်ခြင်းနှင့် ပတ်သက်၍လည်း စဉ်းစားခဲ့သည်။

ထောင်ဒဏ် (၁၅)နှစ်မှာ သာမန်အားဖြင့်များသည်ဟု ဆိုနိုင်သော်လည်း ခရီးသည် (၉၀) ကျော် အသက်ဆုံးရှုံး၍ ခရီးသည် (၂၀၀) ခန့် ဒုက္ခအမျိုးမျိုး တွေ့ကြုံခဲ့ရသော ပြစ်မှုဖြစ်သည်။

ထို့အပြင် တန်ဖိုးများစွာ ထိုက်တန်သော သင်္ဘောတစ်စီးလည်း ဆုံးရှုံးခဲ့ရသည်။

ထို့ကြောင့် မူလရုံးက ပေးထားသော အပြစ်ဒဏ် (၁၅) နှစ်ကို လျှော့ပေါ့ပေးရန်အကြောင်း မမြင်ဟု ယူဆ၍ ရေယာဉ်အုပ် ကိုကျွေအပေါ် ပြစ်မှုဆိုင်ရာပုဒ်မ ၃၀၄(က)အရ ထောင်ဒဏ် (၁၅) နှစ် ချမှတ်သည့်အမိန့်ကို အတည်ပြု၍ အယူခံပယ်လိုက်သည်။

**ဥပဒေနှင့်စက်ခန်းအုပ် ဦးမောင်စိန်**

ဦးမောင်စိန်အပေါ် ပြစ်မှုဆိုင်ရာပုဒ်မ-၃၀၄(က) အရ

www.burmeseclassic.com

www.burmeseclassic.com



ထောင်ဒဏ် (၁၅)နှစ် ချမှတ်သည့် အမိန့်ကို ပယ်ဖျက်၍ ယခု အမှု အတွက် အပြီးအပြတ် လွှတ်ရန် အမိန့်ချမှတ်လိုက်သည်။

ဦးမောင်စိန်နှင့်ပတ်သက်၍ ဗဟိုတရားရုံး စီရင်ရေးအဖွဲ့၏ သုံးသပ်ဝေဖန်ချက်များမှာလည်း မှတ်သားစရာကောင်းသည်။

စက်ခန်းအုပ် ဦးမောင်စိန်အပေါ် တာဝန်ရှိသည်ဟူ၍ မူလရုံးက အပြစ်ပေးထားခြင်းမှာ သက်သေခံအမှတ် (က-က)၊ ၁၉၆၄ ခုနှစ်တွင် ထုတ်ပြန်သော စခန်းအုပ်များအား ညွှန်ကြားချက်များအရ ဖြစ်သည်။

ထိုညွှန်ကြားချက်တွင် စက်ခန်းအုပ်သည် စက်ခန်းတွင် အချိန်မရွေး ရှိနေရမည်ဟု ဖော်ပြထားသည်။

သို့သော် ၁၉၇၂ ခုနှစ်တွင် ပြင်ဆင်သောအမိန့် ထပ်မံ၍ ထုတ်သည်။

ထိုအမိန့်အပိုဒ် ၁၇(က)တွင် စက်ခန်းအုပ်သည် မိမိကိုယ်တိုင် ဆိပ်ကမ်းအကပ်အခွာများတွင် စက်မောင်းစဉ်၌ ရှိနေရမည်ဟု ဖော်ပြထားသည်။

အချင်းဖြစ်ပွားစဉ်အချိန်တွင် သင်္ဘောသည် ဆိပ်ကမ်းမှ ခွာခြင်းဖြစ်သည်ကိုလည်း လက်မခံနိုင်ချေ။

ပင်လယ်ကူးသင်္ဘောကြီးသည် ဆိပ်ကမ်းအနီးမှ သွားလာနေခြင်း မဟုတ်။ မြစ်အလယ်မှ သွားလာနေခြင်းပင် ဖြစ်သည်။

စက်ခန်းတွင် ဦးမောင်စိန်ကိုယ်တိုင် ရှိသည်ဖြစ်စေ၊ မောင်ဘကြည်ရှိသည်ဖြစ်စေ ရေယာဉ်အုပ်၏ညွှန်ကြားချက်အတိုင်း စက်ကို အမြန်မောင်းပေးရမည်သာ ဖြစ်သည်။

ဦးမောင်စိန် စက်ခန်းတွင် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရေယာဉ်အုပ် ကိုကျော်၏ အလျင်စလို မောင်းနှင်ရန် ညွှန်ကြားမှုကြောင့် အချင်းဖြစ်ပွားရခြင်း ဖြစ်သည်။

ထို့ကြောင့် စက်ခန်းအုပ် ဦးမောင်စိန်သည် တိုးအေးသင်္ဘော နစ်မြုပ်ခြင်းနှင့် ပတ်သက်၍ တာဝန်မရှိဟု ယူဆကာ အပြီးအပြတ်လွှတ်လိုက်ခြင်းဖြစ်သည်။

**တရားစီရင်ထုံး**

တိုးအေး နစ်မြုပ်သည့်သာဓကကိုနမူနာယူ၍ ခရီးသည်တင်ဆောင်သော ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်မောင်းသူများသည် အစစအရာရာ ခရီးသည်များ၏ ဘေးအန္တရာယ်ကင်းလွတ်စေမှုကို ဦးစားပေးရန် သင့်ပေသည်။

အမှုဖြစ်လာ၍ တရားခံအဖြစ်သို့ရောက်သောအခါမှ လူမှုရေးကို တင်ပြခြင်း၊ မသိ နားမလည်မှုကို တင်ပြခြင်း၊ တစ်ဖက်ယာဉ်၏ မှားယွင်းမှုကို တင်ပြခြင်း အစရှိသည်တို့မှာ တရားရုံးများက အထူးလိုအပ်မှသာ ထည့်သွင်းစဉ်းစားနိုင်ပေလိမ့်မည်။

**၁၉၇၄ ခုနှစ်၊ တရားစီရင်ထုံး ကိုကျော်ပါ (၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်ကို မှီငြမ်းကိုးကား ရေးသားအပ်ပါသည်။**

**ထက်အောင်ကျော်**
**(ကညွတ်ကွင်း)**

www.burmeseclassic.com

www.burmeseclassic.com



# မျက်နှာချင်းဆိုင်တွေ့ကြတဲ့ သူတို့

၂၀.၃.၂၀၁၃ ရက်နေ့က နေပြည်တော်ကောင်စီ နယ်မြေ တပ်ကုန်းမြို့တွင် ည ၉း၅၀ နာရီ အချိန်က ဆိုင်ကယ်တိုက်မှုဖြစ် ပွားကြောင်းကြားသိရ၍ ယာဉ်မှု စစ်ရုံးမှ တာဝန်မှူးဒုရဲအုပ်ထွန်း နိုင်မြင့်သည် အခင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှု စစ်ဆေးရာ တပ်ကုန်းမြို့၊ ဘုရင့်နောင် ရပ်ကွက် ရန်ကုန်-မန္တလေးလမ်း မိုင်တိုင်အမှတ် ၂၇၈/၃ နှင့် ၂၇၈/၄ အကြား ရဲမာန်လမ်းဆုံ တွင် ရှားပင်ဆိပ်မီးပွိုင့်ဘက်မှ မင်းမောင်မောင်ဇော် ၂၀ နှစ် မောင်းနှင်လာပြီး ဆိုင်ကယ်၏ နောက်မှ မအေးသီရိဆွေ ၁၆ နှစ် လိုက်ပါလာသည့် ၅ဃ/ ၅၉၀၂၂ ကင်ဘို ၁၁၀ အနက် ရောင် ဆိုက်ကယ်နှင့်မိုးကောင်း ဘုရားဘက်မှ ရှားပင်ဆိပ်မီးပွိုင့် ဘက်သို့ ဘိုဘိုဝင်း ၃၁ နှစ် ပခုက္ကူမြို့နေသူ စီးနင်းလိုက်ပါလာသော ၁၀ဃ/၉၁၄၅၁ ယာဉ် ၁၂၅ ဖြူ/နီ ဆိုင်ကယ်တို့ မျက်နှာချင်း ဆိုင် တိုက်မိသဖြင့် မင်းမောင်မောင်ဇော်တွင် ယာမျက်ခုံးပေါက်ပြဲ၊ နှာခေါင်း ပေါက်ပြဲ၊ ယာဒူးပေါက်ပြဲ ယာမျက်ခုံးဖူးယောင် ဒဏ်ရာနှင့် မအေးသီရိဆွေတွင် နဖူးပေါက် ပြဲဒဏ်ရာ ဘိုဘိုဝင်းတွင် နဖူးပေါက်ပြဲ၊ အပေါ်နှုတ်ခမ်းကွဲ၊ ရင်ဘတ်အောင့်ဒဏ်ရာနှင့် ကိုကို လွင်တွင် ဝဲမျက်ခုံးပေါက်ပြဲ၊ ယာဒူးပေါက်ပြဲ၊ ရင်ဘတ်အောင့် ဒဏ်ရာများ ရရှိခဲ့ကြသဖြင့် တပ်ကုန်းရဲစခန်း ယာဉ်(ပ) ၅/၂၀၁၃ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇/၃၃၈ ဖြင့် အမှုရေးဖွင့်ကာ ယာဉ်မှုစစ်ဌာနမှာ ဒုရဲအုပ် ထွန်းနိုင်မြင့်မှ စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

BURMESE CLASSIC .com

မင်းဟိန်းခန့် (မှုခင်း)

မှုခင်းသတင်းထောက်

www.burmeseclassic.com


www.burmeseclassic.com



ပြည်ပ မှုခင်း

နေဇော်ဦး

# အီတလီနှင့် အရက်ခက်ဆုံးသော လူသတ်သမား



တယ်လီဖုန်းသံမြည်သောကြောင့် ရဲစုံထောက် မာတီယိုဒီဆန်တစ်(စ်)သည် ကောက်ကိုင်လိုက် ရာ သူ့ ဦးစီးအရာရှိရီနိုမော်နာကိုက သူ၏ရုံးခန်းသို့ လာရောက်ရန် ခေါ်လိုက်သည်။ မော်နာကိုသည် အီတလီရာဇဝတ်အထူးတိုက်ခိုက်ရေးအဖွဲ့မှူးအဖြစ် မကြာသေးမီကပင် ခန့်အပ်ခြင်းခံရသူ ဖြစ်၏။ သူတို့၏ ကွန်ကရစ်၊ ကျည်ကာမှန်များ တပ်ဆင်ထားသည့်ရုံးသည် ရောမမြို့တောင်ဘက်တွင် တည်ရှိသည်။

ရုံးခန်းရောက်သောအခါ မော်နာကိုမှ ပြောသည်။ ၁၉၉၄ အောက်တိုဘာလဖြစ်၏။ "ငါ အခုအရေးပေါ်စစ်ဆင်ရေးတစ်ခုကို စစ္စလီကျွန်းမှာ လုပ်မှာလုပ်မယ်။ မင်း ဒီကျွန်းကို ပြန်မသွားချင် ဘူးလား"

ဒီဆန်းတစ်(စ်)အံ့ဩသွားသည်။ ထိုကျွန်း

www.burmeseclassic.com

www.burmeseclassic.com





ပေါ်တွင် လပေါင်းများစွာ တာဝန်ထမ်းဆောင်ပြီး မကြာသေးခင်က ပြန်လာခဲ့သောကြောင့်ဖြစ်၏။

"ဘာတာဝန်လဲ"

"ဂျီအိုဗာနီဘရူစကာ" မော်နာကိုက ပြောသည်။

"သူ့ကို ရအောင်ရှာပြီး ရောမကို ပြန်ခေါ်ခဲ့"

ဒီဆန်းတစ်(စ်)မျက်လုံးပြူးသွားသည်။ ရဲသားတိုင်း သူဟာ ဘယ်လိုလူလဲဆိုတာ သိပြီး၊ ရဲသားတိုင်း၏ အလိုချင်ဆုံးသော ရာဇဝတ်သားတစ်ဦးဖြစ်သည်။

အမည်ပြောင်မှာ 'ဝက်ကြီး' ဟု သိသည်။ ဆိုးဆိုးဝါးဝါးပြုမူတတ်သောကြောင့် ဖြစ်သည်။ ဘရူစကာသည် အစ်နက်ဇီယိုဆာ(လ်)ဗိုကဲ့သို့ ဩဇာအာဏာရှိသည့် စီးပွားရေးလုပ်ငန်းရှင်ကြီး အပါအဝင် လူပေါင်း (၃၀)ကျော်ကို ဆိုးဝါးစွာ သတ်ဖြတ်ခဲ့သည်ဟု ကောလာဟလဖြစ်ခဲ့သည်။ ဘရူစကာသည် ဆာ(လ်)ဗို၏မျက်နှာတစ်ခုလုံးကို မျက်လုံးတစ်လုံးချန်၍ သေနတ်ဖြင့်ပစ်ခဲ့သည်။ သူ၏လက်နက်ကျွမ်းကျင်မှုနှင့် ရစ်စက်မှုကို ပြသခြင်း ဖြစ်သည်။

ဘရူစကာသည် စုံစမ်းစစ်ဆေးရေး အထူးအာဏာရတရားသူကြီး ဂျီအိုဗာနီဖာ(လ်)ကွန်နီ၏ မာဖီးယားအဖွဲ့ပေါင်း (၄၇၅) ယောက်ကို စစ်ဆေးရာတွင် တစ်ယောက်ပါဝင်သည်။ သို့သော် အီတလီ၏ ဥပဒေအရ အီတလီနိုင်ငံသားတစ်ဦးကို အပြစ်ဒဏ်မချမှတ်မီ (၂) နှစ် ဖမ်းဆီးထိန်းသိမ်းနိုင်ခွင့်သာ ရှိသောကြောင့် ထိုကာလကို ကျော်လွန်လာသောအခါ ဘရူစကာကို လွှတ်ပေးလိုက်ရသည်။ စီရင်ချက်ချမှတ်သော အချိန်တွင် ဘရူစကာတစ်ယောက် မြေလျှိုးမိုးပျံ့သွားသည်။

သူ့ကို တရားစီရင်ရန်ကြံသော တရားသူကြီးကို လက်စားချေသည်။ မေလ (၂၃)၊ ၁၉၉၂ ညနေခင်းတစ်ခုတွင် ဖာ(လ်)ကွန်နီသည် ပါလာမိုလေဆိပ်မှ ကျည်ကာကား (၃)စီး ယာဉ်တန်းဖြင့် မြို့ထဲအလာ လမ်းပေါ်တွင် ထောင်ထားသော ပေါင် (၁၀၀)ကျော် ယမ်းများ ပေါက်ကွဲသွားသည်။

ထိုပေါက်ကွဲမှုတွင် ဖာ(လ်)ကွန်နီတစ်ဦးတည်း သေဆုံးသွားခြင်းမဟုတ်ပါ။ သူ့မိန်းမနှင့် ကိုယ်ရံတော် (၃)ဦးပါ အဆစ်ပါသွား၏။ မာဖီးယား၏တန်ခိုးအာဏာ အထက်တွင် ဘယ်သူမှ မရှိပါဟူသော ထိုလုပ်ကြံမှုကြောင့် အီတလီနိုင်ငံ၏ ဥပဒေဖက်တော်သားအားလုံး တုန်လှုပ်ပြီး အရှက်ရစေခဲ့သည်။ နောက်ပိုင်းတွင် သတင်းပေးသူတစ်ဦးထံမှ ဘရူစကာ၏တိုတုတ်သောလက်ချ

www.burmeseclassic.com



နေဇော်ဦး

# ဒီတာလီနှင့် အရက်ခက်ဆုံးသော လူသတ်သမား

က ထိုပေါက်ကွဲမှုဖြစ်စေသော အဝေးထိန်းခလုတ်ကို နှိပ်ခဲ့သည်ဟု ထွက်ဆိုသည်။

ဘရူစကာ၏လက်စားချေမှုသည် ဤတွင်မပြီးဆုံးသေးပါ။ ဖာ(လ်)ကွန်နီကို လုပ်ကြံသော ဘရူစကာ၏အဖွဲ့ဝင်တစ်ဦးသည် ရဲသတင်းပေးအဖြစ် ဆောင်ရွက်သော်ကြောင့် ၄င်း၏သား ဂျစ်စပီဒီမာလီယို ဟူသော (၁၁) နှစ်အရွယ် ကလေးကို ပြန်ပေးဆွဲခဲ့သည်။ (၁)နှစ်ကျော်ကလေးကို ဖမ်းထားပြီး ၄င်း၏တရားရုံးတွင် နုတ်ထွက်ထားသော စကားများကို ပြန်ရုပ်သိမ်းစေရန် ၄င်းကလေး၏ နှိပ်စက်ခြင်းများကို ရိုက်ကူးထားသော မီဒီယာများကို ပေးပို့ခဲ့သည်။ သို့သော် ဤသည်မှာ နောက်ကျနေပြီဖြစ်သည်။ နောက်ဆုံး ဒေါသထွက်နေသော ဘရူစကာသည် ထိုကလေးငယ်ကို သတ်လိုက်၏။

ဘရူစကာကို ထောက်လှမ်းသောအခါတွင် မုဆိုးများအတွက် နှစ်သိမ့်စရာတော့ တစ်ခုရှိထားသည်။ သာမန်ဝရမ်းပြေးတစ်ယောက်အနေနဲ့တော့ နိုင်ငံကို စွန့်ခွာထွက်ပြေးနိုင်သည်။ သို့သော် မာဖီးယားဂိုဏ်း၏ ထိပ်ပိုင်းခေါင်းဆောင်တစ်ဦးဖြစ်တဲ့ သူ့အနေကတော့ များပြားလှတဲ့ စီးပွားရေးလုပ်ငန်းများ ဖြစ်သော ငွေညှစ်ခြင်း၊ ငွေတိုးချခြင်း၊ မူးယစ်ဆေးဝါး၊ ငွေမည်းခဝါချခြင်းနဲ့ အစိုးရကန်ထရိုက်လုပ်ငန်းကြီးများမှ ခွဲတမ်းတောင်းယူခြင်း စတဲ့ လုပ်ငန်းများကို အဝေးမှ စီမံခန့်ခွဲရန်မလွယ်ပေ။ ကိုယ်တိုင် ဒီမှာနေပြီး 'ဆိုင်ထိုင်'ရမည်ကို ရဲမုဆိုးများက သိနေသည်။ စစ္စလီကျွန်းလိုနေရာမျိုးတွင်သာ မာဖီးယားဂိုဏ်း၏ အကာအကွယ်ကို ရနိုင်သည်။

ပါလာမိုမြို့အနောက်တောင်ဘက် (၁၈)မိုင်ကွာ ချန်ဂစ်စပီဂျာတိုဟူသော တောင်ပေါ်ရွာလေးသည် ဘရူစကာမိသားစု၏ ကိုယ်ပိုင်နယ်မြေအဖြစ် ဆယ်စုနှစ်ပေါင်းများစွာ ကြာခဲ့သည်ကို သိထားသောကြောင့် ဒီနေရာမှာ စတင်ထောက်လှမ်းသင့်သည်မှာ ယုတ္တိတန်သည်။ လုပ်ငန်းစတင်သောအခါ ဒီဆန်တစ်(စ်)က ဒီထောက်လှမ်းမှုမှာ

www.burmeseclassic.com

www.burmeseclassic.com



သာမန်လုပ်ရိုးလုပ်စဉ်အတိုင်းမဟုတ်သု သိထားသည်။ ကျေးရွာအတွင်း တော်တော်ယာဉ်သွားလာမှုမှာ (၁၀) မိနစ်ကားတစ်စီးသာသာ။ လူစိမ်းတစ်ဦးဝင်လာသည်နှင့် ချက်ချင်းသိသာ၏။ ထို့ကြောင့် စာတိုက်ကားများ ကုန်ပစ္စည်းပို့ဆောင်ယာဉ်များ တစ်နေ့လျှင် (၄)ကြိမ်ထက်မသွားနိုင်ပေ။ အများဆုံး သူ၏မျှော်လင့်ချက်မှာ ဘရူစကာ၏အဖွဲ့ဝင် သို့မဟုတ် တပည့်တစ်ဦးဦးကို ဖြတ်သန်းစဉ် မြင်တွေ့နိုင်ခွင့်သာဖြစ်သည်။ မယုံသင်္ကာစိတ်များမဖြစ်စေရန် တစ်ကြိမ်ဖြတ်တိုင်း ကားတစ်မျိုးကို အသုံးပြုရမည်။


ဇွန်လ ၁၉၉၅ ထောက်လှမ်းခြင်းစတင်ပြီး မကြာမီ ပါလာမိုအရှေ့ဘက်ရှိ မြို့လေးတွင် ဌာနေမာဖီးယားအဖွဲ့ဝင်များသည် သာမန်ထက် ထူးခြားသော လုံခြုံရေးကာကွယ်မှု အပြုအမူများ လုပ်ကိုင်နေသည်ကို ရဲတပ်ဖွဲ့မှသတိပြုမိသည်။ လမ်းမပေါ်တွင် လမ်းလျှောက်သွားစဉ် နောက်ကျောကို မကြာခဏ လှည့်ကြည့်ခြင်း၊ လမ်းဘေးဆိုင်ရှိမှန်များမှ ပတ်ဝန်းကျင်ကို အကဲခတ်ခြင်း၊ ကားမောင်းစဉ်ချက်ချင်းရပ်၊ ချက်ချင်းမောင်းထွက်ခြင်းနှင့် ရုတ်တရက် 'ဂ'ကွေများတို့ဖြစ်သည်။

ဒီဆန်တစ်(စ်)သည် ထောက်လှမ်းရေးအဖွဲ့ဝင်များကို မြို့တွင်းချထားပြီး မြို့ပြင်လမ်းမကြီးပေါ်တွင်ကား အချို့တာဝန်ချထားသည်။ ဇွန်လအကုန်လောက်တွင် သူသည် အမှတ်အသားမပါရဲကားတစ်စီးပေါ်တွင် တာဝန်ယူခိုက် ဘဲ(လ်)ဖာရိုမီယိုကားတစ်စီးနှင့် လူ (၂)ယောက်သည် သတိအနေအထားဖြင့် ဖြတ်မောင်းသွားသည်ကို တွေ့လိုက်သည်။ 'ရှေ့ပြေးကင်း'ဟု စိတ်ထဲမှာ တွေးမိသည်။ ရဲအတားအဆီးရှိ,မရှိ စစ်ဆေးခြင်းဖြစ်နိုင်သည်။ ထိုကားကို ဖြတ်ခွင့်ပြုလိုက်သည်။

၄င်းနောက် လန်စီကာအမျိုးအစားကားတစ်စီး မြင်ကွင်းထဲ ဝင်လာသည်။ 'ဗီအိုင်ပီ'ကိုယ်တိုင်ပေလား။ ကားဖြတ်ဝင်သည်နှင့် ဟိုဘက်ထိပ်၊ ဒီဘက်ထိပ် ပိတ်လိုက်ရုံပေ။

ရုတ်တရက် ထိုလန်စီကာ ကားသည်။ ကွေ့ဖြင့် အလျင်အမြန်ကွေ့ပြီး တောင်တန်းပေါ်သို့မောင်းပြေးသွားသည်။ ကားမောင်းသူမှ ထောင်ခြောက်ကို တစ်နည်း သို့မဟုတ် တစ်နည်းသံသယဝင်သွားနိုင်သောကြောင့်ဖြစ်နိုင်၏။ ကားမောင်းသူနောက်တွင် မုတ်ဆိတ်မွေးထူထူနှင့်'လူတစ်ယောက်ကို လှမ်းမြင်လိုက်သည်။ ဘရူစကာကိုယ်တိုင်ဖြစ်နိုင်သည်ဟု တွေးမိသည်။ ထောက်လှမ်းရေးအဖွဲ့သည် မကျေနပ်ပါက တစ်ကပြန်စရမည်လား။

နောက်လတွင် ဘရူစကာ၏ လက်စွဲနောက်လိုက် (၂) ဦးသည် မဆီမဆိုင် မနက်စောစောဖေးဝဝနာရီတွင် တွေ့ဆုံနေသည်ကို မြင်တွေ့ပြီး ၄င်း



www.burmeseclassic.com

www.burmeseclassic.com





တို့ (၂) ဦး နောက်သို့ နောက်ယောင်ခံလိုက်ရာ မြို့ပြင်သို့သွားနေပြီး လမ်းကျဉ်းလေးတစ်ခုထဲသို့ ဝင်သွားသောအခါ သူတို့ ဆက်မလိုက်နိုင်တော့ပေ။

နွေကာလမှ ဆောင်းဦးကာလ ထိုမှတစ်ဖန် ဆောင်းကာလသို့ရောက်လာသည်။ အသက် (၁၈) နှစ်အရွယ် ရဲအကယ်ဒမီကျောင်းဆင်းခါစမှ ယခုတိုင် ဒီလောက်ကြာတဲ့ စစ်ဆင်ရေးမျိုးကို မတွေ့ကြုံခဲ့ပေ။ 'စိတ်ရှည်ပါ' ဟု သူ့ကိုသူအားပေးလိုက်သည်။ သူသိနေသည်မှာ ဘရှုစကာသည် သူ၏ရည်းစားရိုဇာရီယာ ခရစ္စတီဟာနိုဟူသော ညီချောလေးနှင့် ရှိနေမည်ဖြစ်ပြီး (၄)နှစ်အရွယ် ဒေးဗစ်ဟူသော ကလေးတစ်ယောက်ဝင်နေရပြီ ဖြစ်၏။ ဒီဆန်းတစ်(စ်)သည် ရဲစခန်းတစ်ခုတွင် အိပ်နေရသည်။ သူ၏မိန်းမနှင့်ကလေးသည် ရောမမြို့တွင် ရှိနေသည်။

ထိုအချိန်တွင် ဒီဆန်းတစ်(စ်)သည် မမျှော်လင့်ဘဲ သတင်းကောင်းတစ်ခုရသည်။ မာဖီးယားထိပ်တန်းဝင်ခေါင်းဆောင်တစ်ဦးသည် ရဲတပ်ဖွဲ့နှင့် ပူးပေါင်းခဲ့ပြီး စုံစမ်းမေးမြန်းချိန်တွင် ဘရှုစကာသည် ပါလာမိုမြို့ ဆင်ခြေဖုံးရပ်ကွက်တစ်ခုတွင် နေထိုင်သည်ဟု သတင်းရခဲ့သည်။

ဇန်နဝါရီလ (၁၂) ရက်၊ ၁၉၉၆ တွင် ဒီဆန်းတစ်(စ်)သည် ရဲအင်အား (၁၅၀)၊ ဟယ်လီကော်ပတာ(၂)စီးဖြင့် သတင်းရအိမ်သို့ ဝင်ရောက်စီးနင်းခဲ့သည်။ ဆေးအသစ်သုတ်ထားသော တံခါးကို ဖျက်ဆီးဝင်ရောက်သော်လည်း ဝက်ကြီးသည် ထိုအိမ်တွင် မရှိတော့ပါ။

သူသည် ကြမ်းပြင်ပေါ်ရှိ သတင်းစာများကို ကောက်ယူကြည့်လိုက်သည်။ လွန်ခဲ့သော (၂) ရက်၊ (၃) ရက်က နေ့စွဲများပါ သတင်းစာများဖြစ်နေသည်။

"ငါတို့ရက်နည်းနည်း နောက်ကျသွားတယ်"

ထိုင်ငိုချင်စိတ်များ ပေါက်လာသည်။

သို့သော် သူ၏လပေါင်းများစွာ လှုပ်ရှားမှုများသည် အချည်းနှီးမဖြစ်ခဲ့ပေ။ ဘရှုစကာသည် သူ၏ကွန်းခိုရာမှ နှီးထခြင်းခံရပြီး အခုတော့ ပြေးနေရပြီးဖြစ်သည်။ သူ၏ကောက်ကျစ်မှု ဘယ်လိုပင်ရှိစေကာမူ အမှားတစ်ခုခုတော့ ပြုလုပ်မှာ မလွဲပေ။

ပါလာမိုမြို့သည် အဆောက်အဦတစ်ခုတွင် အထူး ရဲကွန်မင်ဒိုခေါင်းဆောင် လောရင်ဇိုဂျင်တိုင်(လ်)သည် နောက်ဆုံးရဲသတင်းအချက်အလက်များကို ဖတ်နေသည်။ (၃၁)နှစ် ဒုခေါင်းဆောင်၏ တာဝန်မှ ရာဇဝတ်ပြစ်မှုကြီးများ ကျူးလွန်သူများ

www.burmeseclassic.com

www.burmeseclassic.com



ကို ဖမ်းစီးရန်ဖြစ်သည်။

"ဒီဝက်ကြီးက အရမ်းကောက်ကျစ်တယ်။ ဒါပေမဲ့ သူ့ရဲ့ရပ်တည်မှုကို လူအတော်များများပေါ်မှာ မှီခိုနေရတာ။ ဒါက သူ့ရဲ့အားနည်းချက်တစ်ခုပဲ။ တို့တစ်တွေ ငါးလေးတွေကို ဂရုတစိုက် ကြည့်နေရင်းနဲ့ ဒီငါးလေးတွေက ငါးကြီးထံကို ငါတို့ကို ပို့ပေးမှာပဲ" ဟု တွေးမိသည်။

လအနည်းငယ်ကြာသော် အခွင့်အရေးအသစ်တစ်ခုပေါ်လာပြန်သည်။ ပါလာမီမြို့နယ် ရဲတပ်ဖွဲ့သည် မာဖီးယားထိပ်ပိုင်းခေါင်းဆောင် နောက်တစ်ဦးဖြစ်သည့် ဆဲ(လ်)ဗာတို ကူကူဇာကို ဖမ်းလိုက်သည်။ ရှေးရိုးစွဲ မာဖီးယားတစ်ဦးဖြစ်သောကြောင့် သူ၏နှုတ်မှ ဘာစကားမှ မထွက်လာခဲ့ပေ။ သို့သော်လည်း သူ၏ဖုန်းမှတ်တမ်းစာအုပ်မှ သတင်းအချို့ ထွက်လာသည်။

"ဒီနာမည်ဆိုရင် ဘယ်လိုလဲ"

ဂျင်တိုင်း(လ်)က ဖုန်းမှတ်တမ်းထဲမှ 'အိုင်-ဂျေ' အက္ခရာပိုင်းမှ နာမည်တစ်ခုကို ထောက်ပြသည်။ ဘရူစကာ၏လက်ထောက် အစ်နက်ဇီယိုထရိန်နာ၏အမည် ဖြစ်သည်။ ကူကူဇာသည် ဝက်ကြီး၏လက်ထောက်ကို သိနေမည်မှာ မလွဲပေ။

နံပါတ်များသည် လျှို့ဝှက်သင်္ကေတများဖြင့် ရေးထားသည်။ သို့သော် ရဲဌာနချုပ်မှ ထိုကိစ္စကို ဖြေရှင်းနိုင်၏။ သို့သော် ထိုနံပါတ်များသည် ကူကူဇာအဖမ်းခံရပြီး နာရီပိုင်းအတွင်း ဖုန်းများကို ဖြတ်လိုက်သည်။ ကံကောင်းသည်မှာ အီတလီနိုင်ငံ၏ တယ်လီဖုန်းကုမ္ပဏီများသည် အဝင်၊ အထွက် မှတ်တမ်းများ ထားရှိသည်။ ထရိန်နာမှ ဘယ်သူတွေကို ဆက်သွယ်နေသည်ကို သိနိုင်မည်ဖြစ်၏။ ထရိန်နာမှ ခေါ်ထားသည့် နံပါတ်များမှာ တစ်ရာကျော်နေသည်။ ဂျင်တိုင်း(လ်)နှင့်အဖွဲ့ဝင်များသည် အလုပ်ရှုပ်တော့၏။

နံပါတ်များသည် မာဖီးယားအဖွဲ့ဝင် အကြီး၊ အလတ်၊ အငယ်များထံသို့ ဖြစ်နေသည်။ သို့သော် ဒစ်ဂျစ်တယ်လက်ကိုင်ဖုန်းတစ်လုံးမှာ စစ္စလီမြို့နယ်ရှိ စာဖတ်၊ စာရေးတတ်ရုံ အသက် (၈၂)နှစ်အရွယ် အဘွားကြီးတစ်ဦးဖြစ်နေသည်ကို တွေ့ရသည်။ ဂျင်တိုင်း(လ်)က ...

"ငါ ဒီတယ်လီဖုန်းကို ဖြတ်နားထောင်ဖို့ လုပ်လိုက်မယ်" ဟု ဆိုသည်။

အဖွဲ့ဝင်များသည် ဂျင်တိုင်း(လ်)၏ရုံးထဲတွင် အသံချဲ့စက်ဖြင့် ဆက်သွယ်ထားသည့် ဖုန်းသံကို ဝိုင်း၍ စောင့်မျှော်နေကြသည်။ နေ့လယ်ပိုင်းတွင် အဖွဲ့ဝင်များ ကော်ဖီသောက်နေချိန် ထိုဖုန်းသံ မြည်လာသည်။ တစ်ခန်းလုံးငြိမ်သွားသည်။ ပြောနေသောကိစ္စမှာ အစိုးရမှ ချပေးသော ဆောက်လုပ်ရေး ကန်ထရိုက်ကိစ္စတစ်ခုဖြစ်နေသည်။ သို့သော် ထို (၈၂) နှစ်ဆိုသော မိန်းမကြီး၏အသံမှာ ဩဩနှင့် ယောကျ်ားတစ်ဦး၏အသံဖြစ်နေသည်။

တစ်ဖက်မှ ပြောနေသောအသံကို ဒေသခံရဲစုံထောက်တစ်ဦးက မှတ်မိသည်။ ဒီမြို့မှ ဒေသခံ မာဖီးယားတစ်ဦးဖြစ်သည်။ ငွေညှစ်မှုကိစ္စတစ်ခုတွင် သူ့ကို စစ်ဆေးခဲ့သောကြောင့် သူ့အသံကို မှတ်မိနေသည်။ ဒါပေမဲ့ ထိုမိန်းမကြီးဆိုသော အသံ ဩဩနှင့် ယောကျ်ားကြီး၏အသံက ဘယ်သူလဲ။

ထိုအချိန်တွင် တရားသူကြီး ဖာ(လ်)ကွန်း

www.burmeseclassic.com

www.burmeseclassic.com



ဘရှုစကာကို ရုံးတော်တွင် မေးမြန်းနေစဉ် အသံသွင်းထားသော တိတ်ခွေများရှိနေသည်ကို သတိရပြီး ရောမမြို့တော် ရဲဌာနချုပ်နှင့် ဆက်သွယ်လိုက်သည်။ ထိုမိန်းမကြီးဆိုသောအသံနှင့် ဘရှုစကာ၏အသံ တစ်ထပ်တည်းဖြစ်နေသည်။

ဂျင်တိုင်း(လ်)သည် ထိုမြို့၏အကောင်းဆုံး ပီဇာမုန့်များနှင့် ကက်ပယ်ချီနိုကော်ဖီကို လူတိုင်းစေ့ မှာလိုက်သည်။ ဝမ်းသာပျော်မြူးစွာဖြင့် …

"ငါတို့ ဒီဝက်ကြီးကို ရပြီ" ဟုအော်လိုက်သည်။

သို့သော် ဒစ်ဂျစ်တယ်ဖုန်းတစ်လုံးကို လူဦးရေ ထူထပ်သည့်နေရာတွင် ရှာဖွေရခြင်းမှာ မလွယ်ကူပေ။ (၃)ရက်ကြာမှ အဖြေထွက်လာသည်။ ထိုဖုန်းသည် စစ္စလီတောင်ဘက်ကမ်းခြေမြို့တစ်ခုဖြစ်သော ကယ်နာတယ်လိုမြို့ဟူသော သတင်းကောင်းတစ်ခုရသည်။ ဆိုးသည့်သတင်းကတော့ နေရာအတိအကျမသိဘဲ အချင်းမိုင်ဝက်အတွင်း အိမ်ပေါင်းများစွာထဲက တစ်အိမ်။

ဂျင်တိုင်း(လ်)သည် သူ၏တပ်ဖွဲ့ထဲမှ အတော်ဆုံး လူ (၁၀) ဦးကို ရွေးလိုက်သည်။ ပုတ်သင်ညိုကဲ့သို့မလှုပ်မရှားဘဲ ငြိမ်သက်စွာ နာရီပေါင်းများစွာ နေနိုင်သူများဖြစ်သည်။ အမှောင်ထုကို အကာအကွယ်ယူရင်း ထိုမိုင်ဝက်အတွင်းရှိ ပန်းခြံများ၊ အသီးအနှံ စိုက်ခင်းများနှင့် သင့်တော်သောနေရာများတွင် ကင်းပုန်းဝပ်နေကြသည်။ အားလုံးသည် ဆယ်လူလာဖုန်း၊ ညကြည့်မှန်ပြောင်းနှင့် အင်ဖရာကင်မရာများပါသည်။ မှောင်မိုက်သည့်အချိန်တွင် ဓာတ်ပုံရိုက်နိုင်သည်။ မီးဖွင့်ထားသည့် အိမ်မှန်သမျှ သူတို့၏ပစ်မှတ်ပင်။

နေ့အချိန်တွင် ဘယ်လိုမှလှုပ်ရှားမှု မပြုနိုင်ပေ။ နေ့စာ၊ ညစာမှာ အဖွဲ့ဝင်တွေ ဖြတ်သွားသည့် အခါပေးသည့် အသားညှပ်ပေါင်မုန့်နှင့် အချိုရည်ဘူးများသာ။

ထိုအချိန်တွင် ဘရှုစကာ၏ဖုန်းသံကို နေ့၊ ည စောင့်နေကြသည်။ ဘာသံမှမကြားရပေ။ စားပွဲများပေါ်တွင်လည်းကောင်း၊ ကြံ့တဲ့နေရာမှာ အဖွဲ့ဝင်များ အိပ်နေရသည်။ ဝက်ကြီးသည် သူ၏ဝပ်ကျင်းကို ဖော်ထုတ်မည်လား၊ ရက်သတ္တပတ်ကုန်သွားသည်။ ဖုန်းသံမမြည်ခဲ့ပါ။

မေလ (၁၉) ရက်နေ့ မနက် (၁၁) နာရီကျော်

ဆယ်လူလာဖုန်း၊ ညကြည့်မှန်ပြောင်းနှင့် အင်ဖရာကင်မရာများပါသည်။
မှောင်မိုက်သည့်အချိန်တွင် ဓာတ်ပုံရိုက်နိုင်သည်။ မီးဖွင့်ထားသည့်
အိမ်မှန်သမျှ သူတို့၏ပစ်မှတ်ပင်။

www.burmeseclassic.com

www.burmeseclassic.com



လောက်တွင် ကင်းပုန်းဝပ်နေသူတစ်ဦးမှ ဖုန်းဝင်လာသည်။

"ဗီရာ ပါပီလွန်းလမ်း၊ အမှတ် (၃၄) အိမ်ရှေ့ပန်းခြံထဲမှာ ခန့်မှန်းအသက် (၄)နှစ်ကျော်ချာတိတ်တစ်ယောက် ကစားနေတယ်" ဟု သတင်းပို့သည်။

၄င်းကပင် ည (၇)နာရီတွင် ထပ်မံသတင်းဝင်လာသည်။ မှတ်ဆိတ်မွေးနှင့် ခပ်ဝဝလူတစ်ဦး မြေညီထပ် ပြတင်းပေါက်မှ မြင်တွေ့သည်ဟူ၍ ဖြစ်သည်။ ကြည့်ရသည်မှာ ဝက်ကြီးဖြစ်နိုင်သည်။

အဖွဲ့ဝင်များသည် အရေးပေါ်အစည်းအဝေး ပြုလုပ်သည်။ နည်းလမ်းတစ်ခုကို စဉ်းစားကြသည်။ ဂျင်တိုင်း(လ်)မှ စဉ်းစားရင်း အဖြေတစ်ခုကို တွေးမိသောကြောင့် ...

"ဒီလို ငါတို့လုပ်ရအောင်။ ဘရူစကာ ဖုန်းခေါ်သံကို စောင့်။ အိမ်ကိုဝင်စီးဖို့ တပ်ဖွဲ့ဝင်တွေက အသင့်အနေအထားရှိနေရမယ်။ ဖုန်းခေါ်ချိန်မှာ စက်အားကောင်းတဲ့ မော်တော်ဆိုင်ကယ်တစ်စီး အမှတ် (၃၄) ရှေ့က စက်ရှိန်မြင့်ပြီး မောင်းသွားမယ်။ တကယ်လို့ ဘရူစကာရဲ့ ဖုန်းထဲမှာ ဒီမော်တော်ဆိုင်ကယ်ရဲ့အသံကို ကြားတာနဲ့ တို့အိမ်ကို ဝင်စီးမယ်"

ဝိုင်း၍ အဖက်ဖက်မှ ဆွေးနွေးအကြံပြုကြပြီး နောက်ဆုံး ဒီအစီအစဉ်ကို လက်ခံခဲ့သည်။ ၄င်းတို့ဘက်မှ သေချာအောင်ပြုလုပ်ရမည်ဖြစ်သည်။ သို့မဟုတ်ပါက အခြားအိမ်တစ်အိမ်ကို ရဲတပ်ဖွဲ့မှ မှားယွင်းစီးနင်းဝင်သွားပါက သားကောင်မှ ထပ်မံခြေရာပျောက်သွားမည် ဖြစ်၏။

မေလ (၂၀) တနင်္လာနေ့ ညနေ (၄) နာရီတွင် အမှတ် (၃၄) ဗီရာပါပီလွန်လမ်း၊ တစ်ဖက်တစ်ချက်ဆောက်တစ်လမ်းစီ၏ လမ်းထိပ်များတွင် တစ်စီးစီ၌ ရဲတပ်ဖွဲ့ဝင် (၁၅) ဦးစီပါဝင်သည်။ ပထမ တစ်စီးကို ဂျင်တိုင်း(လ်)ကိုယ်တိုင်ဦးစီးပြီး နောက်တစ်စီးတွင် ရဲဦးစီးများပါ၏။ သိပ်မဝေးသော တစ်နေရာ၊ ဗင်ကားပေါ်တွင် ဒီသန်းတစ်(စ်)ဦးစီ တပ်ဖွဲ့ဝင်များရှိနေသည်။ ခပ်လှမ်းလှမ်းတွင် ရဲတပ်ဖွဲ့ဝင်အင်အား (၂၀၀) သည် စစ်ဆင်ရေးစသည်နှင့် အချင်းမိုင်ဝက်နေရာကို ပိတ်လိုက်မည်ဖြစ်၏။

"ဟယ်လို ... ဟယ်လို"

ဂျင်တိုင်း(လ်)သည် အခြားကားများနှင့် ပါလာမိုမြို့နယ် ရဲတပ်ဖွဲ့ရှိ ရေဒီယိုတယ်လီဖုန်းများကို စစ်ဆေးဆက်သွယ်သည်။

"အသံကိုရှင်းရှင်းလင်းလင်း ကြားရတယ်။ ဒါပဲ"

ကျန်သော ရေဒီယိုတယ်လီဖုန်းများမှ ပြန်ဆက်သွယ်သည့် ဂျင်တိုင်း(လ်)သည် ဘရူစကာ၏ တယ်လီဖုန်းနှင့် ချက်ထားသည့် ကရိယာကို စစ်လိုက်၏။

ညနေ(၆)နာရီ...ပထမကားထဲမှ ဂျင်တိုင်း(လ်) နှင့်အဖွဲ့ဝင်များသည် ချွေးပြန်နေကြသည်။ ဘရူစကာ၏ ဖုန်းသည် ငြိမ်လျက်။ ဂျင်တိုင်း(လ်)၏စိတ်ထဲတွင် 'ကောက်ကိုင်လိုက်၊ ကောက်ကိုင်လိုက်'ဟု ပြောနေ၏။

ည.(၇)နာရီ... ဘယ်နှကြိမ်လဲဆိုတာတောင် မှတ်

www.burmeseclassic.com

www.burmeseclassic.com



မိတော့ပေ။ သူ၏ဌာနမှ ထုတ်ပေးထားသော ဘရက်တာ သေနတ်ကိုစစ်ဆေးနေမိ၏။ ဤသေနတ်ကို ဒေါသဖြင့် တစ်ကြိမ်တစ်ခါမှ မပစ်ခဲ့ဘူးပေ။ ဒီတစ်ကြိမ်မှာလည်း ယခင်ကလို ဝင်ဖြစ်ပါစေဟု ဆုတောင်းလိုက်သည်။

ည ၄(၈)နာရီ… အားလုံးငြိမ်သက်လျက်ပင် 'တစ်ခုခုများ မှားသွားသလား မသိဘူး။ ဂျင်တိုင်း(လ်)တွေးမိသည်။ စိတ်ထဲတွင် ဘရူစကာနှင့် မာဖီးယားအဖွဲ့ဝင်အားလုံးကို ဆဲနေသည်။

ည(၉-၁၅)နာရီ‥ ဘရူစကာ၏တယ်လီဖုန်းနှင့်ဆက်ထားသည့် မော်နီတာ လင်းလာသည်။ ဝက်ကြီးသည် တယ်လီဖုန်းခေါ်နေပြီး ဂျင်တိုင်း(လ်)သည် သူ၏ စကားပြောခွက်ခလုတ်ကို နှိပ်လိုက်ပြီး အရေးတကြီးအမိန့်ပေးလိုက်သည်။

"မော်တော်ဆိုင်ကယ်ကို သွားခိုင်းလိုက်"

။အရပ်ဝတ်နှင့် ရဲတပ်သားတစ်ဦးသည် သူ၏ကြီးမားသော ဂျပန်ဆိုင်ကယ်ကို အမှတ် (၃၄)သို့ အရှိန်ပြင်းစွာ မောင်းထွက်လိုက်သည်။

ဘရူစကာသည် နောက်ခံတယ်လီဖေးရှင်းအသံနှင့် ဆက်လက်စကားပြောနေသည်။ ဂျင်တိုင်း(လ်)၏စိတ်ထဲတွင် 'ဖုန်းကိုမချနဲ့ဦး … ဖုန်းကိုမချနဲ့ဦး … ဖုန်းကိုမချနဲ့ဦး …" ကို ရွတ်ဆိုနေသည်။

ဆိုင်ကယ်သည် အိမ်နဲ့ကိုက် (၂၀)အကွာအဝေးတွင် ရောက်နေသည်။ (၁၅) ကိုက်၊ (၁၀) ကိုက်၊ (၅)ကိုက်၊ ရဲတပ်သားသည် သူ၏ ဆိုင်ကယ်ကို အမြင့်ဆုံးစက်အရှိန်သို့ တင်လိုက်သည်။ ပိုပြီး အသံကျယ်ရလေအောင် အိတ်ဇောပိုက်တွင် အပေါက်တစ်ခုဖောက်ထားသည်။

ဘရူစကာ၏ "အေး … နောက်တော့မှ တွေ့မယ်" ဟူသော နောက်ဆုံးနှုတ်ဆက်သံသည် အလွန်ကျယ်လောင်သော မော်တော်ဆိုင်ကယ်၏ အသံအောက်တွင် နစ်မြုပ်သွားသည်။

ဂျင်တိုင်း(လ်)၏ "ဝင် … ဝင် … ဝင် ဝင်" ဟူသော အရေးတကြီးအမိန့်သံသည် အနီးအနားရှိ ရဲတပ်ဝင်များ၏ဆက်သွယ်ရေးဖုန်းများ နားကြပ်များထဲသို့ အပြေးအလွှားဝင်သွားသည်။

တစ်ဖွဲ့သည် အိမ်ရှေ့တံခါးမှ ဖျက်ပြီး ဝင်သွားသည်။ ဂျင်တိုင်း(လ်)သည် အိမ်ဘယ်ဘက်ပြတင်းပေါက်မှလည်းကောင်း၊ နောက်တစ်ဖွဲ့သည် ညာဘက်ပြတင်းပေါက်မှ ဝင်လာသည်။ မှန်ကွဲသံ၊ တံခါးရိုက်ချိုးသံများနှင့်အတူ မျက်နှာဖုံးစွပ် ရဲတပ်ဖွဲ့ဝင် အင်အား (၄၅)ဦးသည် အိမ်ထဲတွင် အလုံးအရင်းနှင့် ထိုးဖောက်ဝင်ရောက်သည်။

ဝက်ကြီးသည် ဆိုဖာပေါ်တွင် ထိုင်နေသည်။ ရိုဇာရီယာ၊ ဒေးဗစ်၊ ဘရူစကာ ညီ ဗင်းဆင့် နှင့် မိသားစုတို့က ဧည့်ခန်းထဲတွင် စုဝေးနေကြသည်။ တယ်လီဗေးရှင်းအသံကတော့ ဆူညံနေဆဲပင်။ ထိုအချိန်တွင် ဘရူစကာသည် လက်ကိုင်ဖုန်းကို

www.burmeseclassic.com

www.burmeseclassic.com



နံရံသို့ပစ်ပေါက်ပြီး အိမ်နောက်ဖေးသို့ ပြေးရန် ထလိုက်သည်။ ဂျင်တိုင်း(လ)သည် သူ့ထံကို ရောက်လာပြီး မကြာမီ ရဲတပ်ဖွဲ့ဝင်တစ်ဒါဇင်က သူ့အပေါ်မှ အုပ်လိုက်ရာ ဘရှစကာကြမ်းပေါ်သို့ လဲသွားသည်။

မိန်းမများသည် အော်ဟစ်နေပြီး ကလေးများက ငိုနေသည်။ ဂျင်တိုင်း(လ်)သည် အသံကို လျှော့ရန် တယ်လီဗေးရှင်းရှိရာသို့ လျှောက်သွားပြီး အသံလျှော့လိုက်သည်။ ထိုအချိန်မှ ပြနေသည့် ဓာတ်လမ်းကို ကြည့်လိုက်ရာတွင် ဘရှစကာ လုပ်ကြံသတ်လိုက်သည့် တရားသူကြီးအကြောင်း ရုပ်ရှင်ဓာတ်လမ်းဖြစ်နေသည်ကို သတိပြုမိသည်။ "ပြီးပါပြီ"ဟု ဂျင်တိုင်း(လ်)က စိတ်ထဲမှာ ပြောလိုက်ပြီး တယ်လီဗေးရှင်း ခလုတ်ကိုပိတ်လိုက်သည်။

[ဂျီဘိုဗာနီ ဘရှစကာသည် ယနေ့တွင် လုံခြုံရေးအဆင့်အမြင့်ဆုံး အကျဉ်းထောင်တွင် ထောင်ကျနေသည်။ သူဝန်ခံခဲ့သော ပြစ်မှုများကြောင့် ထောင်ထဲတွင် တစ်သက်နေရမည်ဖြစ်သည်။]

နေဇော်ဦး

ရှိတာတွေ ပြည့်စုံဖို့ မဂ္ဂဒါဝုန် သင်္ကန်း လှူဒါန်းစို့

# မဂ်ဂဒါဝုန် သင်္ကန်းတိုက်

သင်္ကန်းအမျိုးမျိုးနှင့် သံဃာအသုံးအဆောင် လှူဖွယ်ပစ္စည်းများ လက်လီလက္ကား ရနိုင်ပါသည်၊
ရှင်ပြု၊ ရဟန်းခံ၊ ဝါဆို၊ ကထိန်အလှူမင်္ဂလာပွဲမှာ ခန္ဓာအရှိ ဉာဏ်အသိ နဲ့သတိကပ်ပြီး
လှူဒါန်း မှသာ ကုသိုလ်ရကာ၊ ဘဝ သံသရာမှ လွတ်မြောက်နိုင်မှာ ။

ကိုတိုးဝင့် ၊ မအေးအေးသိန်း
အမှတ် ၈၆၁ ၊ မြေညီ (B)၊ မာလာနွယ်လမ်း
မေတ္တာညွန့်ရပ်ကွက် ၊ တာမွေမြို့နယ်
ဖုံး ၀၁ ၅၅၅၄၆၂

www.burmeseclassic.com

www.burmeseclassic.com



# ထဘီဝယ်ရင် သတိထား

ကမ်းနဖူးကစမ်းဦး(ကသာ)

**အမျိုးသမီးဝတ်တဲ့ ထဘီစမှာ ဘာသာရေးဆိုင်ရာ ရုပ်ပုံတွေ ထည့်သွင်းရိုက်နှိပ်ထားတဲ့ ကိစ္စ**

(၂၀-၇-၂၀၀၃) ရက်နေ့ နံနက် (၈) နာရီခန့် စာရေးသူ အိမ်တွင် ရှိနေခိုက် စာရေးသူနှင့် ခင်မင်ရင်းနှီးသူ မဌေးဌေးတင့် အိမ်သို့ ရောက်လာခဲ့သည်။ မဌေးဌေးတင့်မှာ ကသာမြို့ သီရိခေမာဈေးတွင် အလုကုန်ရောင်းသူဖြစ်သည်။ မဌေးဌေးတင့်၏ လက်ထဲတွင် အထုပ်တစ်ထုပ် ပါလာခဲ့၏။

စာရေးသူမှ လာရောက်ရသည့်အကြောင်းရင်းကို မေးကြည့်သည့်အခါ မဌေးဌေးတင့်က ဘာမှ ပြန်မပြောသေးဘဲသူမ၏ လက်ထဲတွင် ကိုင်ဆောင်လာသည့် အထုပ်ကို ဖြေ၍ မချုပ်ရသေးသည့် အဝတ်စတစ်စအား လှမ်းပေးသဖြင့် ယူလိုက်ရသည်။

"ဦးစမ်းဦး ဒီအထည်စကို ဖြန့်ကြည့်ပါဦး ဘာထူးခြားသလဲ လို့"

မဌေးဌေးတင့်၏ ပြောကြားချက်အရ စာရေးသူမှ ထဘီစကို ဖြန့်ကြည့်ပြီး လေ့လာလိုက်သည်။ ဘာမှ ထူးခြားမှုမတွေ့ရ။ သို့သော် ထဘီစတွင် ရိုက်နှိပ်ထားသည့် ရုပ်ပုံဒီဇိုင်းများကို အသေအချာ လေ့လာကြည့်သောအခါ ဟော တွေ့ရပါပြီ။ ပထမဦးစွာ ဗုဒ္ဓဘာသာဝင်များ အထွဋ်အမြတ်ပြုသည့် ပဋ္ဌာန်း ၂၄ ပစ္စည်းကို ကိုယ်စားပြုသည့် ပဋ္ဌာန်းစက်ဝိုင်းပုံများ၊ ထိုစက်ဝိုင်းအတွင်းရှိ အကန့်လေးများကို အသေအချာ ရေတွက်ကြည့်သောအခါ ၂၄ ခုတိတိရှိနေသည်။ ထိုပဋ္ဌာန်းစက်ဝိုင်းများနှင့် ကပ်လျက် ပလ္လင်တော်ပေါ်ဝယ် ဗုဒ္ဓမြတ်စွာ ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံးတော်မူနေဟန် ရုပ်ပုံ။

ဘုရား·ဘုရား အမျိုးသမီးတွေဝတ်တဲ့ ထဘီစတွေမှာဘာသာရေးဆိုင်ရာ ရုပ်ပုံတွေ ထည့်သွင်းရိုက်နှိပ်ထားခြင်းပါလား။

ရုပ်ပုံဒီဇိုင်းတွေ မြောက်မြားစွာရှိသည့်အထဲက ဤကဲ့သို့ ကြံကြီးစည်ရာ ဘာသာရေးနှင့် စပ်လျဉ်းသည့် ရုပ်ပုံများကို အမျိုးသမီး ဝတ်ဆင်သည့် ထဘီစတွင် မည်သို့သော အကြံအစည်ဖြင့် မည်သူတို့က ရိုက်နှိပ်ထုတ်လုပ် ရော်းချနေပါသနည်း။

ထိုထဘီစကို လေ့လာကြည့်သောအခါ ပါတိတ်ကဲ့သို့ အစကောင်းတော့ မဟုတ်ပါ။ တန်ဖိုးနည်း သာမာန်ပိတ်စမျိုးဖြစ်သည်။ ထဘီအနားစတွင် ပန်ဒါဝက်ဝံရုပ်ကလေးနှင့် အင်္ဂလိပ်ဘာသာဖြင့် ပန်ဒါ ကုမ္ပဏီလီမိတက်ဟု ရေးသားထားသည်ကို တွေ့ရသည်။

"မဌေးဌေးတင့် ဒီထဘီစကို ဘယ်ကဝယ်လာတာလဲ"

<u>ပလ္လင်ပေါ်တွင် စံပါယ်တော်မူနေဟန် ဗုဒ္ဓရုပ်ပွား တော်ဒီဇိုင်း</u>



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သီရိမင်္ဂလာဈေး အထည်ဆိုင်က ဝယ်လာတာ။ သူတို့ကလည်း မန္တလေးကစက်ဆင့် ဝယ်ပြီးပြန် ရောင်းတာ"

မဒွေးဒွေးတင့်က ဆက်ရှင်းပြသည်။

"ကျွန်မလည်း ဈေးထဲက ဝယ်လာပြီး အထက်ဆင်တပ်မယ် လုပ်တော့မှ ဒီပုံတွေကို သတိထားမိတာနဲ့ ဒီထဘီစကို မဝတ်ရဲတော့ဘူး။

ကျွန်မလိုပဲ အခြား ဗုဒ္ဓဘာသာဝင် အမျိုးသမီးတွေ



ဘာသာရေးဆိုင်ရာ ရုပ်ပုံများပါရှိသည့် ထဘီ

ဒီလိုမျိုး ထဘီစတွေကို သတိမထားမိဘဲ ဝယ်မိမှာရယ်၊ ချုပ်ဝတ်နေတဲ့သူတွေ သတိထားပြီး ရောင်ရှားနိုင်အောင်ရယ်၊ အများပြည်သူတွေသိအောင် ဦးစမ်းဦးကို စာရေးခိုင်းမလို့ အခုလို လာခဲ့ရတာပဲရှင်"

သို့နှင့် စာရေးသူသည် မြဝတ်ရည်ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင် လုပ်ငန်းမှ ဦးမြမောင်ကိုခေါ်ယူ၍ထိုထဘီစအား အနေအထား ၃ မျိုးဖြင့် ဓာတ်ပုံရိုက်ယူခဲ့သည်။ ရရှိလာသည့် ဓာတ်ပုံများအား နီးစပ်ရာမိတ်ဆွေများအားပြသ မေးမြန်းခဲ့ရာ အားလုံးနီးပါးကပင် ပဋ္ဌာန်းစက်ဝိုင်းဖြစ်ကြောင်း ပလ္လင်ပေါ်တွင် ဗုဒ္ဓမြတ်စွာ စံပါယ်တော်မူသည့်ပုံဖြစ်ကြောင်း တညီတညွတ်တည်း အမြင်တူညီစွာ ဖြေဆိုခဲ့ကြပါသည်။

ဤကဲ့သို့ ဘာသာရေးနှင့် စပ်လျဉ်းသည့် ရုပ်ပုံဒီဇိုင်းများ



အကန့် ၂၄ ခုပါသည့် ပဋ္ဌာန်းစက်ဝိုင်း ဒီဇိုင်း

ထည့်သွင်း ရိုက်နှိပ်ထားသည့် ထဘီစမျိုးအား ဗုဒ္ဓဘာ သာဝင် အမျိုးသမီးများအနေဖြင့် ဝတ်စားဆင်ယင်မှု မပြုထိုက်ဟု စာရေးသူ ယူဆမိပါသည်။

သို့ဖြစ်ပါ၍ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများ အနေဖြင့် ထဘီစ ဝယ်ယူရာတွင် သတိထား၍ ရောင်ရှားနိုင်ကြစေရန် ဖြစ်ရပ်မှန် စာပေစင်မြင့်မှ အသိပေး တင်လိုက်ရပါသည်။

**ကမ်းနပူးက စမ်းဦး (ကသာ)**

တိုင်းပြည်၏ အမျိုးဘာသာ သာသနာကို ညှိုးနွမ်းပျက်စီးစေမည့် ပြည်တွင်းပြည်ပ မိစ္ဆာများ၏ အန္တရာယ်ကို အချိန်တိုင်း သတိရှိရှိ မျက်ခြေမပြတ်စေဖို့ လွန်ခဲ့သော ၁၀ နှစ်က ဖြစ်ရပ်မှန် မဂ္ဂဇင်း၏ သတင်းဆောင်းပါးကို ပြန်လည် ဖော်ပြပါသည်။


အယ်ဒီတာ

www.burmeseclassic.com

www.burmeseclassic.com



# နေပြည်တော် တပ်ကုန်းမြို့နယ်မှ သတင်းအတိုအထွာများ




### ရင်းနှီးမှုကို အစပြု၍

၂၀.၃.၂၀၁၃ ရက်နေ့က နေပြည်တော်ကောင်စီ နယ်မြေ တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်၊ နယ်မြေ (၅) ပြည်လုံးချမ်းသာ လမ်းနေ မအိအိခိုင် ၃၆ နှစ်မှ တပ်ကုန်းရဲစခန်းသို့ တရားလိုပြု လုပ်တိုင်တန်းသည်မှာ ၁၄.၁၀. ၂၀၁၂ ရက်နေ့က မနက် ၉:၀၀ နာရီ အချိန်ခန့်တွင် ယခင်က စရင်းနှီးပြီး စီးပွားရေး စပ်တူ လုပ်ကိုင်ခဲ့ဖူးသူ ကိုကျော်ဇင် လင်းနှင့် မဖြူလုံး(ခ)ဇကရီချိုတို့ ဇနီးမောင်နှံနှစ်ဦး နေအိမ်သို့ ရောက်ရှိလာပြီး မဖြူလုံးမှ မအိအိ ခိုင်၏ အိုယောင်းနေသောဆိုင်ကယ် တစ်စီးအား ရောင်းပေးမယ်ပြော ကြောင်း၊ မဖြူလုံး ဆိုင်ကယ် ရောင်းပေးမယ်ပြော၍ မအိအိခိုင် ပိုင်ဆိုင်သော ၂၀ဃ/ ၆၁၆၁၃ ကင်ဘို ၁၁၀ အနက်ရောင်ဆိုင် ကယ်အား တန်ဖိုးငွေ (၅၅၀၀၀၀ိ/) ကျပ် ရရင်ရောင်း ချင်တယ်ဟုပြန် ပြောခဲ့ရာ မအိအိခိုင်မှ မဖြူလုံး အားဆိုင်ကယ် ရောင်းရန်ပေး လိုက်ပြီး ဆိုင်ကယ်နှင့် ပတ်သက် သော အထောက်အထား စာရွက် စာတမ်းများအား ဆိုင်ကယ် အရောင်းအဝယ်ဖြစ်ပါက မအိ အိခိုင်ထံ မဖြူလုံးမှ လာမယူမည် ဖြစ်ကြောင်း ပြောဆိုခဲ့သော် လည်း နောက် ၃ လခန့်ကြာ သည်အထိ အကျိုးအကြောင်း လာရောက် ပြောဆိုခြင်း မရှိ သဖြင့် မဖြူလုံးနေအိမ်သို့ မအိ အိခိုင်မှ သွားရောက်ပြီး မေးမြန်း ရာ ဆိုက်ကယ်အား လိုင်စင်မဲ့ ဈေးဖြင့် ရောင်းလိုက်ပြီးဖြစ် ကြောင်း၊ ဆိုင်ကယ်ရောင်းရငွေ အား ခေတ္တ သုံးထားကြောင်း ငွေအဆင်ပြေပါက ပြန်ပေးမည် ပြောသဖြင့် စောင့်ဆိုင်းခဲ့သော် လည်း ငွေပြန် မပေးသည့်အပြင် လူအတွေ့မခံဘဲ ရှောင်တိမ်းနေ သဖြင့် ဆိုင်ကယ်အား ရောင်း ပေးမည်ဟု ယုံကြည်အောင် ပြောဆိုပြီးယူသွားကာ လိုင်စင် မဲ့ဈေးဖြင့် ရောင်းချလိုက်သည့် အပြင် ရောင်းရငွေအား အလွဲသုံး စားပြုထားသောကြောင့် မဖြူလုံး (ခ) မဇကရီချို (၂၈) နှစ် (အဘ) ဦးခင်မောင်ချို မိုးကောင်း ဘုရားအနီး ဘုရင့်နောင်ရပ်ကွက်၊

www.burmeseclassic.com



တပ်ကုန်းမြို့နေသူအား တပ်ကုန်းစခန်း (ပ) ၆၀/၂၀၁၃ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ ဖြင့် အမှုရေးဖွင့်ကာ ဒုရဲအုပ်မောင်ကျော်မှ စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သူများစားမယ့်ဆန်၊ သူများမွေးတဲ့ ကြက်ခိုးတော့ ဖမ်းပြီပေါ့**

၂၀·၃·၂၀၁၃ ရက်နေ့ ညနေ ၅း၁၅ နာရီအချိန်က နေပြည်တော်ကောင်စီ နယ်မြေ တပ်ကုန်းမြို့နယ် မျက်ရဲအုပ်စု၊ ကရင်ချောင်းကျေးရွာမှ (အဘ) ဦးထွန်းဝ၏သား မင်းဇော် (၃၅) နှစ်မှ တပ်ကုန်းရဲစခန်းသို့လာရောက်၍ ၄င်း၏ ဇနီးဖြစ်သူ မရီရီသန့်နှင့်အတူ ကရင်ချောင်းကျေးရွာ၏ အရှေ့မြောက်ဘက် တစ်မိုင်ခန့်ရှိ ဖခင်၏ လယ်ကွက်ထဲတွင် နေထိုင်ခဲ့ကြကြောင်း ၁၉·၃·၂၀၁၃ ရက်နေ့ နေ့ ၁၁း၃၀ နာရီအချိန်တွင် ဇနီးဖြစ်သူ မရီရီသန့်မှာ ကရင်ချောင်းကျေးရွာရှိ ဦးမြတ်ကြိုင်အလှူပွဲအတွက် ကူညီရန် တစ်ဦးတည်းထွက်သွားခဲ့ကြောင်း ၄င်းနေ့ည ၇း၀၀ နာရီအချိန်ခန့်တွင် ၄င်းမှ လိုက်သွားရာ ဦးမြတ်ကြိုင်၏ အလှူအိမ်တွင် မည်သူမှ မကျန်ရှိတော့ကြောင်း နေအိမ်သို့ရောက်ရှိစဉ် တစ်ရွာတည်းနေ အဘ ဦးကြည်ရွှေ၏ သား အေးလွင်နှင့် ၄င်း၏ သူငယ်ချင်းဖြစ်သူ ဒဟတ်ကုန်းကျေးရွာသား ရဲကိုကိုတို့နှစ်ဦးမှာ ဓာတ်မီးဖြင့် အလှူအိမ်မှ ထွက်သွားသည်ကို တွေ့မြင်ရပြီး ည ၉ နာရီအချိန် ခန့်တွင် ဇနီးဖြစ်သူနှင့်အတူ တဲအိမ်သို့ ပြန်လာခဲ့စဉ် ဆန် (၁) တင်းခွဲခန့် ထည့်ထားသော ဆန်အိတ် (၁) အိတ်နှင့် တဲအောက်ရှိ မွေးထားသော အလေးချိန် (၅၀) သားခန့်ရှိ ကြက် (၈) ကောင် ပျောက်သွားသဖြင့် ကျေးရွာလူကြီးထံ သွားရောက် တိုင်ကြားပြီး ဦးမြင့်ကြိုင်၊ ဘိုထွန်း၊ စိုးလွင်၊ ဇော်မိုးအောင်တို့ လိုက်လာသော တဲပတ်ဝန်းကျင်အား လိုက်လံရှာဖွေခဲ့ကြကြောင်း၊ တဲလှေကားဝါးလုံးအစွန်းတွင် စစ်အင်္ကျီလက်ရှည် အဟောင်းတစ်ထည်မှာ မရမ်းစိမ်းရောင် လွယ်အိတ်အဟောင်း အတွင်းထည့်လျက်တွေ့ရှိရ၍ ဦးမြကြိုင်မှ လွတ်အိတ်မှာ အေးလွင်၏ လွယ်အိတ်ဖြစ်ပြီး စစ်အင်္ကျီမှာ ရဲကိုကို ဝတ်ဆင်လေ့ရှိသော အင်္ကျီဖြစ်ကြောင်း ပြောပြ၍ သိရှိရသဖြင့် ဆန်အိတ်နှင့် ကြက်များခိုးသူ အေးလွင်နှင့် ရဲကိုကိုတို့နှစ်ဦးအား အရေးယူပေးပါရန် တိုင်ကြားသဖြင့် တပ်ကုန်းစခန်း (ပ) ၅၉/၂၀၁၃၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ ဖြင့် အမှုရေးဖွင့်ကာဒုရဲအုပ်ဝင်းရွှင်မှ တရားခံအေးလွင် ၂၆ နှစ်၊ ကရင်ချောင်းရွာ မျက်ရဲအုပ်စု၊ တပ်ကုန်းမြို့နယ်နေသူနှင့် ရဲကိုကို (၂၁) နှစ် ဒဟတ်ကုန်းကျေးရွာနေသူတို့ နှစ်ဦးအား အမှုဖြင့် ဖမ်းဆီးကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**မိုက်ရူးရဲဆန်ဆန် ရမ်းကားသူရဲ့ ဓာတ်သိမ်း**

၁·၄·၂၀၁၃ ရက်နေ့ ည ၈း၃၀ နာရီအချိန်ခန့်တွင် ဒေါ်ခင်စန်းမြင့် (၅၀) နှစ်၊ နယ်မြေ (၁၀)၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့နေသူသည် နေအိမ်၌ ခင်ပွန်းဖြစ်သူ ကိုတင်ကို (ခ) ကိုပါးပါး၊ သမီးဖြစ်သူ မစုရတနာမြင့်တို့နှင့်အတူ ရှိနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



# သတင်းထူးများ

တစ်ရပ်ကွက်တည်းနေ ခမည်းခမက်တော်စပ်သူ ကိုကံကြီးမောင်မှ "နင်တို့ မိသားစုအားလုံးကို သတ်ပစ်မည်" ဟု ကြိမ်းဝါးကာ မကြားဝံ့မနာသာအောင် ဆဲဆိုနေစဉ် တစ်အိမ်တည်းနေ သမီး မနွယ်မာဦးနှင့် သားမက်ဖြစ်သူ အငယ်လေးတို့ (၂) ဦး အပြင်မှပြန်လာရာ အိမ်ရှေ့လမ်းပေါ်အရောက်တွင် ကံကြီးမောင်မှ အငယ်လေးအား အရှည် ၂ တောင်ကျော်ခန့်ရှိသည့် ဝါးတုတ်ဖြင့် ရိုက်နှက်ပြီး နေအိမ်ခြံဝန်း အပေါက်တွင် ရပ်နေသော သမီးမစုရတနာမြင့်အား ဆက်လက် ရိုက်နှက်ရာ မစုရတနာမြင့်၏ နှာဖူးယာဘက်ခြမ်းတွင် ဖူးယောင်ညိုမည်းသော ဒဏ်ရာ ၁ ချက်ရရှိသဖြင့် ကိုတင်ကို (ခ) ကိုပါးပါးမှ မရိုက်ရန် နေအိမ်ရှေ့ကျောက်ပုံပေါ်မှ လှမ်းတားရာ ကိုကံကြီးမောင်မှ ၎င်း၏ နေအိမ်ခြံဝန်းဘေးလမ်းဘက်တွင် ရှိသော အရှည် ၂ တောင်ကျော်ခန့်ရှိသည့် (၂ × ၁) လက်မခန့် သစ်သားတုတ်ဖြင့် လှမ်းပစ်ရာ ကိုတင်ကို (ခ) ကိုပါးပါးအား ယာဘက်နို့အုံအောက်သို့ ထိမှန်ပြီး ပေါက်ပြဲသွေးထွက်သော ဒဏ်ရာ ၁ ချက် ရရှိခဲ့သဖြင့် ၎င်းမိသားစုအား လမ်းပေါ်မှနေ၍ ဆဲဆိုကြိမ်းဝါးကာ ခင်ပွန်းဖြစ်သူနှင့် သမီးတို့အား ဒဏ်ရာအနာတရဖြစ်အောင် ပြုလုပ်ခဲ့သူ ကိုကံကြီးမောင်အား အရေးယူပေးပါရန် ၂.၄.၂၀၁၃ ရက်နေ့ နေ့လယ် ၂း၃၀ နာရီအချိန်တွင် ဒေါ်ခင်စန်းမြင့်မှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် ၂.၄.၂၀၁၃ ရက်နေ့ နေ့လယ် ၂း၃၅ နာရီအချိန်တွင် တပ်ကုန်းရဲစခန်း (ပ) ၇၂/၂၀၁၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၄/၃၂၃/၅၀၆ ဖြင့် ရေးဖွင့်ကာ ဒုရဲအုပ်ဝင်းရွှေမှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## လက်နက်ကိုင် ရမ်းကားတဲ့ အမျိုးသမီး လူရမ်းကား

၃၀.၃.၂၀၁၃ ရက်နေ့ ည ၇း၂၀ နာရီအချိန်တွင် နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ တပ်ကုန်းရဲတပ်ဖွဲ့ စခန်းမှ နယ်ထိန်း တပ်ကြပ် အေးလွင်နှင့် အဖွဲ့သည် သက်သေများနှင့်အတူ တပ်ကုန်းမြို့မဈေးအတွင်းနှင့် အနီးပတ်ဝန်းကျင်တွင် လုံခြုံရေးဆောင်ရွက်နေစဉ် မြို့မဈေးမြောက်ဘက်တွင် အမျိုးသမီးတစ်ဦးမှာ ဓားကိုင် ဆောင်သွားလာနေကြောင်းကြား သိရ၍ သွားရောက် စစ်ဆေးကြရာ ဈေးမြောက်ဘက်ရှိ ဗိုလ်ချုပ်လမ်းပေါ်တွင် အရိုး ၅ လက်မခန့်၊ အသွား (၆) လက်မခန့်ရှိ သစ်သားရိုးတပ် စတီးဓားဆူးတစ်ချောင်းအား ကိုင်ဆောင်လျက် လမ်းသွားလမ်းလာများအား အထိပ်တလန့်ဖြစ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်နေသူ မခင်မာညို (ခ) မကာစီစာအား တွေ့ရှိ၍သက်သေများရှေ့တွင် ရှာဖွေပုံစံ ပြုလုပ်သိမ်းဆည်းကာ ရဲစခန်းသို့ ခေါ်ဆောင်လာပြီး အရေးယူပေးရန် တိုင်တန်းသဖြင့် ၃၀.၃.၂၀၁၃ ရက်နေ့ ည ၇း၂၅ နာရီအချိန်တွင် တပ်ကုန်းစခန်း (ပ) ၆၇/၂၀၁၃၊ လက်နက်ကိုင်ဆောင်မှု ဥပဒေပုဒ်မ ၁၉ (င) ဖြင့် ရေးဖွင့်ပြီး ဒုရဲအုပ်မောင်ကျော်မှ လူများအထိတ်တလန့် ဖြစ်အောင် ဓားကိုင်ဆောင်သူ တရားခံ ခင်မာညို (ခ) မကာစီစာ (၃၅) နှစ်၊ အနော်ရထာရပ်ကွက် တပ်ကုန်းမြို့နေသူအား အမှုဖြင့် ဖမ်းဆီးကာ ရဲလုပ်ငန်းကုန်စင်အောင် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

ပန်းခရေကို အန္တမ်းခြေပါသော်လည်း

၃.၄.၂၀၁၃ ရက်နေ့ ၁၃း၀၀ နာရီအချိန်တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ရဲတပ်ဖွဲ့စခန်းသို့ ဆရာစံရပ်ကွက်၊ နယ်မြေ (၁၁) နေ (ဘ) ဦးကံကြီးမောင်၏ သမီးဖြစ်သူ ပန်းခရေ (၂၃) နှစ် ရောက်ရှိလာပြီး အမှုဖွင့်ပေးပါရန် တိုင်ကြားသည်မှာ ၁.၄.၂၀၁၃ ရက်နေ့ ည ၈း၃၀ နာရီအချိန်တွင် ဆရာစံရပ်ကွက်အတွင်းရှိ ဗီဒီယိုခွေဆိုင်သို့ ခွေအပ်ပြီး ပြန်လာစဉ် လမ်းတွင် ဆရာစံနယ်မြေ (၁၀) နေ မခင်စန်းမြင့်၏ နေအိမ်တွင် မခင်စန်းမြင့်၏ ခင်ပွန်းကိုတင်ကို (ခ) ကိုဝါးဝါးနှင့် ဖခင် ဦးကံကြီးမောင်တို့ ရန်ဖြစ်နေကြ၍ သွားရောက်ခေါ်ရာတွင် ကိုတင်ကိုမှ ၄င်းထံပြေးလာပြီး "ငါ-မ၊ -မ"ဟု ဆဲဆိုကာ ၄င်း၏ ယာဘက်ရင်အုံအား လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်၍ အင်္ကျီပြဲသွားပြီး ကျန်လက်တစ်ဖက်ဖြင့် မျက်နှာအား လှမ်းထိုးလိုက်သဖြင့် ရှောင်တိမ်းလိုက်ရာ လည်ပင်းအားထိုးမိပြီး ညိုမဲသောဒဏ်ရာ ၁ ချက်ရရှိကာ လဲကျသွားခဲ့ပါကြောင်း၊ ၄င်းတို့အိမ်ထဲ၌ ရှိနေကြသော မခင်စန်းမြင့်နှင့် မနွယ်မာဦးတို့ သားအမိနှစ်ယောက်မှ ဆဲဆိုကာ ပြေးလာကြပြီး ပန်းခရေ အား နပန်းလုံးခဲ့ကြကြောင်း၊ အနီးရှိ လူများဝိုင်းဆွဲကြ၍ မခင်စန်းမြင့်နှင့် မနွယ်မာဦးတို့အား ခေါ်သွားခဲ့ကြသဖြင့် ဥပဒေအရ အရေးယူပေးပါရန် တိုင်ကြားပါသဖြင့် တပ်ကုန်းရဲစခန်း (ပ)/၇၅/၂၀၁၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၄/၃၅၄/၃၂၃ အရ အမှုဖွင့်ကာ အမှုမှ တရားခံ တင်ကို (ခ) ဝါးဝါး (၄၅) နှစ်၊ မခင်စန်းမြင့် (၅၀) နှစ်၊ မနွယ်မာဦး (၃၀) နှစ်တို့ (၃) ဦးအား အမှုဖွင့် ဖမ်းဆီးကာ စစ်ဆေးဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။


**မင်းဟိန်းခန့် (မှုခင်း)**
**မှုခင်းသတင်းထောက်**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# ချစ်သူဝိညာဉ်
# ပင်လယ်ရပ်ခြားသင်္ဘောသား



မောင်မောင်နှင့် ခင်မေသက်တို့ သိပ်ချစ်သည့်ချစ်သူနှစ်ဦးပါပေ။ ချစ်သူဘဝကနေဘဝနှစ်ခုပေါင်းဖက်ကာ အိမ်ထောင်ထူစိုက်ခဲ့ကြ၏။ နှစ်ဖက်မိဘများကလည်း ကြည်ဖြူသည်မို့ အခက်အခဲတော့မရှိခဲ့ကြပေ။ မောင်မောင်က နိုင်ငံတကာသွား ပင်လယ်ကူးသင်္ဘောသားမို့သာ သူတို့နှစ်ဦးချစ်လျက်နှင့် နှစ်အပိုင်းခြားဝေးရ၏။

မိုင်ပေါင်း ဘယ်လောက်ပင်ဝေးကွာပါစေ ချစ်သူထံသို့ စိတ်ကအမြဲရောက်နေတတ်၏။ ဒီအချိန်ဆို ဘာလုပ်နေသည်၊ စားနေသည်သောက်နေသည် စသည်ဖြင့် သတိတရရှိစမြဲတည်း။ စာချင်းလည်း အဆက်အသွယ်မပြတ်ခဲ့ကြချေ။ မြန်မာပြည်နှင့် ဆက်သွယ်လွယ်သည့် အာရှနိုင်ငံများဘက်သို့ သင်္ဘောရောက်တိုင်း ဆိုက်ကပ်သည့်မြို့ဆိပ်ကမ်းမှ တယ်လီဖုန်းလည်း ဆက်ပါ၏။ အလွမ်းပြေဓာတ်ပုံလေးကိုလည်း ကြည်မိစမြဲပါပေ။

သင်္ဘောသားဆိုသည်မှာ နေ့ရက်များစွာ ပင်လယ်ထဲမှာ ကုန်ဆုံးလွန်မြောက်ရစမြဲတည်း။ သဘာဝဘေးအန္တရာယ် ပင်လယ်မုန်တိုင်းဒဏ်လည်း ကြုံရ

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်(မြန်မာပြည်)

# ချစ်သူ့ဇီညာဉ် ပင်လယ်ရပ်ခြားသင်္ဘောသား

တတ်၏။ မတော်တဆအလုပ်ခွင် အတွင်း ထိခိုက်မှုများလည်း ဖြစ်တတ် ကြုံတတ်ပေသည်။ ဂရုစိုက်ရ၏။ သတိထားလုပ်ရ၏။ ပေါ့ဆမှုသည် အသက် အန္တရာယ်ကို ဖြစ်စေတတ်၏။

မိသားစုများကလည်း
ပင်လယ်ရပ်ခြား သင်္ဘောသားထံ
စိတ်ထိခိုက်စရာတွေ
အနှောင့်အယှက် ဖြစ်စရာတွေ
စာမရေးသင့်ပေ။

စိတ်ညစ်ကာ လုပ်မိလုပ်ရာ လုပ်ကြ၏။ ထိုအခါ အမှားတွေ့တတ်၏။ စိတ်လက်မကြည်လင်၍ ဒေါသလည်း အလိုလိုဖြစ်တတ်၏။ စခြင်း၊ နောက်ပြောင်မှုလေးပင် ပြဿနာကြီးကျယ်စွာ ဖြစ်ပေါ်တတ်ပေ၏။ ခင်မေသက်က သင်္ဘောပေါက်၏။ သူမ မိဘအသိုင်းအဝန်းများတွင်လည်း သင်္ဘောလိုက်နေသူတွေ ရှိပေသည်။

မောင်မောင်တို့ သင်္ဘောက အမှုန့်တင်သင်္ဘော ဖြစ်၏။ ဂျပန်ဆိပ်ကမ်း ယိုကိုဟားမားကို ဖြတ်ကာ ကုန်တင်ခဲ့ပြီး ပစိဖိတ်သမုဒ္ဒရာကိုဖြတ်ကာ အမေရိကတိုက်သို့ထွက်ခွာခဲ့သည်။ ရေမိုင် (၇၆၀၀)ရှိပြီး(၂၆) ရက်ကြာ ခုတ်မောင်းရပေမည်။ ပစိဖိတ်သမုဒ္ဒရာ အလယ်လောက်တွင် ကျွန်းဆို၍ ဟာဝါယီကျွန်းသာရှိပေသည်။ မောင်မောင်တို့ သင်္ဘောက အဝေးမှသာ ခုတ်မောင်းဖြတ်သန်းမည် ဖြစ်ပေသည်။ မြေပုံအရသာရှိကြောင်း သိပါသည်။

မောင်မောင်တို့ သင်္ဘောသားတွေသည် သင်္ဘောခုတ်မောင်းနေစဉ်အတွင်း နားရသည်တော့မဟုတ်ချေ။ တာဝန်ချိန်အတိုင်း နေ့နှင့်ည အဆက်မပြတ် ထမ်းဆောင်နေရ၏။ အချိန်ပိုလည်း သတ်မှတ်ချက်မီအောင် လုပ်ကိုင်ပေးရသေး၏။ တာဝန်ချိန်ပြီးမှ ချစ်သောသူ၏ ဓာတ်ပုံလေးကြည့်ကာ အလွမ်းဖြေရ၏။ ရင်ထဲကအလွမ်း အဆွေးများကို စာလွှာရေးမိပါသည်။

**အိပ်မက်ဆိုး**

ထိုနေ့ည (၁၉၈၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်နေ့) တွင် တာဝန်ချိန်ပြီးဆုံး၍ အခန်းထဲ ရောက်တော့ ပင်ပန်းသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်အိပ်ပျော်သွားခဲ့၏။ အိပ်မက်ဆိုးတွေ မက်ကာ ချွေးများထွက်လာသဖြင့် နိုးသွားခဲ့၏။

လှုပ်ရှားကြည့်သည့် ကိုယ်လက်များ လှုပ်ရှားမရတော့ပေ။ ဟစ်အော် ကြည့်သည်။ အသံမထွက်ဘဲရှိ၏။ အမှန်က ဘီလူးစီးသည်ဟု ခေါ်၏။ သွေးလေချောက်ချားခြင်းဖြစ်၏။

တစ်နည်းအားဖြင့် သွေးလေ ရပ်တန့်သွားခြင်းတည်း။ သိပ်တော့ မကြာပါချေ။ သို့သော် သေရမလောက် ခံစားထိတ်လန့်မိပါသည်။ ထိုနေ့ရက်ကို မှတ်မှတ်ရရ ရေးမှတ်ထားလိုက်ပါသည်။ ခရစ်စတာ ဘောဆိပ်ကမ်းအနီး ကျောက်ချ ရပ်နားစဉ်ကဖြစ်၏။ ပနားမား တူးမြောင်း ဖြတ်သန်းရန် စောင့်ဆိုင်းနေချိန်ပါပေ။

ထိုသို့ဖြစ်ပြီးနောက် မောင်မောင်သည် တစ်ယောက်ယောက် မိမိနောက်က အမြဲလိုက်ပါနေသလို ခံစားရမိ၏။ ခြေသံလိုလိုလည်း ကြားမိသလိုရှိခဲ့၏။ စိတ်ထင်၍ ဖြစ်မည်ဟုသာ ဖြေသိမ့်ရ၏။ ခြေသံကြားသလိုသည် လမ်းလျှောက်လှမ်းချိန်တွင် ဖြစ်တတ်၏။ ရပ်လိုက်သော့် ခြေသံကို မကြားမိတော့ပေ။ မဖြစ်နိုင်ဘူးဟုသာ စိတ်ထဲ မှတ်နေရတော့သည်။

တခြားသူများပြောပြလျှင်လည်း ယုံကြည်ကြမည် မဟုတ်ပေ။ လှောင်ကြပြောင်ကြမည် ဖြစ်၏။ ကြုံပါများတော့လည်း စိတ်ထင်ခြင်းမဟုတ်။ တကယ် ခြေသံကြားရခြင်း ဖြစ်လာခဲ့ပေသည်။ စိတ်တွေ လေးလံသွားခဲ့၏။ ချစ်သောသက်ထံမှလည်း လာနေကျစာ မရောက်လာခဲ့ပေ။ တစ်ခါတရံ သင်္ဘော ကုမ္ပဏီ၏ ကိုယ်စားလှယ် မရှိသော ဆိပ်ကမ်းဆိုပါက စာတွေ မပို့ပေးပါချေ။ ရသည့် ဆိပ်ကမ်းတွင် စာတွေတစ်စောင်မက စုပေါင်းကာရ၏။ ဖတ်ရပေသည်။

သူများတွေ စာကိုယ်စီ မိသားစုထံမှ ရောက်လာပြီး မိမိထံ စာမရောက်လာသည့်အခါ ပို၍ စိုးရိမ်ပူပန်မိပါသည်။ စိတ်များ လေးလံထိုင်းမှိုင်းသွား၏။ ချစ်သောသက်များ တစ်စုံတရာများ ဖြစ်နေပြီလားဟု စိတ်ထင့်မိ၏။ မဖြစ်နိုင်ဘူးဟုသာ စိတ်ဖြေရ၏။ အတိတ်နိမိတ်တော့ တစ်ခုခုဖြစ်ပါက ပြရပေမည်။ ဟုတ်သည်။ ဘီလူးစီးသလို ဖြစ်ခဲ့ကြောင်းကို တွေးမိ ပြန်လာသောအခါ စိုးရိမ်စိတ်က တားဆီးမရပါတော့ချေ။ စာရေးကာ မေးမိပါသည်။ သက်များ နေထိုင်မကောင်းပေလား မသိနိုင်ပေ။

အလုပ်လုပ်နေချိန်တွင်တော့ သတိမရပါချေ။ အလုပ်ထဲမှာသာ အာရုံစူးစိုက်ထားရ၏။ သင်္ဘောသွားနေစဉ်လည်း ဆေးသုတ်၊ သံချေးခေါက်ခြင်း အလုပ်သည် ထမင်းစားရေသောက် လုပ်သလို အဆက်မပြတ် လုပ်ရပေသည်။ အမြင့်တိုင်များ တက်ကြရ၏။ ကရိန်း ဝါယာကြိုးများအား အမဲဆီ သုတ်လိမ်းရ၏။ ဆီခမ်းခြောက်ပါက ဝါယာကြိုးများခိုင်ခန့်မှု မရှိဘဲ မာတောင့်သွားကာ ပြတ်တတ်၏။ အမဲဆီ မပြတ် သုတ်လိမ်းထားခြင်းဖြင့် ကြာရှည် အသုံးခံပါသည်။

ကုန်ပေါက်ထဲသို့ ဆင်းကာ သန့်ရှင်းရေးပြုလုပ်ရသေး၏။ အချို့ကုန်များသည် ခကာ ကုန်ပေါက်နံရံတွင် ကပ်နေတတ်၏။ ထိုသည်ကို ရေအားဖြင့် ထိုးချရ၏။ မရပါက စကေပါ အရှည်ဖြင့် ထိုးခွာရ၏။

www.burmeseclassic.com

www.burmeseclassic.com



မမြင်အပ်သည်
တစ်စုံတစ်ရာက သူ့အား
ကယ်လိုက်သည်
ထင်ပါသည်။
မောင်မောင်ဖမ်းဆုပ်
ကိုင်လိုက်သည်က
အမြင့်တိုင်တစ်တိုင်၏
လှေခါးထစ်ပင်တည်း။
အကြောက်
မပြေသေးချေ။

အရှည် မမီပါက ခက်ခဲစွာ တက်ကာလုပ်ရတော့၏။ ကုန်ပြန်တင်ရန် လုပ်ရပေသည်။ ကုန်ဟောင်းများ ကပ်ငြိကျန်နေပါက ကုန်တင်ရန် လာရောက်စစ်ဆေးသော ကုန်စစ်ဆေးရေးအရာရှိက ကုန်တင်ခွင့် မပြုပေးလျှင် ကုန်တင်ခွင့် မရနိုင်တော့ပေ။

သင်္ဘောအား သံချေးခေါက်ဆေး သုတ်လုပ်ရခြင်းမှာလည်း သင်္ဘောအား မပျက်မဆီး ကြာရှည်ခိုင်ခန့်ရန် ထိန်းသိမ်းခြင်းပင်တည်း။ ထိုသည်များမှာ သင်္ဘောသားတို့၏ တာဝန်များဖြစ်၏။ အထက်အရာရှိက အမိန့်ပေးစေခိုင်းသည့်အတိုင်း လုပ်ကြရပေသည်။ ကုန်းပတ်မှူး၏ အမိန့်ယူကာ လုပ်ရမည့် တာဝန်များကို နေ့စဉ်ခွဲဝေကာ လုပ်ကိုင်ရ၏။

**အသက်အန္တရာယ်ဘေး**

မောင်မောင်သည် အလုပ်လုပ်ရာတွင် စိတ်အေးထားကာ လုပ်တတ်သူဖြစ်၏။ ယခုတော့ စိတ်မအေးနိုင်တော့ချေ။ ချစ်ဇနီးတစ်ယောက်အတွက် ပူပင်သောကဖြစ်နေ၏။ စိတ်စနောင့်စနင်း ဖြစ်ရသည်။ သတိရှိရှိ လုပ်တတ်သူ ဖြစ်သော်လည်း သတိလက်လွတ် ဖြစ်လာတော့သည်။ အမြင့်တိုင်များသို့ တက်ကာ ဆေးသုတ်ရစဉ်က ဖြစ်ပေသည်။

လိုက်လိုင်း မနီလာကြိုး ထားရ၏။ ဆေးပုံးကိုလည်း ကြိုးတစ်ကြိုးဖြင့် ချည်နှောင်ပြီး လိုသောနေရာကို အောက်က တစ်ယောက်က အတင်အချလုပ်ပေးရ၏။ မမျှော်လင့်သော အန္တရာယ်က ကြုံတွေ့လာတော့၏။ လိုက်လိုင်း ကြိုးပြတ်ကျသွား၏။ မောင်မောင် အသည်းအေးသွား၏။ မျက်လုံးများ ပြာဝေသွားတော့သည်။ သွားပြီသေပြီဟု ထင်မှတ်လိုက်၏။ အမြင့်ပေါ်က ပြုတ်ကျခြင်းတည်း။

သင်္ဘောကြမ်းခင်းသည် မြေမဟုတ်။ သံပြားဖြစ်၏။ အမြင့်မှာလည်း သုံးထပ်တိုက် မကရှိ၏။ ထိုစဉ်မောင်မောင့်အားလေပင့်လိုက်သလို တုန့်ခနဲဖြစ်ကာ အပေါ်သို့မြောက်တက်တင်လိုက်သလိုဖြစ်၏။ သတိကလက်မလွတ်သဖြင့် နီးရာဆွဲဖမ်းကိုင်လိုက်ရ၏။ သင်္ဘော

www.burmeseclassic.com

www.burmeseclassic.com



သည် လှိုင်းအပုတ်ကြောင့် ဘယ်ညာလူးသွားပြီးတည်း။ ကံကောင်းသည်ဟု ဆိုနိုင်သည်။ မောင်မောင်ပြုတ်အကျ သင်္ဘောက ဘယ်ညာလူးသဖြင့် သူ့အားကယ်တင်လိုက်သလို ဖြစ်သွားပေသည်။

မောင်မောင့်စိတ်ထဲတွင်တော့ မမြင်အပ်သည့် တစ်စုံတစ်ရာက သူ့အားကယ်လိုက်သည်ထင်ပါသည်။ မောင်မောင်ဖမ်းဆုပ်ကိုင်လိုက်သည်က အမြင့်တိုင်တစ်တိုင်၏ လှေခါးထစ်ပင်တည်း။ အကြောက်မပြေသေးချေ။ တုန်ရီချိနဲ့စွာဖြင့် အောက်သို့မနည်း ဆင်းခဲ့ရသည်။ ရင်များက တထိတ်ထိတ်မြန်စွာ သေကံမရောက် အသက်မပျောက်ခဲ့ခြင်းဖြစ်၏။

နောက်ထပ် အသက်ဘေးနှင့် ကြုံပါသေး၏။ ကုန်ပေါက်ထဲတွင် သင်္ဘောသားများ သန့်ရှင်းရေးလုပ်ကြရသည်။ ရေမချခင် ဦးစွာအမှုန့်ကျန်များ ကုန်များကို တံမြက်လှဲကျင်းကြရပေသည်။ ပြောင်းဆံအကျန်များဖြစ်၍ သေချာလှဲကျင်းကြရ၏။ ကျန်ရစ်သောရေဖြင့်နူးကာ ပုပ်ပွကာအနံ့ဆိုးတော့၏။ ထိုအနံ့မပျောက်ပါက နောက်ထပ်တင်သည့် ကုန်များ အနံ့စွဲကာ ပျက်စီး တတ်ပေသည်။ သေချာစေ့စပ်စွာ လုပ်ကြရ၏။

လှည်းကျင်းပြီးသောအမှိုက်များကို အပေါ်က ကရိန်းဖြင့် သံစည်ပိုင်းများထဲထည့်ကာ အပေါ်သို့ ကရိန်းဖြင့်မတင်ကြရပြန်သည်။ ရေစုတ်ပေါက် တွင် ဝင်ရောက်နေသော အမှိုက်များကို သင်္ဘောသားတစ်ယောက်က ဝင်ကာ နှိုက်ထုတ်၍ သန့်ရှင်းရ၏။ ရေဖြင့် ကုန်များက စုဝေးကာ ပုပ်ပွနံ့စော်နေပါတော့၏။ ထိုအနံ့ကို ဆေးကြောသော်လည်း နှစ်ရက်ခန့်မျှ မပျောက်ဘဲနံနေတတ်၏။

မောင်မောင်က သံစည်ပိုင်းထဲအမှိုက်များ ပြည့်၍ ဆွဲတင်ရန် လက်ပြလိုက်၏။ ကုန်ပေါက်အောက်ခြေမှ အထက်ဝသို့ ပေ (၁၈၀) ကျော်၏။ မောင်မောင်က ကျန်သံစည်ပိုင်းလွတ်များကို အ စားထိုး ပြောင်းရွှေ့နေသည်။ ထိုအခိုက်သံစည်ပိုင်းအား ချည်နှောင်ထားသောဝိုင်ယာကြိုးပြတ်ကာ အရှိန်ပြင်းစွာ ကုန်ပေါက်ထဲသို့ပြန်ကျလာတော့၏။ မောင်မောင်၏အထက် တည့်တည့်ကျလာခြင်းပင်တည်း။

အားလုံးက မှင်သက်ငေးကြောင်စွာ ကြည့်နေမိတော့သည်။ မောင်မောင်က မသိပါချေ။ အလုပ်သာမဲ၍ လုပ်နေပေသည်။ ထိုစဉ် ရုတ်တရက် အခြေအနေက ပြောင်းသွားတော့သည်။ မောင်မောင်အား တစ်စုံတစ်ယောက်က အတင်းတွန်းထုတ်လိုက်သလို မောင်မောင်အဝေးသို့ လွင့်စင်သွားတော့၏။ ထိုအခိုက်မှာပင် ပြုတ်ကျလာသော စည်ပိုင်းကြီးက…

"ဝုန်း"ခနဲ တုန်ဟီး သွားပါတော့၏။

ထိုအဖြစ်ကို အားလုံးမြင်လိုက်ကြရ၏။ ဖြူဖြူအ ရိပ်သဏ္ဌာန်လိုလိုက မောင်မောင့်အား တွန်းထုတ်ကယ်တင်လိုက်ခြင်းပင်တည်း။ မောင်မောင်မှာ ပြူးကြောင်ကြောင်ဖြစ်ကာ သူကံကောင်းလို့မသေခြင်းပါပဲ။ တစ်ယောက်က တွန်းထုတ်၍ သူမသေခဲ့ခြင်းဖြစ်၏။ ဘယ်သူပါလိမ့်။ ကျန်သူအားလုံးက သူနှင့်ဝေးရာမှာ အလုပ်လုပ်နေကြ

www.burmeseclassic.com

www.burmeseclassic.com




ခြင်းမို့ မဖြစ်နိုင်ပါချေ။ ထိုအခါမှ ကြက်သီးမွေးညှင်းများတောင် ထသွားတော့သည်။

**ရောက်ရှိလာသောသတင်းဆိုး**

မောင်မောင်တို့ သင်္ဘောပနားမားကိုဖြတ်ပြီး အမေရိကန်နိုင်ငံတမ်ပါဆိပ်ကမ်းတွင် ဆိုက်ရောက်ကုန်ချပြီး သင်္ဘောသည် ဘာရာဇီးလ်တွင် ကုန်ပြန်တင်ရန် ဆိုက်ရောက်၏။ ဘာရာဇီးလ်ဆိပ်ကမ်း စန်တော့စ်တွင် တိရစ္ဆာန်အစားအစာများ တင်ရ၏။ ဘာရာဇီးလ်သည် ဘောလုံးလောကတွင် ကမ္ဘာကျော်သလို သင်္ဘောသား လောကတွင်လည်း ချစ်သူတို့ပျော်ရာမြေဟု တင်စားကျော်ကြားပေသည်။

ဘာရာဇီးလ်သို့ဆိုက်ရောက်သော သင်္ဘောသားတို့သည် ဘယ်မှာ မပျော်ရွှင်နိုင်ဘဲနေအံ့နည်း။ ဆိပ်ကမ်းအနီးအနား သင်္ဘောပေါ်မှ လှမ်းမြင်ရသည့် ဆိပ်ကမ်းအပြင်တွင် နိုက်ကလပ်များ၊ ဒစ္စကိုကလပ်များက တန်းစီရှိနေ၏။ ညဘက် (၈)နာရီကျော်သည်နှင့် သီချင်းသံများက ရင်ခုန်စေ၏။ မကြားချင်လို့မရပေ။ ကျယ်လောင်စွာ အပြိုင်အဆိုင်ဖွင့်ကြ၏။

ကလပ်များသို့ ဘာရာဇီးလ်အပျိုချောလေးများက လာရောက်ကခုန်ပျော်ရွှင်လေ့ရှိ၏။ အလှအသီးသီးမှ လာကြ၏။ တချို့ဆိုပါက ကိုယ်ပိုင်ကားများဖြင့်ပင် လာကြသေး၏။ အရက်ပြင်းကိုဆိုင်ထဲတွင် မရောင်းချပါချေ။ ဘီယာတစ်မျိုးတည်းသာ ရောင်းချပေသည်။ မိန်းကလေးများအတွက် အချိုရည်များလည်း ရောင်းပေးသည်။ မြူးကြွသော သီချင်းသံများက စိတ်ကိုလန်းဆန်းနိုးထစေ၏။ လှပျိုဖြူတို့ကလည်း စွဲဆောင်ထားသလို ရှိပေသည်။



သူတို့ဒေသများမှာ ထုံးစံတစ်ခုရှိ၏။ မိမိကြိုက်သော မိန်းကလေးအား ကခုန်စားသောက်ရန် ခေါ်နိုင်ပေသည်။ မိန်းကလေးသဘောတူပါက သင်နှင့်အတူ ကခုန်ပါလိမ့်မည်ဖြစ်၏။ မတူပါက ခေါ်ဖို့မစဉ်းစားသင့်တော့ချေ။ ထိုမိန်းကလေးအား ခေါ်ပြီး ခင်မင်ဆက်ဆံပြီး နောက်တစ်ယောက်ကိုမြင်၍ သစ္စာမဲ့ပါက ထိုနေရာရှိမိန်းကလေးအားလုံးက သစ္စာမရှိသူအား ဝိုင်းရိုက်နှက်မောင်းထုတ်ခြင်း ခံရပေလိမ့်မည်။ သူတို့ဓလေ့စရိုက်ကို ဂရုပြုသင့်၏။

သူမတို့သည်လည်း ထိုသူသင်္ဘောဆိပ်ကမ်းက မခွာမချင်း တခြားသူ လာခေါ်ပါကလည်း မလိုက်ကြချေ။ ငွေပုံပေးလည်း

www.burmeseclassic.com

www.burmeseclassic.com



မရပါချေ။ သူမတို့ကလည်း သစ္စာစောင့်သိကြပေသည်။ ထိုသင်္ဘောသား ငွေကြေးကုန်သွား၍ မတတ်နိုင်ပါကလည်း ဖယ်ခွာရှောင်သွေ မသွားကြပါချေ။ ပျော်ရွှင်စရာ ကောင်းပါသည်။ မောင်မောင် တစ်ယောက်တော့ မပျော်ရွှင်နိုင်ပေ။ မိဘဆွေမျိုးများထံမှ ပြန်စာကို

နှစ်လကျော်ကြာမှ ရခဲ့သည်။

သူ၏ချစ်ဇနီးခင်မေသက် ရုတ်တရက် ကားတိုက်မှုဖြစ်ပြီး ကွယ်လွန်သွားပြီဟု အကြောင်းကြားခဲ့၏။ သင်္ဘောသားတို့ဘဝမှာ ရင်နာစရာကောင်းပါသည်။ မိဘဆွေမျိုးသားချင်း ကွယ်လွန်သော်မှ မပြန်နိုင်ကြပါချေ။ ပြန်ပါက ကိုယ့်စရိတ်ကိုယ်ကျခံရပေသည်။ လိစ်ပေး တစ်လခလည်း မရပါတော့ချေ။ စာချုပ်နှစ်မပြည့်ဘဲ ပြန်၍ဖြစ်။

ပြန်ရောက်ပါကလည်း သေသူက သေနှင့်ပြီးဖြစ်၏။ ဘာမှ မထူးခြားပါတော့ချေ။ မောင်မောင် မပြန်တော့ပေ။ ပြန်ဖို့လည်း (၂)လကျော်မှ သိရသဖြင့် အကြောင်းမထူးပါတော့

**သူမ၏ ဝိညာဉ်သည် မောင်မောင့်ထံ နမိတ်ပြသလို ဘီလူးစီးကာ ပြောခဲ့၏။**

ချေ။ ဝမ်းနည်းကြေကွဲမှုတွေက သူ့အား နှိပ်စက်နေကြပေသည်။ ခင်မေသက် ကွယ်လွန်သည့်နေ့သည်ကား မောင်မောင် ဘီလူး စီးသလိုဖြစ်ခဲ့သောနေ့ပါတည်း။ ကားတိုက်မှုဖြစ်ပြီး ဆေးရုံသို့အချိန်မီပို့ပေးခဲ့ကြ၏။ သို့သော် မရပါတော့ချေ။ ညဉ့် (၁၂)နာရီခန့် ၁၉၈၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်နေ့ သေဆုံးသည်ဟု ဆိုပေသည်။ မောင်မောင် ဘီလူးစီးခံရသလို အချိန်နှင့် တစ်ထပ်တည်း တိုက်တိုက်ဆိုင်ဆိုင် ဖြစ်တော့၏။ ခင်မေသက် မကွယ်လွန်မီ သတိတစ်ချက် ခဏလေးပြန်လည်လာခဲ့၏။ သူမက သူမချစ်သောချစ်သူလင်ယောကျ်ားမောင်မောင်အား မေးပြီး ကွယ်လွန်သွားခဲ့သည်ဖြစ်၏။

**ဝိညာဉ်လေလား**

သူမသည် သေလွန်ချိန်အထိ မောင်မောင့်အား သတိတရ တမ်းတ စွဲလမ်းခဲ့ပေလိမ့်မည်။ သူမ၏ ဝိညာဉ်သည် မောင်မောင့်ထံ နမိတ်ပြသလို ဘီလူးစီးကာ ပြောခဲ့၏။ မောင်

www.burmeseclassic.com

www.burmeseclassic.com



မောင်ကလည်း

ထိုသို့ ဖြစ်ပြီးသူမအား ချက်ချင်း သတိရမိလေသည်။



အလုပ်လုပ်လျှင်သော်မှ စိတ်ထင့်နေခဲ့မိပေသည်။ သူ့သင်္ဘောပေါ်မှာ အသက်အန္တရာယ် ကြုံခဲ့စဉ်က ကယ်တင်ရှင်မှာ ခင်မေသက်လေလားဟု မဆီမဆိုင် တွေးမိပါသည်။

ဖြစ်လည်းဖြစ်နိုင်သည်။ ခင်မေသက်သည် သူ့ချစ်လန်းသူထံ စိတ်ရောက်ကာ ကွယ်လွန်သွားသူဖြစ်၏။ ချစ်လန်း၍မကျွတ် မလွတ် ပြိတ္တာဘဝရွှေပါ ကျင်လည်နေရဟန် တူပေသည်။ မောင်မောင်၏ နောက်မှ တကောက်ကောက် လိုက်ပါနေခဲ့ပေသည်။ ခြေသံပေးကာ အသိပေးသည်။ မောင်မောင်က သတိမထားမိပါချေ။ စိတ်ထင်လို့ပါဟု မှတ်ယူခဲ့ပေသည်။

မောင်မောင်တစ်ယောက် သိပ်ချစ်ရလွန်းသူ ခင်မေသက် ကွယ်လွန်သွားခြင်းကြောင့် စိတ်ထိခိုက်ရသည်တော့ အမှန်ပါပေ။ စိတ်ဝေဒနာခံစားရသည်။ တုန့်လှုပ်ယူကျုံးမရဖြစ်ရ၏။ ဖြေသိမ့်စရာ မရှိတော့သလို လှစ်ဟာသွားတော့၏။ သင်္ဘောက သူငယ်ချင်း ရောင်းရင်းတွေက ဘရာဇီးလ်ရောက်ခိုက် မောင်မောင် စိတ်ပြေလက်ပျောက် ဖြစ်စေရန် နိုက်ကလပ်သို့ခေါ်သွားခဲ့ကြ၏။

မောင်မောင် မလိုက်ချင်ပါချေ။ သို့သော် မရပါ။ မာလိန်မှူးက အစ မောင်မောင်အား စိတ်ထိခိုက်နေမှန်း သိသဖြင့် မောင်မောင့်အား မုန့်ဖိုးပေးကာ လိုက်သွားစေခဲ့၏။ သင်္ဘောသူကြီးကိုယ်တိုင် လိုက်ပါရန်တိုက်တွန်းနေသဖြင့် မလိုက်၍မကောင်း။ လိုက်သွားရတော့သည်။ ကလပ်ထဲရောက်တော့ မောင်မောင် ဘီယာသောက်ကာ ခပ်ငူငူထိုင်နေ၏။

သူတစ်ပါးတွေ ပျော်ရွှင်နေကြတာ မြင်တွေ့နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပို၍ ခင်မေသက်အား သတိတရ ရှိရပါသည်။ ပျော်ရွှင်ခဲ့တဲ့ နှစ်ကိုယ်တူ အချိန်လေးများစွာကို ပြန် တမ်းတမိပါတော့သည်။ အထီးကျန်အတွေးဖြင့် ဘီယာ သောက်ကာ ဖြေသိမ့်နေမိ၏။ အားလုံးကိုမေ့လိုက်ချင်သည်။ မေ့မရနိုင်ပေ။ ရင်ထဲမှာ နာကျင်ခံစားရ၏။ ဖြေသိမ့်နိုင်စွမ်း မရှိပါတကား။

အုန်းသွင်၊ သက်ထွန်း၊ တင်မြင့်တို့နဲ့အတူ လပ်စတေရီတွင် ပျော်ရွှင်စွာ သောက်စားကခုန်ကြ၏။ မောင်မောင်ကတော့ ဝေဒနာကိုရင်မှာ ထွေးပိုက်ထား၏။ ဘီယာများသာ တစ်ပုလင်းပြီးတစ်ပုလင်း ဖြိုနေတော့သည်။ အရက်သည် တစ်ခွက် သောက်လည်း မူးမည်ဖြစ်၏။ သွေးသား တောင်းသူများအဖို့ တော်ရုံတာ မဖြုံမမူးပါချေ။ မောင်မောင်လည်း ဘီယာမူးသည်က တခြား သတိရသည်ကတခြား စီ ဖြစ်နေ၏။ အမူးလွန်သွားမှ မေ့ပျောက်မည်ထင်၏။ သက်ထွန်းတို့ကတော့ ဘာရာဇီးလ် သူလေးများကို ဖိတ်ခေါ်လာခဲ့ကြ၏။ မောင်မောင့်အတွက်လည်း မိန်းကလေးတစ်ယောက်ကို ခေါ်ခဲ့၏။ မောင်မောင့်နံဘေးတွင် ထိုင်စေသည်။ မောင်မောင် စိတ်ဖြေနိုင်ရန် ပျော်ရွှင်စေရန် ရည်ရွယ်ကြသည်။

**ထင်ရောင်မိမှားဝိုးတဝါး**

မောင်မောင်ကတော့ အင်းမလှုပ် အဲမလှုပ်သာရှိ၏။ မိတ်ဆက်ပေးသော်လည်း ဂရုမစိုက်ပေ။ သူ့ဘာသာ ဝေဒနာလေးတွေနှင့်အတူ အတိတ်ခြေရာကောက်နေခဲ့၏။ ဘီယာများ သာဖိ၍ သောက်နေသည်။ ဘာရာဇီးလ်သူလေး မာရီယာက မောင်မောင့်အပေါ် သနားမေတ္တာသက်ဝင်စွာ မောင်မောင့်အား ငေးမောကြည့်နေရှာသည်။ သူမသည်လည်း အချစ် ဝေဒနာခံစားဖူးခဲ့မည် ထင်၏။ ရှိခဲ့ဖူးသူတွေ ရှိကြပါမည်။

မောင်မောင့်အလိုကျ ဘီယာကို သူမက ဖန်ခွက်ထဲ ထည့်ပေး၊ ငှဲ့ပေးနေခဲ့၏။ သည်မြန်မာသဘော်သားလေးအပေါ် သူမ စနာသနားနေမိပြီဖြစ်၏။ မှန်ပေသည်။ အချစ်သည် ဘယ်ကစ၍ ဘယ်မှာအဆုံးသတ်သည်ကို ဘယ်သူသိပါအံ့ နည်း။ အဖြေမရှိသော ပုစ္ဆာ တစ်ပုဒ်လိုပါပေ။ မောင်မောင် မူးဝေရီလျက်ရှိ၏။ အမြင်အာရုံ ဝေဝါးလာခဲ့သည်။

မာရီယာအား တစ်ခါတရံ ခင်မေသက်ဟု ထင်တတ်၏။ ထိုအခါ အတင်းပင်ပွေ့ဖက်ကာ တစ်တွတ်တွတ် စကားဆို၏။ မာရီယာက နားမလည်ပေ။ မောင်မောင်ပုံမှန် သိဝင်လာသောအခါ ခင်မေသက်ပျောက်ကွယ်သွား၏။ မာရီယာအား တွန်းလွှတ်သည်။ ဖြစ်ချင်တိုင်းဖြစ်နေရ၏။ မဖြစ်ချင်တာတွေလည်း ဖြစ်တတ်ပေသည်။ မောင်မောင် ဆက်သောက်နေတော့သည်။

အမူးလွန်သွားတော့သည်။ သင်္ဘောသို့ မပြန်နိုင်တော့ပေ။ မာရီယာက သူမကားဖြင့် သူမအခန်းသို့ မောင်မောင့်အား ခေါ်ဆောင်သွားခဲ့၏။ အမူးပြေမှ ပြန်ပို့မည်ဖြစ်၏။ သင်္ဘောက ကုန်တင်ရန်တန်ချိန် လေးသောင်းကျော်မို့ ရက်ကြာစွာ ဆိုက်ကပ်ထားသည်မို့ ပြဿနာတော့ မရှိပါချေ။ မာလိန်မှူးကိုယ်တိုင်လ

www.burmeseclassic.com

www.burmeseclassic.com



လည်း မောင်မောင် စိတ်ထိခိုက်နေချိန်မို့ ဘေးမဲ့ပေးထား၏။ အလုပ်လုပ်ပါကလည်း အသက်အန္တရာယ်ဖြစ်စေနိုင်၍ပါပေ၏။

မောင်မောင်အိပ်ပျော်သွား၏။ ဘာမျှမသိပါတော့ချေ။ အမူးလွန်ကာ ချာလည်နေသေးခဲ့၏။ အိပ်ပျော်သွားမှ ဘာမျှမသိတော့ပေ။ ကလေးဆိုးလေးလိုပင်ဖြစ်နေပါတော့သည်။ အိပ်မက်မက်၏။ အိပ်မက်ထဲတွင် ခင်မေသက်နှင့်အတူ ချစ်တင်းနှောခဲ့၏။ ပျော်သည်။ သို့သော် အိပ်မက်က အိပ်မက်သာပေ။ ကြာရှည်တော့ မခံပါချေ။

ခင်မေသက်ဝိညာဉ်က ဝင်ပူးနေသည်ထင်၏ စိတ်စွဲလန်းနေ၍သာ ဖြစ်ပေမည်။ တချို့ကတော့ စိတ်ဝေဒနာ ခံစား၍ စိတ်ကစဉ့်ကလျားဖြစ်ခြင်းဟုဆိုသည်။

မောင်မောင် ရေငတ်သဖြင့် အိပ်ပျော်နေရာက နိုးထလိုက်၏။ သူ၏နံဘေးတွင် မိန်းကလေးတစ်ဦး အိပ်ပျော်နေသည်။ ခင်မေသက်ဟု သူထင်လိုက်သေး၏။ ခေါင်းတွေက အရက်မူးလွန်၍ ကိုက်ခဲနေ၏။ သူ၏အိပ်မဟုတ်မှန်းတော့ သူသိပါသည်။ ရေခဲသေတ္တာတွေ့သည်။ ဖွင့်ကာ ရေပုလင်းယူကာ မော့သောက်မိ၏။ ရင်ထဲအေးမြသွား၏။ စိတ်ထဲအနည်းငယ် ကြည်လင်လာ၏။ ဆိုဖာကုလားထိုင်ပေါ် သူထိုင်ကာ စီးကရက်တစ်လိပ် ညှိသောက်လိုက်၏။

သူစဉ်းစားနေသည်။ သူ ဘယ်လိုလုပ် ဒီကိုရောက်လာပါလိမ့်။ သူတို့နိုက်ကလပ်ထဲမှာ ဘီယာသောက်ကြ၏။ ပြီးတော့ သူမူးနေချိန်တွင် သူ့နံဘေးသို့ ဘာရာဓိးလ်သူလေးတစ်ယောက် လာထိုင်သည်။ ခင်မေသက် ဟု သူထင်သည်။ ဟုတ်သည်။ သူ စိတ်စွဲလန်းနေ၍သာ ထင်ရသည်။ ခင်မေသက် နိုက်ကလပ်ထဲသို့ ဝင်လာခဲ့သည်ကို သူမြင်လိုက်ရ၏။

ပြီးတော့ သူ့နံဘေးနားက ဘာရာဓိးလ်သူလေးကိုယ်ထဲ ဝင်ရောက်ပူး ကပ်သွားသည်။ ဒါဟာ မဖြစ်နိုင်ပါဘူး။ သူမူးနေလို့သာဖြစ်မည်။ ဒါပေမယ့် ခင်မေသက်က သူ့အတွက် ဘီယာများပင် ငှဲ့ပေးခဲ့သေး၏။ ဟုတ်သည်။ သူမမူးသေးပါ။ သူ့ထံ သူမလိုက်လာခဲ့သည်။

ခင်မေသက်က ဘာရာဓိးလ်သူ့အဖြစ် ရောက်လာခဲ့ပြီလော။

**မောင်မောင် (မြန်မာပြည်) သင်္ဘောသား တစ်ဦး၏ ဖြစ်ရပ်မှန်ကို ရေးသားပါသည်။ သူ့အား စိတ်ဝေဒနာရှင်ဟု ဆေးကုသပေးခဲ့ရသ ည်။**

**သူ၏ ချစ်သူဝိညာဉ် တကယ် လာရောက်ခဲ့သည်လော။**

**(သို့တည်းမဟုတ်)**

**သူစိတ်ဝေဒနာဖောက်ပြန်၍ ထင်သည်လော။ အဖြေတော့ရှိမည်။ စာဖတ်သူတို့ လိုရာသာ တွေး၍ဆုံးဖြတ်နိုင်ပါစေ။**

www.burmeseclassic.com

www.burmeseclassic.com



မှော်ဝင်းထွေလာ
ကျွကမ္ဘာ

# ကာဝနီသီဘောလည်း ယုံကြည်မှုမရှိတော့ခက်

'ဟော်လန်နိုင်ငံ၊ နစ်(ဂျ်) မီဂျင်မြို့' ရဲတပ်ဖွဲ့စခန်းမှာ ဖြစ်ပါသည်။ အချိန်မှာ ၁၉၅၁ ခု ဩဂုတ်လ····။

"ရေဒါဦးနှောက်နှင့်လူ" ရယ်လို့ သတင်းကြီးနေသည့် "ပီတာဟားကိုး(စ်) သည် သူငယ်ချင်းတစ်ယောက်နှင့်အတူ လမ်းလျှောက်လာရင်း မကြာမတင်သော ကာလမှာ ရာဇဝတ်မှုကြီးတစ်ခု ဖြစ်ပွားတော့မည်ကို သူ့အာရုံမှာ ထင်ဟပ်လာသည်။ သို့ဖြင့် အနီးဆုံး ရဲစခန်းသို့ အပြေးအလွှားသွားပြီး သတင်းပို့ကြသည်။

ရဲတွေက မထုံတက်တေး····။ အေးတီအေးစက်····။ ဟားကိုး(စ်) စကားကို ယုံကြည်ဟန်မတူ သည်ကြားထဲ အပြောအဆိုကလည်း ရှိင်းပျလွန်းလှသည်။ ဟားကိုး(စ်) က အခွင့်အရေးတစ်ခု တောင်းခံလိုက်သည်။ သူ့အစွမ်းကို ပြခွင့်လေ။

ဟားကိုး(စ်) က သူ့မျက်လုံးတွေကို အဝတ်ဖြင့် ပိတ်စည်းနိုင်းပြီးမှ ရဲမှူးကြီး၏ အိတ်ကပ်ထဲတွင် ရှိနေသော ပစ္စည်းတစ်ခုချင်းကို ပြောပြလိုက်သည်။ ယုတ်စွအဆုံး အိတ်ထဲမှာ ခဲတံတိုကလေးတစ်ချောင်း ရှိနေကြောင်းနှင့် ခဲတံတို၏ တစ်ပိုင်းတစ်စ ပျက်နေသော တံဆိပ်အမျိုးအစားကိုပင် ချန်မထားခဲ့ပါချေ။

သည်တော့မှ ဘသားချောတွေ ငေါက်ခနဲထလိုက်ပြီး အခင်းဖြစ်နေရာသို့ သွားရောက်ကာ တရားခံကို ဖမ်းဆီးခဲ့ကြသည်တဲ့လေ။

**Stranger Than Science**

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ တံခါးထဲရှိ အကျဉ်းသား၊ အချုပ်သားများကိုလည်း တံခါးတာဝန်ကျ တပ်သားမောင်ခင်က တစ်ဦးချင်းစီ ရှာဖွေနေခဲ့သည်။ နောက်အားလုံး နေရာတကျ ပြန်ထိုင်နေကြသည်။ တံခါးထောင်မှူး ဦးလှရွှေက တံခါးအဝင်အထွက် စာရင်းစာအုပ် (ထပစ ၂၀၄) မှာ စာရင်းရေးသွင်း အတည်ပြုနိုင်ရန် တံခါးစာရေး တပ်ကြပ် ခင်မောင်သန်းအား လှမ်းမေးလိုက်သောအခါ ကျား ၅၀ ဦး၊ မ ၆ ဦးဟူ၍ စာရင်းရေးသွင်းမှတ်တမ်းတင်ခဲ့ရသည်။

ထို့နောက် တံခါးကြီးထဲမှာ အချုပ်သူ၊ အကျဉ်းသူများကို အမျိုးသမီးဆောင် တာဝန်ကျ တပ်သား မအေးအေးနွယ်ကအိပ်ထောင်ဆီ ခေါ်ဆောင်သွားလေသည်။ အမျိုးသမီးဆောင်အဝမှ တစ်ဆင့် အဆောင်တံခါး ဖွင့်ပေး၍ ဝင်လာသော အမျိုးသမီး အချုပ်သူ၊ အကျဉ်းသူများအား အဆောင်ဝ ရုံးခန်းမှ ထောင်မှူး ဒေါ်အေးအေးမှ စစ်ဆေးမေးမြန်းသောအခါ ချုပ်ယောင်း-၂ ကျယောင်း-၁၊ ချုပ်သစ်သုံးပေါင်း-ဖြဟူ၍ သတင်းပေးပို့လိုက်သည်။

အမျိုးသမီးဆောင်လေးထဲမှာတော့ လက်ပံပင်ဆက်ရက်ကျနေသလိုပါပဲ စီစီညံညံနေအောင် စကားဖောင်ဖွဲ့ ပြောဆိုနေကြသည်။ မိန်းမတို့ သဘာဝ ကျွတ်စီ ကျွတ်စီ ပြောနေသံများမှာ ဆူညံနေသည်။

တချို့ အမျိုးသမီးများမှာ ရေကန်၌ ရေချိုးနေကြသလို တချို့က အဆောင်ဘေး တောင်ယာခင်းနားမှာ ကန်စွန်းခင်းလေးထဲက ကန်စွန်းရွက်ကို ညနေစာတို့မြုပ်စားရန် ခူးဆွတ်နေကြသည်။

ထူးခြားသည်မှာ အမျိုးသမီးဆောင်ထဲတွင် မည်သည့်အခါမျှ အသီးပင်များကို စိုက်ပျိုးရန် တားမြစ် ပိတ်ပင်ထားသည်ကများသည်။ အထူးသဖြင့် ခရမ်းသီး၊ မုံလာ၊ ရုံးပတီ၊ ခဝဲသီး၊ ကြက်ဟင်းခါးသီး စသည့် အပင်မျိုးများကို အမျိုးသမီး အိပ်ဆောင်ထဲတွင် စိုက်ပျိုးခြင်း တရားမဝင်ခိုးသွင်းခြင်းကို ကြပ်ကြပ်မတ်မတ် ပိတ်ပင် တားမြစ်ထားတတ်သည်။

တချို့ အမျိုးသမီးအုပ်စုများသည် အိပ်ဆောင်ကြီးဘေး တမန်တလင်းပေါ်ဝယ် ထိုင်ကာ သန်းတုတ်ခြင်း၊ ဆံပင်ဖြီးရှာခြင်း လုပ်ငန်းကို ဆေးလိပ်ဖြင့်၊ အခကြေးငွေပေး၍ လုပ်ဆောင်ပေးနေကြသည်။

တချို့ကလည်း လက်ဖက်သုပ်စားကာ ဝိုင်းဖွဲ့ပြီး ရုပ်ရှင်၊ ဂီတမှ နာမည်ကြီးများအကြောင်းကို ရွှန်းရွှန်းဝေအောင် ပြောဆိုအတင်းချနေကြသည်။ ညနေစောင်း ရုံးပြန်လာသော တရားရုံး ထွက်ရသည့် အချုပ်ယောင်းများထံမှ စားစရာကို တောင်းစားသူများရှိသလို၊ အချုပ်သစ်ထံမှ ပါလာသော စားစရာနှင့် ပစ္စည်းကို မိန်းမချင်း ဗိုလ်ကျအနိုင်ကျင့် ခေါင်းပုံဖြတ်စားနေသော ယောက်ျားလျာများလည်း တွေ့မြင်နေရသည်။

သည်လို အမျိုးသမီးဆောင်လေးထဲဝယ် သူတို့ကမ္ဘာနှင့် သူတို့ခမြာ မျှော်ရွှင်ကြည်နူးမှုများ ရှိနေသလို ထောင်အုတ်ရိုးကြီး အပြင်ဘက်မှာ ကျန်ရစ်သူ ယောက်ျားနှင့် သားသမီးများကို လွမ်းမောတသ နေကြသူများမှာလည်း မျက်ရည်ဝဲလို့ အားငယ်

www.burmeseclassic.com

www.burmeseclassic.com



နေရှာသည်။

အိပ်ဆောင်အောက်ထပ်ခန်းထဲက တက်တင်းဓာထိုးအဖွဲ့ကလည်း သူတို့လုပ်ငန်း အချိန်မီပြီးစီးအောင် လုပ်ဆောင်နေကြသလို အင်္ကျီဖြတ်စလေးများကို ကိုက်ဖြတ်ညှပ်နေသည့် စက်ချုပ်ဘုတ်ကလည်း ကလေးအင်္ကျီလေးများကို စက်ဖြင့် ချုပ်လုပ်နေကြသည်။ အကျဉ်းထောင်ဝန် ထမ်းမလေး မီမီအောင်ကတော့ လက်သုံး ကိရိယာများကို ထုတ်ပေးထားသဖြင့် အချင်းချင်း စကားများ ရန်ဖြစ်မှု မရှိအောင်ထိမ်းသိမ်း စောင့်ကြည့်နေသည်။



ညနေပိုင်း ထောင်ပိတ်ချိန်နီးနေသဖြင့် အလုပ်လုပ်နေသူများကို လုပ်ငန်းလက်စသိမ်းခိုင်းနေသည်။ အချုပ်သူလေးများမှာ ပန်းခြံထဲမှာ လမ်းလျှောက်သည်လား ထင်မှတ်ရအောင် ခေတ်ပေါ်ဒီဇိုင်းဆန်း အင်္ကျီ၊ လုံချည်များကို အပြိုင် ခဆိုင် ဝတ်ဆင်ရှိုးပြလျှက် လမ်းသလားနေကြသည်။

ညနေ ထောင်ပိတ်ခါနီးမှာ ည တာဝန်ကျ ဝန်ထမ်းများ အိပ်ထောင်ထဲဝင်လာနေပြီး အဆောင်ပတ်ဝန်းကျင်မှာ ဟိုဟိုဒီဒီ လမ်းလျှောက်နေကြသူများ၊ အုပ်စုဖွဲ့စကား ကောင်းနေကြသူများကို တပ်ကြပ် ဒေါ်အေးတင်မှ အိပ်ထောင်ထဲ ဝင်ကြရန် လိုက်လံဆော်သြနေလေသည်။

မနန်းဝေတစ်ယောက် ဒီနေ့မှ ထောင်ထဲကို ပထမဆုံးတရားရုံး အချုပ်ကနေ ထောင်ကြီးချုပ်ကို ဝင်လာခဲ့ရခြင်း ဖြစ်ပါတယ်။ အချုပ်သစ် တစ်ယောက်အနေနဲ့ ကိုယ် မကျွမ်းကျင်သေးသောနေရာစိမ်း နေရာမှာ ဘာလုပ်ရ ကိုင်ရမှန်းမ သိကြောင်းစီစီ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မနေ့ညကတည်းက ရဲ့အချုပ်ခန်းမှာ အိပ်နေခဲ့ရပြီး ဒီနေ့မှ ရုံးထုတ်လို့ တရားရုံးမှာ ရီမံယူပြီး ထောင်ကြီးချုပ် ပို့လို့သာ ပါလာရတယ်။ ရေကို မချိုးရတာ နှစ်ရက်ရှိနေပြီ။ ထောင်ထဲက ရေကန်ကြီးကို မြင်နေရပေမယ့် ရေချိုးချိန် လွန်သွားလို့ ထင်ပါရဲ့ တစ်ယောက်မှ ရေပေးမချိုးတော့ပါ။

ဒါကြောင့် ရေချိုးချင်စိတ်ကို မြိုသိပ်ပြီး ရေကန်နားဆီ အပြေးတပိုင်းသွားလို့ ရေကန်ဘာယာထံ ဝင်ခွင့်တောင်းပြီး မျက်နှာခြေလက်ဆေးဖို့ ရေတစ်ခွက်ခွင့်ပြုလို့ တော်သေးတယ်။ မိန်းမဆိုတာ ရေတစ်ရက်နှစ်ရက် မချိုးခဲ့ရလျှင် ဘယ်လောက်ဒုက္ခရောက်လိုက်မလဲ။

"ဒေါင်....ဒေါင်...ဒေါင်....ဒေါင်"

ဗဟို ကင်းမျှော်စင်ကြီးပေါ်မှ တပ်ကြပ်သံချောင်း၏ နာရီမောင်းထိုးတော့မယ့် အချက်ပေးခေါက်သံကို ကြားနေရတယ်။ ထောင်ပိတ်တော့မည်ဆိုသည့် သတိပေး သံချောင်းခေါက်သံပဲ ဖြစ်ပါတယ်။ အားလုံးသော အကျဉ်းသူ၊ အချုပ်သူများဟာ အိပ်ထောင်ကြီး အထဲက အခန်းကျယ်ကြီးထဲမှာ နှစ်ယောက်တစ်တွဲစီ ရင်ဘောင်တန်း ထိုင်လျက် ထောင်ပိတ်မည့်သူကို စောင့်နေခဲ့တယ်။

မကြာမီမှာ အိပ်ဆောင်အခန်းတံခါးကြီး ပွင့်သွားပြီး ထောင်မှူး ဒေါ်အေးအေးနှင့် ညတာဝန်ကျ အမျိုးသမီး ဝန်ထမ်းတပ်ကြပ် ဒေါ်တင်တင်တို့နှင့် ဝန်ထမ်းအမျိုးသမီးများ ဝင်လာတယ်။ အမျိုးသမီးဆောင် လူပေါင်းစာရင်းကို ကောက်ယူရန် အိပ်ဆောင်ထဲ ဝင်လာနေစဉ်မှာ...

"အမျိုးသမီးဆောင် လူပေါင်း နှစ်ရာ့ငါးဆယ်ယောက် တန်းစီပြီးအသင့်" လို့ တန်းစီးမှူးကြီး ခင်ခင်က သတင်းလှမ်းပို့နေခဲ့တယ်။ တာဝန်ကျ ထောင်မှူး ဒေါ်အေးအေးက စာရင်းမှန်ကန်မှု ရှိ မရှိ လက်ခံစစ်ဆေးနိုင်ရန် ဝန်ထမ်းမလေးတစ်ယောက်ကို လိုက်ရေတွက်စစ်ဆေးစေခဲ့တယ်။

"အားလုံး စုစုပေါင်း တစ်ရာ့နှစ်ဆယ့်ငါးပြူးပါ ဆရာမ"

အိပ်ဆောင်ထဲမှာ ပုံစံထိုင်နေ

**အကျဉ်းသူ၊ အချုပ်သူများဟာ အိပ်ထောင်ကြီး အထဲက အခန်းကျယ်ကြီးထဲမှာ နှစ်ယောက်တစ်တွဲစီ ရင်ဘောင်တန်း ထိုင်လျက် ထောင်ပိတ်မည့်သူကို**

www.burmeseclassic.com

www.burmeseclassic.com



တဲ့ အမျိုးသမီးအားလုံး စုစု ပေါင်း (၂၅၀) ယောက်ရှိနေတာကို နှစ်ယောက်တစ်တွဲစီ အပြူးနဲ့ ရေတွက်စစ်ဆေး သတင်းပို့ခဲ့ခြင်း ဖြစ်ပါတယ်။ အားလုံး မှန်ကန်မှုရှိသွားတာကြောင့် ဘာယာကဒ်မှာ လက်မှတ်ရေးထိုး အတည်ပြုခဲ့ပြီး အိပ်ထောင်တံခါးကြီးကို သော့ခတ်ပိတ်လိုက်တယ်။

အမျိုးသမီးဆောင် တာဝန်ခံ ထောင်မှူး ဒေါ်အေးအေးသည် မိန်းဂျေးလ်ရုံးခန်းရှိ ထောင်ပိတ်တာဝန်ခံ ထောင်မှူးကြီးထံကို သွားရောက် လူပေါင်း သတင်းပေးခဲ့လေသည်။

ထောင်ပိတ်လူပေါင်း ကိုက်ညီမှုမရှိမချင်း အိပ်ထောင်ကြီးထဲမှာ ပုံစံမဖျက်ရဘဲ ထိုင်စောင့်နေရတယ်။ မိန်းဂျေးလ်က ထောင်ဖွင့်အဖွဲ့ဆီမှ လူပေါင်း ကိုက်ညီ၍ ထောင်ပိတ်လို့ရသွားချိန်မှာတော့ ဂါတ်မကြီးပေါ်ကနေ ထောင်ပိတ်သံချောင်း ရိုက်ခတ် အတည်ပြုလိုက်ပါတယ်။

"ဒေါင်…ဒေါင်…ဒေါင်"

နေ့တာဝန်ကျ ဝန်ထမ်းအားလုံး တာဝန်မှ ပြီးဆုံးသွားလို့

**ဒီလိုစားသောက်ဆိုင် ရောင်းအားတက်စေလို့၊ လှုဝင် လာများစေဖို့ အဖော်အချွတ်တွေနဲ့ ဖန်းပြပြီး ခန္ဓာကိုယ်ကို ရောင်းကုန်အဖြစ် တင်ပြပေးရတာပါ။**

ထောင်အပြင်ဘက် ထွက်ခွင့်ရသွားပါတယ်။ ညဘက် တာဝန်ကျ ဝန်ထမ်းများက ညရေး ညတာ လုံခြုံရေး အခြေအနေကို ဆက်လက် တာဝန်ယူကြရတယ်။

ဒီလို ထောင်ပိတ်ပြီးဆုံးသွားမှပဲ အမျိုးသမီး ဆောင်လေးထဲမှာ တန်းစီးမှုကြီး ခင်ခင်က ဘုရားစာကို ရှေ့မှ တိုင်ပေးပြီး ကျန်အမျိုးသမီးများက လက်အုပ်ချီလျက် ရွတ်ဆို ဘုရားရှိခိုးခဲ့ကြရတယ်။

ယင်းသို့ ဘုရားရှိခိုးပြီးချိန်မှ အိပ်ဆောင်အခန်းထဲမှာ အိပ်ဖို့ နေရာထိုင်ခင်းကို ညကင်းတာဝန်ကျ ဘာယာများက နေရာချပေးခဲ့တယ်။ ဒီတော့မှ မနန်းဝေတစ်ယောက် ကျောတစ်နေရာစာ လဲလျောင်းဖို့ ရသွားလို့ အနားယူခွင့်ရသွားခဲ့တယ်။ ဒီအချိန်မှာ အတွေးရေယာဉ်ထဲ မျောဝင်လာနေတာကတော့….

◆◆◆

သူမရဲ့ အတွေးရေယာဉ် ကျောထဲမှာတော့ စားသောက်ဆိုင်လေးထဲက စလော့ဂ်စင်မြင့်

www.burmeseclassic.com

www.burmeseclassic.com



လေးပေါ်တွင် မိုက်ကရိုဖုန်းလေးကိုကိုင်ကာ မြူးမြူးကြွကြွ သီချင်းလေးတစ်ပုဒ် သီဆိုဖျော်ဖြေနေ ခြင်းဖြစ်ပါတယ်။

သူမ အမြဲတန်း သီဆိုဟစ်ကြွေးနေတဲ့ သီချင်းလေးကတော့ "ကိုကိုနေ့တိုင်းလာနော်" ဆိုတဲ့ ကာလသားကြိုက်သီချင်းလေးဖြစ်ပါတယ်။ သူမ စင်ပေါ်ကနေ ဒီသီချင်းလေးကို စတင်သီဆိုဖျော်ဖြေလိုက်သည်နှင့် စားသောက်ဝိုင်းတွေထဲမှာ ဘီယာ၊ အရက်ပြင်း သောက်သုံးနေကြသူ၊ ကိုကိုကာလသားတို့ မြူးမြူးကြွကြွ ကခုန်လျက် ပျော်မြူးနေကြပါတော့တယ်။

သူမကလည်း သီချင်းလေးထဲကအတိုင်း မူဟန်နွဲ့နွဲ့နဲ့ ဟန်မူပိုပို ကလူသလို၊ မြူသလို လုပ်ပြတော့ စားသောက်ဆိုင်တစ်ခုလုံး ဆူညံပွက်လောရိုက်နေခဲ့တော့တယ်။ သီချင်းသီဆိုပြီးဆုံးသွားချိန်မှာတော့ သူမရဲ့ကိုယ်ပေါ်မှာ ထောင်ကျော်တန်သောင်းကျော်တန် ပန်းကုံးတွေတစ်ထပ်ကြီး ဆုချအားပေးခဲ့တော့တယ်။

တကယ်တော့ သူတို့တွေရဲ့ ဘီယာမူးမူး၊ အရက်မူးမူးနဲ့လာပြီး ပန်းကုံးဆုချတာ ဟာအနုပညာ သုခုမကြေး မဟုတ်နိုင်ပါဘူးရှင်။ ကျွန်မရဲ့ စိတ်ကိုနိုးကြွလာအောင် အားပေးနေတဲ့တဏှာရာဂ ကြေးတွေပဲ ဖြစ်ပါတယ်။

ကျွန်မတို့လို စားသောက်ဆိုင်အဆိုတော်လေးတွေ ဆိုတာကလည်း ဒီလိုစားသောက်ဆိုင်ရောင်းအားတက်စေလို့၊ လူဝင်လာများစေဖို့ အဖော်အချွတ်တွေနဲ့ဗန်းပြပြီး ခန္ဓာကိုယ်ကိုရောင်းကုန်အဖြစ် တင်ပြပေးရတာပါ။

ခုလို ဆိုင်မှာ လူစည်ကားလေလေ၊ လူဝင်များလာလေလေ မန်နေဂျာဆိုတဲ့ ငနဲတွေကတော့ သဘောကျနေကြမှာပေါ့။ ဒါကြောင့်လည်း ကျွန်မတို့ကိုအိမ်တိုင်ရာရောက် အကြိုအပို့လုပ်ပေးပြီး ရုပ်ချောချောငယ်ငယ်တွေနဲ့ အသံကောင်းသူတွေကို ဆိုင်မှာ မွေးထားကြတာလေ။

ဟင်း…ဟင်း စားသောက်ဆိုင်ဆိုလို့ သိပ်အထင်မကြီးနဲ့ဦး။



www.burmeseclassic.com

www.burmeseclassic.com



ဘီယာမူး။
အရက်မူးနဲ့ ရိုဝေဝေ
ဖြစ်လာချိန်မှာ
ဝိုင်းလည်းသိမ်းရော
သူတို့ကားနဲ့
အိမ်လိုက်ပို့မယ်ဆိုပြီး
ခေါ်သွား
တော့တာပါပဲ။
ဆိုင်ကကြိုပို့ကားနဲ့
မလိုက်ဖြစ်တာက
များလာတယ်။
ပိုက်ဆံချမ်းသာတဲ့
ဝါလားတစ်ယောက်နဲ့

ကျွန်မတို့ အဆိုတော်ဆိုတာ ဆိုင်မှာ လခနဲ့ သီချင်းဆိုဖို့ ခန့်ထားတာ မဟုတ်ပါဘူး။ စင်ပေါ်မှာ ဆုလာချတဲ့ ပန်းကုံးသာ ကျွန်မတို့ ဆုကြေးဖြစ်ပါတယ်။

ဒါတောင် ပန်းကုံးကြေးကို ဆိုင်ပြန်သွင်းရတဲ့ အခါမှာ ဖြတ်စား လပ်စား လုပ်ကြသေးတယ်။ တစ်ညကို ဆုချတဲ့ ပန်းကုံးက ငွေကြေးကိုသာ ကျွန်မတို့ ခံစားခွင့်ရတာ။ စားတာသောက်တာကကော ဘာထူးသေးလဲ။ ဆုချတဲ့ဝိုင်းမှာ ကိုယ်က အော်နာပေးခံရလို့ ဝင်ထိုင်ရင်း ဖက်ရင်း နမ်းခံရင်း ကျွေးမွေးတဲ့ အစားအသောက်ပဲ ကိုယ်စားရတာ။

တစ်ခါတလေ စားသောက်တဲ့ ဝိုင်းဒကာက ငွေခပ်ထောထောသဘောက ခပ်ကောင်းကောင်းဆိုလျှင်တော့ အဲဒီည သိန်းထီပေါက်သလို အလျှံပယ် စားရသောက်ရတယ်။ အဲဒီလို အချိန်မှာ ကိုယ်က နပ်ဖို့လိုတယ်။ သူတို့က ဘီယာမူးနေကြတာဆိုတော့ ကိုယ်ကဘီယာ မကြိုက်ဘူး။ ဝိုင်သောက်မယ်၊ ကျွဲရိုင်းသောက်မယ်ဆိုပြီး ပူဆာလိုက်လို့ကတော့ နွားပြာကြီးတွေလို သွားရည်တမြားမြားနဲ့ ရောရောရှူရှူ ခွင့်ပြုပေးတာပဲ။

အဲဒီလို ဝိုင်းထဲမှာ ဟန်ဆောင်သောက်ချင်ယောင် ဆောင်ပြီးတော့ သူတို့တိုက်တဲ့ ဘီယာကိုပဲ ရောသောသောက်ဟန်ပြလို့ ဝိုင်တို့၊ ကျွဲရိုင်းတို့ကို ပုံစံမပျက် သိမ်းထားလို့ရတာပေါ့။ ဝိုင်းမသိမ်းခင်ကိုယ်က နပ်ဖို့လိုတယ်။ ကိုယ်ပိုင်ဆိုင်တဲ့ ဗူးလေးတွေ သိမ်းဆည်းသလိုနဲ့ နောက်တစ်ဝိုင်းကူးဖို့ လုပ်ကြရတယ်။

နို့မို့ဆို တစ်ဝိုင်းထဲနဲ့ ပွဲသိမ်းသွားလို့က ဘာမှ ရလိုက်မှာ မဟုတ်ဘူး။ ကိုယ့်ကို သဘောကျနေတဲ့ လူဆီကငွေ၊ ပစ္စည်းရရာ ချူဆီများများ ထည့်တတ်ဖို့ပဲ လိုတယ်။ ကိုယ်ထိုင်တဲ့ ဝိုင်းမှာ ကျသင့်ငွေ သောင်းချီကုန်အောင် ဖြုန်းနိုင်သုံးနိုင်အောင် ကိုယ်က စီစဉ်မှာပေးရတယ်။ ဒါမှ ပွဲပြီးလို့ ငွေရှင်းတဲ့အခါ တေဘယ်လ်ကြေး ပါဆင့်နှင့် ထပ်ရဦးမှာလေ။

ကျွန်မရဲ့ သီချင်းလေးတွေကို ကြိုက်လို့ လာကြသလို၊ ရုပ်ရည် ကိုယ်လုံးကိုယ်ပေါက်တောင့်တင်း

www.burmeseclassic.com

www.burmeseclassic.com



အချိုးအစား ကျမှုကို မက်မောကြသူတွေကတော့ နေ့စဉ်လိုလို လာအားပေးကြပါတယ်။ သူတို့မှာတော့ ငွေဘယ်ကနေ ရလေသလဲ မသိပါဘူး။ သုံးလိုက်ဖြုန်းလိုက်တာ ဝက်ဝက်ကွဲပဲ။

ကျွန်မကို သီချင်းဆိုပြီးတာနဲ့ ပန်းကုံးကြေးကြီးကြီး စွပ်တဲ့ ဝိုင်းမှာသွားထိုင်ပေးရတယ်။ သူတို့ ဧည့်ခံတဲ့ စားစရာတွေ မကြိုက်လျှင် ကိုယ်မှာချင်တာ မှာစားခွင့်ရတယ်။ ဘီယာဆိုတာကတော့ ကျွန်မတို့ စားသောက်ဆိုင် အဆိုတော်တွေမှာ ရိုးနေပြီ။ တစ်ခါတလေ ဘီယာနဲ့ အရက်ပြင်း ရောတိုက်တာ သောက်ရင်း အကျင့်ပါနေပြီလေ။

အဲဒီလို ဘီယာမူး၊ အရက်မူးနဲ့ ရီဝေဝေ ဖြစ်လာချိန်မှာ ဝိုင်းလည်းသိမ်းရော သူတို့ကားနဲ့ အိမ်လိုက်ပို့မယ်ဆိုပြီး ခေါ်သွားတော့တာပါပဲ။ ဆိုင်က ကြိုပို့ကားနဲ့ မလိုက်ဖြစ်တာက များလာတယ်။ ပိုက်ဆံချမ်းသာတဲ့ ဝါလားတစ်ယောက်နဲ့ တွဲမိရင်တော့ ဆိုင်မှာ အလုပ်ဆင်းစရာမလိုဘဲ သူခေါ်တဲ့ဆီ နေ့တိုင်းသွားရင် အပြန်မှာ ငွေအထပ်လိုက် ပေးလိုက်ကြတာပဲ။

သည်တော့ နေ့စဉ်နေ့တိုင်း ကားလေးတစီစီနဲ့ ပါသွားခဲ့သလို ဝိုင်းသိမ်းအပြန်မှာ စောင့်ခေါ်သူကလည်း မရှားဘူး။ ကျွန်မတို့လို မိန်းမသားဆိုတာ ရုပ်ရည်လေး ဖန်းပြလို့ ခန္ဓာကိုယ် အချိုးအစားလေး စွဲမက်စရာရှိနေတုန်းသာ ကိုယ့်အနားမှာ ပျားပိတုန်းတွေ တဝဲဝဲလည်နေကြတာပါ။ ဟော··· ဝတ်ရည်လည်း ခန်းစပြုလာရော အလှူိလှူိကြက်ပျောက်၊ ငှက်ပျောက်ဖြစ်ကုန်ရော။

အဲဒီလို တံလျှပ်ကို ရေထင်ရွှေသမင် အလိုက်မှားမိခဲ့တဲ့ ကျွန်မတို့ ဘဝကိုလူတွေ ပစ်ပယ်လာတော့ နာမည်ပျက်နေတဲ့ ကျွန်မကို ဘယ်စားသောက်ဆိုင်ကမှ လူရာမသွင်းတော့ဘူးလေ။



ဟိုတုန်းက ကျွန်မကြောင့် ဆိုင်စည်ကား ရောင်းကောင်းခဲ့တဲ့ ကျေးဇူးတရားတွေ မသိကြတော့ဘူး။

ကျွန်မ ဒီလိုငွေကို အငမ်းမရ ရှာဖွေနေခဲ့ရတာကလည်း မြစ်ဝကျွန်းပေါ်ဒေသမှာ အမေနဲ့ခွဲပြီး နေရရှာတဲ့ လေးနှစ်သမီးလေး ပိုးဥနဲ့ ကျွန်မသမီးကို စောင့်ရှောက်ကျွေးမွေးနေတဲ့ မိခင်အိုကြီးဆီ ငွေအလျှင်မီအောင် ပံ့ပိုးထောက်ပံ့နေခဲ့ရလို့ပါပဲ။

နောက်ဆုံးမှာတော့ ကျွန်မဘဝရဲ့ သွေးသားခန်းခြောက်လာချိန်မှာ ဘယ်သူမှ လူရာမသွင်းကြတော့ဘူး။ ကျွန်မဘဝရပ်တည်နိုင်ဖို့ ငွေက အရေးကြီးတယ်။ ငွေရမှ ကျွန်မ မိခင်နဲ့ သမီးလေးဆီကို ငွေပို့နိုင်မှာ မဟုတ်လား။

ဒါကြောင့် ကျွန်မငွေရနိုင်ဖို့ ငွေနောက် တကောက်ကောက် လိုက်နေခဲ့ရပြီ။ ဟိုတုန်းက ဖူးစသစ်စ အလှဆုံးအချိန်မှာ ကျွန်မ ပတ်ပတ်လည်မှာ ဝိုင်းဝိုင်းလည်နေသူတွေဟာ ကျွန်မထက်လှတဲ့ အရွယ်ငယ်ငယ် ကောင်မလေးတွေ နောက်ကို ပျားဝတ်ရည်

www.burmeseclassic.com

www.burmeseclassic.com



သောက်စို့ဖို့ ချစ်ဝဲလှည့်လည်နေကြပြီ။

ကျွန်မမှာတော့ မီးဇာကုန် ဆီခမ်းသလို ဘဝမျိုးနဲ့ ငွေနောက်ကိုလိုက်ရင်း ဟိုတုန်းက အမြင့်ဆုံးဈေးရခဲ့ပေမယ့် ခုတော့ အရွယ်လွန်၊ ခန္ဓာကျုံ့နေတာကြောင့် ကြေးကြီးမရနိုင်တော့ဘူးလေ။ ဒီတော့လည်း ရောင်းကုန်ဈေးကို ဈေးလျှော့ရောင်းပြီး သွေးသားကို အရောင်းအဝယ်ပြုနေရင်း သက်ဆိုင်ရာက စီမံချက်နဲ့ ဖမ်းဆီးလို့ ပြစ်မှုဆိုင်ရာ ပုဒ်မ ၃ (က) နဲ့ ထောင်ထဲကို ရောက်လာခဲ့ရတာပါပဲ။

◆◆◆

ထောင်ထဲ ရောက်လာမှပဲ ဗရမ်းဗတာ နေရာမဟုတ်ဘဲ စည်းနဲ့ ကမ်းနဲ့ နေရတဲ့နေရာဆိုတာ မျက်မြင်ဒိဋ္ဌ တွေ့မြင်ခဲ့ရတော့တယ်။ အိပ်တဲ့နေရာ၊ စားတဲ့နေရာ၊ သွားတဲ့နေရာကအစ အားလုံး 'ပုံစံ' နဲ့ ချုပ်ကိုင်ထားတယ်။

မိမိအတွေး အာရုံဆုံးသွားတော့မှ ခန္ဓာကိုယ်က ဝေဒနာက ဖိစီးလာနေတယ်။ ဆီးစပ်နေရာက တဆစ်ဆစ်ကိုက်ခဲနာကျင်နေလို့ အပေါ့စွန့်ဖို့ ဘာယာဆီ သတင်းပို့လိုက်တယ်။

"၁၄၃၇/ချုပ်....နန်းဝေ သေးပေါက်"

အဲဒီလို စနစ်တကျ သတင်းပို့ပေးမှ ဘာယာ ညကင်းစောင့်ကလည်း အိမ်သာဘက် လူ ရှိ၊မရှိ လှမ်းအကဲခတ်ကြည့်ပြီး သွားလို့ခွင့်ပြုပေးခဲ့တယ်။ အိမ်သာနေရာမှာ ထရံတစ်ချပ်ရှေ့က တစ်ဝက်ကာထားတဲ့ မိလ္လာခုံဆီကို လမ်းလျှောက် ထလာနေတုန်းမှာ မိုက်ခနဲ ဖြစ်သွားပြီး လုံးဝ သတိလစ် မေ့မျောသွားတော့တယ်။

နောက် သတိရလို့ ဘေးပတ်ဝန်းကျင်ကို ကြည့်ရှုလိုက်ချိန်မှာ အမျိုးသမီးဆောင် ဆေးရုံခန်းက ခုတင်ပေါ်မှာ လဲလျောင်းနေရတာကို သိလိုက်ရသည်။

"ဆရာ...ကျွန်မ...ဘာဖြစ်တာလဲရှင်"

အမျိုးသမီး ဆောင်ထဲမှာ တာဝန်မှူးနဲ့အတူ ဆေးမှူး၊ ဆရာဝန်ကြီးတို့ဟာ ကျွန်မ ရောဂါအခြေအနေကို လာရောက် စစ်ဆေးနေလို့ သေချာမေးကြည့်လိုက်ခြင်းဖြစ်တယ်။

"နင့်မှာ AIDS ရောဂါ ဖြစ်ပေါ်နေတဲ့ လက္ခဏာတွေ တွေ့နေရတယ်... ဆရာမ ဒီလူနာကို သီးခြားအခန်းမှာ ခွဲထားလိုက်ပါ"

အဲဒီလို ဆရာဝန်ကြီးတွေရဲ့ မှတ်ချက်စကားသံ အဆုံးမှာတော့ ကျွန်မခေါင်းထဲ မိုက်ခနဲ ပြာဝေသွားခဲ့တော့တယ်။ တပြိုင်တည်း ဟိုးမြစ်ဝကျွန်းပေါ်ဒေသဆီမှာ ကျန်နေခဲ့တဲ့ သမီးလေးနဲ့ မိခင်အိုကြီးကို သတိရတမ်းတနေမိခဲ့တော့တယ်။

ခုတော့ ကျွန်မရဲ့ ဘဝက နေဝင်ချိန် ရောက်တော့မှာပါလား။ သမီးလေးနဲ့ အမေ့ကို သိပ် သတိရတာပဲ။ ကျွန်မလွမ်းတဲ့ စိတ်တွေနဲ့ နောက်ဆုံး အချိန်မှာ တွေ့ချင်စိတ် ပြင်းပြနေခဲ့သော်လည်း အခြေအနေ မပေးတော့ဘူးဆိုတာ ကျွန်မဘာသာ အသိဆုံးဖြစ်ပါတယ်။

စိုးဝေ

www.burmeseclassic.com



# သေဒဏ်အစ

အင်္ဂလန်နိုင်ငံသည် ရာဇဝတ်မှုကြီးများ ကျူးလွန်သူများကို သေဒဏ်စ၍ပေးသော နိုင်ငံတစ်နိုင်ငံဖြစ်သလို ၁၉၆၅ ခုနှစ်မှစ၍ အစမ်းသဘော ငါးနှစ်တိတိ သေဒဏ်ပယ်ဖျက်ထားသော နိုင်ငံလည်း ဖြစ်သည်။ ယင်းသို့ ငါးနှစ် အစမ်းပယ်ဖျက်လာခဲ့ရာ ၁၉၇၀ ခုနှစ် မကုန်မီကပင် အင်္ဂလိပ်အထက်အောက် ပါလီမန်နှစ်ရပ်စလုံးက များရာမဲဆန္ဒဖြင့် ဘုရင်မ၏ သဘော်ကျင်းများ မီးရှို့မှု၊ ပင်လယ်ဒမြတိုက်မှုနှင့် နိုင်ငံတော်အပေါ် သစ္စာဖောက်မှုများမှလွဲ၍ ကျန်ပြစ်မှုကျူးလွန်သူများအား သေဒဏ်ပေးခြင်းကို အပြီးအပိုင် ပယ်ဖျက်လိုက်တော့သည်။ အင်္ဂလန် အောက်ပါလီမန်တွင် ၃၄၃ မဲ၊ ၁၈၅ မဲဖြင့်လည်းကောင်း၊ အထက်ပါလီမန် ၂၂၀ မဲ - ၁၇၄ မဲဖြင့်လည်းကောင်း သေဒဏ်ပယ်ဖျက်ရန် ဆုံးဖြတ်လိုက်ကြခြင်းဖြစ်သည်။ ယင်းကဲ့သို့ မပယ်ဖျက်မီ ၁၈၀၀ ခုနှစ်က ၁၀ နှစ်သား ကလေးငယ်တစ်ဦးအား စာတိုက်တွင် ပစ္စည်းများခိုးမှုဖြင့်လည်းကောင်း၊ ၁၈၀၁ ခုနှစ်တွင် ၁၃ နှစ်သား လူငယ်တစ်ဦးကို ဇွန်းတစ်ချောင်းခိုးမှုဖြင့်လည်းကောင်း ကြိုးပေးသတ်ဖြတ်ခဲ့ဖူးသည်။ ၁၉၀၈ ခုနှစ်တွင်မှ ၁၆ နှစ်အောက် အရွယ်ကလေးများ သေဒဏ်ပေးခြင်းကို ပယ်ဖျက်ခဲ့၍ ၁၉၃၁ ခုနှစ်တွင်မှ ကိုယ်ဝန်ဆောင် အမျိုးသမီးများ သေဒဏ်ပေးခြင်းကို ပယ်ဖျက်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ဘဏ်ဥပဒေတစ်ရပ် ထုတ်ပြန်၍ ရာဇဝတ်ပြစ်မှုများ အဖန်တလဲလဲ ထပ်မံကျူးလွန်သူများကိုသာ သေဒဏ်ပေးရန် ကန့်သတ်ခဲ့ပြီး ၁၉၆၅ ခုနှစ် ဝီလဆင် ဝန်ကြီးချုပ်အဖြစ် တက်ရောက်လာသည်တွင်မှ လေဘာအစိုးရက သေဒဏ်ကို ငါးနှစ်အစမ်းပယ်ဖျက်သည့် ဥပဒေတစ်ရပ် ပါလီမန်မှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ဦးအောင်သန်းထွန်း၊ မဟာဝိဇ္ဇာ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



(တစ်)

တစ်နေ့သော (၂၀၁၁) ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့။

ည (၇) နာရီခန့်အချိန်။

မန္တလေးတိုင်းဒေသကြီး။

အောင်မြေသာစံမြို့နယ် သီရိမာလာအရှေ့ရပ်ကွက်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမှာ ဝသာန်မိုးကောင်းကင်အောက်တွင် မှိုင်းပျပျနှင့် မှောင်ရီပျိုးစအချိန်။ (၈၇) လမ်း၊ (၂၃ × ၂၄) လမ်းကြား၌ ခုံထည်စွာပင် နေအိမ်တိုက်တန်းများအကြားတွင် ရှိနေ၏။ ထိုစဉ် ရပ်ကွက်ရုံးအတွင်းသို့ အသားမည်းမည်း၊ ခန္ဓာတုတ်တုတ်၊ အရပ်ပုပု တောသားပုံပေါက်တဲ့ လူတစ်ဦးနှင့် အရပ်ရှည်ရှည် အသားဖြူဖြူနှင့် ဥပဓိရုပ်ကောင်းသော လူတစ်ဦးတို့ ရောက်ရှိလာကြပြီး ရုံးထဲသို့ ဝင်လာ၏။

"အုပ်ချုပ်ရေးမှူး ရှိလား"

လတ်တလော မေးလာသဖြင့် ရပ်ကွက်ရုံးအတွင်းတွင် ရှိသော အကွက်မှူး ကိုမြင့်အောင်နှင့် ကိုသိန်းဝင်းဦးတို့မှာ အုပ်ချုပ်ရေးမှူးမှာ ရုံးဆင်းချိန်ဖြစ်၍ အိမ်တွင် ရှိနေကြောင်း ပြောပြလိုက်၏။ ဥပဓိရုပ်ကောင်းသောသူမှာ သူ၏အရေးကြီးသော လူမှုရေး အခက်အခဲတစ်ခု ဖြေရှင်းရန်ရှိသဖြင့် အုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ်အား တောင်းယူကာ သူ၏ လက်ကိုင်ဖုန်း ခလုတ်ကို ကောက်နှိပ်လိုက်သည်။

"အုပ်ချုပ်ရေးမှူးလား ခင်ဗျ"

"..."

"ကျွန်တော့်ရဲ့ လူမှုရေးကိစ္စတစ်ခု အရေးကြီးနေလို့ အကူအညီတောင်းချင်လို့ပါ။ ကျွန်တော် ဦးစီးအရာရှိတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဝေမောင်

# အဆိပ်မဲ့ ရင်ခွင်

ကျွန်တော် ရုံးကပဲ စောင့်နေမယ်။ ဟုတ်ပြီလား။ ကျေးဇူးနော်"

ဖုန်းပြောပြီး လေပူပြင်းပြင်း တစ်ချက်ကိုလွှတ်လျက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအတွင်းရှိ ထိုင်ခုံတစ်ခုံတွင် ခြေပစ်လက်ပစ်ထိုင်ရင်း စောင့်နေခဲ့သည်။ ခဏအကြာတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးမျိုးမှာ ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာခဲ့သည်။ ဆိုင်ကယ်ရပ်ပြီး ရုံးထဲဝင်လာကာ …

"ဘယ်လို ကူညီပေးရမလဲခင်ဗျ"

"ဒီလိုဗျ … ကျွန်တော် အုပ်ချုပ်ရေးမှူးနှင့် အေးဆေးပြောချင်တယ်"

ဆိုပြီး ဘေးနားတွင်ရှိနေသော အကွက်မှူးတို့အား မျက်ရိပ်ထိုးပြသဖြင့် အကွက်မှူးတို့မှာ အလိုက်သိစွာပင် ရုံးအပြင်သို့ ထွက်ပေးလိုက်ကြသည်။ ထိုလူမှပင် လေပူပြင်းပြင်းတစ်ချက် လွှတ်ပြီး ချောင်းဟန့်လိုက်ပြီး …

"ခုနက စကား ဆက်ကြမယ်ဆိုရင်တော့ ဒီလိုဗျ။ ကျွန်တော့်နာမည် မောင်မောင်စိုးပါ။ ကျွန်တော် နယ်မှာ တာဝန်ကျတုန်းက ချစ်ကြိုက်ခဲ့တဲ့မိန်းကလေးတစ်ယောက်ရှိတယ်။ ပြီးတော့ သူ့မှာ ကျွန်တော်နဲ့ရတဲ့ ကလေးတစ်ယောက် ရှိတယ်။ အခု သူတို့ လိုက်လာပြီးတော့ တည်းခိုခန်းမှာ တည်းနေကြတယ်။ အဲဒီအမျိုးသမီးနဲ့ လူမှုရေးညှိနှိုင်းလို့တဲ့အတွက် အုပ်ချုပ်ရေးမှူးက ကူညီဆောင်ရွက်ပေးစေချင်ပါတယ်။ အဲဒီအမျိုးသမီးကိုလည်း နစ်နာကြေးအဖြစ် သူတောင်းဆိုတာကို ပေးမယ်ဗျာ။ ပြီးတော့ အဲဒီအမျိုးသမီးဆီက ကျွန်တော့်ရဲ့ အဝတ်အစားသေတ္တာတွေနဲ့စာရွက်စာတမ်းတွေကို တောင်းပေးပါ။ နောက်ပြီးတော့ အဲဒီအမျိုးသမီး တစ်စုံတစ်ရာဖြစ်လာခဲ့သော် ကျွန်တော်နဲ့ပတ်သက်လာမှာ ကြောက်လို့ အုပ်ထိန်းသူတစ်ယောက်ယောက် သက်သေခေါ်ပေးပါ"

"ဟုတ်ကဲ့။ ကျွန်တော် တတ်နိုင်သလောက် ကူညီဆောင်ရွက်ပေးပါ့မယ်ဗျာ"

အုပ်ချုပ်ရေးမှူးက ခေါင်းညိတ်ပြီး ကူညီမည်ဟုပြောလိုက်သည်။ ကိုမောင်မောင်စိုးမှာ အမျိုးသမီးအား ဖုန်းဆက်ခေါ်လိုက်၏။ များမကြာမီ …

www.burmeseclassic.com

www.burmeseclassic.com



အသက် (၃၅)နှစ်ဝန်းကျင်ခန့်ရှိ အမျိုးသမီးတစ်ဦးနှင့် (၁၆)နှစ်အရွယ်ကောင်လေးတစ်ဦးမှ နှစ်နှစ်ကျော်အရွယ်ခန့်ရှိ ကလေးငယ်တစ်ဦးချီကာ ရောက်ရှိလာသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ရုံးအပေါ်ထပ်သို့ အကွက်မှူး ဦးသိန်းဝင်းဦးအား သက်သေအဖြစ် ခေါ်ယူ၍ အမျိုးသမီးအား နေရာထိုင်ခင်းပေးကာ စကားစလိုက်၏။

“ကဲ ... အစ်မကြီးတို့ ဘယ်လိုဖြစ်ကြတာလဲ။ ဘာဖြစ်ကြတာလဲ။ ကျွန်တော် ဘာတွေ ကူညီဆောင်ရွက်ပေးရမလဲ”

“ဟုတ်ကဲ့။ ကျွန်မမှာ ဒီကလေးတစ်ယောက်နဲ့ ဘဝရှေ့ရေးအတွက် ကျွန်မဘဝနစ်နာကြေး သိန်း (၂၀၀) ပေးမယ်ဆိုရင်တော့ ကျွန်မ သူ့ကို အပြီးအပိုင်ကွာရှင်းပေးပါ့မယ်”

“ဟုတ်ပြီ။ ကျွန်တော် ကြားကနေပြီး အတတ်နိုင်ဆုံး ကူညီညှိနှိုင်းပေးမယ်နော်။ ကိုသိန်းဝင်းဦး ရုံးအောက်က ကိုမောင်မောင်စိုးကို အပေါ်ခေါ်ပေးပါဦးဗျာ”

**ကျွန်မမှာ ဒီကလေး တစ်ယောက်နဲ့ ဘဝရှေ့ရေးအတွက် ကျွန်မဘဝနစ်နာကြေး သိန်း (၂၀၀) ပေးမယ်ဆိုရင်တော့ ကျွန်မ သူ့ကို အပြီးအပိုင် ကွာရှင်းပေးပါ့မယ်”**

အကွက်မှူး ဦးသိန်းဝင်းဦးမှ ရုံးအောက်တွင်ထိုင်နေသော ကိုမောင်မောင်စိုးကို ရုံးပေါ်သို့ ခေါ်လိုက်၏။ ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ အမျိုးသမီးက ကွာရှင်းပေးမယ့်အကြောင်း တစ်ဆင့် ပြန်ပြောရာ ...

“ကွာရှင်းပေးမယ်ဆိုရင် အသိသက်သေအဖြစ် သူမရဲ့ အုပ်ထိန်းသူကို ခေါ်ပေးပါ”

ကိုမောင်မောင်စိုး တောင်းဆိုလာ၏။ ဤတွင် အမျိုးသမီးက အုပ်ထိန်းသူအား ခေါ်ရန် ခက်ခဲကြောင်း၊ ၄င်းမှာ ကလေးတစ်ဖက်နှင့်ဖြစ်၍ ယခုလည်း တည်းခိုခန်းက ကလေး တစ်ယောက်အား အကူအညီတောင်း၍ အဖော်အဖြစ်လာရကြောင်း ပြန်ပြောပြ၏။ ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ကိုမောင်မောင်စိုးနှင့် အမျိုးသမီးအား ယှဉ်လျက်ထိုင်ခိုင်းလိုက်သည်။ ပြီးနောက် စကားစလိုက်၏။

“ကဲ ... ဒီက အစ်မက ဖြစ်ချင်တဲ့ဆန္ဒပြော”

“ကျွန်မ နယ်မှာ ကလေးတစ်ယောက်နဲ့ တော်တော်ဒုက္ခရောက်နေပါတယ်။ ကလေးရဲ့ ရှေ့ရေးအတွက်လည်း ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲရှိပါတယ်။ သူက အစတုန်းက ကျွန်မကို ချစ်လှပါချည်ရဲ့၊ ကြိုက်လှပါချည်ရဲ့၊ မင်းနဲ့ပဲ အတူနေချင်တယ်ဆိုလို့ ကျွန်မ သူ့ကို ယုံကြည်ပြီး ဘဝတစ်ခုလုံး ပုံအပ်ခဲ့ပြီးပါပြီ။ ခုကျတော့မှ သူ့မှာ မယားကြီးနဲ့ သားသမီးရှိလို့ အတူမနေနိုင်ဘူးလို့ လုံးဝ ငြင်းတယ်။ ကျွန်မဘဝ နစ်နာကြေးအဖြစ် ကျွန်မကို သိန်း (၂၀၀) ပေးရင် ကွာရှင်းစာချုပ်မှာ ကျွန်မ လက်မှတ်ထိုးပေးပါ့မယ်"

အုပ်ချုပ်ရေးမှူးမှ ကိုမောင်မောင်စိုးဘက်သို့ လှည့်ကြည့်ရာ

"အုပ်ချုပ်ရေးမှူး ကျွန်တော်က သာမန်လူတန်းစားတစ်ယောက်ပါ။ ကျွန်တော့်မှာ သိန်း (၂၀၀) ဘယ်ကရှိမှာလဲ။ အုပ်ချုပ်ရေးမှူးလည်း စဉ်းစားကြည့်။ ဟိုတုန်းကလည်း ငွေတွေ ခဏခဏ တောင်းတယ်။ ပေးပြီးလေးငါးလကြာရင် ပြန်ပြန်ပြီး နှောင့်ယှက်တယ်။ ကွာရှင်းစာချုပ်မှာ လက်မှတ်ရေးထိုးပေးရအောင်လည်း ယူတုန်းကတည်းက လက်မှတ်ထိုးပြီး ယူထားတာမဟုတ်ဘူး"

အုပ်ချုပ်ရေးမှူးမှ နှစ်ဦး နှစ်ဖက်သို့ ကြားဝင်ညှိနှိုင်းပေးပြန်၏။ ကိုမောင်မောင်စိုးမှာ ယခုသိန်း (၆၀)ယူထားပြီး ကျန်ငွေကို (၂)လစောင့်ဆိုင်းပေးရန် ပြော၏။ အမျိုးသမီးက လက်မခံပေ။ တစ်စုတစ်လုံးတည်း လိုချင်ကြောင်းပြော၏။ နောက်ဆုံးတော့ ကိုမောင်မောင်စိုးမှာ နောက်တစ်နေ့ (၁၂) နာရီအထိ စောင့်ပေးရန် ငွေရှာရမည်ဖြစ်ကြောင်း တောင်းဆိုသည်။

အမျိုးသမီးက နောက်တစ်နေ့ (၁၂) နာရီထိ စောင့်ပေးရမည်ဟု တောင်းဆိုသံကို ကြားသည့်အခါ သူမမှာ ခေါင်းငုံ့သွား၏။ ခဏကြာ စဉ်းစားလိုက်သည်။ ထိုစဉ် သူမ၏မျက်လုံးပေါ်မှ အရည်ရွှမ်းလျက် ဝေခွဲ၍မရသော မျက်ရည်စများ ပါးမို့မို့လေးပေါ်သို့ တစ်လိမ့်ချင်း လိမ့်ထွက်လာ၏။ သူမ မျက်ရည်စများသုတ်လိုက်သည်။ မျက်နှာအနေအထားကို ပြန်ပြင်လိုက်၏။ ပြီးလျှင် သူ့ဘက်သို့လှည့်ကာ သူ့မျက်နှာကို စေ့စေ့ကြည့်လျက်-

"ကောင်းပြီ ... မနက်ဖြန် (၁၂) နာရီနောက်ဆုံးရအောင် လုပ်ပေး။ ပေးနိုင်မှသာ ကျွန်မကို လှမ်းခေါ်ပါ။ မပေးနိုင်ရင် တရားရုံးကျမှသာ ဆက်ပြောမယ်"

"ခုလည်း ကျွန်မ အမျိုးသမီးတစ်ယောက်အနေနဲ့ တည်းခိုခန်းမှာ တည်းနေရတာ ရက်တွေလည်း တော်တော်ကြာနေပြီ။ ပါလာတဲ့ ကျွန်မရဲ့[illegible]ကိုလည်း



www.burmeseclassic.com



အပေါင်ဆိုင်မှာ ပေါင်ပြီး သုံးထားရတယ်"

"နင် ကုန်တာတွေ ငါ ပေးပြီးပြီပဲ။ မနက်ဖြန် ပြန်စရိတ်၊ အသုံးစရိတ် ဘယ်လောက်ကုန်မှာမို့လို့လဲ"

"သုံး လေးသောင်း လောက်တော့ ကုန်မှာ"

ကိုမောင်မောင်စိုးမှာ ရုံးအောက်ဆင်းသွားသည်။ ခဏအကြာ အပေါ်သို့ပြန်တက်လာပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးအား သူမအတွက် လမ်းစရိတ်ပေးရန် ငွေ (၅၀၀၀၀)ကျပ်ကိုပေးသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးလည်း ကိုမောင်မောင်စိုး ရှေ့မှောက်တွင်ပင် အမျိုးသမီးအား လမ်းစရိတ်ငွေ (၅၀၀၀၀ိ/)ကို ချက်ချင်းပေးအပ်ခဲ့၏။

အမျိုးသမီးမှလည်း လင်မယားကွဲမည်ဆိုလျှင် ရှေ့နေနှင့် ဆောင်ရွက်ဗည်ဖြစ်ကြောင်း ဒီရုံးကလည်း ဘာမှလုပ်ပေးလို့ ရမှာမဟုတ်။ မောင်မောင်စိုး၏ သေတ္တာနှင့် စာရွက်စာတမ်းများမှာ ဖောင်းပြင်တွင်ရှိနေပါသဖြင့် လင်မယားအပြီးအပြတ်ဖြစ်က ၄င်းအား ပြန်ပေးမည်ဟုပြောပြီး ပြန်ရန် ထရပ်လိုက်၏။ ကိုမောင်မောင်စိုးလည်း ည (၉)နာရီ အလုပ်ရှိနေသဖြင့် ပြန်မည် ပြောပြီး သူမတောင်းဆိုချင်တာရှိလျှင် အုပ်ချုပ်ရေးမှူးမှ တစ် ဆင့် တောင်းဆိုရန်၊ သူမနဲ့စကားမပြောချင်ကြောင်း ပြောပြီး ရုံးအောက်သို့ ဆင်းသွားခဲ့သည်။

အမျိုးသမီးအား ဆက်သွယ်နိုင်ရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ဖုန်းနံပါတ်တောင်းယူထားလိုက်၏။ သူမမှာ ဖုန်းနံပါတ်ရေးပေးပြီး ရုံးအောက်သို့ဆင်းသွားသည်။ ရုံးအဝင်ပေါက်အရောက်တွင် …

"အစ်မ … အစ်မ ကလေးက အစ်မဆီလိုက်ဖို့ တောင်းနေလို့"

တည်းခိုခန်းမှ အဖော်ခေါ်လာသော ဝင်းအောင်ဆိုသည့် ကောင်လေးမှာ သူမ၏ကလေးအား လာပေးသဖြင့် ကောင်လေးဆီက သူမကလေးကို ချီလိုက်သည်။ သူမ စီးလာသော လေးဘီးအငှားကားမောင်း ကိုအေးမြင့်လည်း ရုံးအပေါက်ဝတွင် စောင့်နေသဖြင့် ၄င်းတို့နှင့်အတူ ကားရှိရာသို့ ကိုအေးမြင့်နှင့် မောင်ဝင်းအောင်တို့က ရှေ့က ဦးဆောင်လမ်းဖြတ်ကူးပြီး ကားဘေးနားအရောက်တွင် …

"အား! … ကျွန်မကို ဓားနဲ့ ထိုးတယ်"

စူးရှကျယ်လောင်တဲ့ အသံ။ ကိုအေးမြင့်နှင့် မောင်ဝင်းအောင် နောက်သို့လှည့်ကြည့်လိုက်သည်။ ချီထားတဲ့ကလေးမှာ လမ်းပေါ်တွင် ပြုတ်ကျသွား၏။ သူမ လဲကျသွားခဲ့သည်။ ကြောက်လန့်တကြားငိုကြွေးနေတဲ့ လူ့လောကအကြောင်း ဘာမှမသိသေးတဲ့ လူဘော်မဝင်သေးတဲ့ သူမရဲ့ကလေး မိခင်ရဲ့ဘေး သွေးအိုင်ကိုကြည့်လျက် ငိုကြွေးနေ၏။ လူများမှာ ဝိုင်းအုံလာသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အကွက်မှူးတို့ ရုံးတံခါးများ ပိတ်လျက်ရှိ၏။ ထိုစဉ် (၂၃ × ၂၄) လမ်းကြား၊ (၈၇) လမ်းပေါ်တွင် လူများအော်ဟစ်နေသံကြား၍အကွက်မှူးအား သွားကြည့်ခိုင်းပြီး အုပ်ချုပ်ရေးမှူးလည်း ရုံးတံခါးပိတ် နောက်မှလိုက်သွား၏။ လူအုပ်ထဲ ဝင်ရောက်ကြည့်လိုက်သည်။ ရုံးပေါ်က ဆင်းသွားတဲ့အမျိုးသမီးက ဓားနဲ့အထိုးခံလိုက်ရပြီး ဓားနဲ့ထိုး

www.burmeseclassic.com

www.burmeseclassic.com

သွားသူမှာထွက်ပြေးသွားကြောင်း သိလိုက်ရသဖြင့် ချက်ချင်း အမှတ် (၅) ရဲတပ်ဖွဲ့စခန်းသို့ ဖုန်းဆက်အကြောင်းကြားခဲ့သည်။ နိဗ္ဗာန်သုခလှူမှုရေးအသင်းသို့လည်း ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားခဲ့၏။

◆◆◆

(နှစ်)

"ကလင် … ကလင်"

တာဝန်မှူး စားပွဲပေါ်မှ ဖုန်းခေါ်သံ မြည်လာ၍ တာဝန်ကျတာဝန်မှူး ဒုရဲအုပ်အောင်မင်းထွဋ်မှ ဖုန်းအား ကောက်ကိုင်လိုက်သည်။

"ဟုတ်ကဲ့ … အမိန့်ရှိပါခင်ဗျာ။ အမှတ် (၅) ရဲစခန်းက တာဝန်မှူး ဒုရဲအုပ်အောင်မင်းထွဋ်ပါ။ ဘာများကူညီပေးရမလဲခင်ဗျာ"

တစ်ဖက်မှ ဖုန်းဆက်သူကို အထက်ပါစကားဖြင့် သိမ်မွေ့စွာ မေးလိုက်၏။

"ဟုတ်ကဲ့ ဗိုလ်လေး။ ကျွန်တော် သီရိမာလာအရှေ့ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမျိုးမျိုးပါ။ (၈၇) လမ်း၊ (၂၃ × ၂၄) လမ်းကြားမှာ အမျိုးသမီးတစ်ယောက် ဓားထိုးခံရလို့ပါ"

"ဟုတ်ကဲ့ … ဟုတ်ကဲ့။ ကျွန်တော် စခန်းမှူးကို ချက်ချင်း သတင်းပို့ပြီး ထွက်လာခဲ့မယ်။ အခင်းဖြစ်ရပ်ကို ထိန်းသိမ်းထားပေးပါ"

စခန်းမျူး ရဲအုပ်အောင်မြင့်ထံ ချက်ချင်း သတင်းပို့သည်။ စခန်းမှူးသည် နယ်ထိန်းဒုရဲအုပ်အောင်ဇော်မိုးတို့အဖွဲ့နှင့်အတူ အခင်းဖြစ်ရပ်သို့ ချက်ချင်းထွက်ခွာခဲ့သည်။

ကြောက်လန့်ငိုကြွေးနေသော လူမမည် ကလေးငယ်တစ်ဦးနှင့် သွေးအိုင်ထဲတွင် လဲလျောင်းနေသောအမျိုးသမီးတစ်ဦး။ နာရေးကူညီမှုအသင်းမှ လူနာတင်ကား ရောက်ရှိလာ၍ ဆေးရုံသို့ ဆေးကုသမှုချက်ချင်းခံယူနိုင်ရေး ဆောင်ရွက်ခဲ့သည်။

အားကိုးရာမဲ့ ငိုကြွေးနေသော လူမမည်ကလေးငယ်နှင့် တည်းခိုခန်းမှ ကလေးချီ၍အဖော်အဖြစ်လိုက်ပါလာသူဟု သိရှိရသောမောင်ဝင်းအောင်နှင့် အခင်းဖြစ်ရပ်တွင် အနီးအနားပတ်ဝန်းကျင်အား မျက်မြင်သက်သေအဖြစ် ထွက်ဆိုပေးရန် ရဲစခန်းသို့ ခေါ်ယူခဲ့သည်။ ဆက်လက်စုံစမ်းမေးမြန်းရာ အခင်းဖြစ်ပွားသည့်အချိန်က အင်္ကျီအနီရောင်၊ ဂျင်းဘောင်းဘီရှည်ဝတ်ထားသည့် လူတစ်ဦးမှာ တောင်ဘက်သို့ ထွက်ပြေးသွားကြောင်း သိရှိရသည်။ သို့ဖြစ်၍ နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များဖြင့် မသင်္ကာသူ၏နောက်သို့ ထက်ကြပ်မကွာလိုက်ခဲ့သည်။ မြတ်စောညီနောင်ဘုရားအနီးအရောက်တွင် သတင်းမျက်ခြည်ပြတ်သွားသည်။ ဘုရားဝင်းအတွင်း ဝင်ရောက်ရှာဖွေရာ ရိပ်ခနဲ လူအရိပ်တစ်ခု လျှပ်တစ်ပြက်လှုပ်ရှား ထွက်ပြေးမှုကြောင့် ဝိုင်းဝန်းဖမ်းဆီးရမိခဲ့သည်။

အမှုမှ မသင်္ကာဖမ်းဆီးရမိသူအား သက်သေများရှေ့တွင် ၎င်း၏ခန္ဓာကိုယ်အား ရှာဖွေရာ ၎င်း၏ခါးကြားအတွင်းမှ အသွား (၆) လက်မခွဲ၊ အရိုး (၅) လက်မ၊ ဓားဦးချွန် ဝါးလက်ကိုင်ရိုးတပ်ထန်းလက်ဓားအိမ်ပါတစ်ချောင်းအား တွေ့ရှိ၍ စခန်းမှူးမှ ရှာဖွေပုံစံဖြင့် မှုခင်းစာရေးကြီး ရဲ[illegible]ရာခံလှသောင်းထံ အပ်နှံ[illegible]ားရှိခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။

အမှုနှင့်ပတ်သက်ပြီး ပတ်ဝန်းကျင်ပြောပြချက်အရ ဒဏ်ရာရရှိသူ အမျိုးသမီးနှင့် ၎င်း၏ ခင်ပွန်းတို့မှာ ရပ်ကွက်ရုံးတွင် လင်မယားကိစ္စ ညှိနှိုင်းဖြေရှင်းခဲ့ကြကြောင်းသိရှိရသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အကွက်မှူးတို့အား ရဲစခန်း၌ ခေါ်ယူစစ်ဆေးမေးမြန်းခဲ့သည်။

ညနေ (၈) နာရီ (၂၀) ခန့်။

မန္တလေးတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီးမှ အမှတ် (၅) ရဲစခန်းသို့ ဖုန်းဝင်လာသည်။ ပြင်ပလူနာဌာနတွင် ရောက်ရှိဆေးကုသမှု ခံယူနေသော မနွဲ့နွဲ့စန်းမှာ ဓားထိုးခံရသည့် ဒဏ်ရာဖြင့် သေဆုံးသွားကြောင်းပင် ဖြစ်၏။ သို့ဖြစ်၍ စခန်းမှူးမှ အထက်ဌာနသို့ အမှုကြီးဖြစ်ပွားကြောင်း အစီရင်ခံပြီး မူလအမှုဖွင့်ထားသော ပုဒ်မ-၃၂၆ အား ပြစ်မှုပုဒ်မ-၃၀၂ သို့ပြောင်းလဲအမှုဖွင့်လိုက်သည်။

အမှုမှ ဖမ်းဆီးရမိထားသော မသင်္ကာတရားခံ၏ ထွက်ဆိုချက်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထွက်ဆိုချက်တွင် မောင်



မောင်စိုး ရပ်ကွက်ရုံးသို့ လာရောက်အကူအညီတောင်းစဉ်က ၎င်းမှ "အဲဒီအမျိုးသမီး တစ်စုံတစ်ရာဖြစ်လာခဲ့သော် သူနှင့်ပတ်သက်လာမည်စိုး၍" ဟု ထွက်ဆိုချက်ပါရှိသောကြောင့် အမှုမှာ သွေးရိုးသားရိုး လူမှားယွင်းအသတ်ခံရခြင်း မဖြစ်နိုင်။ ကြိုတင်စီမံမှုဖြင့် ပြစ်မှုကျူးလွန်မှုဖြစ်နိုင်သည်။ ၎င်းမောင်မောင်စိုးမှာ အမှုဖြင့် ဆက်စပ်နေမည်ဟု သုံးသပ်ကြသည်။

ထို့ကြောင့် အမှုအား မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်မှု၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ရဲမှူးဦးစီးနှင့် အောင်မြေသာစံမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးလှဝင်းတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကိုမောင်မောင်စိုးရှိရာ ၎င်း၏ ဌာနဆိုင်ရာ ရုံးသို့ သွားရောက်ခဲ့ကြသည်။ အသင့်တွေ့ရှိသဖြင့် ရဲစခန်းသို့ ခေါ်ယူစစ်ဆေးမှုများပြုလုပ်ခဲ့သည်။ ကိုမောင်မောင်စိုးမှာ သူမနှင့် ရပ်ကွက်ရုံးတွင် ညှိနှိုင်းခဲ့ကြပြီးနောက် ၎င်းပြန်ခဲ့ကြောင်း၊ သူမ သေဆုံးသည်ကို မသိကြောင်း ထွက်ဆိုသည်။

သို့ရာတွင် သူ့မျက်လုံး၏ အကြည့်မှာကား တစ်နေရာဆီ အကြည့်ရောက်သွား၏။ သူ့မျက်ဝန်းမှာ ချက်ချင်းပြောင်းသွားခဲ့၏။ သူ့မျက်နှာမှာ တော်တော်အိုရင့်ခဲ့သည်။ ရဲစခန်းရှေ့ စစ်ရေးပြကွင်းပြင်ကွင် ပြေးလွှားခေါ်နေသည့် လူမမည်ကလေးငယ် ငိုကြွေးလျက် သူ့မိခင်အား တစာစာ အော်ခေါ်နေသည်။

"မေမေ ... မေမေ ... ဘယ်မှာလဲ"

"သား ... သား ... နို့နို့... အီး ... ဟီး ... ဟီး"

နို့ဆာနေသည့် ကလေးငယ်၏ ငိုသံသည် သူ့အသည်းနှလုံးကို တုန်လှုပ်သွားစေသည်။ ခေါင်း ငိုက်စိုက်ကျသွား၏။ အတွေးများက အတိတ်ကာလဆီသို့ လွင့်စင်သွား၏။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com



(သုံး)

မနက်အလင်းရောင် ရောင်ခြည်သည် ကျေးငှက်တို့၏ အရုဏ်ဦး တွန်သံချိုနှင့်အတူ လောကကို လှုပ်နှိုးလာ၏။ မိမိ တာဝန်ကျရာဒေသသို့ တာဝန်ထမ်းဆောင်ရန် မောင်မောင်စိုးအဖို့ ဒီနေ့သည် ပထမဆုံးသောနေ့ တစ်နေ့၏မနက်ခင်းပင်ဖြစ်သည်။ သူသည် သည်ဒေသဖွားလည်း မဟုတ်သလို ဒီဒေသကို ရောက်ဖူးသူလည်း မဟုတ်ချေ။ ထို့ကြောင့် တစ်ခါမှမရောက်ဘူးသော အရပ်တွင် ပေးအပ်သော တာဝန်ထမ်းဆောင်ရန်အတွက် စိတ်လှုပ်ရှားတက်ကြွလျက် ရှိ၏။ တစ်ပြိုင်နက်တည်းမှာပင် အစစအရာရာ အဆင်ပြေပါ့မလားဟု စိုးရိမ်စိတ်ကလည်း စိုးမိုးနေ၏။

သည်ဒေသသို့ လွန်ခဲ့သည့် ညနေခင်း မှောင်ရီပျိုးစအချိန်က ရောက်ရှိခဲ့သည်။ ရွာသူရွာသားများကဆီးကြိုကြသည်။ ဝန်ထမ်းအိမ်ရာ လူမနေသည့်အိမ်ခန်း တစ်ခုသို့ လိုက်ပို့ကြသည်။ သူနေထိုင်ရန်အတွက် အခန်းပင်ဖြစ်၏တဲ့။

အခန်းမှာ မကြီးကျယ်လှသလို သူ့အတွက်လည်း ကျဉ်းကျပ်မှုမရှိပါ။ အရာရှိ တစ်ယောက်စာအတွက်တော့ ကွက်တိပင်ဖြစ်သည်။ ရုံးသွားရန် အဝတ်အစားများ လဲလိုက်သည်။ မိမိနေထိုင်သော အခန်းအား ဘေးဘယ်ညာကြည့်ကာ ကျေနပ်စွာ ပြုံးလိုက်သည်။ မိမိကိုယ်ကိုလည်း ကိုယ်လုံးပေါ်မှန်ရှေ့တွင် ကျေနပ်စွာ ကြည့်ပြီးလျှင် ရုံးဘက်သို့ လမ်းလျှောက်ထွက်လာခဲ့၏။ ရုံးနှင့်မိမိနေထိုင်ရာအခန်းမှာ နီးပါသည်။ ရုံးခန်းရှေ့ အရောက် တံခါးတွန်းအဝင် …

"အမလေး"

မိန်းကလေးတစ်ဦး၏ အသံကြား၍ အသံလာရာသို့ ကြည့်လိုက်သည်။ တံခါး၏နောက်



ကွယ်တွင် မတ်တတ်ရပ်လျက် တံမြက်စည်းတစ်ဖက်က ကိုင်ထား၏။ ကျန်တစ်ဖက်က ဟောင်းလျက်သား ပါးစပ်ကို ထိပိတ်လျက် မျက်လုံးအကြောင်သားနှင့် ငေးကြည့်နေသည့် မိန်းကလေးတစ်ဦး။ မျက်လုံးကဝိုင်းစက်တောက် ပြီး ဆွဲဆောင်မှု ရှိသည်။ ပိတုံးရောင်ဆံကေသာမှာ ပခုံး၏ ဘေးတစ်ဖက်တစ်ချက်မှ တင့်တယ်စွာ ခါးထိ ပျော့ပျောင်းနူးညံ့စွာ ကျဆင်းလျက်ရှိ၏။ မျက်နှာဝိုင်းဝိုင်း ပါးမို့မို့နှင့် ပန်းချီဆရာရုပ်လုံးဖော်ထားသည့် ခန္ဓာပုံအချိုးအစားနှင့် သူ့မှာ လတ်တလော သူမ၏ အလှနှင့် ရင်ဆိုင်တိုးမိ၍ မှင်တက်နေမိ၏။ သူမမှာ လတ်တလော တံခါးဖွင့်ဝင်လိုက်၍ လန့်သွားသည်ထင်၏။ သူ့ပုံမှာ ရုံးခန်းအတွင်း သန့်ရှင်းရေးလုပ်ပေးနေပုံရ၏။ ခဏကြာမှ သူကပဲ မျက်စိကို လွှဲဖယ်ကာ …

"ဆောရီးဗျာ … ကျွန်တော် စိတ်လောပြီး ဝင်လာမိလို့။ ခုလို သန့်ရှင်းရေးလုပ်ပေးထားတဲ့အတွက် ကျေးဇူးပဲဗျာ"

အထစ်ထစ်အငေါ့ငေါ့နှင့်

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ထဲရှိ အလွယ်ဆုံးစကားလုံးများဖြင့် ရွေးချယ်တောင်းပန်လိုက်သည်။ ထိုအခါမှ သူမ၏မျက်နှာ ဝင်းလက်တောက်ပသွားသည်။ သူမ ပြုံးလာ၏။ ရှက်စနိုး မျက်နှာထားနှင့် မျက်စောင်းဝင့်ဝင့်လေးထိုးကာ ခေါင်းလေး ညိတ်ပြ၏။ ပြုံးစစနှင့်။

"ဟုတ် ... ကဲ့"

ဆိုပြီး ရုံးခန်းထဲမှ လှစ်ခနဲ လှည့်ထွက်ရန် ဟန်ပြင်လိုက်သည်။ ရုံးခန်းပေါက်အရောက်တွင် သူမ၏ သမင်လည်ပြန် နောက်လှည့်ကြည့်ပြီး ညို့မျက်လုံးဖြင့် ပြုံးပြသွား၏။ သူ့အပြုံးမှာ မနက်ပိုင်း နီးထမှုနှင့်အတူ နှလုံးသားအစုံကို ထိမှန်ခဲ့သည်။ ထိုနေ့သည် သူ၏မမေ့နိုင်သော နေ့တစ်နေ့ဆိုသည်ကား မမှားနိုင်ပေ။

သူမကား သနပ်ခါးရည်ကြဲလေးကို အမြဲလိမ်းသည်။ ခေတ်ဆန်သည့်နှုတ်ခမ်းနီ၊ ပါးနီ၊ မိတ်ကပ်မသုံး။ မယဉ်မဆန်း၊ အဆင်ဆန်းလေးများကို ဝတ်လေ့ရှိသည်။ "ဣတ္ထိယ ရူပံ မနံ ဥစ္စံ"။ "ဣတ္ထိယ - မိန်းတို့၏၊ ရူပံ - ရုပ်ဆင်းလှပခြင်းသည်၊ မနံ ဥစ္စံ - စီးပွားဥစ္စာမည်ပေ၏" ဆိုသည်နှင့်အညီ သူမ၏ ရုပ်ရည်အဆင်းအင်္ဂါသည် ပြီးပြည့်စုံ၏။

နောက်ရက်များတွင် တစ်ဌာနတည်းမို့ သူမနှင့် ပိုပြီးရင်းနှီးခွင့်ရခဲ့သည်။ သူမတို့ဒေသရှိ နာမည်ကြီးအရပ်နှင့် တန်ခိုးကြီးဘုရားများအား သူမကိုယ်တိုင် ဦးဆောင်၍ လိုက်ပို့သည်။ အတူသွား၊ အတူလာ၊ အတူစားရင်း ရက်တွေ ကြာလာသည်နှင့်အမျှ သံယောဇဉ် တွယ်တာလာ၏။ ထိုမှတစ်ဆင့်ပြီး တစ်ဆင့် သံယောဇဉ် တိုးကာ ချစ်သူသမီးရည်းစားဘဝသို့ ရောက်ရှိခဲ့သည်။

ဘုန်းကြီးကျောင်းတွင် မင်္ဂလာဦးဆွမ်းကပ်ပြီး တစ်အိုးတစ်အိမ် ထူထောင်ကြသည်။ ချိုမြိန်သော အိမ်ထောင်ရေးတစ်ခု အဖြစ်ဖြင့်သာ။

◆◆◆

၂၀၀၇ ရဲ့ အောက်တိုဘာလ၏နေ့တစ်နေ့။

မန္တလေးတိုင်းဒေသကြီး သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် အမိန့်စာတစ်စောင်အား မောင်မောင်စိုး လက်ခံရရှိခဲ့သည်။ အချစ်စင်ရော်ငှက်လေးတွေ ခွဲခွာရန် ကံကြမ္မာတစ်ရပ်ဟု ဆိုရမလားပင်။ နှစ်ဦးလုံးကဝန်ထမ်း။ တစ်ဦးက ပြောင်းရွှေ့မိန့်ကျလာ၏။ တာဝန်ကျရာသို့ သတ်မှတ်ရက်အမီ သွားရောက်သတင်းမပို့လို့ကား မဖြစ်။ သို့ဖြင့် မောင်မောင်စိုး မန္တလေးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ သူမက ရုံးပိတ်ရက်များတွင် လိုက်လည်လေ့ရှိ၏။ နောက်တွင် အလုပ်မှ ထွက်၍ မန္တလေးသို့ မကြာခဏ အတူလာနေဖြစ်၏။ ၂၀၀၉ ခုနှစ်တွင် သူမ၌ ကိုယ်ဝန်ရလာသည်။ ကိုယ်ဝန်နှင့်လူ၏ ကျန်းမာရေးအရ မန္တလေးတွင် အိမ်ခန်းငှားရမ်းစီစဉ်ပေးခဲ့သည်။ တစ်နေ့တွင် သူမသည် မောင်မောင်စိုးထံတွင် မယားကြီးနှင့် သားသမီးတစ်ဦး ဧရာဝတီတိုင်း၊ ပုသိမ်မြို့တွင်ရှိကြောင်း သိရှိခဲ့သည်။ မန္တလေးသို့ သူ လိုက်လာမည့်အကြောင်းပါ သိရှိရ၏။ ထို့ကြောင့် မနွဲ့နွဲ့စန်းမှာ စိတ်ဝေဒနာကြီးကျယ်စွာ ခံစားခဲ့ရသည်။ ညအိပ်ရေးပျက်ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



သွေးပျက်ပေါင်း ညတွေက မရေမတွက်နိုင်။ နောက်ဆုံးတော့ ကိုမောင်မောင်စိုးဆီ သွားကာ ၄င်းမယားကြီးအား တရားဝင်ကွာရှင်းပြီး သူမနှင့်ပေါင်းသင်းရန် ပြောဆိုခဲ့သည်။ သည်လိုရှုပ်ထွေးမည်မထင်သော ကိုမောင်မောင်စိုးတစ်ယောက် ခုတော့ အံ့သြရရှာပြီ။ တစ်ဖက်ကလည်း မယားကြီးက လိုက်လာတော့မည်။ လက်ရှိအခြေအနေကို ခေါင်းစားခဲ့ရပြီ။ စိတ်လှုပ်ရှားခဲ့ရပြီ။

"အဲဒါက ငါ တရားဝင်ယူထားတဲ့မိန်းမကွ။ ဘယ်တော့မှ သူ့ကို ကွာရှင်းမပေးနိုင်ဘူး။ နင်နဲ့ ငါ အတူရှိနေဖို့ဆိုတာ ငါ့ဘဝအတွက် လုံးဝမဖြစ်နိုင်တော့ဘူး"

"အဲဒါက ငါ
တရားဝင်ယူထားတဲ့
မိန်းမကွ။
ဘယ်တော့မှ သူ့ကို
ကွာရှင်းမပေးနိုင်ဘူး။
နင်နဲ့ငါ
အတူရှိနေဖို့ဆိုတာ
ငါ့ဘဝအတွက် လုံးဝ
မဖြစ်နိုင်တော့ဘူး"



မနွဲ့နွဲ့စန်း တစ်ယောက် အသည်းနှလုံးကို ဖျစ်ညှစ်ဆုပ်ခြေပစ်လိုက်သလို ဆိုးရွားနာကျင်စွာ ခံစားလိုက်ရ၏။ ငိုနေသည်ကို ရပ်လိုက်သည်။ သူမအသားများမှာ တဆတ်ဆတ်တုန်ယင်နေသည်။ အမျက်ကြီးသူ မျက်လုံးစိမ်းဖြင့် သူ့မျက်နှာအား စိုက်စိုက်ကြည့်ကာ …

"နင့်လိုလူမျိုးကို ရွေထွက်တောင့်မှ မပေါင်းသင်းနိုင်ဘူး။ ငါ နင့်ကိုချစ်လို့ အတူနေခဲ့တာများမှတ်နေလား။ ငါ နင့်ဆီက ပိုက်ဆံလိုချင်လို့သာလုပ်တာပေါ့"

ဆိုပြီး အနီးအနား တွေ့သမျှနှင့် ကိုင်ပေါက်ခဲ့သည်။ သူမပြန်သွား၏။ နောက်နေ့တွင် သူမ၏ မောင်ဖြစ်သူ ဇော်ဇော်မှ သိန်း (၃၀) လာရောက်တောင်းယူပြီး မကြာ မကြာ ငွေ ခဏခဏ တောင်းယူခဲ့သည်။ ဒီလိုနှင့် နှစ်တွေ ရက်တွေကြာခဲ့၏။ တစ်နေ့တွင် သူမ၏ အစ်မဖြစ်သူနှင့်အတူ မန္တလေးသို့ရောက်ရှိလာခဲ့သည်။

"ကျွန်မ ရှင့်ဆီက ပိုက်ဆံတွေ မယူချင်တော့ပါဘူး။ ရှင့်ရဲ့သားကလည်းကြီးလာပြီ။ ကျွန်မကို မန္တလေးမှာ အိမ်တစ်လုံး ရှာပေးပြီး ကျွန်မတို့ အတူတူနေကြရအောင်"

"ဟာ … ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။ ငါက ဝန်ထမ်းလေ။ အဲလိုနေလို့ ဘယ်လိုလုပ်ဖြစ်မလဲ။ ငါ့မိန်းမလည်း ဝန်ထမ်းပဲ။ နင့်မှာ အလုပ်မရှိတိုင်းလာမပြောနဲ့"

"အဲ … ရှင်မရှာပေးရင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မန္တလေးမှာရှိတဲ့ တည်းခိုခန်းတွေ လှည့်ပတ်ပြီး တည်းနေမယ်။ ရှင် ကုန်ကျစရိတ်ရှင်းပေး။ အလုပ် လက်မဲ့ဖြစ်တာ ရှင့်ကြောင့်'' တဲ့။

သူ ရင်မောနေခဲ့ရ၏။ သွားရောက်ညှိနှိုင်းရာ အတွေ့မခံခဲ့။ သူ့အစ်မကတော့ နယ်ပြန်သွားသည်ဟု သိခဲ့ရသည်။ မောင်မောင်စိုးတစ်ယောက် ကြံရာမရဖြစ်တော့သည်။ မယားကြီးကိုလည်း သိသွားမှာ စိုးသည်။ အထက်လူကြီးတွေ သိသွားမှာကိုပါ စိုးရိမ်ကြောက်လန့်လာ၏။ နောက်ဆုံးတော့ သူ အကြံတစ်ခုပေါ်လာသည်။ သူမကို အပြတ်ရှင်းလိုက်မည်။ သူ ကိုယ်တိုင် မဟုတ်။ တစ်စုံတစ်ယောက်အား ငွေပေးပြီးသတ်ခိုင်းမည်။ သူသတ်သည်မဟုတ်။ ''အိုကေပြီ'' ဟု တစ်ယောက်တည်း စိတ်ကူးပြုံးမိ၏။ ထို့ကြောင့် ၎င်းအကြံကို အကောင်အထည်ဖော်ရန်သာ ကျန်သည်။ မိတ်ဆွေ ကိုအေးသိန်းထံသွား၏။ သူသည် ကိုမောင်မောင်စိုး၏ ယုံကြည်စိတ်အချရဆုံးသော မိတ်ဆွေတစ်ဦးဖြစ်သည်။ သူ့အပြင် နောက်မိတ်ဆွေကောင်းတစ်ဦးလည်း ရှိသေးသည်။ ကိုမောင်လှတဲ့။ ကိုအေးသိန်းထံသွားပြီး အကျိုးအကြောင်းတိုင်ပင်သည်။ ဓာတ်ပုံတောင်းသဖြင့် သူမ၏ဓာတ်ပုံအား ကိုအေးသိန်းထံ ပေးပြီး အပြတ်ရှင်းရန်ကိုပါ ပြောထားခဲ့၏။ ကိုမောင်လှအား ကိုအေးသိန်း အပြတ်မရှင်းမီ ဆိုင်ကယ်ဖြင့် ဝင်တိုက်ရန် စီစဉ်ဆောင်ရွက်မှာကြားခဲ့သည်။ သို့သော် အချိန်တွေ ကြာလာသည်အထိ အကောင်အထည်က ပေါ်မလာခဲ့ချေ။

၁၉·၇·၂၀၁၁ ရက်နေ့ နေ့လယ် (၂) နာရီအချိန်တွင် လမ်း (၃၀ × ၆၂) ထောင့်ရှိ လက်ဖက်ရည်ဆိုင်သို့ ကိုအေးသိန်းနှင့် ကိုမောင်လှတို့ (၂)ဦးကို ချိန်းဆိုခေါ်ယူတွေ့ဆုံခဲ့သည်။

''ခင်ဗျားတို့ လုပ်ခိုင်းထားတဲ့ကိစ္စ ဘယ်လိုလဲ။ ခုချိန်ထိ ဘာမှမထူးဘူး။ ကျွန်တော် တစ်ခါတည်း ပြောမယ်။ ခင်ဗျားတို့ (၂)ယောက် အဲဒီမိန်းမကို အပြတ်ရှင်းပြီဆိုရင် ခင်ဗျားတို့ကို ကျွန်တော် သိန်း (၅၀) ပေးမယ်''

''သိန်း (၅၀) တောင်။ အိုကေ။ ဒါပေမဲ့ ကျွန်တော်တို့တော့ ကိုယ်တိုင်မလုပ်ဘူး။ လူရှာပေးမယ်။ ခင်ဗျား သဘောတူရင် ဆက်လုပ်ပေါ့''

''ခင်ဗျားတို့ဘက်က သစ္စာရှိဖို့ပဲလိုတယ်''

''အိုကေ''

အားလုံးသဘောတူညီ ညှိနှိုင်းစီစဉ်ဆောင်ရွက်မှုတစ်ခုကို ခေါင်း သုံးလုံးဆိုင်ပြုလုပ်ကြသည်။ ညနေ (၅) နာရီရောက်တော့ ကိုမောင်မောင်စိုးမှာ ချိန်းဆိုထားသည့်နေရာသို့ အစောကြီးရောက်နှင့်နေသည်။ တော်ကြာမှ ကိုမောင်လှနှင့် ကိုအေးသိန်းတို့ ရောက်ရှိလာသည်။ ကိုအေးသိန်းအား ကိုမောင်မောင်စိုးမှာ ၎င်း၏ဆိုင်ကယ်ဖြင့် (၂၂) လမ်း၊ ရပ်ကွက်အုပ်ချုပ်ရေးရုံးသို့ ခေါ်ဆောင်သွားခဲ့သည်။ ကိုမောင်လှထံ ကိုအေးသိန်း၏ဆိုင်ကယ်နှင့်ဖုန်းအား ပေးထားခဲ့ပြီး နောက်က လိုက်လာရန် မှာထားခဲ့သည်။ ကိုမောင်လှ ရောက်ရှိချိန်တွင် ကိုမောင်မောင်စိုးနှင့် ကိုအေးသိန်းတို့ ရပ်ကွက်ရုံးအောက်ထပ်၌ အုပ်ချုပ်ရေးမှူးနှင့် စကားထိုင်ပြောနေသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆီသို့ ကိုမောင်လှ သွားရောက်တွေ့ဆုံသည်။ ကိုမောင်မောင်စိုးမှာ ကိုမောင်လှ လာသည်ကို မြင်တော့ထွက်လာ၏။ ဘေးဘယ်ညာအရိပ်အကဲ ခတ်လိုက်သည်။

"ငါ ပြောမယ် သေချာနားထောင်။ ရုံးရှေ့မှာ ကိုအေးသိန်းသား ကျော်ကျော်နဲ့ နောက်ထပ် (၂) ယောက် ရှိလိမ့်မယ်။ သူတို့နာမည်က ကိုမျိုးနဲ့ အသားမည်းမည်းတစ်ယောက်က မိုက်ခဲတဲ့။ သူတို့ကို အသေအချာပြော။ ရုံးအလာမှာ မလုပ်စေနဲ့။ ရုံးကအပြန်မှာ အပြတ်သာ ပိပိရိရိ ဖြစ်အောင် ရှင်းလိုက်တော့လို့။ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

ကိုမောင်လှ လှည့်ထွက်သွားခဲ့သည်။ ကိုမောင်မောင်စိုးမှာ ခါးထောက်ကာ မိုးကောင်းကင်ပေါ် မော့ကြည့်လျက် လေပြင်းပြင်းရှူ၍ ပြုံးမိလိုက်၏။

◆◆◆

(လေး)

ရဲတပ်ဖွဲ့မှ အခင်းဖြစ်ရပ်နှင့် စုံစမ်းပေါ်ပေါက်မှုများအရ စွပ်စွဲခံရသူ မိုက်ခဲ၊ ကိုမောင်လှ၊ ကိုမျိုးနှင့် ကိုအေးသိန်းတို့အား အမှုဖြင့် လိုက်လံဖော်ထုတ်ဖမ်းဆီးပြီး အမှုမှန်ပေါ်ပေါက်ရေးအတွက် ချုပ်မိန့် ရမန်ယူ၍ စခန်းမှူးရဲအုပ်အောင်မြင့်ကိုယ်တိုင် အမှုစစ်ဆေးခဲ့သည်။ ပြီးပြည့်စုံသည့် ရဲလုပ်ငန်းဖြစ်အောင် ဆောင်ရွက်သည်။

ကိုမျိုး အခင်းဖြစ်စဉ်က ၎င်းကိုင်ဆောင်ထိုးနှက်ခဲ့သော အရိုးအသွား (၁၂) လက်မခန့်ရှိ ဓားဦးချွန် ဓားမြှောင်အား သက်သေများရှေ့ ရှာဖွေပုံစံဖြင့် သိမ်းဆည်းသည်။ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော သက်သေခံ ဆိုင်ကယ်အား အမှုဖြင့် သက်သေများရှေ့ သိမ်းဆည်းပြီး ကညနရုံးတွင် တရားဝင် ယာဉ်မှတ်ပုံတင်ထားခြင်း ရှိ၊ မရှိ သိရှိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

အမှုနှင့် သက်ဆိုင်သူ သက်သေများအား ခေါ်ယူစစ်ဆေး၏။ အမှုခိုင်မာနိုင်ရန်အတွက် သေဆုံးသူ အလောင်းအား သွားရောက် စစ်ဆေးကြည့်ရှုပြီး မှတ်တမ်းဓာတ်ပုံရိုက်ယူသည်။ အခင်းဖြစ်ရပ်မြေပုံကြမ်းရေးဆွဲခြင်းများ၊ သက်သေခံ အဝတ်အစားများ သိမ်းဆည်းခြင်းများ ဆောင်ရွက်သည်။

ဖမ်းဆီးစွပ်စွဲခံရသူ ကိုအေးသိန်း၊ ကိုမောင်လှ၊ ကိုမျိုး၊ မိုက်ခဲတို့မှ ၎င်းတို့ပြစ်မှုကျူးလွန်ခဲ့ကြောင်းကို တရားရုံးတွင် ဖြောင့်ချက်ထွက်ဆိုတင်ပြလိုကြောင်း ပြောဆိုလာသဖြင့် မြို့နယ်တရားရုံးတွင် ဖြောင့်ချက်ရယူနိုင်ရေး ဆောင်ရွက်ခဲ့သည်။ ကိုမောင်လှ၏ ဇနီးဖြစ်သူမှလည်း ၎င်းသိရှိသမျှကို တရားရုံးတွင် ကြိုတင်ထွက်ဆိုလိုကြောင်း၊ ၎င်း၏ဆန္ဒအရ တရားရုံး၌လျှောက်ထားခဲ့သဖြင့် ကြိုတင်ထွက်ဆိုမှု ရယူခဲ့သည်။ ၎င်းအပြင် ရပ်ကွက် အုပ်ချုပ်ရေးမှူးမှလည်း ၎င်းသိမြင်ကြားသမျှကို တရားရုံးတွင် ထွက်ဆိုချက်ပေးခဲ့သည်။

အမှုတွင် သက်သေခံပစ္စည်းများဖြစ်သော သေဆုံးသူ မန္တဲ့နွဲ့စန်း အခင်းဖြစ်စဉ် ဝတ်ဆင်ထားသော သွေးစွန်းပေလျက်ရှိသည့် ညာဘက်နံကြားတွင် ဓားဖြင့် ထိုးသွင်းရာအပေါက်ပါရှိ

www.burmeseclassic.com

www.burmeseclassic.com



သော မဝတ်အင်္ကျီစိမ်းပြာနုရောင်နှင့် ပြစ်မှုကျူးလွန်ဓားဖြင့်ထိုးခဲ့သူ ကိုမျိုးထံမှ သိမ်းဆည်းခဲ့သည့် အရိုးအသွား (၁၂)လက်မခန့်ရှိ ဓားဦးချွန်ဝါးလက်ကိုင်အရိုးတပ် (သွေးများစွန်းထင်းနေသည်ဟု ယူဆရသည့်) ဓားတို့အား ရန်ကုန်ဓာတုဗေဒဝန်ထံ ပို့အပ်ထင်မြင်ချက်တောင်းခံခဲ့သည်။

ဆေးစာပြန်ကြားချက်အရ အသည်းတွင် ထုတ်ချင်းပေါက် ထိုးသွင်းဒဏ်ရာရရှိပြီး ဝမ်းခေါင်းအမြှေးနှင့် ရင်ခေါင်းပိုင်းအတွင်း သွေးသွန် သွေးလန့် သေဆုံးခြင်းဖြစ်ကြောင်း သိရှိရသည်။

သိမ်းဆည်းရမိ သက်သေခံဆိုင်ကယ်မှာ တရားဝင်ယာဉ်မှတ်ပုံတင်ထားခြင်း မရှိသဖြင့် ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး(ယာယီ)အက်ဥပဒေ ပုဒ်မ-၅(၁)အရ သီးခြားတရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်သည်။

အမှုစစ်ဆေးပေါ်ပေါက်ချက်အရလည်းကောင်း၊ ဥပဒေအကြံပြုချက်အရလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်အရလည်းကောင်း အမှုမှ တရားခံမောင်မောင်စိုး၊ ကိုမျိုး၊ ကိုအေးသိန်း၊ ကိုမောင်လှ၊ မိုက်ခဲတို့အား ပြစ်မှုပုဒ်မ-၃၀၂/၃၄ အရ လည်းကောင်း၊ ထွက်ပြေးတရားခံ ကျော်ကျော်အား ပြစ်မှုပုဒ်မ-၃၀၂/၃၄၊ ကျင့်-၅၁၂ ဖြင့် မန္တလေးခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ထားရှိခဲ့သည်။

◆◆◆

(ငါး)

ဩော် ... လူမမည် ကလေးငယ်ရဲ့ အနာဂတ်ဘဝမှာ အဖေကား ဘယ်မှာ။ အမေဆိုသည် ခေါ်စရာမရှိ။ မိဘတို့၏ နွေးထွေးမှုအငွေ့ရှိသည့် ရင်ခွင် အရိပ် သူ့တွင် ခိုလှုံစရာကား မရှိ။ အပြစ်မဲ့ကလေးငယ်တစ်ဦး လူ့လောကတွင် အထီးကျန်စွာ ဖြတ်သန်းရဦးမည်။

ဤဖြစ်စဉ်ကို လောဘမီး၊ ဒေါသမီး၊ သောကမီး၊ မရဏမီး၊ ပရိဒေဝမီးများ တောက်လောင်နေသည့် လူသားများ မည်မျှ ရှိလေမည်နည်း။ ယောကျ်ား၊ မိန်းမ ကာမပိုင်တွေရှိရင်း ပျက်စီးခဲ့သည့် ကိစ္စရပ်များ။ လူမသိ၊ သူမသိ ပျက်စီးနေသည့်ကိစ္စရပ်များ မည်မျှရှိလေမည်နည်း။ သည်လို လူသတ်မှုတွေ မည်မျှဖြစ်ခဲ့ကြပြီနည်း။ အပြစ်မဲ့ကလေးငယ်လေးတွေ သည်လို မည်မျှရှိလေမည်နည်း။

ချစ်ဝေမောင်

**မှတ်ချက်**

**ဖြစ်ရပ်မှန်တစ်ခုအား သံဝေဂ ယူနိုင်ရန် တချို့ဇာတ်ကောင်နှင့် အမည်နာမ တချို့တို့အား ပြောင်းလဲသုံးနှုန်း ရေးသားထားပြီး ၎င်းဖြစ်စဉ်နှင့် ပတ်သက်၍ ရင်တွင်း ခံစားချက်ရှိသူ တစ်ဦး၏ ထုတ်ဖော်ပြောကြားချက်များကို ဇာတ်ကောင် ပုံဖော်ခံစား ရေးဖွဲ့ထားခြင်း ဖြစ်သည်။**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




သင်းချိုင်းအုတ်ဂူများကြားမှ အသက်ဆက်ဖို့ မှူးယစ်ဆေးဝါးသုံး
မူးယစ်ဆေး၏ကျော့ကွင်းမှ ရုန်းထွက်နိုင်ခဲ့သူ
အမှိုက်တစ်စလိုဘဝမှ လောကစံတရားကို ပြက်ရယ်နိုင်ခဲ့သူ၊
သေမင်းနှင့် အားပြိုင်ခဲ့သူ

www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်ထက် (သံတောက်)

# အကာယ်ဒမီထွင့်ခေါင်နှင့် အဖြူရောင် နတ်မီးစ္ဆာ

(တစ်)

နေမင်းကြီးက သူ၏အလင်းရောင်တွေကို တစ်စမကျန်အောင် ရုပ်သိမ်းသွားလေပြီ။

လမ်းဘေး ဓာတ်တိုင်ပေါ်က နီကျင်ကျင်မီးလုံးတွေ ဖျတ်ခနဲ လင်းပွင့်လာကြသည်။

သူတို့အသွင်က အမှောင်ကို ခွင်းဖောက်ရန် မဝံ့မရဲ၊ သိမ်ငယ်နေကြဟန်ရှိ၏။

ညနတ်သမီးက အနက်ရောင် ဇာပုဝါပါးတွေကို တစ်လွှားပြီး တစ်လွှာထပ်ကာ ဖြန့်ချလျက်·· ဖြန့်ချလိုက်·····။

ညအမှောင် တဖြေးဖြေးနှင့် သိမ်သည်း ထူထဲလာနေသည်။

ကျွန်ုပ်က ကြံ့တောသုသာန်၏ ဝင်ပေါက်နှင့် ခပ်လှမ်းလှမ်းရှိ အမှောင်ရိပ်မှာ ကားကို ရပ်လိုက်သည်။

ကျွန်ုပ်ဘေးမှာက ရုပ်ရှင်မင်းသားထွင့်ထိပ်ခေါင်····။

တေပေလေလွင့်သူတွေ၊အခြေအနေမဲ့သူတွေရှိရာ၊ တောင်းရမ်းစားသောက်သူ၊ ကျူးကျော်နေထိုင်သူတို့ ခိုနားနေထိုင်ရာ မြို့တော် ရန်ကုန်၏ အကြီးဆုံးသုသာန် ဝန်းကျင်လို နေရာမျိုးဆိုသည်က····

အကာလ ညအခါမှာ ဘယ်လိုမှ မသွားသင့်သော နေရာ···၊

ခွေးသားအစိပ်သားဖိုး မပေး၍ လူသတ်မှုဖြစ်သော နေရာ··

မိန်းမရှုင် တစ်ယောက်ကို လုရင်း အုပ်စုလိုက် ရိုက်ကြ၊ နှက်ကြသည့် နေရာ···။

သတ်ဖို့၊ ဖြတ်ဖို့၊ လုယက်တိုက်ခိုက်ဖို့ ဘဝပေး-စရိုက်တွေနဲ့ ကြမ်းကြ၊ ရမ်းကြတဲ့နေရာမျိုးဟု ကျွန်ုပ်ကြားဖူးသည်။

သည်လို နေရာမျိုးကိုမှ ကျွန်ုပ်နှင့် ထွင့်ထိပ်ခေါင်တို့ ရောက်ရှိခြင်းမှာ အကြောင်းရှိသည်။

မူးယစ်ဆေးဝါး မစင်ဘင်ပုပ်ထဲ ကျရောက်နေသူတို့၏ ဘဝဆိုးကို ထွင့်ထိပ်ခေါင်အား ပြရန် ကျွန်ုပ်ကြံစည်ခဲ့ခြင်းပင် ဖြစ်သည်····။

ဘိန်းဖြူ၊ နံပါတ်ဖိုး (သို့မဟုတ်) အဖြူရောင် နတ်မီးစ္ဆာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ဆိုလည်း ဟုတ်သည်။

တစ်ကြိမ် စမ်းကြည့်ရုံနှင့် ဖြတ်မရအောင် စွဲလန်းစေသော အရာလည်း ဖြစ်သည်။

မူးယစ်ဆေးဝါးမှန်သမျှ တွင် ပုံမှန်မဟုတ်သော စိတ်ခံစားမှု တစ်မျိုးဖြစ်ပေါ်အောင် လှုံ့ဆော် ပေးနိုင်သည်ဟု သုံးစွဲသူများ ယူဆ တတ်ကြသည်။

အမှန်က ဤသို့ မဟုတ်၊ စွဲလန်းစေသည့် ဓာတုပစ္စည်း တစ်မျိုး ပါဝင်ခြင်းကြောင့်သာ သူတို့အားလုံး မဖြတ်နိုင်ကြခြင်း ဖြစ်သည်။

ကြောက်ရွံ့ထိတ်လန့်စရာ ဘိန်းဖြူတွေက စီးပွားယုတ်မာသူ များ၏ ဖြားယောင်းသိမ်းသွင်းမှု ဖြင့် ပစ်မှတ်သားကောင်တွေဆီ ရောက်ရှိနေကြသည်။

ပစ်မှတ်သားကောင်းတွေ ထဲမှာ အနုပညာရှင်တွေလည်း ပါသည်။

အဖြူရောင် နတ်မိစ္ဆာ၏ ပဥ္စလက် အစွမ်းက ထိတ်လန့် ကြောက်မက်ဘွယ် ကောင်းလှ၏။

အနုပညာရှင်များစွာ သူတို့ ချစ်သော အနုပညာကို စွန့်ခွာ သွားကြရသည်....။

လူ့လောကထဲမှ ထွက်ခွာ သွားကြသူတွေလည်း အများ အပြား....၊

ဤမှူကြောက်စရာ ကောင်း သည့် "မူးယစ်ဆေးဝါး"၏ သားကောင်ဘဝသို့ ထွန်းထိပ် ခေါင်တစ်ယောက် ကျရောက်နေ ကြောင်း မမျှော်လင့်ဘဲ ကျွန်ုပ် သိခဲ့ရသည်။

ထိုနေ့က ရုပ်ရှင်ကားကြီး တစ်ကားအတွက် တိုင်ပင်ဆွေး နွေးရန် ကျွန်ုပ် ထွန်းထိပ်ခေါင်၏ နေအိမ်သို့ သွားခဲ့သည်။


အသင့်ဖွင့်ထားသည့် တံခါး တွေက တစ်ဆင့် ဧည့်ခန်းထဲ အထိ ကျွန်ုပ်ရောက်လာခဲ့၏။

ဧည့်ခန်းဆိုဖာရှည် တစ်ခုပေါ် တွင် လျော့ရွေလဲကျနေသည့် ထွန်းထိပ်ခေါင်ကို ကျွန်ုပ်တွေ့ လိုက်ရသည်။

သူ့တစ်ကိုယ်လုံး နတ်ပူးနေ သူကဲ့သို့ တုန်ယင်နေ၏။

"ဘာဖြစ်နေတာလဲ....."

အတွေးဖြင့် ခေတ္တငိုင်နေမိစဉ်



www.burmeseclassic.com

www.burmeseclassic.com



မှာပင် ကျွန်ုပ်ကို သူမော့ကြည့်သည်····၊

သူ့မျက်နှာပေါ်မှာ ချွေးသီးချွေပေါက်တွေ စို့ရွဲနေ၏၊ ရှုံ့မဲ့နေသော သူ့အသွင်က ဝေဒနာတစ်ရပ်ကို ပြင်းပြင်းပျပျ ခံစားနေရဟန်ရှိသည်။

"ယေး··ယေး····မြဲမြဲယေး···"

ကျွန်ုပ်ထံ လက်ဖြန့်၍တောင်းနေ၏။

"ဘာတွေလည်း၊ ဘာတောင်းတာလည်း·· ထွန်းထိပ်ခေါင် ဘာဖြစ်နေတာလဲ·····"

တဒင်္ဂအတွင်းမှာပင် မေးခွန်းအများအပြားဖြင့် ကျွန်ုပ်ကို ကျွန်ုပ် ဒုက္ခပေးနေမိသည်···၊ ဘာမှတော့ နားမလည်နိုင်သေး

ထိုအချိန်မှာပင် ညှော်ခန်းထဲသို့ ဝင်လာသည့် ခြေသံသွက်သွက်ကို ကြားရသည်။

ကျွန်ုပ် လှည့်ကြည့်လိုက်၏၊ ထွန်းထိပ်ခေါင်၏ တပည့်လူယုံ ထွေး မောင်ကို တွေ့ရသည်။

ထွေးမောင်က သူ့ဆရာဆီ အပြေးသွားကာ တစ်စုံတစ်ခုကို ပေး၏။

ထွန်းထိပ်ခေါင် လှမ်းယူသည်၊ လှမ်းယူသည်ဆိုခြင်းထက် လုယူသည်ဆိုလျှင် ပိုမှန်ပေမည်။ သရဲတစ်ကောင်ဝင်စီးနေသလို အငမ်းမရ၊

ပါလာသော စက္ကူထုတ်ငယ်ကို တုန်နေသော လက်ချောင်းတွေဖြင့် ဖြည်သည်။

အထုတ်ထဲက အဖြူရောင်အမှုန့်တွေကို လက်ဖြင့်တို့ယူပြီး လျှာပေါ်ပွတ်သည်၊ အတွင်းပါးစောင်တွေ အနှံ့ပွတ်သည်။

ခဏအကြာမှာပင် သူငြိမ်သက်သွားသည်၊ သူငြိမ်သက်သွားပုံက အိပ်ပျော်သွားခြင်းမဟုတ်၊ သတိမေ့သွားခြင်းလည်း မဟုတ်၊ ယစ်မူးရီဝေ၍ ပကတိငြိမ်သွားခြင်းမျိုး ဖြစ်သည်။

ထွေးမောင်က သက်ပြင်းတစ်ချက်ကို "ဟူး"ကနဲ ချရင်း ကျွန်ုပ်ကို လှည့်ကြည့်၏၊

"သူတို့ကို ဒီဘဝဆိုးကြီးက လွတ်အောင် ကယ်တင်ပေးပါဦး ဆရာ···"

သူ့အသံက ကြေကွဲခြင်းတို့ဖြင့် တုန်ရီလှိုက်မောလျက်၊

ကျွန်ုပ်သဘောပေါက် လိုက်ပါပြီ···၊

ထွန်းထိပ်ခေါင်တစ်ယောက် မူးယစ်ဆေးပြတ် ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားနေရခြင်းပေ့ါ။ သူတို့စကားနှင့် ပြောလျှင် "ယင်းထ"နေခြင်း ဖြစ်သည်။

"ထွန်းထိပ်ခေါင် ဖိုးစွဲနေပြီ"

အံ့သြထိန့်လန့်ခြင်းတွေနှင့် အတူ မချိတင်ကဲ ကြေကွဲဝမ်းနည်းခြင်းတွေ ကူးနိုပ်ရင်နှင့်မမျှအောင် ခံစားလိုက်ရသည်····၊

ဘိန်းစွဲရောဂါကို ဆေးဝါးဖြင့် ဖြတ်၍ရမည်ဟု ကျွန်ုပ်မယုံကြည်၊ ခဏပြတ်ပြီး ပြန်သုံးနေကြသူတွေကို အများအပြားတွေ့နေရသည်။

ဘိန်းဖြူ၏ ကြောက်မက်ဖွယ်အန္တရာယ်ကို သိပြီး အသိဉာဏ်စိတ်ခွန်အားတွေဖြင့် လေးလေးနက်နက် ခံယူဖြတ်မှသာ ပြတ်နိုင်မည်ဟု ကျွန်ုပ် ယုံကြည်သည်။

ကြံ့တောသုသာန်ထဲမှာအထက်လွှာ၏ သားသမီးအချို့ဇာတ်မြှုပ်လာနေကြကြောင်း ကျွန်ုပ်ကြားသိထားသည်၊ မထင်မရှား အခြေအနေမဲ့ ပုံစံမျိုးဖြင့်။

ဘိန်းစားသားသမီးကို အိမ်မှာထား၍လည်း မဖြစ်၊ တံတားလေးဆေးရုံတက် ကုပြန့်လည်း

www.burmeseclassic.com

www.burmeseclassic.com



မရ။

မိမိတို့ ဂုဏ်၊ ပါဝါညှိုးနွမ်းမှာ စိုးကြသည်။

အထက်တန်းလွှာ လောကမှာ သိက္ခာကျမှာ စိုးကြသည်။

သိက္ခာအတွက် ကိုယ့်သားသမီးအရင်းကိုပင် စွန့်ပယ်စတေးရဲကြသူတွေ....၊

သားသမီးတွေကလည်း မိဘကို မခင်တွယ်၊ ညီကိုမောင်နှမကိုပစ်ပယ် မုန်းတီးလာကြသည်။

ကြံတောသုသာန်ရှိ အခြေအနေမဲ့ သူတွေကြားမှာ နေသားကျ ပျော်ဝင်လာကြသည်။ အုတ်ဂူတွေကြားမှာ သူတို့ဘဝတွေကို မြှုပ်နှံလိုက်ကြသည်။

ရံဖန်ရံခါ မိဘညီအစ်ကိုမောင်နှမတွေ ညဘက်လာတွေ့သည်၊ ငွေနှင့်စားစရာ ထောက်ပံ့သည်၊ ပြီးသည်နှင့် ပြန်သွားကြသည်၊ သည်အကြောင်းတွေ ကျွန်ုပ်သိထားခဲ့၏။

သေမထူးနေမထူး ဘဝဖြင့် ကြံတောသုသာန်ထဲမှ ဘိန်းစားတွေကို ပြရန် ထွင့်ထိပ်ခေါင်ကို ခေါ်လာခဲ့ခြင်း ဖြစ်သည်။

ကျွန်ုပ်တို့နှစ်ဦးစလုံး စကားမဆိုမိကြ၊ ငြိမ်သက်စွာဖြင့် သုသာန်ဝင်ပေါက်ကိုသာ စိုက်ကြည့်နေကြသည်။

ကြည့်နေစဉ်မှာပင် ကားတစ်စီး၏ မီးရောင်ပေါ်လာသည်။

ခပ်ဖြေးဖြေးမောင်းလာသော ကားဖြူလေးတစ်စီးက သုသာန်ဝင်ပေါက်အနီး ရောက်လာပါတော့သည်။

(နှစ်)

“အဲဒါ...ဌာနက ညွှန်ကြားရေးမှူးချုပ်ရဲ့ကား၊ သူ့သားကို လာတွေ့တာလေ၊ သုသာန်ထဲက ထွက်လာတာ သူ့သား မောင်ဘိန်းစားပေါ့....”

ကျွန်ုပ်က ကြားရုံမျှ လေသံဖြင့် ထွင့်ထိပ်ခေါင်ကို ရှင်းပြလိုက်သည်။

သုသာန်ထဲက ထွက်လာသည့် ပိန်လှီလှီ လူငယ်ကားဆီသို့ သွားသည်။

ရှေ့မီးဖွင့်ပိတ်လုပ် အချက်ပြရာက ကားမီးလုံးဝ ပိတ်သွား၏။

မသဲကွဲသော စကားပြောသံ အချို့ကြားနေရသည်။ နှစ်မိနစ်ခန့်မျှသာကြာ၏။ ကားဖြူလေး မီးဖွင့်ကာ မောင်းထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိန်လှီလှီ လူငယ်သုသသန်ထဲ ပြန်ဝင်သွားသည်ကို မီးရောင်ဖြင့် တွေ့လိုက်ရသည်။ သူ့လက်ထဲမှာ ကားလေးပေါ်က ပေးလိုက်ဟန်ရှိသည့် အထုပ်တစ်ထုပ် ဆွဲထားသည်။

နာရီပိုင်းအတွင်းမှာပင် ကားသုံးစီးခန့်မျှ ထွင့်ထိပ်ခေါင်ကို ပြသ နိုင်ခဲ့သည်။

နိုင်ငံတော် ဘွဲ့တံဆိပ်တော်ရသူ ဌေးကြီးတစ်ဦး၏ ကား၊ တရားရေးဆိုင်ရာ ညွှန်မှူးတစ်ဦး၏ ကားနှင့် ညနက်မှ ရောက်လာသော ဒုဝန်ကြီးတစ်ဦး၏ ကားတို့ ဖြစ်သည်။

ထို့နောက်တွင်တော့ ကျွန်ုပ်တို့ ပြန်လာခဲ့ကြ၏။

"ဘိန်းဖြူရဲ့ အန္တရာယ်ကို ကျွန်တော် နားလည်ပါတယ် ဆရာ။ ပြတ်လည်းပြတ်ချင်တယ်၊ ဖြတ်ဖို့လည်း အကြိမ်ကြိမ် ကြိုးစားတယ်၊ ဒါပေမယ့် မဖြတ်နိုင်ဘူး ဆရာ။ အချိန်ကျလာတာနဲ့ ကျွန်တော့် သွေးသားတွေက ဒီ 'မကောင်းဆိုးဝါး' တွေကိုပဲ ဆာလောင်နေတော့တာပါပဲ။ကျွန်တော် ဘယ်လိုလုပ်ရမလဲ ဆရာ...."

ကျွန်တော် ထွင့်ထိပ်ခေါင်ကို ငေးကြည့်နေမိ၏၊ သူ့မျက်နှာ ညှိုးငယ်နေသည်၊ သူ့အသံက အားအင် ဆုတ်ယုတ်နေသည်၊ ကျွန်တော် ဘာဆက်လုပ်ရမည့်နည်း....၊

ထိုနေ့လွန်မြောက်၍ တစ်လခန့်အတွင်းမှာပင် နိုင်ငံကျော် အဆိုတော် ရုပ်ရှင်မင်းသားတစ်ဦး ဘိန်းဖြူမှုဖြင့် အဖမ်းခံလိုက်ရသည်။

တစ်ဆက်တည်း ဆိုသလိုပင်၊ မြန်မာသံအဆိုတော် တစ်ဦးနှင့် တေးရေးဆရာတစ်ဦးကို ဗဟန်းရဲစခန်းက ဘိန်းဖြူတွေနှင့် ဖမ်းမိလိုက်ပြန်သည်....၊

ကျွန်တော် ရင်မောနေမိသည်။

ကျွန်ုပ် မကြားလိုသော သတင်းတစ်ပုဒ်၊ တစ်နေ့မဟုတ် တစ်နေ့ ကြားရပေတော့မည်...

ထွင့်ထိပ်ခေါင် ဆိုသည်က ကျွန်ုပ်အတွက် သားနှင့် မခြားသော တပည့် ဖြစ်သည်။

အမှန်စင်စစ်၊ ထွင့်ထိပ်ခေါင် သရုပ်ပျက်လမ်းသရဲ ဘဝမှ နိုင်ငံကျော်ရုပ်ရှင် မင်းသား ဘဝသို့ ကူးပြောင်းစေခဲ့သူမှာ ကျွန်ုပ်

အချိန်ကျလာတာနဲ့ ကျွန်တော့် သွေးသားတွေက ဒီ 'မကောင်းဆိုးဝါး' တွေကိုပဲ ဆာလောင်နေတော့တာပါပဲ။ ကျွန်တော် ဘယ်လိုလုပ်ရမလဲ ဆရာ...."

www.burmeseclassic.com

www.burmeseclassic.com



ပင် မဟုတ်ပါလား····၊

## (သုံး)

ကျွမ်းကျင်လိမ္မာသော ရဲ အရာရှိသည် လူတစ်ယောက်၏ မျက်နှာဟန် အမူအယာကို ကြည့်ရုံဖြင့် ရာဇဝတ်မှုကျူးလွန်သူ ဟုတ်/မဟုတ် သိနိုင်သည် ဆိုသကဲ့သို့····

ဝါရင့်ဒါရိုက်တာတစ်ဦး အဖို့လည်း သရုပ်ဆောင်ကောင်း တစ်ယောက်ဖြစ်နိုင်၊ မဖြစ်နိုင်ကို ထိုသူ၏ မျက်နှာဟန်ပန်ကို ကြည့်၍ သိနိုင်ပါသည်။

တစ်ယောက်နှင့်တစ်ယောက် မိတ်ဆက်ကြပြီး မောင်အောင်ထွဋ်နှင့် ကျွန်ုပ် စကားပြောခဲ့ကြသည်။

တစ်နာရီခန့်မျှ စကားပြောမိသည်နှင့် မောင်အောင်ထွဋ်မှာ ကျွန်ုပ် စိတ်တိုင်းကျမည့် သရုပ်ဆောင် ဖြစ်နိုင်မှန်း သေချာသွားခဲ့သည်။

"မင်း၊ ရုပ်ရှင်မင်းသား လုပ်မလား····"

ကျွန်ုပ်၏ ရုတ်တရက်အမေးကြောင့် သူ အနည်းငယ်ကြောင်သွားဟန်ရှိသည်။

သို့သော် ချက်ချင်းပင်မျက်နှာပြင်၏၊

ရွှင်ပြစွာဖြင့် ခေါင်းခါခါ၊ လက်ကာကာပြုရင်း ပြောသည်။

"အစ်ကိုကြီး မနောက်နဲ့နော်၊ ကျွန်တော့်မှာ အနုပညာပိုးရှိပေမယ့်၊ ရုပ်ရှင်မင်းသား အထိတော့ ဖြစ်နိုင်မယ် မထင်ဘူးဗျ····"

ကျွန်ုပ်ကပင် ထင်တစ်လုံးရှိနေ၍လား မသိ၊ ယခုပြောလိုက်သည့် သူ၏ ဟန်ပန်၊ လေယူလေသိမ်းကိုပင် နှစ်သက်မိပြန်သည်။

ထို့ကြောင့် ကျွန်ုပ် ယတိပြတ်ပြောချလိုက်၏။

"မင်း ဖြစ်ကိုဖြစ်ရမယ်၊ ငါ တာဝန်ယူတယ်၊ သရုပ်ဆောင်လုပ်မယ်လို့သာ ကတိပေးပေတော့···"

သူက ကိုယ့်ကိုနောက်သို့ ရုတ်သည်၊ မျက်လုံးအတန်ငယ်ပြူး၍ ကြည့်ကာ····

"ဟား···အဟုတ်ကြီးကို ပြောနေတာပါလား···ကဲဗျာ·· အစ်ကိုကြီးလို နိုင်ငံကျော်ဒါရိုက်တာကြီးကတောင် ဖြစ်မယ်လို့ အာမခံနေတာပဲ။ ကျွန်တော် ဘာမလုပ်ရဲစရာရှိလဲ၊ လုပ်မယ်ဗျာ၊ ရုပ်ရှင်မင်းသားလုပ်မယ်····"

ဤသို့ဖြင့် မောင်အောင်ထွဋ်တစ်ယောက် "ဒုဋ္ဌမြစ်ရေ ဘယ်မခန်း" ရုပ်ရှင်ကားကြီးတွင်ပါဝင်နိုင်ခဲ့သည်။

ရိုက်ကူးပြီးစီး၍ သမ္မတမှာ အစမ်းပွဲပြသည်။

ရုပ်ရှင်ပညာရှင်ကြီးများ၏ နှစ်ခြိုက်ကျေနပ်သံများ ကြားရ၏။

ရုပ်ရှင်ဝေဖန်ရေး ဆရာများ၏ ကြယ်ငါးပွင့်အဆင့် ချီးမွမ်းခြင်းများကိုလည်း စာနယ်ဇင်းများတွင် ဖတ်ရ၏။

ကျေနပ်ဝမ်းသာမှုဖြင့် ပီတိတွေ ကျွန်ုပ်ခံစားခဲ့ရ၏။

သို့သော်·····ရုံတင်ပြသ၍ အောင်မြင်မှုကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့လိုက်ရသောအခါ ကျွန်ုပ်ပင်လျှင် အံ့သြတကြီး ဖြစ်ခဲ့ရသည်။

"ဒုဋ္ဌမြစ်ရေ ဘယ်မခမ်း" ၏ အောင်မြင်မှုက ဟုန်းဟုန်းထခဲ့၏။

ရန်ကုန်မြို့လည်း ရုပ်ရှင်ရုံများ၊ မြို့ပတ်ရုံများ အားလုံး ကြိတ်ကြိတ်တိုး အောင်ပွဲခံခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုမျှမကသေး၊ နိုင်ငံအနှံ့မြို့များရှိ ရုပ်ရှင်ရုံတိုင်းမှာလည်း သူမတူအောင် အောင်ပွဲခံနိုင်ခဲ့သည်။

ဝင်ငွေစံချိန်သစ် တင်နိုင်ခဲ့သည်။

ထိုစဉ်က ဦးမောင်ပိုင်၏ မျက်နှာကြီးကို ကျွန်ုပ်မြင်ယောင်မိပါသည်။

သကာတစ်ထပ်၊ ပျားရည်တစ်ထပ်၊ သကြားတစ်ထပ် မျက်နှာကြီးနှင့် အပြုံးတွေ ချိုမြနေပုံမှာ ရယ်စရာ၊ အမြင်ကပ်စရာ ကောင်းလှသည်။

ဒုဋ္ဌမြစ်ရေ၏ အောင်မြင်မှုနှင့် အတူ မင်းသားသစ် ထွန်းထိပ်ခေါင်လည်း လျှမ်းလျှမ်းတောက်ကျော်ကြားသူ အဖြစ် နေ့ချင်းညချင်း ရောက်ရှိသွားခဲ့သည်။

ပြောင်မြောက်သော အနုပညာ ပြချက်တွေဖြင့် ပရိသတ်ရင်ထဲ ရောက်ရှိနေရာ ယူနိုင်ခဲ့သည်။

အထူးသဖြင့် လူငယ်လူထု၏ အသဲစွဲဖြစ်ခဲ့၏။

အလားအလာကောင်းသော ကြယ်တစ်ပွင့် အဖြစ် ဝါရင့်

**အဖြူရောင်**
**နတ်မိဏ္ဍာတစ်ကောင်၏**
**ချုပ်နှောင်ခြင်းကို**
**ခံလိုက်ရပေပြီ.....။**
**အနုပညာနှင့်**
**ဘိန်းဖြူ**
**သူ့ဘာကို**
**ရွေးမည်လဲ။**

ပညာရှင်ကြီးများ ချီးမွမ်းခဲ့ကြသည်။

မကြာမြင့်မီ အချိန်တွင် မြန်မာ့ရုပ်ရှင် လောက၏ အထွဋ်အထိပ် အခေါင်အဖျားသို့ တိုင်တက်လှမ်းနိုင်မည့် သူဟုလည်း ဝေဖန်ရေး ဆရာများ တင်စားခဲ့ကြသည်။

ထွန်းထိပ်ခေါင်သည် စိတ်ဓာတ်ခိုင်မာ၏၊ ကျွန်ုပ်ခိုင်းသမျှ ဖြစ်အောင်လုပ်၏။ မရ ရအောင် ကြိုးစား၏၊ ဆိုရလျှင် သရုပ်ဆောင်အနုပညာကို ရူးရူးမူးမူး ခုံမင်သူ ဖြစ်၏။

ထိုအချက်တွေကြောင့် သူ၏ အနုပညာ အရည်အသွေးတွေ တောက်ပလာခြင်းဖြစ်သည်။

ထွန်းထိပ်ခေါင်၏ အောင်မြင်မှုက ဤမျှနှင့် ရပ်တန့်မနေသေး......၊

ထိုနှစ်အတွက် ပေးအပ်သော ရုပ်ရှင် အကယ်ဒမီ ထူးချွန်ဆုအများစုကို "ဒုဋ္ဌမြစ်ရေ ဘယ်မခမ်း"က သိမ်းပိုက်နိုင်ခဲ့သည်။

အဓိကသရုပ်ဆောင် အကယ်ဒမီရွှေစင်ရုပ်ဆုကို ထွန်းထိပ်ခေါင် ကိုင်မြှောက်နိုင်ခဲ့၏။

"ဒုဋ္ဌမြစ်ရေ ဘယ်မခမ်း"

www.burmeseclassic.com

www.burmeseclassic.com



မှာ မြို့ပြ၏ သရုပ်ပျက်ယဉ်ကျေးမှု တောအဆိုးတွင် လမ်းပျောက်နေသည့် လူငယ်တို့ဘဝကို ရိုက်ကူးထားသည့် လူငယ် ပညာပေး ဇာတ်ကားတစ်ကား ဖြစ်သည်။

လူငယ်ပညာပေး ကားရိုက်ရင်း လမ်းပျောက်နေသည့် လမ်းသရဲလေး မောင်အောင်ထွဋ်ကို အကယ်ဒမီ ထွဋ်ထိပ်ခေါင်ဖြစ်အောင် လမ်းပြနိုင်ခဲ့သည်။

တောင်တမွှတ်သိပ်ခဲ့ရသော အောင်မြင်မှု၊ တပ်မက်လိုချင်ကြီးလွန်းခဲ့သည့် ကျော်ကြားမှု၊ သည်အောင်မြင်ကျော်ကြားမှုတွေ မိမိထံပါး ရောက်လာပြီ၊ ပီတိအပြုံးတွေဖြင့် ယစ်မူးခံစားနိုင်လေပြီ။

သို့သော် ပီတိအပြုံးတွေ တာရှည်မခံနိုင်ခဲ့။

အချိန်အနည်းငယ် အတွင်း နေတွေ့နှင်းလို ပျောက်ကွယ်သွားကြသည်····၊

ထွဋ်ထိပ်ခေါင်တစ်ယောက် အဖြူရောင် နတ်မိစ္ဆာတစ်ကောင်၏ ချုပ်နှောင်ခြင်းကို ခံလိုက်ရပေပြီ·····။

အနုပညာနှင့် ဘိန်းဖြူ၊ သူ ဘာကိုရွေးမည်လဲ။

ကျွန်ုပ် သိချင်စမ်းပါဘိတော့သည်။

## (လေး)

၁၉၈၀ ပြည့်နှစ်၏ ဒီဇင်ဘာ ညတစ်ည၊ ခရစ်စ္စမတ်အကြိုနှင်းတွေ ဖွေးဖွေးလှုပ်မျှကျဆင်းနေသည့်ည။

အေးမြသည့် ချစ်စရာဆောင်းညလေးမှာ နိုင်ငံကျော်ရုပ်ရှင်ဒါရိုက်တာကြီး ဦးလှကိုနှင့် ကျွန်တော် စကားပြောခွင့်ရခဲ့သည်။

စာပေအနုပညာ၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် ရောက်တက်ရာရာ ခေါင်းစဉ်အမျိုးမျိုး ပြောင်းရင်း ဆွေးနွေးကြ၊ စကားပြောကြ၏။

ဒါရိုက်တာဦးလှကိုကစကားပြောကောင်းသူ၊ အညာသားအသံနှင့် ရှင်းရှင်း ပြတ်ပြတ် ပြောတတ်၏။ လက်ဟန်ခြေဟန်ပါပါ ပြော၍ကြည့်ကောင်းသလိုနာမည်ကြီး ရုပ်ရှင်မင်းသား ထွဋ်ထိပ်ခေါင်၏ အကြောင်း ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com





လည်း စိတ်ဝင်စားနေမိသည်။

စိတ်ဝင်တစား နားထောင်နေကာမှ ဦးလှကိုက သမားဂုဏ်ပြ၏။

ဓာတ်ရှိန်မြှင့်ယူလာခဲ့သည်၊ ကျွန်ုပ် သိချင်စိတ်ပြင်းထန်နေချိန်မှာ၊ ဖြတ်ထားလိုက်သည်။

''ဆရာကို၊ ပညာမပြနဲ့လေ၊ မင်းသားထွင့်ထိပ်ခေါင် ဘိန်းဖြူပြတ်လား၊ မပြတ်လား။ ပြောပါဦး....''

ဒါရိုက်တာဦးလှကိုက သူ့ရွှေသွားတွေ ပေါ်အောင် တဟဲဟဲ.....ရယ်ရင်း....၊

''ပြောစရာလိုလို့လားဗျ၊ အခု မင်းသားထွင့်ထိပ်ခေါင် ဘယ်နေရာမှာလဲ၊ ဘယ်နေရာ ရောက်နေလဲ....''

စကားကို တုံးတိဖြတ်ကာ၊ မေးခွန်း ထုတ်တတ်သည်မှာ ဆရာဦးလှကို၏ အကျင့်။

မင်းသားထွင့်ထိပ်ခေါင်၏ နေရာကို စဉ်းစားစရာ မလိုပါ။

ဆေးစက်ကျရာ အရုပ်ထင်တဲ့ ပန်းချီဆရာလို၊ သူလုပ်သမျှ အားလုံးကြိုက်နေကြသည့် ခေတ်ဖြစ်နေပေပြီ။

လူငယ်အများစုက သူ့ကို အတုခိုးနေကြသည်။ လူငယ်လူထုအပေါ် လွှမ်းမိုးနိုင်သလို၊ လူကြီးတွေကလည်း သူ၏ အနုပညာ ရှုးသွပ်မှုအပေါ် လက်ခံကြသည်။

''ထွင့်ထိပ်ခေါင်ဆိုတာ အကယ်ဒမီတွေ ထပ်ဆင့်၊ ထပ်ဆင့်ရထားပြီး၊ မြန်မာ့ရုပ်ရှင်လောကမှာလည်း အတောက်ပဆုံး ကြယ်ပွင့်ကြီး တစ်ပွင့်ဖြစ်ပါတယ်။ အဲဒါ သူ့ နေရာပါ ဆရာကို....''

''ဟုတ်လိုက်လေ စာရေးဆရာရေ၊ ဘိန်းဖြူသာ မပြတ်ခဲ့ရင် ခုလောက်ဆို သူရုပ်ရှင်လောကမှာ မရှိနိုင်တော့ဘူး။ အဲလူ့လောကကြီး ထဲကလည်း ထွက်ခွာသွားလောက်ပြီ၊ ဘိန်းဖြူစွဲချုပ်နှောင်ခြင်းကနေ ရုန်းထွက်နိုင်လို့သာ ဒီနေရာကို ရောက်နေတာပေါ့ဗျာ.....''

''အံ့သြစရာပဲဆရာကို...၊ ''စွဲလန်းတာနဲ့ ဘဝတစ်ခုလုံး'' သွားပြီ'' လို့ ပြောနိုင်တဲ့ ဒီ ဘိန်းဖြူထောင်ချောက်ထဲက သူ ဘယ်လို ရုန်းထွက်ခဲ့တာလဲ၊ စိတ်ဝင်စားစရာပဲ ဆရာကို..''

ဆရာဦးလှကို၏ အကြည့်တွေက အတိတ်၏ အဝေးတစ်နေရာဆီ ပြန်ပြေးသွားဟန်ရှိသည်၊ ခေတ္တမျှ ငြိမ်ဆိတ်သွား၏။

အတန်ကြာမှ လေးတွဲသော စကားသံတွေ သူ့နှုတ်မှ ထွက်ကျလာသည်...

''သူ ဘိန်းဖြူစွဲနေတာ သိတဲ့အချိန်ကစပြီး ကျုပ်အမျိုးမျိုးဆုံးမခဲ့တယ်။ ဘိန်းဖြူအန္တရာယ်ဆိုးရဲ့ ထိတ်လန့်စရာ ကောင်းပုံကို သတိပေးနေခဲ့တယ်။

အချိန်မရွေး အန္တရာယ် ပြုနိုင်သူတွေရှိတဲ့ ကြံတောသုဿန်လို နေရာထိ ခေါ်သွားပြီး ပြခဲ့တယ်။ ဒါပေမယ့် ဘိန်းဖြူနှောင်အိမ်ထဲက သူ ရုန်းမထွက်နိုင်ခဲ့ဘူး....၊

www.burmeseclassic.com

www.burmeseclassic.com



ဘိန်းဖြူ ဖြတ်မရပေမယ့် ဘိန်းဖြူရဲ့ ကြောက်စရာကောင်းပုံကို သူသိတယ်။ ဖြတ်ဖို့လည်း ကြိုးစားချင်စိတ် ရှိခဲ့တယ်။ တစ်နေ့တော့ ထွန်းထိပ်ခေါင် ဟာ ဘိန်းဖြူ မသုံးတော့ဘူးဆိုတဲ့ ယတိပြတ်ဆုံးဖြတ်ချက် ချလိုက်တယ်။

သုံးစွဲဖို့ ဝယ်ထားတဲ့ ဘိန်းဖြူမှုန့်တွေကို အိမ်သာခွက်ထဲ သွန်ချလိုက်တယ်။

ဆေးပြတ်ဝေဒနာ ခံစားရရင်လည်း ရအောင်နေမယ်လို့ သန္နိဋ္ဌာန် ချထားခဲ့တယ်။

စိတ်ကို အသင့်ပြင်၊ ဆုံးဖြတ်ချက်ချပြီးလို့ မကြာခင်မှာပဲ ဘိန်းဖြူမိစ္ဆာန်ကောင်ရဲ့ ပြုစားတာကို စခံရတော့တာပါပဲ။

သူ့ရဲ့ အသွေးအသားတွေက ဘိန်းဖြူသုံးဖို့ တောင်းဆိုထကြွလာကြတယ်။

ထွန်းထိပ်ခေါင်ဟာ စိတ်ဓာတ်ခိုင်မာတဲ့သူပါ။ သန္နိဋ္ဌာန်ကလည်း ချထားတော့ စိတ်တင်းပြီးခံတယ်။

ဘိန်းဖြူမှုန့်တွေကလည်း အိမ်သာခွက်ထဲ သွန်ချထားတော့ ဘာမှ မတတ်နိုင်တော့ဘူးပေါ့။

**''အိမ်သာခွက်ထဲ သွန်ချခဲ့တဲ့ ဘိန်းဖြူမှုန့်တွေကို လျှာနဲ့လျက်မိခဲ့တယ်....။ ဘိန်းဖြူရဲ့ စွဲဆောင်မှုဟာ ဘယ်လောက် ကြောက်စရာကောင်းလဲဆိုတာ**

မိစ္ဆာကောင်ရဲ့ ပြုစားမှုကလည်း ပိုပြီး အားပြင်းလာတယ်။

ထွန်းထိပ်ခေါင်ရဲ့ ကြံ့ကြံ့ခိုင်စိတ်နဲ့ တွန်းလှန်မှုတွေ ပိုပိုပြီး ပြင်းထန်လာတဲ့ ဆေးပြတ် ဝေဒနာ ခံစားရမှုတွေ တစ်ခုနှင့်တစ်ခု အားပြိုင်ရင်း ဆေးပြတ်ဝေဒနာ ခံစားရမှုက အမြင့်ဆုံးကို ရောက်သွားတယ်။

အဲဒီအချိန်မှာ ထွန်းထိပ်ခေါင်ဟာ အသိတရားကင်းမဲ့တဲ့ အနေအထားထိ ရောက်သွားခဲ့တယ်။

သူ့တစ်ကိုယ်လုံးမှာပင် လယ်ပြင်ကျယ်ကြီးထဲမှာ ကြောက်မက်ဖွယ် လှိုင်းလုံးကြီးတွေရဲ့ ရိုက်ပုတ်တဲ့ဒဏ် အလူးအလိမ့်ခံနေရသလို ခံစားရင်း တိရစ္ဆာန်ရိုင်းတစ်ကောင်လို အော်ဟစ်လိုက်တယ်။

ဆေးပြတ်ဝေဒနာကို အပြင်းအထန် ခံစားရင်း တဒင်္ဂ ရူးသွပ်သွားတဲ့ ထွန်းထိပ်ခေါင် ဘာလုပ်လိုက်လဲ သိလား....''

ဆရာဦးလှကို မေးခွန်းထုတ်ရင်း စကားစကိုပြန်ဆက်သည်။

''အိမ်သာခွက်ထဲ သွန်ချခဲ့တဲ့ ဘိန်းဖြူမှုန့်တွေကို လျှာနဲ့လျက်မိခဲ့တယ်....။

www.burmeseclassic.com

www.burmeseclassic.com



ဘိန်းဖြူရဲ့ စွဲဆောင်မှုဟာ ဘယ်လောက် ကြောက်စရာ ကောင်းလဲဆိုတာ အဲဒီတော့မှ လက်တွေ့သိတယ်လို့ သူပြောပြတယ်….။

အဆိုးထဲက အကောင်းလို့ ဆိုရမှာပဲ။ အဲဒီအချိန်ကတည်းက ထွဋ်ထိပ်ခေါင်တစ်ယောက် ဘိန်းဖြူကို လှည့်မကြည့်ရဲလောက်အောင် ကြောက်သွားတယ်၊ မုန်းသွားတယ်။

အဲဒီ ကြောက်စိတ်၊ မုန်းစိတ်ကြောင့်ပဲ ဘိန်းဖြူပြတ်သွားခဲ့တယ်။

ဒါရိုက်တာကြီး ဦးလှကိုက စကားကို အဆုံးသတ်လိုက်သည်။

ထို့နောက် ကျွန်တော် သူ့အိမ်မှာ ပြန်လာခဲ့သည်။

အိမ်ချင်း မဝေးလှသောကြောင့် အေးမြမြ ဆောင်းကိုခံစားရင်း လမ်းလျှောက်ခဲ့၏။

နှင်းမှုန် ဖြူလွလွတို့ဖြင့် ဆောင်းညသည် လှပနေဆဲ။

နှင်းငွေ့အေးကို ရှူရှိုက်စဉ် ထုံသင်းသော ညမွှေးပန်းရနံ့ကိုလည်း နှစ်သက်စွာ ရှူရှိုက်ရသည်။

အမ္ဗူဋ္ဌာ ကောင်းကင်ပြင်ကြီး အနှံ့ ကြယ်လေးတွေ တဖျတ်ဖျတ် လင်းလက်လျက်ရှိ၏။

ထိုကြယ်တွေထဲမှာမှ ထူးထူးခြားခြားကြီးမား တောက်ပနေသည့် ကြယ်ကြီးတစ်လုံး၊ ကျွန်တော်တွေ့သည်။

တွေ့သည့်ခဏမှာပင်ထပ်ဆင့် အကယ်ဒမီ ထွဋ်ထိပ်ခေါင်ကို ပြေးမြင်မိသည်။

သူ၏ ပထမဦးဆုံး ခြေလှမ်း၊ ဒုဋ္ဌမြစ်ရေ ဘယ်မခမ်းမှသည် ယနေ့တိုင်အောင် သရုပ်ဆောင်းနေဆဲသူ…

ထူးချွန်ဆုများစွာ ရယူရင်း အောင်မြင်မှု တံခွန်တွေ သိမ်းပိုက်နေဆဲသူ….

မြန်မာ့ရုပ်ရှင်လောက၏ မော်ကွန်းတွင် သရုပ်ဆောင် အနုပညာကို ရူးရူးမူးမူး ခုံမင်သူတစ်ယောက်အဖြစ် ကဗ္ဗည်းတင်ခံရသူ….

ယနေ့ ရုပ်ရှင်လောက၏ အလင်းလက်ဆုံး ကြယ်တစ်ပွင့်ဟု တင်စားခံနေရသော ထွဋ်ထိပ်ခေါင်တစ်ယောက်… အတိတ်၏ ထိုအချိန်ကသာ….

ဘိန်းဖြူတည်းဟူသော နတ်မိစ္ဆာဆိုး၏ အန္တရာယ်နှောင်အိမ်မှ လွတ်မြောက်အောင် ရုန်းမထွက်နိုင်ခဲ့ပါလျှင်….

လွတ်မြောက်အောင်၊ ရုန်းမထွက်နိုင်ခဲ့ပါလျှင်….

ချမ်းမြမြဆောင်း၏ နှင်းညမှာ အတွေးတစ်စနှင့်အတူ ကျွန်တော် ဆက် လျှောက်နေမိပါတော့သည်။

ရဲရင့်ထက် (သံတောက်)



www.burmeseclassic.com

www.burmeseclassic.com



# အဓမ္မမှု ကာကွယ်နည်းလမ်းညွှန်



➢ အဓမ္မမှုအများအပြားမှာ အဓမ္မအကျင့်ခံရသူ၏နေအိမ်တွင် ကျူးလွန်ခံခဲ့ရခြင်းဖြစ်သည်။ မည်သူမည်ဝါမသိဘဲ အိမ်အတွင်းသို့ ဝင်ခွင့်မပေးသင့်။ တံခါးကိုဖွင့်မပေးမီ မည်သူမည်ဝါ ဖြစ်ကြောင်းသိပါစေ။ ဧည့်သည် သည်မည်သူမည်ဝါဖြစ်ကြောင်း ထင်ထင်ရှားရှားရှိပါစေ ။

➢ ဆယ်ကျော်သက်ကျောင်းသူကလေးများကို အဓမ္မမုဒိမ်းမှုကာကွယ်နည်းလမ်းညွှန်များ စနစ်တကျ သင်ကြားပေးထားသင့်သည်။ မိဘကြီးကြပ်ကွပ်ကဲမှု မရှိဘဲ မိမိသမီးပျိုအား နေအိမ်တွင် ယောက်ျားကလေးအပေါင်းအသင်းများ ဧည့်ခံခြင်း မပြုစေသင့်။ မျက်နှာစိမ်းအမျိုးသားဧည့်သည်များအား အိမ်တွင်းသို့ အဝင်မခံဖို့ အရေးကြီးသည်ဆိုသည့်အချက်ကို နားလည်သဘောပေါက်အောင်ပြောထားသင့်သည် ။

➢ မိမိသမီးပျိုသည် ဘယ်နေရာ တွင် ဘယ်သူနှင့်အတူရှိနေမည်ကို သိပါစေ။ အပေါင်းအသင်းများနှင့်သာ တစ်စုတစ်ဝေး သွားလာစေသင့်သည်၊ တတ်နိုင်လျှင် လမ်းမထွက်ဘဲ အိမ်မှာသာနေဖို့ ဆုံးမသင့်သည်။

➢ ညဥ့်နက်လာလျှင် တစ်ဦးတည်းလမ်းမထွက်ပါနှင့်။ အကယ်၍ လမ်းမထွက်ဖြစ်လို့ ထွက်ခဲ့ရလျှင်လည်း အိမ်တံခါးအနီး ချုံပုတ်၊ ချုံနွယ်များ၊ ရပ်ထားသောကားများအနီးမှ ကပ်မလျှောက်ပါနှင့်။

➢ အကယ်၍နောက်မှ အမျိုးသားတစ်ဦးဦး နောက်ယောင်ခံလိုက်နေလျှင် နေအိမ်တွင် ခုခံကာကွယ်နိုင်စွမ်းသူမရှိခဲ့လျှင် နေအိမ်သို့ တန်းတန်းမတ်မတ် မပြန်သင့်။

➢ အခြားအကူအညီပေးနိုင်မည့်သူများကို ရှာပါ။ အစွမ်းကုန်ပြေးခြင်း။ အသံကုန်အော်ဟစ်အကူအညီတောင်းခြင်းများသည် ထိရောက်သော ကာကွယ်နည်းဖြစ်သည်။

➢ အကယ်၍ ကိုယ်ထိလက်ရောက် အစော်ကားခံရလျှင် မိမိအား ကျူးလွန်သူအမျိုးသား၏ပုံသဏ္ဌာန်ကို ချင့်ချိန်တွက်ဆပြီး မိမိ၏ကိုယ်ခံ၊ ခုခံနိုင်စွမ်းရှိမရှိကိုပါ ချင့်ချိန်တွက်ဆပါ။ လက်နက်ပါသော အဓမ္မသမားများအား သာမန်အားဖြင့် ခုခံတိုက်ခိုက်ခြင်းမပြုလျှင် အန္တရာယ်အကင်းဆုံးဟု ဆိုစမှတ်ပြုကြသည်။ လက်နက်မပါသော မုဒိမ်းအဓမ္မသမားများအား ခုခံတိုက်ခိုက်လျှင် လွတ်နိုင်သည့်အခွင့်အလမ်းသာပေလိမ့်မည်။ မိမိက ခုခံကာကွယ်သောလက်နက်ဖြင့် မိမိကို ပြန်လည် အသုံးချပြီး အကျိုးယုတ်စေလိမ့်မည်ဆိုသည့် အချက်ကိုလည်း သတိချပ်ပါ။

➢ အကယ်၍ လွတ်လမ်းမရှိ၍ ခုခံနိုင်ရန် မဖြစ်နိုင်ခဲ့လျှင် ပရိယာယ်ဖြင့် စကားစစ်ထိုးခြင်းဖြင့် မိမိအား ကျူးလွန်ခံရမည့်အဖြစ်ကို ဖယ်ရှားနိုင်ပေလိမ့်မည်။

➢ အကယ်၍မုဒိမ်းမှုကျူးလွန်ခံရလျှင် ဆေးအစစ်ခံယူပါ။ သက်ဆိုင်ရာတွင် တိုင်ချက်ဖွင့်၍ တရားဥပဒေအရအရေးယူဆောင်ရွက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မောင်အေးနှစ် (ပညာရေး)

# မျက်ရည်ကြွေပွဲရတက်နှင့် ရေစက်ချခဲ့တယ်



(၁)

"××× တောရွာမှာ ××× ပျော်ပေမယ့်လည်း ××× ပျော်ရာမှာမနေ ××× တော်ရာမှာ နေရမယ်လို့ ××× ဆိုရိုးစကားတွေ ×××ရှိခဲ့တာကြောင့် ××× မြို့ကြီးကိုလေ ××× ရောက်ခဲ့ပေမယ့် ××× တောကအဖေါ်တွေများကို ××× တစ်နေ့တစ်ရက်မှ ××× မမေ့နိုင်ပါအစဉ် ××× ကိုယ်အခွင့်သာခဲ့ရင် ××× တစ်ခေါက်တစ်ခါ ××× အရောက်လာဖို့သာပြင် ×××"

ငယ်စဉ်ကပင် ခရေစီဖြစ်ခဲ့သော စန္ဒရားထွန်းညွန့်၏ ကိုယ်ရပ်ဌာနေသီချင်းဖြစ်သည်။ ဘဝနှင့် ထင်ဟပ်နေသဖြင့် ထိုသီချင်းကိုကြားလိုက်တိုင်း ရင်လှိုင်းထခဲ့ရသည်။ စိတ်တွေမငြိမ်မသက်ဖြစ်ရသည်။ ဇာတိရွာကိုပြန်ချင်လာသည်။. ငယ်ပေါင်းသူငယ်ချင်းများကိုသတိရလာသည်။ သို့သော်··· အမြို့မြို့အနယ်နယ်သို့ လုပ်ငန်းတာဝန်နှင့် လှည့်လည်သွားလာနေခဲ့ရသဖြင့် ဇာတိမြေနှင့် ဆယ်စုနှစ်၊ နှစ်စုကျော်ကျော် ခန့်ကင်းကွာနေခဲ့သည်။

ယခုတော့ အငြိမ်းစားယူလိုက်သဖြင့် တာဝန်အနှောင်အဖွဲ့ကင်းပြီ။ အလွန်ကြိုက်နှစ်သက်ခဲ့သောသီချင်းကို အမှတ်မထင်ကြားလိုက်သောအခါ အိပ်ပျော်နေရာမှ နိုးထလာသလို စိတ်ရောလူပါဇာတိမြေဆီသို့ ခြေဦးလှည့်မိပါတော့သည်။

နှစ်ပေါင်းများစွာ ကင်းကွာခဲ့သောဇာတိမြေသို့ ခြေချမိပြန်တော့ဝမ်းသာမိသော်လည်း [illegible]

www.burmeseclassic.com

www.burmeseclassic.com



မောင်အေးနှစ် (ပညာရေး)

# မျက်ရည်ကြွေပွဲရတက်နှင့် ရေစက်ချခဲ့တယ်

သောအိမ်နေရာနှင့် ဥယျာဉ်ခြံမြေများကို သွားရောက်ကြည့်ပြီး မိဘနှစ်ပါးကို သတိရကာ မျက်ရည်များပင်စို့လာမိသည်။ ငယ်ပေါင်းသူငယ်ချင်း အတော်များများလည်း မရှိကြတော့ပါ။ ရှိနေကြသော ငယ်ပေါင်းများမှာလည်း လောကဓံ၏ အထုအထောင်း၊ ဇရာ၏ အရေးအကြောင်းများနှင့် ဆံဖြူ သွားကြွေ၊ မှုန်ဝေနားထိုင်း၊ ခါးကိုင်းကိုင်းနှင့် ဖြစ်နေကြသည်။ ဆင်းရဲသူက များနေသည်။ ငယ်ပေါင်းများထဲတွင် အောင်ဒင်တစ်ယောက် စိတ်ရော၊ လူရော ကျန်းမာရုံသာမက ချမ်းသာနေသည်ကို တွေ့မြင်ရသည်။

"ဟော့ကောင် … အောင်ဒင်ကြီး … မင်းကိုအခုလိုပြန်တွေ့ရတာ ဝမ်းသာတယ်ကွာ"

"အေး … ငါကလည်း မမျှော်လင့်ဘဲ ကျန်းကျန်းမာမာနဲ့ ပြန်ရောက်လာတဲ့ မင်းကိုအခုလို ပြန်တွေ့ရတော့ သိပ်ဝမ်းသာတာပဲကွာ၊ မင်းဆွေမျိုးတွေဆီမှာ သွားမနေနဲ့ကွာ ငါ့အိမ်မှာနေ ငါ့အိမ်မှာစား ကြာကြာလည်းနေကွာ။ တို့ ပြန်ဆုံတုန်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြန်ပြောကြတာပေါ့"

"အေးပါကွာ …သောစေ့ရာ ငါမင်းအိမ်မှာပဲနေ၊ မင်းအိမ်မှာပဲ စားမှာပါ။ ဆွေမျိုးတွေအိမ်ကိုတော့ ခဏတဖြုတ်ပဲ သွားမှာပါ။"

"အေး … ဒီလိုပဲ ဖြစ်ရမှာပေါ့ကွ။ မင်းနဲ့ငါက ဒီရွာမှာ အချစ်ဆုံးသူငယ်ချင်းတွေ မဟုတ်လား။ မသေခင် ပြန်တွေ့ကြရတာ ဝမ်းသာစရာ မဇကောင်းဘူးလား … ဟား … ဟား … ဟား …"

အောင်ဒင်က ငယ်စဉ်ကအတိုင်းပင် စကားကို ကျယ်ကျယ်လောင်လောင်ပြောပြီး တဟားဟားရယ်နေသည်။

ကျွန်တော်တို့နှစ်ယောက် အိမ်ဦးခန်းတွင် ထိုင်ပြီးစကားပြောနေစဉ် မိန်းကလေးတစ်ယောက် အိမ်ရှေ့တံခါးပေါက်ဝတွင် ရပ်ပြီး အိမ်ထဲသို့ လှမ်းခေါ်လိုက်သည်။

"ဘကြီးအောင်ဒင် … ဘကြီးအောင်ဒင်"

"ဟေ့ … ဘယ်သူလဲ ဝင်ခဲ့လေကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ … ကျော့မေပါ"

ကျော့မေဆိုသော မိန်းကလေးက အိမ်ထဲသို့ဝင်လာသည်။

"သမီးအမေလွှတ်လိုက်လို့လား … ဘာပြောလိုက်လဲ"

"ဟိုလေ … အမေက အရှေ့ရွာမှာ ကိစ္စရှိလို့သွားပြီးမှ လာခဲ့မယ်တဲ့ အဲဒါပြောခိုင်းလို့ သမီးလာပြောတာ"

"အေး အေး … ဆက်ဆက်တော့လာခဲ့လို့ ပြောလိုက်နော်"

"ဟုတ်ကဲ့ … သမီးပြောလိုက်ပါမယ်၊သမီးပြန်မယ်နော်"

"အေး … အေး …"

ကျော့မေဆိုသည့် မိန်းကလေးက နှုတ်ဆက်ပြီး ပြန်သွားသည်။

"သူလေးက … ဘယ်သူလဲကွ"

"အေး သူလေးက တို့သူငယ်ချင်းတွေဖြစ်တဲ့ ကျော့မောင်နဲ့ မြမေတို့ရဲ့ တစ်ဦးတည်းသော သမီးလေးပေါ့။ မင်းရောက်နေတဲ့အကြောင်း မြမေကိုအကြောင်းကြားလိုက်လို့ လာပြောတာကွ"

"မြမေရဲ့ အခြေအနေကော အဆင်ပြေရဲ့လား"

ကျွန်တော်၏ အမေးကို အောင်ဒင်က ပြန်ပြောင်းပြောပြပါသည်။

"အေး တို့သူငယ်ချင်းတွေထဲမှာတော့ မြမေဟာအတော်ဆုံးလို့ ပြောရမယ်ကွ။ ကျော့မောင်သေတော့ သူဟာအရွယ်ကောင်းကျန်ခဲ့တာပဲ။ ဒါပေမယ့် သမီးလေးကိုငဲ့ပြီး နောက်အိမ်ထောင်မပြုဘူး။ အိမ်ဆိုင်လေးဖွင့်ပြီး စည်းကမ်းတကျ သုံးစွဲနေထိုင်တော့ အဆင်ပြေတယ်ကွ။"

အောင်ဒင်က စကားကို ခေတ္တရပ်ပြီး ရေနွေးကြမ်း တစ်ခွက်ကို ငှဲ့သောက်လိုက်သည်၊ ပြီးမှဆက်ပြောပြန်သည်။

"ကျော့မောင်ကလည်း သူ့သမီးလေးကို ပညာတတ်တစ်ယောက်ဖြစ်အောင် ပညာသင်ပေးဖို့ အတန်တန်မှာတယ်။ ပြီးတော့ သူ့သမီးကိုလည်း ပညာတတ်အောင်သင်ပြီး။ ရွာအကျိုးကို အတတ်နိုင်ဆုံး ဆောင်ရွက်ပေးဖို့ ရွာထဲကစာမတတ်သူတွေကိုလည်း စာတတ်အောင်သင်ပေးဖို့ မှာသွားရှာတယ်"

"ဒါဖြင့် ကျော့မောင်ဟာ သူရဲ့ ဖြစ်ရပ်အမှုကြီးကိုတစ်သက်လုံး နောင်တရပြီးယူကျုံးမရဖြစ်သွားမှာပဲနော်"

"အေး ဟုတ်တယ်ကွ သူ့ဇနီးနဲ့သမီးကလည်း တော်ရှာပါတယ်။ ခုဆို ကျော့မေလေးဟာ အဝေးသင်တက္ကသိုလ်တက်ပြီး ဘွဲ့ရပြီးပြီ။ ရွာမူလတန်းကျောင်းမှာသွားပြီး စာကူသင်ပေးတယ်။ ရွာစာကြည့်တိုက်ကိုလည်း သူပဲတာဝန်ယူ ဆောင်ရွက်ပေးနေတာကွ"

"အင်း သူ့အဖေရဲ့ အမှားအမည်းစက်ကြီးကို သမီးလုပ်သူက ချေဖျက်ပေးနေတာပေါ့နော်"

ကျွန်တော်တို့နှစ်ယောက် စကားပြောပြီး အောင်ဒင်က နောက်ဖေးခန်းဆီသို့ထသွားသည်။

(၂)

ကျွန်တော်တို့ရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်တွင်ရှိသည့် 'အလန်း'အမည်ရှိ ရွာကလေးဖြစ်သည်။ မြစ်ကမ်းပါးကို မျက်နှာပေးတင်၊ လယ်ကွင်းပြင်ကြီးကို ကျောပိုးထားသည့် တောင်၊မြောက်တန်းနေသော ရွာတန်းရှည်ဖြစ်သည်။ လယ်လုပ်ငန်းနှင့် အသက်မွေးကြ

www.burmeseclassic.com



**ရွာသူ၊ရွာသားများမှာ ရိုးသားကြသည်။ လူလတ်ပိုင်းနှင့် လူကြီးပိုင်းမှာ စာတတ်သူ အတော်နည်းကြသည်။**

ပြီး ရွာသူ၊ရွာသားများမှာ ရိုးသားကြသည်။ လူလတ်ပိုင်းနှင့်လူကြီးပိုင်းမှာ စာတတ်သူ အတော်နည်းကြသည်။ လယ်လုပ်ငန်းတစ်ခုတည်းကိုသာ လုပ်ကိုင်သော အချိန်ကာလဖြစ်သဖြင့် စပါးများ ရိတ်သိမ်းပြီး ငွေကြေးရွှင်သော နွေရာသီလယ်နားချိန်တွင် ရှင်ပြုအလှူပွဲများကို ခြိမ့်ခြိမ့်သဲလှူတန်းလေ့ရှိကြသည်။

ရွာရှိလူငယ်များ ဝါသနာအလျောက် ဖွဲ့စည်းထားသော ဗျောအဖွဲ့၊ဒိုးအဖွဲ့၊အိုးစည်အဖွဲ့များ၏ လက်သံများကလည်း ညံမစဲအောင် ရှိနေတတ်သည်။ ရွာတွင် အလှူပွဲတစ်ခုရှိလျှင် လာရောက်ဝိုင်းဝန်း လုပ်ကိုင်ပေးကြသလို အိမ်လုံးကျွတ်၊ရွာလုံးကျွတ်၊မီးခိုးတိတ် လာရောက် စားတတ်ကြသည်မို့ လှူတန်းရသည်မှာ ကျေနပ် အားရဖွယ်ကောင်းပါသည်။

ယခုဆိုလျှင် ရွာလယ်ပိုင်းမှ ကိုအောင်သာ၊မခင်ချိုဇနီးမောင်နှံက တစ်ဦးတည်းသော သားလေး မောင်သာချိုနှင့် ရွာထဲမှ ရှင်မပြုနိုင်သော မိဘများ၏ သားများကို တောင်းယူပြီး ရှင်ပြုပါသည်။ အိမ်ရှေ့ မြေကွက်လပ်ကြီးတွင် မဏ္ဍာပ်ကြီးထိုးပြီး အကြီးအကျယ်လှူသော ရှင်ပြုပွဲဖြစ်သည်။ မဏ္ဍာပ်ထိုးသည့်နေ့မှစပြီး လာရောက် လုပ်ကိုင်ပေးသူများကို နေ့ည ထမင်းကျွေးသည်။ အလှူကြီးနေ့တွင် ဧည့်ပရိသတ်များကို ငါးခြေ ဘ်ထောင်းကြော်၊ ပဲကြီးဟင်း၊ အသုပ်၊ ငန်ပြာရည်ကြော်တို့နှင့် ကျွေးသည်။ အိမ်လုံးကျွတ်၊ ရွာလုံးကျွတ် မီးခိုးတိတ် လာစားကြသဖြင့် အလှူရှင် ဇနီးမောင်နှံမှာ ဝမ်းသာပီတိတွေ ဖြစ်နေသည်။

“ရွာထဲသို့ ရှင်လောင်းလှည့်လိုက်မည့်သူများ မဏ္ဍာပ်အပြင်သို့ ထွက်ကြပါ”

ရွာဆော်ကြီး ကိုအောင်မောင်းက အသံချဲ့စက်နှင့် ကြေညာသတိပေးလိုက်သဖြင့် မဏ္ဍာပ်အပြင်သို့ ထွက်ကြသည်။

“ရှင်လောင်းလှည့်တဲ့အခါ အစီစဉ်တကျသွားကြပါ။ ရှင်လောင်းထိန်းများက မိမိတို့ရဲ့ ရှင်လောင်းများကို ဂရုစိုက်ထိန်းကြပါ။ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်နဲ့ သကာ်န်ဒိုင်၊ ပန်းကိုင် မိန်းမပျိုလေးများကို အပျို

www.burmeseclassic.com



ကြီး မအေးဘုံက စီစဉ်ပေးပါ။ အိုးစည်ဝိုင်းက ရှေ့က လိုက်ပါ။ ဒိုးပတ်ဝိုင်းက အလယ်က လိုက်ပါ။ ဗျောအဖွဲ့က နောက်ဆုံးက လိုက်ပါ''

ရွာဆော်ကြီး ကိုအောင်မင်းက ရှင်လောင်းလှည့်မည့် အစီအစဉ်ကို အသံချဲ့စက်နှင့် အော်ပြောပြီး စနစ်တကျ စီတန်းလှည့်ကြသည်။ ရှင်လောင်းများစီးရန် မြင်းမရှိ၊ ရှင်လောင်းထိန်းများ၏ ကုပ်ပေါ်တွင်ခွထိုင်ပြီး နောက်က တစ်ယောက်က ရွှေထီးမိုးပေးရသည်။

''စိန်အိုးစည် ××× တေးမင်္ဂလာ ××× သာသာယာယာ ××× လက်ခုပ်တီးတာ ××× မြန်မာ့နည်းပါ ×××''

အိုးစည်ဝိုင်းမှ အဆို၊ အတီးနှင့် အကတို့က မြိုင်ဆိုင်လှသည်။

''ရွာခံ များက ××× မြှောက်စားပြန် ××× ယောကျ်ား ဘသား ××× သာလှနားပန်းဆံ''

ဒိုးပတ်အဖွဲ့ကလည်း အားကျမခံ အဆို၊ အတီးသာမက ဖိုးသာဝ၏ နားပန်းဆံ အက၊ ကလည်း အလွန်ကြည့်ကောင်းလှပါသည်။

အလှူပွဲနှင့် ဗျောသံသည် အလွန်လိုက်ဖက်ညီပြီး ကျက်သရေရှိလှသည်။ ချွဲချွဲနွဲ့နွဲ့ထွက်ပေါ်လာသော နှဲသံ၊ ဆွဲဆွဲငင်ငင်သီဆိုလိုက်သော ဆိုသံ၊ တီးခေါက်လိုက်သော ဗျောသံတို့ကို ကြားလိုက်သည့်အခါ စိတ်ထဲမှာကြည်နူးပြီး လွမ်းယောင်၊ ဆွေးယောင်များပင် ဖြစ်လာတတ်ကြသည်။

''အရှေ့ကိုလျှောက်ပါလို့ ××× အနောက်ကိုတဲ့မျှော်လိုက်ရင် ××× တံခွန်တိုင်ရွှေကုက္ကားနဲ့ ××× ဘုရား ××× ဘုရား ××× ဘုရား ကိုမြင်''

ရွာဦးကျောင်းမှ ကိုးနဝင်းဘုရားစေတီနှင့် ဆရာတော်ကို ဝင်ကန်တော့ကြသည်။ ရွာထိပ်ရှိ နတ်စင်တွင်လည်း နတ်ဝင်ပြရသည်။ ပြီးလျှင်ရွာကို တစ်ပတ်လှည့်ကြသည်။ ရွာတွင် အစဉ်အလာလိုဖြစ်နေသော ဓလေ့ထုံးစံ တစ်ခုရှိပါသည်။ ရှင်လောင်းလှည့်ပြီး မဏ္ဍပ်ဝရောက်လျှင် မဏ္ဍပ်တွင်းသို့ မဝင်ရပါ။ အမျိုးသမီးများက အပေါက်ဝမှနေပြီး ရွှေကြိုး၊ငွေကြိုးများနှင့် တားထားကြသည်။ ရတုအဖွဲ့ကလည်း သျှိုးလိုက်ရတုကို သီဆိုနေပါသည်။ အလှူရှင်က သူတို့ကို စီးကရက်ဘူး၊ မုန့်ထုပ်၊ ပိုက်ဆံစသည်တို့ပေးမှ ဝင်ရသည်။ အပျော်သဘော ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခုကတော့ ရှင်လောင်းထိန်းများက မိမိတို့ထိန်းသော ရှင်လောင်းကို တစ်နေရာရာတွင် ဝှက်ထားကြသည်။ ရှင်လောင်းမိဘများက စီးကရက်ဘူး (သို့မဟုတ်) ပိုက်ဆံပေး၍ ရွေးယူရသည်။

"ထမ်းစင်စီး၍ ××× ထီးရိပ်ခို ××× မြင်းမိုရ်မြင့်မား ××× ဝတီများက ××× နတ်သားကျသလိုနဲ့ (သျှိုး)"

မဏ္ဍပ်အဝင်ဝမှ အမျိုးသမီးတစ်စုက ရွှေကြိုး၊ ငွေကြိုးနှင့် တားထားသလို ဗျောအဖွဲ့ကလည်း ရတုဆို၍ သျှိုးတိုက်နေသည်။ အလှူရှင်က သူတို့တောင်းသည်ကို ပေးလိုက်တော့မှ မဏ္ဍပ်အတွင်းသို့ ဝင်ကြရသည်။

ရွာဆော် ကိုအောင်မောင်းက ရှင်လောင်းများကို သံဃာစင်ရှေ့တွင် နေရာချထားပေးပြီး ရှင်လောင်းများကို စစ်သည်။

"ဟေ့ ... ရှင်လောင်းမောင်သာချိုလေး မတွေ့ပါလား။ ရှင်လောင်းထိန်း ကျော့မောင်နဲ့ ရွှေထီးမိုး စံပေါကို သွားရှာကြစမ်း"

မိမိတို့ထိန်းသော
ရှင်လောင်းကို
တစ်နေရာရာတွင်
ဝှက်ထားကြသည်။
ရှင်လောင်းမိဘများက
စီးကရက်ဘူး
(သို့မဟုတ်)
ပိုက်ဆံပေး၍
ရွေးယူရသည်။

ကိုအောင်မောင်းက အော်ပြောလိုက်သဖြင့် လူငယ်တချို့လိုက်ရှာကြသည်။ ကိုကျော့မောင်ကိုမတွေ့ ကိုစံပေါကိုသာ တွေ့ပြီး ခေါ်လာသည်။

"ဟေ့ကောင် ... စံပေါ ရှင်လောင်းမောင်သာချိုလေးကော"

"ဟို .. ကိုကျော့မောင်ကြီးက မဏ္ဍပ်နားအရောက်မှာ ကျွန်တော့်ကိုထားခဲ့ပြီး မောင်သာချိုလေးကို ရွာနောက်ကို ထမ်းခေါ်သွားတာပဲ"

"ဟာ ... ဒီကျော့မောင်ဆိုတဲ့ကောင်က ဘာအသိတရားမှ ရှိတဲ့ကောင် မဟုတ်ဘူး။ ကလေးကို ဘယ်ခေါ်သွားပြီး ဝှက်ထားလဲ မသိဘူး။ ရွာအနောက်က အိမ်စုတွေဆီ လူစုခွဲလိုက်ရှာကြစမ်း"

ကိုအောင်မောင်းက ပြောလိုက်သဖြင့် လူငယ်များလူစုခွဲကာ လိုက်ရှာကြသည်။ အချိန်မှာ အတော်လေး ကြာသွားသည်။ အလှူသို့ အိမ်လုံးကျွတ်လာနေသဖြင့် တံခါးပိတ်ထားသော ရွာနောက်ဖေးအိမ်စုမှ အိမ်တစ်အိမ်တွင် ကျော့မောင်ကို သွားတွေ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော့မောင် … သာချိုကော။ သာချိုဘယ်မှာလဲ"

"ငါ့ကို စီးကရက်ဘူးပေးမှ ပြောမှာပေါ့။ ငါဝှက်ထားတယ်"

"ဟာ … ဒီလူ အတော်ခက်တာပဲ။ မဏ္ဍပ်ရောက်တော့ တောင်းပေးမယ်ဗျာ။ မြန်မြန်ပြောစမ်းပါ"

"မင်းတို့တာဝန်ယူနော်။ ငါသာချိုကို ဟိုတိုင်ကီပုံးကြီးထဲထည့်ပြီး အပေါ်က ထမင်းစားခုံကြီးအုပ်ထားတယ်။ သွားခေါ်ခဲ့ကြကွာ"

လူငယ်လေးများက အပြေးသွားကာ တိုင်ကီပုံးပေါ်မှ ထမင်းစားခုံကိုဖယ်ပြီး မောင်သာချိုလေးကို ဆွဲထုတ်လိုက်ကြသည်။

"ဟင်"

"ဟာ"

"ဒုက္ခတော့ဖြစ်ပြီ"

လူငယ်များမှာ အံ့အားသင့်တုန်လှုပ်ပြီး နှုတ်မှအသံများထွက်လာကြသည်။ မောင်သာချိုလေးမှာ ပျော့ခွေပြီး အသက်ရှူရပ်နေတော့သည်။

"ကိုကျော့မောင် … ဒီမှာ မောင်သာချိုလေး အသက်မရှိဘူးဗျ"

"ဟေဟုတ်လား"

ကိုကျော့မောင်က ပြေးလာပြီး မောင်သာချိုလေးကို ပွေ့ထားသည်။ မောင်သာချိုလေးကတော့ ကိုကျော့မောင်၏ ရင်ခွင်ထဲဝယ် အသက်မရှိတော့ဘဲ ခွေခွေလေးဖြစ်နေသည်။ သနပ်ခါးပါးကွက်လေးများပေါ်တွင် မျက်ရည်စီးကြောင်းလေးများက ထင်နေသည်။ ကိုကျော့မောင်မှာ ကြောင်တောင်တောင်နှင့် မောင်သာချိုလေးကို အတင်းပွေ့ဖက်ထားသည်။ ကိုကျော့မောင်သည် မောင်သာချို၏ မိဘများထံတွင် လယ်သူရင်းငှား (၃) နှစ်လုပ်ခဲ့ဖူးသည်။ မောင်သာချိုလေးကို အလွန်ချစ်သည်။ ယခု ရှင်လောင်းလှည့်တာတောင် မောင်သာချိုလေးကို ဘယ်သူမှ မထမ်းစေဘဲ



သူကိုယ်တိုင် ထမ်းပိုးလှည့်ခဲ့သည်။

မောင်သာချို၏ မိဘနှစ်ပါးမှာ မယ်ပဋ္ဌာမြေလူး အရူးများဖြစ်နေကြသည်။ တစ်ရွာလုံး စိတ်ထိခိုက်ကြသည်။ ကိုကျော့မောင်ကိုသာ ဝိုင်းအပြစ်ပြောကြသည်။

"ကျော့မောင်ဆိုတဲ့ ကောင်စာမတတ်၊ ပေမတတ်နဲ့။ ဘာအသိတရားမှ မရှိတဲ့ကောင်"

"ဟုတ်ပါရဲ့တော် … စဉ်းစားဆင်ခြင်ဉာဏ်မရှိတဲ့ကောင်"

"ဒီလောက် အသိဉာဏ်မရှိတဲ့ကောင်ကို ကြိုးနဲ့တုပ်ပြီး မြစ်ထဲပစ်ချဖို့ကောင်းတယ်"

ဒေါသများ ထွက်နေကြပြီး အမျိုးမျိုးအပြစ်တင်ပြောဆို နေကြသည်။

"ကဲ … ဒီကလေးအလောင်းကို မြို့ဆေးရုံသွားပို့ရမယ်။ ကျော့မောင်ကိုလည်း မြို့ရဲစခန်းသွားပို့ရမယ်။ အဲဒီကိစ္စကို အောင်မင်းနဲ့ လူငယ်တချို့က အမြန်ဆုံးစီစဉ်ကြဟော့"

ရွာလူကြီးက ပြောလိုက်သည်။ မကြာမီ စက်လှေတစ်စီးနှင့် မြို့သို့ သွားပို့ကြသည်။ မောင်

www.burmeseclassic.com

www.burmeseclassic.com



သာချို၏ အလောင်းကို မြို့ဆေးရုံသို့သွားမပို့မီ အလှူရေစက်ကို အမြန်ဆုံးချရသည်။ အလှူရှင် ကိုအောင်သာ၊ မခင်ချိုတို့မှာ အလှူရေစက်ကို မျက်ရည်နှင့် ချရသလို ပရိသတ်ကလည်း မျက်ရည်စများ၊ ရှိုက်သံများနှင့် သာခုခေါ်ကြသည်။ အိုးစည်သံ၊ ဒိုးပတ်သံဆိတ်၊ ဗျောသံတိတ်၍ ကြေကွဲဖွယ်ရာနှင့် အဆုံးသတ်ကြရသည်။

မောင်သာချိုလေးမှာ အသက် (၅) နှစ်ကျော်ကျော်ကလေးသာဖြစ်ပြီး အသက်ရှူကြပ်ကာ သေသွားရခြင်းဖြစ်သည်။ ကိုကျော်မောင်လည်း သေမှုသေခင်းနှင့် ရုံးတင်တရားစွဲခံရပြီး ထောင်ကျသွားသည်။ ထိုအဖြစ်အပျက်မှာ ရွာတွင်ပြောစမှတ်ဖြစ်ပြီး ရှင်လောင်း ဝှက်သည့်မလေ့လည်း ပျောက်သွားတော့သည်။

(၃)

"ဟေ့ကောင် ... သိန်းထက်။ မင်းဘာတွေတွေးပြီး ငေးနေတာလဲ"

နောက်ဖေးမှ ထွက်လာသောအောင်ဒင်က မေးလိုက်သည်။

"ငါ ... ကျော့မောင်ရဲ့ သမီးလေးကိုမြင်တော့ ကျော့မောင်ရဲ့အဖြစ်ကိုသတိရပြီး သူ့အကြောင်းကို တွေးနေမိတာကွ"

"ဒီကောင်ကြီးလည်း သနားဖို့တော့ကောင်းပါတယ်ကွာ။ ထောင်ကထွက်လာတော့ကျန်းမာရေး မကောင်းဘူး။ ဆရာဝန်သွားပြတော့ နလုံးရောဂါတဲ့။ အဲဒါနဲ့ပဲ သေသွားတာပဲ"

"အင်း ... ကျော့မောင်ဟာ စာမတတ်ပေမတတ်၊ အသိဉာဏ်အမြော်အမြင်မရှိ၊ ဗဟုသုတမရှိ၊ ဆင်ခြင်တုံတရားမရှိလို့ အခုလိုဖြစ်ရတာဆိုတာသိပြီး သူ့သမီးလေးကို ပညာတတ်ဖြစ်အောင်သင် ပြီးတော့ ရွာအကျိုးကို သယ်ပိုးခိုင်းတာ ဖြစ်မှာပေါ့"

"ဖြစ်နိုင်တာပေါ့ သူငယ်ချင်းရယ်။ ဒါကြောင့်လည်း သူ့သမီးလေးက ရွာက၊ ကလေးတွေကို စာတွေသင်ပေး၊ စာကြည့်တိုက်မှာ ဦးဆောင်ပြီး လုပ်နေတာပေါ့ကွာ"

ကျွန်တော်တို့နှစ်ယောက် ကျော့မောင်အကြောင်းပြောပြီးနောက် ရွာစာကြည့်တိုက်ဘက်သို့ထွက်လာခဲ့ကြသည်။ လမ်းလျှောက်လာရင်း ...

"အင်း ... ငါလည်း ဒီရွာသားတစ်ယောက်ပဲ။ ဒီရွာအကျိုးကိုပြန်သည်ပိုးဖို့ ငါ့မှာလည်း တာဝန်ရှိတယ်"

ဟု အသိအမြင် အတွေး ဝင်လာမိပါတော့သည်။ ။

**မောင်အေးနစ်(ပညာရေး)**

www.burmeseclassic.com

www.burmeseclassic.com



**လူကြီးမင်း လုပ်ငန်း ၏ ကောင်းသတင်းများ ပိုမိုကျယ်ပြန့် ပို့ ဖြစ်ရပ်မှန်မဂ္ဂဇင်း တွင်ကြော်ငြာပါ**

၂၀၁၂ ဇန်နဝါရီလ မှ စ၍ အထူးသက်သာသော ဈေးနှုန်းဖြင့်
ကြော်ငြာများလက်ခံနေပါပြီ ၊ နှစ်ပေါင်း ၃၀ ကျော် တစ်ပြည်လုံးသို့ ဖြန့်ချိ၍၊
အာဆီယံ နိုင်ငံများအထိပါ လစဉ်တင်ပို့သောမဂ္ဂဇင်းဖြစ်ပါသည် ၊
ပါဝင်ကြော်ငြာရန် ဖိတ်ခေါ်ပါသည် ။
ကြော်ငြာကိုယ်စားလှယ်တော်များလည်း ဆက်သွယ်နိုင်ပါပြီ ၊

| | | |
|---|---|---|
| နောက်ကျောဖုံး | ၄ ရောင် | ၁၀၀,၀၀၀/- |
| နောက်ကျောဖုံး ( အတွင်း ) | ၁ ရောင် | ၃၅၀၀၀/- |
| နောက်ကျောဖုံး ( အတွင်း ) | ၄ ရောင် | ၈၀၀၀၀/- |
| ရှေ့မျက်နှာဖုံး ( အတွင်း ) | ၁ ရောင် | ၃၅၀၀၀/- |
| ရှေ့မျက်နှာဖုံး ( အတွင်း ) | ၄ ရောင် | ၈၀၀၀၀/- |
| အတွင်းတစ်မျက်နှာ | ၁ ရောင် | ၂၀၀၀၀/- |
| အတွင်းမျက်နှာဝက် | ၁ ရောင် | ၁၀၀၀၀/- |

အမှတ် ၁၈၇ ၊ ဒုတိယထပ် ( ၃၄ လမ်းအထက် )
ကျောက်တံတားမြို့နယ် ၊
ဖုံး ၀၉၅၁ ၉၆၃၃၁ ၊ ၀၉၄၉ ၂၈၂၆၂၀
True.megazine@gmail.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





ရှေ့တန်းစစ်မြေပြင်မှ သဘာဝဘေးအန္တရာယ်ကို အသုံးချ၍
ရန်သူတို့နှင့် ဉာဏ်ချင်းယှဉ်ပြိုင်ခဲ့သော အတွေ့အကြုံ

www.burmeseclassic.com

www.burmeseclassic.com



ဧယျာမင်းဦး

# ရှက်ကြွေးတော့မှ မီးလျှံကြီး

၁၉၈၈ ခုနှစ်၊ မတ်လထဲသို့ စတင်ဝင်ရောက်စပြုသည့်အချိန် ဒေါနတောင်တန်းကြီး၏ အရှေ့ဘက်ခြမ်း တစ်ဖက်နိုင်ငံနှင့် စည်းခြားသလို ကွေ့ကောက်စီးဆင်းနေသည့် သောင်းရင်းမြစ်၏ ဒီမှာဘက် မဲလစခန်းကြီး၌ ကျွန်တော်တို့တပ် တပ်စွဲထားပါသည်။ ရန်သူနှင့် ရင်ဆိုင်ထားသည့် တောင်ကုန်းများပေါ်တွင် တပ်ခွဲ အသီးသီးနေရာယူ စခန်းချထားသည်။

ရှေ့ရင်ဆိုင်ကုန်းရှိ တပ်ခွဲများမှာ နေ့နေ့ညည တစ်ဖက်ရန်သူနှင့် မနားတမ်း ပစ်ခတ်နေသံကို ကျွန်တော်တို့ စစ်ကြောင်းရုံးမှ စဉ်ဆက်မပြတ် ကြားနေရသည်။

ကျွန်တော့်ဆေးတပ်စုမှာ တပ်ရင်းမှူးကြီးနှင့် ရုံးအဖွဲ့ရှိရာ တောင်ကုန်း၏နောက်ဘက်တွင် ရှိသည်။ ကျွန်တော်တို့ ဆေးတပ်စုနှင့် တစ်ဆက်တည်း လက်နက်ကြီးအဖွဲ့နှင့် ရေး/ထောက် အရာရှိရုံး တည်ရှိသည်။

ကျွန်တော့်ဆေးခန်းလေးတွင် ရှေ့က ညီအစ်ကိုတပ်များ တည်ဆောက်သွားသည့် အုတ်သရိုးကိုင် ရေကန်တစ်ကန်နှင့် လူနာများအတွက် သီးသန့် တဲရှည်ကြီး ဆောက်လုပ်ထားခဲ့သည်။

လူနာလက်ခံသည့် တဲထဲတွင် လက်ဖြစ်ဝါးစားပွဲ၊ ဝါးကုလားထိုင်၊ ကွပ်ပျစ်မျိုးရှိသဖြင့် ကျွန်တော်က ထိုစားပွဲတွင် ထိုင်နေလေ့ရှိပြီး လူနာလာလျှင် စစ်ဆေး ကြည့်ရှု ကုသပေးပြီး refer ထုတ်ရမည့် case ကို စောစောနှင့် ဗျူဟာဆေးအဖွဲ့ရှိရာ တောင်ကုန်း အမှတ် ၁၄၃၈ သို့ ပို့ပေးသင့်သည်ကို ပို့၊ မိမိဆေးခန်းမှာ ကုသ၍ ရနိုင်မည့်လူနာများကို Detain လုပ်၍ ကုသပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အများအားဖြင့် ငှက်ဖျားထူထပ်သော ဒီဒေသမျိုးတွင် ငှက်ဖျားလူနာများသာ များပါသည်။ မနက်ပိုင်း လူနာအားလိုအပ်သော ကုသချက်များပေးပြီးလျှင် ကျွန်တော့်မှာ အလုပ်မရှိသလောက်ဖြစ်သွား၏။

ကျွန်တော့်နေရာမှကြည့်လျှင် ရေမှာ မဲလစခန်းဟောင်းကို မှိုင်းပျပျနောက်ခံမိုးအောက်တွင် တွေ့ရသည်။ ထိုတောင်ကုန်းတွင် ရန်သူများ ခိုအောင်းသည့်နေရာတည်း။ ထိုတောင်းကုန်းသို့ ဆက်သွယ်ထားသည့် လှိုဗြောင်မှာ ပေ (၃၀၀) ခန့် နက်မည်ထင်သည်။

လှိုဗြောင်ကြီးတစ်ခုထဲတွင် ရော်ရွက်ဝါများဖြင့် ပြည့်နက်နေသည်။ သည်နေရာတစ်ဝိုက်မှာ အင်ပင်များ ကြီးစိုးသောအင်တောဖြစ်သည်။ အင်ရွက်များလေအဝှေ့တွင် တဖြုတ်ဖြုတ်ကြွေနေသည်ကို ကြည့်ရသည်မှာ ရင်ထဲ ဆို့တို့တို့၊ ဆွေးမြည့်မြည့်ခံစားရသည်။ အလွမ်းဓာတ်ခံရှိသူများအဖို့ အလွမ်းသီချင်း၊ အလွမ်းကဗျာလေးများပင် သီကုံးဖွယ်ရာရှိနိုင်ပေသည်။

သည်စခန်းဟောင်းဘက် မှ "ကြိုးခွေ … ကြိုးခွေ" ဆိုသည့် မျောက်အော်သံမျိုး၊ "တောက်တောက်" ဆိုသည့် ဂျီ(ချေ) ဟောက်သံမျိုး ကြားရတတ်သည်။ ယင်းမှာ တကယ့်မျောက်တစ်ကောင်ရဲ့အော်သံဖြစ်နိုင်သလို ရန်သူ၏ အသံတုလည်း ဖြစ်နိုင်သည်ဆို၏။

ရန်သူသည် အကင်းပါးသည်၊ ကောက်ကျစ်သည်၊ လှည့်ဖျားတတ်သည်။ ခုလို နွေရာသီ လမ်းမပေါက်၍ စားနပ်ရိက္ခာချေရသည့် ကာလမျိုးတွင် ငတ်မွတ်ခေါင်းပါးဒဏ်ကို မခံနိုင်၍ အမဲထွက်လိုက်စေရန် ဖြားယောင်းမြှူဆွယ်တတ်သည်။

'မင်းပရိယာယ် ငတင့်တယ် နားဝယ်မလယ်ရှာ' ဆိုသည့် စကားလို သူတို့ထောင်သည့် ညွှတ်ကွင်းထဲသို့ ဝင်သွား၍ အကြောင်းဆိုးသွားရသည့် ဖြစ်စဉ်များ ရှိခဲ့သည်။ ထို့ကြောင့် ခဲမှန်ဖူးသည့် စာသူငယ်လို သက်ဆိုင်ရာ တပ်ရင်းမှူးကြီးက လက်အောက်ခံတပ်ခွဲများကို တစ်ယောက်တည်း အမဲလိုက်ခွင့်မပြု။ သီးပင် စားပင်နားကို လာ

> **ရန်သူသည် အကင်းပါးသည်၊ ကောက်ကျစ်သည်၊ လှည့်ဖျားတတ်သည်။ ခုလို နွေရာသီ လမ်းမပေါက်၍ စားနပ်ရိက္ခာချေရသည့် ကာလမျိုးတွင် ငတ်မွတ်ခေါင်းပါးဒဏ်ကို မခံနိုင်၍ အမဲထွက်လိုက်စေရန် ဖြားယောင်း မြှူဆွယ်တတ်သည်။**

www.burmeseclassic.com

www.burmeseclassic.com



ချောင်းတတ်သည်။ မိမိစစ်သည်တို့အား ချောင်းမြောင်းပစ်ခတ်ပြီး သေနတ်ကောက်တတ်သော ရန်သူ၏အကျင့်ကို ရဲဘော်တိုင်းသိစေရန် အဆင့်ဆင့်ကြပ်မတ်ထားရသည်။

လတ်တလောတွင် ကျွန်တော်တို့၏ တပ်ရင်းမှူးကြီး သင်တန်းတက်ရောက်နေခိုက် ဒုတိယတပ်ရင်းမှူး၊ ဗိုလ်မှူးက ခေတ္တတပ်ရင်းမှူး တာဝန် ထမ်းဆောင်နေချိန်ဖြစ်သည်။

ဒီစစ်ကြောင်းတွင် တပ်ခွဲအသီးသီးရှိ အရာခံဗိုလ်များက လွဲလျှင် အသက်အရွယ်အားဖြင့် မတိမ်းမယိမ်းရှိသည့် ကျွန်တော့်ကို ဗိုလ်မှူးက ရင်းရင်းနှီးနှီး ဆက်ဆံလေ့ရှိသည်။ ဗိုလ်မှူးသည် အလွန်စိတ်ဆိုးလွယ်သလောက် အလွန်စိတ်ပြေလွယ်သည်။ စကားပြော အလွန်ကြမ်းသလောက်၊ ရဲဘော်များအပေါ် ဝယ် အလွန်ကြင်နာတတ်သူ ဗိုလ်မှူးသည် နယ်လှည့်ဆက်ဆံရေးတပ်တွင် နှစ်ပေါင်း အတန်ကြာနေခဲ့ရသည့် သဘာဝကြောင့် ထင်သည် စကားပြောရာတွင် အနုပညာဆန်သလို စစ်တိုက်ရာတွင် ဘီလူးကျားစီးနေသလို မာန်ကြီးလှသည်။

**စကားပြောရာတွင်**
**အနုပညာဆန်သလို**
**စစ်တိုက်ရာတွင်**
**ဘီလူးကျားစီးနေသလို**
**မာန်ကြီးလှသည်။**

ဗိုလ်မှူးဆူပူ ကြိမ်းမောင်းသည့်အခါမျိုးမှာပင် ရဲဘော်များမှာ မမြင်အောင် ပြုံးစိပြုံးစိနှင့် ဖြစ်နေကြသည်။ ဗိုလ်မှူးရှေ့မှာတော့ အမြီးကုတ်နေကြရသည်။ သားသမီးမကော..းမိဘခေါင်း ဆိုသလို အရာရှိများကို ဖိဖိစီးစီး ကြပ်မတ်ကွပ်ကဲလေ့ရှိသည်။

ဗိုလ်မှူးသည် ရဲဘော်များ၏ အမည် တော်တော်များများကို အလွတ်ရပြီး ချီးမြှောက်သင့်သူကို ချီးမြှောက်တတ်သည်။

မနေ့က ဗိုလ်မှူးဆီကို ကျွန်တော် ကျန်းမာရေးအစီရင်ခံစာ သွားပို့စဉ် ဗိုလ်မှူး စကားပြောတာကို အကြာကြီး ရပ်ပြီး နားထောင်ခဲ့ရသည်။ ကျွန်တော်တို့ စကားပြောနေစဉ် အပင်ရိပ်အောက်တွင် လက်နှိပ်စက်တစ်လုံးနှင့် တချောက်ချောက်ရိုက်နေသည့် တပည့်ကျော် ဌေးမောင်ကို ...

"ဌေးမောင်ကတော့ အားလုံးရတယ် ဆရာကြီးရေ့ လက်နှိပ်စက်လည်း ကောင်းကောင်းရိုက်တတ်တယ်။ လက်

www.burmeseclassic.com

ရေး လက်သားလည်း ကောင်းတယ်။ သူရှိတော့ ရုံးအဖွဲ့လည်း အားကိုးရတာပေါ့။ ဒီတစ်ပတ် ပရိုမိုးရှင်းအသုတ်မှာ ဒီကောင့်ကို တပ်ခွဲမှူးက ထောက်ခံထားတယ်ဟု ချီးမွမ်းခန်းဖွင့်ခဲ့သေးသည်ကို ကျွန်တော် ငေးနေမိသည်။

ထိုအခိုက် "မီး ... မီး မီး ... ရှေ့ခြံစည်းရိုးတွေ မီးလောင်နေပြီ" ဟု အသံကြားလိုက်ရ၍ ကျွန်တော်နေရာမှ ခုန်ထလိုက်သည်။

စစ်ကြောင်းရုံးမှ ရဲဘော်အချို့ ဝါးကျည်တောက်ကိုယ်စီဖြင့် ကန်ထဲမှ ရေကို ကဲ့၍ ရှေ့သို့ အပြေးလေးသွားကြသည်။ တစ်ဖက်တောင်ကုန်းမှ ဗိုလ်မှူး၏ အော်ဟစ်ညွှန်ကြားသံများ ကြားနေရသည်။

ရန်သူသည် သူ၏အကျင့်အတိုင်း ရာသီအခိုက်၊ လူအခိုက်ကို အသုံးချခြင်းဖြစ်သည်။ ကျွန်တော်တို့ ရင်ဆိုင်ကုန်းဘက်သို့ တဟူးဟူးတိုက်နေသည့် လေ၏ အကူအညီယူကာ ခြံစည်းရိုးအား မီးတင်ရှို့ခဲ့ခြင်း ဖြစ်သည်။

ရှေ့စခန်းမှာ ကျွန်တော်တို့ဆီမှ မိနစ် (၂၀) အစိတ်ခန့် သွားရသေးသည်။ ရင်ဆိုင်ကုန်းသို့ ကျွန်တော် မရောက်ဘူးပါ။ သွားခွင့်မပေးသောကြောင့် ဖြစ်သည်။ ကောင်းကင်သို့ မီးခိုးတန်းကြီးများ လိပ်၍ ထိုးတက်သွားသည်ကို မြင်နေရသည်။

ကျွန်တော်က ဗိုလ်မှူးထံမှ ညွှန်ကြားချက်ရှိလေမလားဆိုပြီး ရှေ့တောင်ကုန်းဘက်သို့ ကူးခဲ့သည်။

ဗိုလ်မှူးမှာ မီးသွားသတ်သော ရဲဘော်များအား ကိုယ်တိုင် တွန်းအားပေးပြောဆိုနေသလို ထောက်လှမ်းရေးအရာရှိအားလည်း ညွှန်ကြားနေ၍ အလွန်ပင်ပန်းနေသည်။

သူ့ဗိုလ်မှူးနှင့် စစ်ကြောင်းတစ်ကြောင်းလုံး ပျားပန်းခတ်မျှ အလုပ်များနေသည်ကို တပည့်ကျော်က သိပုံမပေါ်။ လက်နှိပ်စက် တချောက်ချောက် အရိုက်မပျက်။ ဒါကို ဗိုလ်မှူးတွေ့မြင်သွားပုံရ၍ ...

"ဌေးမောင်ရေ ... စာရေးလိုလို၊ ခွေးလိုလို လုပ်မနေနဲ့ဟေ့။ စခန်းကြီးမီးလောင်တော့မယ်ကွ" ဟု ပြောလိုက်မှ ဌေးမောင်တစ်ယောက် သူ့ လက်နှိပ်စက်က လေးမ,ကာ ရုံးအဖွဲ့နှင့်သွား၍ ပူးပေါင်းပါလေတော့သည်။ ကျွန်တော့်မှာ ဗိုလ်မှူးအပြောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပြုံးချင်ချင်ကြီး ဖြစ်သွားသည်။ မပြုံးမိရန် မနည်းကြွန့်ဆယ် လိုက်ရသည်။

ဗိုလ်မှူးက ကျွန်တော့်ကို မြင်သွားသည်နှင့် …

"လာ … လာ … ဆရာကြီး"

ဆိုပြီး သူ့တဲထဲသို့ ခေါ်သွားသည်။ တဲထဲရောက်သည့်အခါ ဗိုလ်မှူးက စိတ်ပျက်လက်ပျက် အသံဖြင့် …

"ဒီတစ်ခါတော့ ကျုပ် မလွယ်ဘူး ဆရာကြီးရေ။ နံပါတ် (၁) ဗျူဟာမှူးကြီးက ကျုပ်ကို ခိုင်းလိုက်တဲ့ အရေးကြီးကိစ္စတစ်ခု ကျုပ် လစ်ဟင်းတာက တစ်ပြစ်၊ ရန်သူတွေက မီးတိုက်လွှတ်လို့ ခြံစည်းရိုးတွေ မီးလောင်နေပြီ။ မီးသတ်ဖို့ ရေက ကုန်သွားပြီတဲ့။ ကဲ … ဘယ်လိုလုပ်ကြမလဲ"

ဟု အကြံတောင်းသလို မေးပါသည်။

ဗိုလ်မှူးစကားကြောင့် ကျွန်တော့်မှာ နဝေတိမ်တောင်ဖြစ်သွားရပြီး …

"ရေတွေ ကုန်သေးတာပဲ ဗိုလ်မှူး။ ဘယ်သူက ပြောတာလဲ မသိဘူးခင်ဗျ"

ဟုပြောမှ ဗိုလ်မှူးမျက်နှာမှာ ဝင်းခနဲ ဝမ်းသာမှုကြောင့် ထိုင်ရာမှထရပ်ပြီး …

"ဘာ … ဘာ … ရေတွေ ရှိသေးတယ် ဟုတ်လား။ လာ … လာ … ခင်ဗျားနဲ့ ကျုပ်နဲ့ သွားကြည့်မယ်"

ဟု ပြောကာ ပြေးထွက်ခဲ့သည်။

ဆေးခန်းရှေ့ရောက်တော့ ကန်ထဲမှာ ရေက တစ်တောင်သာသာလောက် ကျန်သေးသည်ကို တွေ့၍ ဗိုလ်မှူးဝမ်းသာသွားပြီး …

"ဟေ့ … ဟေ့ … ရဲဘော်တွေ ဒီကိုလာကြစမ်း။ ဒီမှာ ရေတွေရှိသားပဲ။ တောက် စောစောက ဘယ်ကောင်လဲ ငါ မမှတ်မိတော့ဘူး။ ရေမရှိတော့ဘူးလို့ ပြောသွားတာ။ ဟေ့ … ဒီတပ်မှာ ငါ့ကို အမှန်အတိုင်း ပြောမယ့်သူတွေ မရှိကြတော့ဘူးလားဟေ့"

ဟု တအားအော်လိုက်ရာ အနီးအနားမှ ရဲဘော်ဆရာများနှင့် ကျွန်တော်တို့မှာ ဗိုလ်မှူး မမြင်အောင် ခိုး၍ပြုံးမိကြပါသည်။

ထိုအချိန်မှာ တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလို ကျွန်တော်တို့ စစ်ကြောင်းရုံး၊ ဆေးခန်း၊ လက်နက်ကြီးကုန်း၏ ရှေ့ဘက်မှ တဖြိုးဖြိုး တဖျောက်ဖျောက်မြည်သံနှင့် အတူ မီးခိုးလုံးများ ဝေ့၍တက်လာသည်။

"ဟာ … ဟာ … ဒီဘက် တောင်ကုန်းပါ မီးကူးလာပြီဟေ့။ အားလုံး မီးဆင်းသတ်ကြစမ်း"

ဟု အမိန့်ပေးလိုက်သည်။ စစ်ကြောင်းရုံးတစ်ရုံးလုံး ပျာယာခတ်သွားသည်။

မီးက သစ်ရွက်ခြောက်များကို ဝါးမျိုရင်း တစ်ရှိန်တည်း ထိုးတက်လာနေပြီ။ ကျွန်တော်တို့က နွေရောက်လာကတည်းက မီးဘေး စီမံချက်ဆွဲထားသည့်အတိုင်း ကာကွယ်ရေးများ လုပ်ထား၍ ခြံစည်းရိုးကို လောင်မှာ မစိုးရိမ်ရသော်လည်း လက်နက်ကြီးကျည်ဆန်များ သိုလှောင်ထားသည့် ဘန်ကာများတွင် မီးအပူရှိန်ကြောင့် ထပေါက်ကွဲမည်ကို စိုးရိမ်ရသည်။ ထိုဖုံးသီးများသာ ပေါက်လို့ကတော့ ပွဲပြီးပြီ။

ကျွန်တော်နှင့် ဆေးရဲဘော်

www.burmeseclassic.com

www.burmeseclassic.com



များ၊ လူနာတဲမှ ကျန်းမာရေးကောင်းသေးသူများ၊ ဖုံးသီးများ ရွှေ့ပြောင်းရန် ပြေးထွက်သွားကြသည်။

ဗိုလ်မှူးက ရှေ့မှ ဦးဆောင်ပြေးသွားသည်။ ရေး/ထောက်ရုံးမှ အရာရှိက မရှိ။ ရိက္ခာထုတ်သွားနေ၍ စစ်ကြောင်းတပ်ကြပ်ကြီးတစ်ဦးနှင့် အဖွဲ့သာရှိသည်။

အမောတကော ကျွန်တော်တို့ ပြေးတက်သွားသည့်အချိန်မှာ လက်နက်ကြီး တာဝန်ခံ တပ်ကြပ်ကြီး သန်းလွင်နှင့် ရေး/ထောက် မီးဖိုကြီးအဖွဲ့မှာ လျှိုမြောင်ထဲမှ မီးပြေးတက်လာကြောင်း မရိပ်မိကြသေး။ အေးအေးဆေးဆေးပုံစံမျိုး နေကြသည်။

ဒီနေရာမှာ ငိုအားထက်ရယ်အားသန်အဖြစ်ကို တွေ့ရသေးသည်။ တပ်ကြပ်ကြီး သန်းလွင်က ဘယ်က ရလာသည် မသိ မယ်ဒလင်အစုတ်တစ်ခုနှင့် နွေဦးအလှကို ခံစား၍ သီချင်းဆိုကောင်းဆဲကို မြင်ရသည်။

တပ်ကြပ်ကြီးသန်းလွင် ဆိုနေသည့် သီချင်းက …

"ရွက်ဝါကြွေလူး ×××

မီး၏လောင်အားမှာ
ရပ်တန့်သွားခြင်း
မရှိသေး။
နေရာအနှံ့အပြားမှ
အရှိန်ကောင်းကောင်းနှင့်
လောင်ကျွမ်းပြီး
စခန်းကို
ဝါးမျိုရန်
ခြိမ်းခြောက်နေဆဲ

နွေဦးဝယ်၊ ပုရစ်ဖူးဝေ၍××× ဖူးငုံစီစပွင့်သည့်လကို ×××"

ဟု လေထဲမှာ လွင့်မြူးနေသည်ကို ဗိုလ်မှူးတွေ့၍ …

"သန်းလွင်ကြီးရေ … ရွက်ဝါကြွေနွေဦးမနေနဲ့တော့ဟေ့။ မင်းဖုံးသီးတွေ မီးလောင်တော့မယ်။ အမြန်ရွှေ့ … အမြန်ရွှေ့"

ဟု ပြောလိုက်ရာ ဖုံးသီးသယ်ယူရန် ဆင်းသွားသောရဲဘော်များမှာ ကြောက်လန့်ဖွယ်အသက်ဘေးနီးနေသည့်အကြားမှ ပြုံးဖြစ်အောင် ပြုံးလိုက်ကြပါသေးသည်။

စစ်သားဘဝဆိုသည်မှာ ခက်ထန်ကြမ်းတမ်းသည် မှန်သော်လည်း သည်လိုရယ်စရာမောစရာလေးများနှင့်လည်း ကြုံတွေ့တတ်ပါသေးသည်။ စစ်သားလည်း လူထဲကလူပဲမို့ ရယ်စရာရှိလျှင် ရယ်ကြရမှာပါပဲခင်ဗျာ။

မီး၏ လောင်အားမှာ ရပ်တန့်သွားခြင်း မရှိသေး။ နေရာအနှံ့အပြားမှ အရှိန်ကောင်းကောင်းနှင့်လောင်ကျွမ်းပြီး စခန်းကို ဝါးမျိုရန် ခြိမ်းခြောက်နေဆဲဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ...
အရမ်းမတက်ကြနဲ့။
အဲဒီမှာ စွန့်လွှတ်မိုင်းတွေ
ရှိတတ်တယ်။
ထကွဲလို့
ဟုတ်ပေ့
ဖြစ်နေဦးမယ်ဟေ့" ဟု
သတိပေးရသည်။

ပို၍စိုးရိမ်စရာကောင်းနေသည်မှာ ကျွန်တော်တို့ တောင်ကုန်းနှင့် လျှိုတစ်ခုကြား အရှိန်ကောင်းကောင်းနှင့် လောင်ကျွမ်းနေသော ရှေ့ဘက်တောင်ကုန်းမှ မီးသည် သစ်ကြီးဝါးကြီးများကို ဝါးမျိုရင်း လျှိုဆဲသို့ ပြေးဆင်းလာခြင်းဖြစ်သည်။

သည်မီးကို သတ်ရန် ကျွန်တော်တို့ စစ်ကြောင်းရုံးတွင် ရေမရှိ။ ရေကို ရှေ့ရင်ဆိုင်ကုန်းရှိ ခြံစည်းရိုးများအတွက် သုံးနေရသည်။ ရှေ့ဘက် မိုးကောင်းကင်မှာ မီးခိုးလုံးများ နည်းသွားပေမယ့် စိတ်မချရသေးသည့်ပုံ။ ရေကို ဝါးကျည်တောက်နှင့် ကဲ့ယူဆဲ။

စစ်ကြောင်းရုံးအဖွဲ့၌ လူအင်အားမရှိ။ ရှိသည့် လူအင်အားထဲမှာတောင် လူနာလေးတွေ ပါနေသေးသည်။ အမှန်က မီးသတ်ရန် ကျွန်တော့်ကို မည်သူကမှ တာဝန်မပေး။ ကျွန်တော့်တာဝန်က လူနာအတွက် ကြည့်ရှုစောင့်ရှောက်ရန်ဖြစ်ပေမယ့် တကယ် မီးလောင်လာလျှင် ကျွန်တော်တို့လည်း ပါနေမည်မှာ ဧကန်မလွဲဖြစ်၏။

မီးသွားသတ်သော ရဲဘော်များမှာ သစ်ကိုင်းအစိမ်းများနှင့် ရိုက်သတ်ရသည်မို့အလုပ်မတွင်။ တစ်ယောက်ဆိုလည်းတစ်ယောက်မို့ မီးသတ်အဖွဲ့တွင် ကျွန်တော်ပူးပေါင်းချင်၍ ဗိုလ်မှူးကို သတင်းပို့သည်။ ဗိုလ်မှူးက ခွင့်မပြုချင်ပေမယ့် ကျွန်တော့်ကို မငြင်းပယ်လို၍ အခြေအနေကို သတင်း ပို့သွားရန် မှာသည်။

ကျွန်တော် တောင်ကုန်းပေါ်က ပြေးဆင်းသွားတော့ ဟိုဘက်တောင်ကြောက မီးက အရှိန်ကောင်းကောင်းနှင့် လောင်နေသည်။ ရဲဘော်များက အတင်းဝင်ပြီး သစ်ကိုင်းနှင့်ရိုက်သတ်သည်တွေ့၍ ကျွန်တော်က ...

"ဟော့ ... အရမ်းမတက်ကြနဲ့။ အဲဒီမှာ စွန့်လွှတ်မိုင်းတွေရှိတတ်တယ်။ ထကွဲလို့ ဟုတ်ပေ့ဖြစ်နေဦးမယ်ဟေ့" ဟု သတိပေးရသည်။

မီးသည် အောက်သို့ပြို၍ဆင်းလာသည်။ လျှိုပေါ်ကို ဖြတ်၍ တောင်ကုန်းချင်းထိစပ်နေသည့် ကိုင်းနေသည့် ဝါးကိုင်းများကို အရင်ခုတ်ထွင်ရှင်းလင်းကြသည်။ ထိုချုံနွယ်ပိတ်ပေါင်းနှင့် ဝါးကိုင်း

www.burmeseclassic.com

www.burmeseclassic.com



တို့မှ သည်ဘက်တောင်ကုန်းကို မီးကူးစက်လာနိုင်သည် မဟုတ်ပါလား။

ထိုအခိုက် ရဲဘော်တစ်ယောက်ကို …

"ဆရာကြီး … ဟိုမီးတွေ မလာနိုင်အောင် ကျွန်တော်တို့ အရင် မီးရှို့လိုက်ရင် မကောင်းဘူးလား။ ဒီဘက်က လောင်စာ မရှိရင် မီးလောင်စရာမရှိတော့ဘူး မဟုတ်လား"

ဟု အကြံပေးသည်။

ကျွန်တော်က ရဲဘော်၏ အကြံကောင်းကို ချက်ချင်းလက်ခံ၍ မီးစတင်ရှို့လိုက်ကြသည်။ ရဲဘော်ပြောသလို ကျွန်တော်တို့ဘက်မှ ရှို့လိုက်သည်နှင့် လောင်စာမရှိသဖြင့် မီးသည် လောင်စာရှိသည့် ရန်သူတောင်ကုန်းဘက်သို့ ဆက်လောင်သွားသည်။ မီးကို ကျွန်တော်တို့ နိုင်လိုက်ပါသည်။ အကြံပေးသော ရဲဘော်အား အားလုံးက ဝိုင်း၍ ချီးကျူးကြသည်။ ဖက်လှဲတကင်းပြုကြသည်။ သြော် … အကြံကောင်းလျှင် တစ်ချက်ဆိုသည် မဟုတ်လား။

ကျွန်တော်တို့မီးသတ်အဖွဲ့ကြီး အောင်မြင်စွာနှင့် မိမိတောင်ကုန်းများပေါ်သို့ ပြန်တက်လာသည်။ တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ရယ်မောဟားတိုက်နေကြသည်။ လူတစ်ကိုယ်လုံး ကြပ်ခိုးများ၊ မှိုင်းများစွဲနေ၍ မျက်လုံးနှင့် ပါးစပ်ပေါက်များသာ မြင်ရသည်ကို ကြည့်ပြီး ရယ်နေကြသည်။ အားလုံးပျော်နေကြသည်။

အခြေအနေကို ဗိုလ်မှူးအား သတင်းပို့ခဲ့ရာ ဗိုလ်မှူးမှ ချီးကျူးစကား ပြောခဲ့သည်။ အားလုံးကို ဂုဏ်ပြုသည့်အနေဖြင့် အာမီရမ်ပုလင်းများ ထုတ်ပေးသည်။

ထိုညမှာ ကျွန်တော်တို့ ရဲဘော်များ ပျော်ကြသည်။ ကျွန်တော်တို့ကို တင်ရှို့လိုက်သည့်မီးသည် သကောင့်သားရန်သူတို့ဘက်သို့ (ဘက်ဂီယာ)ထိုးပြီး လောင်ကျွမ်းနေသဖြင့် တစ်ညလုံး မြှုပ်ထားသည့် ဗုံး ထပေါက်သံများ၊ ဝါးလုံးပေါက်ကွဲသံများကို ဖြောင်းခနဲ ဝုန်းခနဲ ကြားနေရသည်။ ကျွန်တော်တို့အဖို့ သာယာနာပျော်ဖွယ်ကောင်းလှသည်။ ရန်သူတွေအဖို့ ကိုယ်ဖော်သည့်ဆေးကို ကိုယ်ပြန်စားရပြီဖြစ်၏။ မိုးကောင်းကင်တွင် တောမီးအရောင်ကြောင့် ထိန်လင်းနေသည်။ ဗုံးပေါက်သံတို့က နားကွဲမတတ် မြည်ဟည်းနေသော်လည်း ကျွန်တော်တို့ ဒီညအဖို့ စိတ်ချမ်းသာစွာ အိပ်စက်ကြရမည်ဖြစ်သော်လည်း ရန်သူတို့ အိပ်ရေး ပျက်ကြတော့မည်မှာ သေချာပါသည်။ သည်တစ်ခါ သူတို့ မီးသတ်ရမည့်အလှည့် မီးသတ်ကြပေဦးရော့ … ကိုရွှေသောင်းကျန်းတို့ရေ …

**ဇေယျာမင်းဦး**

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# မသာဆယ်ခေါက် ထောင်တစ်ခေါက်

မောင်ရိုးညို
ရှောင်းဦး



မသာတစ်ခေါက် ကျောင်းဆယ်ခေါက်တဲ့။ မြန်မာမှုနယ်ပယ်က ဆိုရိုးစကားတစ်ခုပါ။ ဒါန်၊ သီလ၊ ဘာဝနာ စတဲ့ ကုသိုလ်ကောင်းမှုတွေ လုပ်ဖို့ ဘုန်းကြီးကျောင်း ဆယ်ခေါက် သွားတာဟာ ဒွါရထိုထို၊အရည်ယိုလျက်၊ စိုစိုရွှဲရွှဲ၊ ညိုမဲ မည်းမှောင်၊ ညှီဟောင်နံစော်၊ အပုပ်ပျော်တဲ့ အလောင်းကောင်ကို ကြည့်၊ အသုဘကမ္မဋ္ဌာန်းနဲ့ ပွားများဆင်ခြင်လို့ နာရေးမသာ တစ်ခေါက် သွားတာနဲ့ ညီမျှတယ်လို့ ဆိုလိုတာပါ။

ကျုပ်ကတော့ ထောင်ကို တစ်ခေါက် အရောက်မှာ ဆင်းရဲခြင်း၊ အစိုးမရခြင်း၊ မမြဲခြင်း၊ မတင့်တယ်ခြင်း စတဲ့ ဖြစ်ရပ်တွေကို တစ်သက်မမေ့အောင် ကြုံခဲ့ရတာကြောင့် ထောင်တစ်ခေါက်ဟာ မသာဆယ်ခေါက်နဲ့ ညီမျှတယ်လို့ ဆိုလိုက်ချင်တယ်။

တကယ်ပြောတာပါ။

မသာဆယ်ခေါက်၊ ထောင်တစ်ခေါက်ဆိုတာ ယုံလိုက်ပါ။

**ပုံစံခန်းသို့ ရောက်ရှိခြင်း**

ကျုပ်တို့ကို တင်ဆောင်လာတဲ့ ရဲအချုပ်ကားကြီး ပဲခူးထောင်ရှေ့မှာ ထိုးရပ်လိုက်ပြီ။

ကားအောက်ကနေ ထောင်တံခါးပေါက်ဝအထိ ရဲတွေ တန်းစီပြီး နေရာယူတာ တွေ့ရတယ်။

လုံခြုံရေး အသင့်ရှိပြီ ဆိုမှ ကျုပ်တို့ကို ကားပေါ်ကချတယ်။

ကားအောက်ကနေ ထောင်

www.burmeseclassic.com

www.burmeseclassic.com



မောင်မှိုင်းညို (ချောင်းဦး)

# မသာဆယ်ခေါက် ထောင်တစ်ခေါက်

တံခါးပေါက်ဝအထိ ရဲတွေစီတန်းပြီး နေရာယူတာတွေ့ရတယ်။

လုံခြုံရေး အသင့်ရှိပြီဆိုမှ ကျုပ်တို့ကို ကားပေါ်ကချတယ်။

ကျုပ်တို့ အားလုံးမှာ ချွေးတွေရွှဲနစ်နေတယ်။ မျက်နှာတွေပေါ်မှာလည်း ဆီကင်းလောက် ချွေးသီးချွေးပေါက်တွေနဲ့။

လူအစိပ်၊ သုံးဆယ်သာတင်နိုင်မယ့် အချုပ်ကားထဲ လူရှစ်ဆယ်ကျော် တင်ထားတာကြောင့်ပါ။

ဒါတောင် မြို့နယ်ရုံးထုတ် တရားခံတွေ ပါမလာသေးဘူး။ နောက်တစ်ခေါက် ပြန်သယ်ရဦးမှာလို့ သိရတယ်။

လူဟောင်းတွေက အထာနပ်ပြီးသား။ အချုပ်ကားပေါ်တက်တာနဲ့ လေဝင်ပေါက် အနီးနေရာယူပြီးသား"

လေဝင်ပေါက်ဆိုတော့အသက်ဝအောင် ရှူရတယ်။မျက်စိလည်း အစာကျွေးလို့ရတယ်လေ။

ကျုန် တရားခံတွေကတော့ အချုပ်ကားထဲမှာ လှောင်ပိတ်၊ မွန်းကျပ်ပြီး အသက်ကို မနည်းရှူနေကြရတယ်။

ခံနိုင်ရည်မရှိသူတစ် ယောက်၊ နှစ်ယောက် မူးမေ့လဲ သွားလို့ အချင်းချင်း ပြုစုနေကြ ရတယ်။

ဒါတောင် တရားရုံးနဲ့ ထောင် ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်လောက် ပဲကြာလို့။ မိနစ် ၂၀/ ၃၀ သာကြာရင် အချုပ်ကားထဲမှာတရားခံအားလုံး သေမှာ သေချာတယ်။

နှစ်ယောက်တစ်တွဲ လက်ထိပ်ခတ်၊ ကြိုးချည်ပြီး အလယ်က ကြိုးတစ်ချောင်းနဲ့ သီတွဲထားတဲ့ ကျုပ်တို့အားလုံး ကားပေါ်က ဆင်းရတယ်။

ထောင်တံခါး ပေါက်လေးက ငုံ့ဝင်ပြီး ထောင်အတွင်း သံတံခါးရှေ့မှာ ရပ်ရတယ်။ လူအကုန်ဝင်ပြီးတော့ အပြင် တံခါးလေး ပိတ်လိုက်တယ်။ အဲဒီတော့မှ အတွင်းသံတံခါးဖွင့်ပြီး တရားခံအားလုံးကိုအထဲ သွင်း

www.burmeseclassic.com

www.burmeseclassic.com



တယ်။

ချုပ်မိန့်၊ ထောင်ကျမိန့်တွေနဲ့ တိုက်ဆိုင်စစ်ဆေးပြီး သင့်တော်ရာ အဆောင်အခန်းတွေကို ပို့တယ်။

ကျုပ်ရောက်သွားတဲ့အခန်းက သီးသန့်ဆောင်အခန်း (၁)။

ထောင်ထဲမှာတော့ ပုံစံခန်းလို့ပဲ ခေါ်တယ်။ ပဲခူးထောင်မှာ ဝင်လာတဲ့ လူသစ်မှန်သမျှ ဒီအခန်းကို အရင်ဝင်ရတယ်။

အပြင်လောကက စည်းစိမ်ဥစ္စာ ဂုဏ်ပါဝါ မှန်သမျှ အုတ်တံတိုင်း အပြင်ဘက်မှာထားခဲ့။

ပုံစံခန်းတန်းစီး မွေးလုံးနီပြောနေကျ လက်သုံးစကားပါ။

ပြောမယ့်သာ ပြောတာ၊ ထောင်ဆိုတာက ဘာမို့လို့လဲ ထောင်ထဲမှာရှိတဲ့ လူတွေကရော ဘာသားနဲ့ထုထားတာမို့လို့လဲ။

ငွေရှိရင် ဘာမဆို အရာရာအဆင်ပြေတယ်ဆိုတဲ့လောကမှာ ထောင်ဆိုတာ ဘာလို့မပါရမှာလဲ။ ရှေ့ဆုံးကတောင်ပါသေးတယ်။

ကျုပ်ရောက်နေတဲ့ ပုံစံခန်းကို ပဲကြည့်၊ ထောင်စည်းကမ်းတွေ ဆောင်ရန်၊ ရှောင်ရန်တွေကို ဘီလူးဆိုင်းတီး သင်တဲ့အခန်း။

မကြားဖူးတဲ့ ဆဲနည်းမျိုးစုံနဲ့ တစ်တစ်ခွခွ အဆဲခံရမယ်။ အရိုက်ကိုခပ်ပြင်းအထိုးခံရမယ်။

ရင်ဝဖနောင့်နဲ့ အပေါက်ခံရမယ်။

ခြေသုတ်ပုဆိုး မဖြစ်မခြင်း၊ အစွယ်မကျိုးမခြင်းပေါ့။

ဒါပေမယ့် ပိုက်ဆံသာပေးလိုက်။



www.burmeseclassic.com

www.burmeseclassic.com



ဂိုက်ကျူရှင်၊ အိမ်လာသင်သလို သာသာယာယာပျော့ပျော့ ပျောင်းပျောင်း သင်ပေးတယ်။

ထောင်ထဲမှာမှ ငွေက ပိုတောင် အသုံးတည့်နေသေးတယ်။

ဘာယာလုပ်မလား၊ တန်းစီးလုပ်မလား၊ စည်းကမ်းထိန်းသိမ်းရေးလုပ်မလား၊ အာဏာကို ငွေနဲ့ဝယ်လို့ရတယ်။

ငွေပေးရင် မိလ္လာမထမ်းရဘူး။ ခြင်မဖမ်းရဘူး။ ဂျပိုးမထိုးရဘူး။ ချေးအိုးသေးအိုးနားမှာ မအိပ်ရဘူး။

ကဲ ဘယ်လောက် အဆင်ပြေလဲ။

ထောင်ထဲကို ငွေသွင်းလို့မှ မရတာ။ ဘယ်ငွေနဲ့ပေးမလဲ၊ ဟုတ်လား။

ကျုပ် ပြောပြီးပါပကော။

ငွေရှိရင် အရာရာ အဆင်ပြေတဲ့လောကမှာ ထောင်က ရှေ့ဆုံးကပါဆိုမှ။

**အရေးအခင်း လူသတ်မှုတရားခံ**

ကျုပ်ကရေမရောတဲ့ ဥဿ ပဲခူးသားစစ်စစ်ပါ။ ဆိုရှယ်လစ် (....)လမ်းမှာ နေတယ်။ အလုပ်က ပဲခူးကောလိပ်မှာလုံခြုံရေး ဝန်ထမ်း။

ကျုပ်အပေါ်အဝင် (၄) ယောက်ကို ရဲကလူသတ်မှုနဲ့ ဖမ်းပြီး တရားစွဲတယ်။

အမှန်တော့ ကျုပ်မသတ်ပါဘူး။ ကျုပ်အမှုတွဲတွေကလည်း မသတ်ဘူး။ ဖြစ်ပုံက ဒီလိုပါ။

လှိုင်းကြီးလေထန် ဖြစ်ရပ်မှန်တွေနဲ့ ရှစ်လေးလုံး အရေးတော်ပုံကာလ။

တစ်ပါတီ အာဏာရှင်စနစ်ကို ဖြုတ်ချဖို့ တစ်ပြည်လုံး အတိုင်းအတာနဲ့ အုံကြွသပိတ်တိုက်ပွဲတွေ ဆင်နွှဲနေကြတဲ့ အချိန်။

**အာဏာရှင်စနစ်ကို ဖြုတ်ချဖို့ တစ်ပြည်လုံး အတိုင်းအတာနဲ့ အုံကြွသပိတ်တိုက်ပွဲတွေ ဆင်နွှဲနေကြတဲ့ အချိန်။**

အုပ်ချုပ်ရေး၊ တရားစီရင်ရေး ယန္တရားတွေလည်း အခိုက်အတန့်ပြိုလဲပျက်စီးနေတယ်။

ရပ်ကွက်တိုင်း ရပ်ကွက်တိုင်း၊ ကိုယ့်ရပ်ကွက်လုံခြုံရေး ကိုယ့်ဘာသာ တာဝန်ယူနေရတယ်။ တောကြောင် တွေရန်က လွတ်အောင် စောင့်ရှောက်ကာကွယ်နေကြရတယ်။

တစ်ညမှာ ကျုပ်တို့ ပဲခူးကောလိပ်စောင့်ရှောက်ရေးအဖွဲ့က တောကြောင်တစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းမိတယ်။

ကျုပ်တို့ ဘာလုပ်ရမလဲ၊ တောကြောင်ကိုရဲစခန်း အပ်ရတာပေါ့။

ဖြစ်ချင်တော့ ရဲစခန်းက လက်မခံဘူး။

အုပ်ချုပ်ရေး၊ တရားစီရင်ရေးတွေ ပျက်ပြားနေတဲ့ ကာလမို့ တာဝန်မယူနိုင်ဘူးလို့ ပြောတယ်။

ဘာတတ်နိုင်မလဲ၊ ကြိုးတုတ်ထားတဲ့ တောကြောင်ကို ခေါ်ပြီး ရဲစခန်းက ပြန်ထွက်လာကြတယ်။

ကားလမ်းပေါ်မှာ လူအုပ်စုတစ်စုနဲ့သွားတိုးတယ်။ တစ်အုပ်စုလုံး နဖူးစည်းအနီ၊ လက်မောင်းမှာလည်း လက်ပတ်အနီတွေနဲ့။

"သူတို့ဆီအပ်ခဲ့၊ တာဝန်ယူတယ်လို့ ပြောပြီး ခေါ်သွားတယ်"

သူတို့နောက်က လူအုပ်ကြီးနဲ့အတူ ကျုပ်တို့လည်း လိုက်သွားမိတယ်။

ကားလမ်းအတိုင်း တောင်ဘက် လျှောက်လာရင်း ပဲခူးမြစ်ကူးတံတားကို ရောက်တယ်။

"ဒီတောကြောင်ကို ဘာလုပ်ရမလဲ"


လူတစ်ယောက်က အော်မေးလိုက်တယ်။

"သတ်ပစ်....သတ်ပစ်"

လူအုပ်ကြီးဆီက တစ်ခဲ နက်အသံထွက်လာတယ်။ ကျုပ်လန့်သွားတယ်။ ကျုပ်တို့အားလုံး တစ်ယောက်ကို တစ်ယောက် ကြည့်မိကြတယ်။

အရေးအခင်းကာလမှာ မရှိဆင်းရဲသားတွေအတိဒုက္ခ ရောက်ကြရတယ်။ အလုပ်အကိုင်မရှိ၊ စားစရာမရှိ၊ ငွေမရှိတော့မိသားစုဝမ်းရေးအတွက် ကြံမိကြံရာကြံကြတယ်။ ခိုးကြဝှက်ကြတယ်။ လုကြ ယက်ကြတယ်။ ကျုပ်တို့ဖမ်းမိတဲ့ တောကြောင်လည်း ဒီလိုပဲ ဖြစ်မယ်။


ဒါပေမယ့် ကျုပ်တို့က ကောလိပ်လုံခြုံရေးတာဝန်ယူထားတာ။ မိပြီးမှ ပြန်လွှတ်လိုက်ရင်လည်း အတင့်ရဲလာမှာစိုးတယ်။ နောင်မလုပ်ရဲအောင် ရဲစခန်းသွားပို့ကာမှ ခုတ်ရာတခြားရှရာတလွဲ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com





ရပြီဆိုလည်း တွေးမိတယ်။

အပြစ်ပေးရင်တောင်မှ ပြစ်မှုနဲ့တန်တဲ့ ပြစ်ဒဏ်ပဲ ဖြစ်စေချင်တယ်။ ခုတော့ မတန်တဆကြီး။

"ဒီတောကြောင်ကို ဘာလုပ်ရမလဲ"

"သတ်ပစ်...သတ်ပစ်"

တိုင်ပေးသူနဲ့ လူအုပ်ကြီးကတော့ အတိုင်အဖောက်ညီညီ အော်ဟစ်နေကြတယ်။

ကျုပ်တို့မျက်စိရှေ့မှာပဲ ကြိုးတုတ်ထားတဲ့ တောကြောင်ကို မျက်စိအဝတ်စည်းလိုက်တယ်။ ပြီးတော့ တံတားပေါင်ပေါ်တင်ပြီး ပဲခူးမြစ်ထဲ ပစ်ချလိုက်ကြတယ်။ လူအုပ်ကြီးက လက်ခုပ်တီးသြဘာပေးကြတယ်။

ကျုပ်တို့ဘာမှ မတတ်နိုင်ခဲ့ဘူး။

တောကြောင်ကို ဒီလူတွေလက်ကပြန်လုရင်လည်း ကျုပ်တို့ပါ ပဲခူးမြစ်ထဲ ပစ်ချခံရမှာပဲ။

ဘာပဲဖြစ်ဖြစ် သူ့မိဘတွေ၊ သူ့ရဲ့ညီအစ်ကိုမောင်နှမတွေ ချစ်ဇနီးနဲ့ ချစ်သားသမီးတွေ ဘယ်လောက်ခံစားကြရမလဲ။ ပရိဒေဝမီးတွေ တောက်လောင်လိုက်ကြမလဲ။ စဉ်းစားရင်း ညပေါင်းများစွာ ကျုပ် အိပ်မပျော်ခဲ့ရဘူး။

အသတ်ခံရသူနဲ့ ကျုပ်တို့ဟာ အတိတ်ဘဝက ဝဋ်ကြွေးတွေလား စနစ်ဆိုးတစ်ခုအတွက် စတေးခံရတာလားဆိုတာတော့ ဘုရားကလွဲပြီး ဘယ်သူမှ သိနိုင်မှာ မဟုတ်ပါဘူး။

(၁၈.၉.၁၉၈၈) မှာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို တပ်မတော်က ရယူခဲ့တယ်။ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတွေ ပြန်လည်ထူထောင်အပြီးမှာ ကျုပ်တို့ (၄) ယောက် လူသတ်မှုနဲ့ အဖမ်းခံလိုက်ရတယ်။ အမှုကြီးတွေကို စစ်ခုံရုံးက စစ်ပေမယ့် အရေးအခင်း လူသတ်မှုတချို့ကို အရပ်တရားရုံးက စစ်တယ်၊ အရပ်တရားရုံးမှာ ရှေ့နေငှားလို့ရတယ်။ ဥပဒေနဲ့အညီ ခုခံကာကွယ်ပိုင်ခွင့်တွေရတယ်။

ကျုပ်တို့အမှုကလည်း ရှေ့နေကောင်းရင် လွတ်နိုင်တဲ့အမှု မဟုတ်လား။

ညဘက် ဘုရားရှိခိုးတိုင်း ကျုပ်တို့မှာ မမေ့မလျော့ဆုတောင်းရတယ်။

"စစ်ခုံရုံးနဲ့ လွဲရပါလို၏" လို့။

## ပဲခူးထောင်ရဲ့ထူးခြားမှု

၁၉၈၉ ခုနှစ်ရဲ့ ကြောက်စရာ ဆောင်းတွင်းကြီးမှာ ပဲခူးထောင်ကို ကျုပ်တို့စရောက်တယ်။

ထောင်ဆိုပေမယ့် ထောင်နဲ့မတူတဲ့အချက်က ပဲခူးထောင်ရဲ့ ထူးခြားချက်ပါ။

တစ်အချက်က ထောင်ကို အကျဉ်းဦးစီးဌာနက မကိုင်ဘူး။ ဝန်ထမ်းတွေ အကုန်ရဲတွေချည်းပဲ။

အဆင့်အမြင့်ဆုံး အရာရှိဟာ အပြာခံ၊ ဒုရဲအုပ် (စခန်းမှူး) ဖြစ်ပြီး သူ့အောက်မှာ ဒုရဲအုပ်

www.burmeseclassic.com

www.burmeseclassic.com



တွေ၊ အကြပ်တပ်သားတွေ ရှိ တယ်။

အုံ့ညြိစရာ ကောင်းတာက ထောင်ကို ဘယ်ရဲမှ မလာချင်ဘူးဆိုပဲ။ ဒါကြောင့် ပဲခူးတိုင်းထဲမှာရှိတဲ့ မြို့နယ်တွေက ခြောက်လတစ်ခါ လှူစားလဲပေးကြရတယ်။ လှူစားလဲတော့လည်း မဲနှိုက်ပေါက်တဲ့ သူ သွားစနစ်နဲ့တဲ့၊ ဘာကြောင့် မလာချင်ကြတာလဲဆိုတာတော့ သူတို့ မှပဲသိမယ်။

တစ်ခုတော့ ကောင်းတယ်။ တချို့က ထောင်ကိုမလာချင်ပေမယ့် မဲပေါက်လို့လာရတယ်။ ဒီတော့ ရဲစိတ်ညစ်ရော။ ရဲစိတ်ညစ်တော့ ပြုတ်ချင်ပြုတ်ဆိုပြီး စိတ်ထင်ရာ လုပ်တတ်တယ်။

သူတို့အတွင်း ကင်းတာဝန်ကျတဲ့နေ့ဆို တတ်နိုင်ရင် ယမကာမှီဝဲလို့ရတယ်။ ဝါသနာပါရင် ကိုးမီးရိုက်လို့ရတယ်။ ဘူကြီးတွဲလို့ရတယ်။

အပုတ်ပြောတာ၊ ကျုပ်က မျက်မြင်ကိုယ်တွေ့။ တစ်ယောက်ဆို ညဘက်ရန်ကုန်က သူ့မိန်းမဆီ သွားအိပ်တယ်တဲ့။ ဒါကတော့ မျက်မြင်မဟုတ်ဘူး။ ဒါပေမယ့် မဖြစ်နိုင်ဘူးလို့လည်း ပြောလို့မရဘူး။

နံပါတ်နှစ်အချက်က ထက်အောက်အဖြူဆင်တူ၊ ဖိုးသူတော်အဝတ်အစားဝတ်စရာ မလိုဘူး။

ရှိရင် ပိုးပုဆိုးနဲ့ဖဲအင်္ကျီဝတ်ပြီး ကတ္တီပါအနွေးထည့်စွပ်ထားရတယ်။ စည်းကမ်းသတ်မှတ်ထားတဲ့ စစ်ရောင်၊ ရဲရောင်အင်္ကျီဘောင်းဘီရှည်က လွဲရင် ကြိုက်တာဝတ်လို့ရတယ်။

ပြောရဦးမယ်။ အဝတ်အထည် ဆိုတာထောင်မှာ ငွေလိုပါပဲ။ တန်ဖိုးသင့်ပြီး သုံးလို့ရတယ်။

အပြင်ကအင်္ကျီ၊ လုံခြည်၊ ဖိနပ် ကောင်းကောင်းခပ်လတ်လတ်ပါလာတယ်ဆိုပါစို့။ ပုံစံခန်းမှာ အင်္ကျီချွတ်ပေးလိုက်၊ အေးဆေးဖြစ်သွားမယ်။ မိလ္လာမထမ်းချင်ရင်လည်း ပုဆိုးချွတ်ပေးလိုက်၊ ဒီလိုသုံးလို့ရတယ်။

နောက်ဆုံး ရုံးထုတ်ထွက်မယ့်ကောင်ကို နေ့တွက်ယူပြီး ငှားလို့ရတယ်။

ကျုပ်တောင် ဒီဝှင်နဲ့ လုပ်စားခဲ့ဖူးတယ်။ အင်္ကျီစတစ်ကော်လာလက်ရှည်၊ အဖြူတစ်ထည်နဲ့ ယောပုဆိုး တစ်ထည် အိမ်ကမှာလိုက်တယ်။ ရုံးထုတ်ထွက်မယ့်ကောင်ကို တစ်နေ့သုံးရာနဲ့ ငှားတယ်။ မဆိုးဘူးလို့ထင်နေတုန်း လွတ်လူကိုငှားမိတာနဲ့ ကီစွပြုတ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်က ငတို။ နောက်တစ်ခေါက် ပြန်ဝင်လာ တော့ ကျုပ်ပေးလိုက်တဲ့ အင်္ကျီ လုံခြည်နဲ့ပဲ။ ဒါပေမယ့် လက်ခုစုတ်သာသာ အသွေးအရောင်ပဲ ကျန်တော့တယ်။

ကျုပ်နှမျောလိုက်တာ လွန်ပါရော။

ထောင်သားတွေကို ထမင်းကျွေးတော့ ကန်ထရိုက်စနစ်နဲ့ နိုင်ငံတော်ကကျွေးတယ်။

'နိုင်ငံတော်'ဆိုတာ ထောင်ကကျွေးတဲ့ ထမင်းကိုခေါ်တာပါ။ နိုင်ငံတော်က ကျွေးတာမို့ နိုင်ငံတော်လို့ ခေါ်တာဖြစ်မယ်။

နေ့ခင်းတစ်နပ်၊ ညတစ်နပ်။

အသားဟင်းက တစ်ပတ်တစ်ခါ။

ပြောရဦးမယ်။ ထမင်းဝေတဲ့အခါခွက်နဲ့ ချင်ပေးရတယ်။ ဒီတော့ ကန်ထရိုက်က ထမင်းတစ်လုံးချင်း မွမွလေးနေအောင် ချက်တယ်။

ထမင်းကမွနေတော့ နည်းနည်းပဲရတယ်။မဝကြဘူး။ ၅ (ည) တွေ ဦးဆောင်ပြီး တင်ပြမှ ချိန်ခွင်နဲ့ ချိန်ပေးဖို့ဖြစ်လာတယ်။

ဒီတော့လည်း ထမင်းအိုးကို ပျော့ပြဲနေအောင် ချက်ပြန်ရော။

ဆန်အောက်၊ ဆန်ညှို့၊အနံ့မကောင်းရတဲ့အထဲ ပျော့ပြဲနေလို့ ကျုပ်တို့ မစားနိုင်ကြဘူး။ ဝက်မွေးထားတဲ့ ဝန်ထမ်းကို ဝက်စာကျွေးဖို့ပဲ ပေးရတယ်။


ဟင်းကလည်း မနက်ပဲဟင်း၊ ညပဲဟင်း မနက်ချဉ်ရေ ညချဉ်ရေပဲ။

ပဲဟင်းချဉ်ရေဆိုတာလည်း ပြောလို့သာသိတာ။

ဆားမပါ အချိုမှုန့်မပါ အရသာအတူတူပါပဲ။

အသားဟင်းကတော့ တစ်ပတ်မှာ တစ်ခါစားရတယ်။ ဝက်သား၊ ဒါမှမဟုတ် အမဲသား မစားတဲ့သူ ဘဲဥပြုတ်တစ်လုံးရတယ်။

အသားဟင်းဆိုတာလည်း ဖြူဖတ်ဖြူရော်နဲ့ အရောင်မပါ၊ ဆနွင်းမပါ၊ ကိုက်လိုက်ရင် သွေးတရဲရဲ၊ သံတရဲရဲနဲ့ အသားအစိမ်းစားရတယ်။ ထောင်ထဲရောက်တာနဲ့ လူစင်စစ်က ဘီလူးသရဲတစ်ပိုင်း ဖြစ်သွားတယ်လို့တောင် ဆိုနိုင်တယ်။ အသားအစိမ်းကျွေးတာ အကြောင်းရှိတယ်။



အသားကိုကျက်အောင် ချက်

www.burmeseclassic.com

www.burmeseclassic.com



ရင် အတုံးသေးသွားမယ်။ သတ်မှတ်ထားတဲ့ အလေးချိန်လျော့သွားမယ်။ ဒါကြောင့်။

ကန်ထရိုက်ရဲ့ ပညာခန်းတွေကတော့ ယူလို့ကို မကုန်နိုင်အောင်ပါပဲ။

ဒါတောင်မှ ထမင်းကျွေးရတာရှုံးတယ်လို့ ကန်ထရိုက်ကြီးရဲ့ ညည်းသံခဏခဏ ကြားရတယ်။

"ကျွန်တော် ကိုယ်ချင်းစာတယ်။ ခင်ဗျားတို့ကို ကောင်းကောင်းကျွေးချင်တယ်။ ကျွန်တော် ဘယ်လိုလုပ်ပြီး ကောင်းကောင်းကျွေးလို့ရမလဲ"

ကန်ထရိုက် စကားကြောင့် ကျုပ်အံ့သြသွားတယ်။

ကျုပ်အိမ်မှာမွေးတဲ့ ဝက်တောင် အစာဖိုးတစ်နပ်(၂၀၀) လောက်ကျတယ်။

ဘာလို့ဒီလိုတွေဖြစ်နေရတာလဲ။

ကျုပ်တို့လည်း လူတွေပါပဲ။ ကျူးလွန်မိတဲ့အမှု အတိုင်း ဥပဒေက အပြစ်ပေးတာခံဖို့ ထောင်ထဲရောက်နေတာပါ။ ချစ်သောသူတွေနဲ့ ကွေကွင်းရတယ်။ စိတ်သွားတိုင်း ကိုယ်မပါနေရတယ်။ ဆန္ဒမှန်သမျှ ချိုးနှိမ်သည်းခံနေရတဲ့ ဒုက္ခ၊ ပုထုဇဉ်တစ်ယောက်မှာ ဘယ်လောက်ကြီးမားတဲ့ ဝဋ်ဒုက္ခလဲဆိုတာ ထောင်ထဲ ရောက်ဖူးမှသိမှာလား။

ပြစ်မှု ကျူးလွန်သူတွေကို နောင်တတရားရအောင် ထိရောက် ဟန့်တားရအောင်ထောင်ဆိုတာ ရှိရတာပါ။

လူနဲ့ တိရစ္ဆာန်ကြားက အဆင့်တစ်ဆင့် အဖြစ်ထားဖို့ မဟုတ်ပါဘူး။ ကောင်းမွန်မှန်ကန်တဲ့ အသိအမြင်ရအောင် ပြုလုပ်ပေးနိုင်မှ မြင့်မြတ်တဲ့ထောင်ဖြစ်မှာပါ။ ဒါမှလည်း အကျိုးရှိမှာပါ။

ထောင်ကို အင်အားကြီးသူနဲ့ အားနည်းသူ ငွေရှိသူနဲ့ ငွေမဲ့သူ၊ အာဏာရှိသူနဲ့ အာဏာ မရှိသူရယ်လို့ ခွဲခြားဆက်ဆံပြီး ကြီးနိုင်ငယ်ညှဉ်းလုပ်ဖို့ နေရာ တစ်ခုအဖြစ် သတ်မှတ်ထားမယ်ဆိုရင်တော့-

ထောင်ဆိုတာ လူမိုက်ကြီးတွေ မွေးထုတ်ရာ လူမိုက်တွေဂုဏ်မြင့်ရာ 'လူမိုက်တက္ကသိုလ်' ဖြစ်လာမှာ မလွဲဘူးလို့ ကျုပ်တော့ မြင်နေတယ်။

ပဲခူးထောင်ထဲမှာ (၂)နှစ်နီးပါးနေခဲ့ရတဲ့ ကာလဟာ အရှင်လတ်လတ် ငရဲခံနေရတဲ့ ဘဝဆိုတာခံစားနိုင်ကြမှာပါ။

ထောင်ကလွတ်တဲ့ အပျော်ဆုံးနေ့ကို ရောက်ဖို့ ကိုယ်စိတ်နှစ်ပါးဆင်းရဲခြင်းတွေ၊ မျက်ရည်တွေ ပေးဆပ်ရသလို သံဝေဂယူစရာတွေလည်း များစွာ ကြုံတွေ့ခဲ့တယ်။ ရေးစရာတွေလည်း ကျန်သေးတယ်။

'မသာဆယ်ခေါက် ထောင်တစ်ခေါက်' ကို ကျုပ်ဆက်ပြီး ရေးချင်ပါသေးတယ်။


**မောင်မှိုင်းညို (ချောင်းဦး)**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ဇေယျာမင်းသျှင်

# သစ္စာဟိုဆန်၍

၁။

''ဒေါက်''

''ဒေါက်''

''ဒေါက်''

ခြေသံတွေ။ စစ်ဖိနပ်ခွာနှင့် ကြမ်းခင်းကွန်ကရစ်ပြင်တို့ ခပ်ကြမ်းကြမ်းတွေ့ထိရာက စဉ်ထွက်သည့်ခြေသံတွေ။ ''ဒေါက်ဒေါက်''၊ ''ဒေါက် ဒေါက် ဒေါက် ဒေါက် ဒေါက်''။ တစ်ဦးတည်းတစ်ယောက်တည်း မဟုတ်နိုင်။ အဖွဲ့လိုက်ဖြစ်မည်။ ခြေသံတွေက များလှသည်။

''ခရီးလမ်းဆုံးတော့ ရောက်ပြီ''

ရင်ညွန့်အတွင်းပိုင်းဆီမှာ အင့်ခနဲ ဆို့ဆို့နင့်နင့်ကြီး တစ်ခုက ဆောင့်၍စူးသည်။ ဦးနှောက်၌ ထူခနဲ ပူခနဲ။ ဆောက်တည်ရာမရချင်။

သူ ငယ်ငယ် သူတို့ အိမ်မွေးဝက်ကလေး 'အီးပုတ်'ကို ဦးလေး'ဂျူအီး'က လက်တစ်ဝါးသာသာခန့် ဝက်ထိုးဓားဦးချွန်ကြီးနှင့်ထိုးသတ်ဖို့ ပါးစပ်က တတွတ်တွတ် ချော့မြှူရင်း ရွှေ့ရွှေ့ ရွှေ့ရွှေ့ တိုးကပ်သွားခဲ့စဉ်က အသတ်ခံရရှာမည့် ဝက်ကလေးခမျာ တစ်ကိုယ်လုံး တုန်ယင်ချောက်ချား၊ မျက်လုံးကလေးတွေ ပြူးပြူးလည်လျက်''တအီအီ …တအင်အင်'' ဟိုတိုး သည်ဝှေ့ဖြစ်ခဲ့ရှာပုံကို မြင်ဖူးခဲ့သည်။ ထိုမြင်ကွင်းက သူ့အာရုံထဲကို တန်းခနဲဝင်လာ၏။ ငါ့ဘဝကလည်း အဲဒီဝက်ကလေးလို ကြုံနေရပေါ့။

အတွေးတွေက သူ့ကို တလှိုက်လှိုက် ဆွေးမြည့်သွားစေ၏။

သူ့လက်တွေ၊ ခြေတွေ အရွေ့အလှုပ်မရှိ။ သူ့အိပ်ရာခင်းကလေးပေါ်မှာသာလျှင် ပုံ့ပုံ့ခွေခွေကလေး လှဲနေမိဆဲ။ လက်အရွေ့ ခြေအရွေ့တွေအတွက်လည်း သူ့ဘာသာသူ မစွမ်းနိုင်။

သူ့ခြေ၊ သူ့လက်၊ သူ့မျက်စိအကြည့်ဓာတ်တွေပင် သူ့ခန္ဓာကိုယ်ကောင်ကြီးမှ စွန့်ခွာသွားခဲ့ကြသည်မှာ ကြာခဲ့ပြီ။

''တောက် … တောက်''

''တောက် … တောက် တောက်''

''တောက် … တောက်''

ဟိုးခပ်လှမ်းလှမ်း အမှောင်

www.burmeseclassic.com



တွင်းဆီက မာမာဆတ်ဆတ် သံတို သံပြတ်ကလေးတွေကို အဆက်မပြတ်ကြားလိုက်မိသည်။ အကျယ်လောင်ကြီးလည်းမဟုတ်။ စနစ်တကျ အထပ်ထပ်လေ့ကျင့်ထားသည့် သူတို့လို လက်မရှိ့ သုတ်သင်ရေးသမားများ၏ နားစည်တွေကမှသာ ကြားသာ၊ သိသာစေနိုင်သည့်အသံ။ သည်မစ်ရှင် (Mission)၊ ဒီခရီး၊ သည်လမ်းအတွက် တမင်ရည်ရွယ်၍အထူးတီထွင်ထားသည့် အချက်ပြဆက်သွယ်ရေးဘာသာစကားသုံး အသံတွေ။ သူ့စိတ်၊ သူ့အတွေး၌ အက္ခရာစာလုံးတွေအဖြစ် ဒက်ခနဲ ဒက်ခနဲ စွဲထင်လာနေသည့်အသံတွေ။

ရဲဘော်ကေက ဆက်သွယ်လာခဲ့ခြင်းဖြစ်သည်။

"အခြေအနေ ဘာထူးလဲ၊ အခြေအနေ ဘာထူးလဲ၊ အခြေအနေ ဘာထူးလဲ"

'အရေးတကြီး အပူတပြင်း သိချင်ဇောတို့ဖြင့် မွတ်သိပ်လောင်ကျွမ်းနေသည့်အသံ။ သူလည်း တစ်စုံတစ်ခုခုကိုဖြင့် သိထားနှင့်ပြီပဲ။ ဘာတွေထူးနေသလဲ။ ဘာတွေဖြစ်နေပြီလဲ။

အခန်းသံတိုင်ကို တစ်ခုခုဖြင့် အလောတကြီးခေါက်၍ ဆက်သွယ်နေခြင်း ဖြစ်သည်။ ထမင်းစားသည့် ထောင်ပုံစံသတ္တုပန်းကန်ပြား(သို့မဟုတ်) သတ္တုခွက်ဖြင့် ခေါက်နေခြင်း ဖြစ်မည်။ အသံက တိုတိုတိတိ။

တစ်ခုခုတော့ အခြေအနေ အပြောင်းအလဲရှိနေသည်မှာ သေချာသည်။ တစ်သက် တစ်ဘဝလုံး ထုသားပေသားကျလာခဲ့သည့် သူ့အတွေ့အကြုံ၊ သူ့ဆင်ခြင်စိတ်တွေက လှစ်ခနဲ ရိပ်ခနဲ သိနေမိသလိုလို။

"အခြေအနေ ဘာထူးလဲ၊ အခြေအနေ ဘာထူးလဲ။ အကြောင်းပြန်ပါ"

အခန်းသံတိုင်ကို တစ်ခုခုဖြင့် အလောတကြီးခေါက်၍ ဆက်သွယ်နေခြင်း ဖြစ်သည်။ ထမင်းစားသည့် ထောင်ပုံစံသတ္တုပန်းကန်ပြား(သို့မဟုတ်)သတ္တုခွက်ဖြင့် ခေါက်နေခြင်း ဖြစ်မည်။ အသံက တိုတိုတိတိ။

ရဲဘော်ကေတစ်ယောက် အလောတကြီး ဖြစ်နေပုံရ၏။ သူ့ထံက အချက်ပြမေးမြန်းသံတွေက အဆက်မပြတ်။ "ဒီလူ အန္တရာယ်ဝင်တော့မှာပဲ"။ သူ့အတွက် စိုးရိမ်စိတ်က ရုတ်တရက် ငယ်ထိပ်အထိ တက်လာ၏။

သူ့ထံ အကြောင်းပြန်ကြားချက်မရလေလေ ကေ၏ဆက်သွယ်သံက ညံလေလေဖြစ်တော့

www.burmeseclassic.com

www.burmeseclassic.com



မည်။ သေချာသည်။ ရဲဘော်ကေက သွေးဆူလွယ်သည့်သူ။

သူက သူ့လက်ရှိဘဝ အမှောင်တိုက်ကြီးထဲမှာ ဘာသာလူးလဲထထိုင်ရင်း အနီးအနားမှာ အချက်ပြဆက်သွယ်နိုင်မည့် တစ်စုံတစ်ရာကို တွေ့လိမ့်နိုးနိုး ဟိုစမ်း သည်စမ်း လျှောက်စမ်းသည်။ "အခြေအနေ ဘာထူးလဲ၊ အခြေအနေဘာထူးလဲ၊ အခြေအနေ ဘာထူးလဲ"။ ရဲဘော်ကေထံက အချက်ပြသံတွေ အမျှင်မပြတ်အောင် ကြားနေရဆဲ။ ဘာပဲဖြစ်ဖြစ် ... ဘာပဲဖြစ်ဖြစ်။ အသံထွက်နိုင်လျှင် တော်ပြီ။ လုံလောက်ပြီ။ ကဲ ... ဘယ်မှာလဲ။ ဘယ်မှာလဲ။ အမှောင်ထဲမှာ လျှောက်စမ်းနေသည်။

မျက်ဝန်း၌ အလင်းမရှိ။

လက်နှစ်ဖက်က ငုံးတိတိမို့၊ ဘာမျှမဟုတ်သည့် သည်ကချိကချောက်အလုပ်ကလေးလောက်ကပင်လျှင် သူ့အတွက် ခက်ခဲပင်ပန်းလွန်းနေသည်။ စိတ်က အဆက်မပြတ်တွေး၊ မှတ်ဉာဏ်မှာ တလက်လက်လင်းလာနေသည့် သိစိတ် အာရုံစေစားရာအတိုင်း တရွေ့ရွေ့၊ အလျင်စလို ပိုက်စိပ်တိုက်လျက် လျှောက်စမ်းနေမိသည်။ ကိုင်း ... လာစမ်း လာစမ်း။ ဘာပဲဖြစ်ဖြစ် တစ်ခုခုကို မြန်မြန်တွေ့စမ်း။ နှုတ်ကလည်း တတွတ်တွတ် တိုးတိုးရွတ်လျက်။ စိတ်ကိုစိတ်ဖြင့် စေခိုင်းသည့် (Auto suggestion) နည်းတဲ့။

သူတို့ အကြိမ်ကြိမ်အဖန်ဖန် လေ့ကျင့်ခဲ့ရသည်။ ပြောရလျှင် သူတို့ကို အထူးလက်ရွေးစင် 'လက်မရွှ့သုတ်သင်ရေးသမား' အဖြစ် စခန်းသွင်းလေ့ကျင့်ခဲ့သည့် (Red Camp) ရဲရဲတောက်စခန်း (သို့မဟုတ်) (A pathg of Death) 'မရဏလမ်းစခန်း' ရောက် ဦးစ၊ လေ့ကျင့်ရေးအရာခံထံ သတင်းပို့ပြီးသည်နှင့် "အဖနိုင်ငံအတွက် အသက်ကို စတေးမယ်"၊ "အဖနိုင်ငံအတွက် သတ်ရဲတယ်၊ သေရဲတယ်" စသည့် ကြွေးကြော်သံတွေကို အသံတိတ် စဉ်ရွတ်ခဲ့ရခြင်းဖြစ်သည်။ တစ်ထိုင်တည်း၌ အကြိမ်တစ်ထောင်တိတိ။ နောက်ပိုင်းဖြင့် သူတို့ လေ့ကျင့်စဉ်တွေတစ်လျှောက်လုံး (Auto Suggestion) က အခရာဖြစ်လာခဲ့တော့သည်။ စိတ်ဖြင့် သေနတ်မောင်းခလုတ်ကို၊ စိတ်ဖြင့်ပေါက်ဓားတစ်လက်၏လားရာကို၊ စိတ်ဖြင့် ခြေဖျားတစ်ခတ်၏ အားကို။ ကဲ ... ယခုကော တစ်ခုခုကို ရှာတွေ့စမ်းပေဟ့။

"ဟော"

ငုံးတိတိ သူ့ညာလက်ကောက်ဝတ်က တိုက်ခန်းနံရံကို မှီလျက် ထောင်ထားသည့် ထောင်ပုံစံသတ္တုပန်းကန်ပြားကို စမ်းမိသည်။ သူ့ဘေးမှာ သတ္တုပန်းကန်လုံး။ ပြီးလျှင် ခပ်မှုင်မှုင် ခပ်သေးသေးဝါးတူယောင်းကလေး တစ်ခု။

ထောင်ပုံစံ ဆပ်ပြာနံ့ကလေး ဝေ့ဝေ့စွဲထင်နေဆဲ။

'ဖြူ'ထားရစ်ခဲ့သည့်အတိုင်းတိုင်း။ 'ဖြူ'က အလွန်သန့်ရှင်းသပ်ရပ်လွန်းသည့် ကောင်ကလေး။

"အခြေအနေ ဘာထူးလဲ။ အခြေအနေဘာထူးလဲ"

"မသိဘူး။ ဘာတွေဖြစ်နေလဲ မသိဘူး။ တစ်ခုခုတော့ တစ်ခုခုပဲ။ အဲဒီဘက်မှာရော ဘာထူးလဲ"

သူ့အခန်းတံခါးဝ သံဇိုင်

www.burmeseclassic.com

www.burmeseclassic.com



တံခါးဆီ တရွေ့ရွေ့ ဖင်တွန်းရွေ့ ရင်း ထုံးစံအတိုင်း သတ္တုပန်းကန် လုံးကို ပါးစပ်ဖြင့်ကိုက်၊ ကျပ်လုံး သံတိုင်တွေ ဖောက်စွပ်ထားသည့် ထောင့်ချိုးသံဟင်ဂလန် (Angle Iron) တန်းကို အဆက်မပြတ် ခေါက်သည်။

ရဲဘော်ကေ ကြားလိမ့် မည်။ သေချာသည်။

"တစ်ခုခုတော့ တစ်ခုခုပဲ။ အခြေအနေထူးတယ်။ အကျဉ်း ထောင်ဝန်ထမ်းတွေအားကြီးပဲ။ တိုက်ခန်းနဲ့ အိပ်ဆောင်နားမှာ တန်းစီထားတယ်။ အရာရှိတွေ လည်း ပါတယ်။ အများကြီးပဲ၊ အများကြီးပဲ"

ဘုရားရေ။

ရင်ဝ၌ စလုံးစခုကြီး တစ် ဆို့နေခဲ့သည့် အကြိတ်အဖု အစိုင် အခဲကြီးက လောင်မီးကြီးတစ်ခု လို ဝင်းခနဲ လင်းလက်တောက် ပြက်လိုက်လျက် ဝမ်းထဲသို့ ဒုတ် ဒုတ်ထိ မချိမဆန့် ပြုတ်ကျသွား တော့သည်။ ရင်မှာ အေးခနဲ၊ နွေးခနဲ။ မည်သို့မျှ မတားဆီး လိုက်နိုင်။ ကြောက်စိတ်တွေက မီးလျှံဟပ်သလို သူ့တစ်ကိုယ်လုံး ကို ကျွမ်းခြစ် ဝါးမျိုပစ်လိုက်၏။

သူ့အသိ၊ သတိ၊ အာရုံ အလုံးစုံသည် မှောင်မည်းအေးခဲ နေသည့် အမိုက်တိုက်ကြီးက ဆွဲ ယူစုပ်မျိုပစ်ခြင်း ခံလိုက်ရသည် သို့ ဖောက်ထိုးမိုးမျှော် စုံးစုံးမြုပ် ထိုးကျသွား၏။ အဆုံးမဲ့၊ အတား အဆီးမဲ့ ဟိုး ... တွင်းနက်နက် ကြီးအောက်ခြေဆီသို့တိုင်။

"မစ္စတာ 'ဇက်' ရေ နေသာ ထိုင်သာရှိရဲ့လား။ ကျုပ်ကောင် ကလေး မောင်ဖြူကရော ကောင်း ကောင်းမွန်မွန် ပြုစုပေးရဲ့လား။ တခြားရဲဘော်ကလေးတွေရော။ အရင်တစ်ခါ မစ္စတာဇက် ကျုပ် ကို သတင်းပို့ပြီးတဲ့နောက် ရဲဘော်ကလေးတွေ ထပ်ပြီး အော်ကြီးဟစ်ကျယ် သီချင်းလာ လာဆိုနေကြသေးသလား"

"နိုး ... နိုး ထောင်ပိုင် ကြီး။ အားလုံး အဆင်ပြေပါ တယ်။ ကျန်းမာရေးလည်း ကောင်းပါတယ်။ မနက်တုန်းကပဲ ဆရာဝန်ကြီး 'ဒေါက်တာထွန်း' တောင်မှ လာစစ်သွားသေးတယ် ခင်ဗျာ"

"ဩော် ... ကောင်းပါ လေ့ ... ကောင်းပါလေ့။ မစ္စတာ 'ဇက်' အနေနဲ့ ဘာတွေ များ ထူးထူးခြားခြား တင်ပြစရာ၊ ပြောစရာရှိ သေးတုန်း"

"မရှိပါဘူး ထောင်ပိုင်ကြီး။ အဲ ... ဒါပေမဲ့ ထောင်ပိုင်ကြီးတို့ စီစဉ်ရတာ အခက်အခဲ မရှိခဲ့ရင် တော့ ဟိုးတစ်ရက်က ထမင်းပုံစံ နဲ့အတူပါလာတဲ့ အော်ဆွန်း အသုပ်နဲ့ ကန့်လန့်ဆိုင်(ကိုက်လန်) အစိမ်းကြော်မျိုးကိုပဲ စီစဉ်ပေးပါ ဦးခင်ဗျာ။ ဘာကြောင့်မှန်းမသိ ဘူး။ ခုတစ်လော အဲဒီလို အသီး အရွက်စိမ်း အရသာလေးတွေကို ခံတွင်းလိုက်နေတယ်"

"ဒါကမခက်ပါဘူး။ စီစဉ် ပေးခိုင်းလိုက်ပါ့မယ်။ ခင်ဗျားရဲ့ ကောင်လေး မောင်ဖြူကိုလည်း ပြောထားလိုက်ဦးလေ။ ဖိုကြီး တာဝန်ခံနဲ့ ဝင်တွေ့လိုက်ဦးလို့။ ဟုတ်လား"

"ကျေးဇူးပါ ထောင်ပိုင် ကြီး"

"ဩော် ... မစ္စတာ 'ဇက်' ရေ"

"ဟုတ်ကဲ့"

"အကယ်၍ ... အကယ် ၍လို့ ပြောတာနော်။ ကျွန်တော် တို့အနေနဲ့ တာဝန်အရ မလွှဲ မရှောင်သာ လုပ်ရကိုင်ရ ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ရွက်ရမယ့်ကိစ္စမျိုးတွေ ရှိလာခဲ့ရင် နားလည်ခွင့်လွှတ်ပေးပါနော်"

"ခင်ဗျာ"

သေချာပြီ။ မနေ့တစ်နေ့က ထောင်ပိုင်ကြီး စောင်းပါးရိပ်ခြည် ပြောသွားခဲ့သည့် "အကယ်၍" ၏ အဓိပ္ပာယ်ကို ယခုဖြင့် သူ တိတိပပသိလိုက်ပြီ။

"ငါ့ကို ... ငါ့ကို။ ကြိုးပေးသတ်ကြတော့မှာလား"

ကယောင်ချောက်ချား မူးမူး ရီရီ ဖြစ်ချင်လာသည်။ နဂိုကပင် ပိတ်သည်းနေခဲ့သည့် အမှောင်ထုကြီးက ပို၍ ပို၍ မည်းနက် စေးပျစ် ကျဉ်းကျုံ့လာသလိုလို။

"ထောင်ဝန်ထမ်းတွေ ဘယ်လောက်များလဲ။ ဘယ်ဘက်မှာရှိနေလဲ။ ထောင်ပိုင်ကြီး ပါသေးသလား"

ရဲဘော်ကေ၏ အလျှင်စလို နိုင်ချင်မှု စရိုက်ဓလေ့တွေက ဖြုတ်ချည်းပင် သူ့အပေါ် တစ်ခဲနက် ပြုံ၍ပိကျလာသည်သို့ ရှိ၏။ သူ့ပါးစပ်တွင် ကိုက်ထားသည့် သတ္တုပြန်းကန်လုံးကလေးသည် တံခါးသံတန်းကို အဆက်မပြတ် အလျှင်စလို တခေါင်ခေါင် ခေါက် ခေါက်၊ ခေါက်ပြီးရင်း ခေါက်။ ရုတ်တရက် ရှုံ့သွပ်သွားတော့သလို။

ရင်အေးချင်ဖွယ် တုံ့ပြန်သံတင်းကို အာသီသပြင်းစွာ သူ့စိတ်က နားစွင့်လျက်။ မျှော်လင့်ခိုးတွေဝေလျက် ဖြစ်နိုင်လျှင် ပြေးဆင်း၍ လေညင်းကလေး တစ်ခတ်နှယ် ရဲဘော်ကေ ထံ အရှူးတစ်ပိုင်း မေးကြည့်လိုက်ချင်၏။ ယခုဖြင့်မူ ...

"ထောင်ပိုင်ကြီးကို မမြင်ရသေးဘူး။ မျက်မြင်အရ ဝန်ထမ်းအင်အား (၄၀) ကျော်တယ်။ သီးသန့် တိုက်ကလေးဘက်မှာ ခါတိုင်း ပုံမှန်ဝန်ထမ်းတွေနဲ့အတူ မျက်နှာသစ် (၁၀) ယောက်လောက် ထပ်တိုးလာတယ်။ ရဲဘော်ကြီးရဲ့ အဆောင်က ပုံမှန်ဝန်ထမ်းတွေကို တစ်ယောက်မှ မတွေ့ရသေးဘူး။ လူသစ်တွေချည်းပဲ။ (၁၀) ယောက် တန်း (၃) တွဲ၊ လူ (၃၀)က တန်းစီထားတယ်။ အရာရှိနဲ့အကြပ်တွေက အောက်ထပ်မှာ။ အဆောင်ပတ်ပတ်လည် ညကင်းအဖွဲ့တွေလည်း တိုးထားတယ်"

သတင်းက ရှင်းလင်းတိကျသည်။

ရဲဘော်'ကေ'က သူတို့မစ်ရှင်မှာ လက်တစ်ဖက်ပဲ ဆုံးရှုံးခဲ့ရသူ။ ကံကဖေးကူခဲ့၍လည်း ဖြစ်မည်။ သူ့ကြံရည်ဖန်ရည် လုပ်ရည်ကိုင်ရည်က ပါးပါးနပ်နပ်ရှိလွန်းလှ၍လည်း ဖြစ်ချင်ဖြစ်မည်။ ဗိုလ်ကြီးအဆင့်ဖြင့် သူဦးစီးသည့် Black Trangle လက်မရွံ့သုတ်သင်ရှင်းလင်းရေး မစ်ရှင်အစုကလေးသို့ တွဲဖက်လာသည့် ရဲဘော်'ကေ'က လူလုံးလူဖန်ကောင်းကောင်း၊ အသားအရေ ဝင်းဝင်း၊ ဥပဓိသန့်သန့်၊ ခန့်ခန့်ထည်ထည်။ ထောက်လှမ်းရေးနှင့် သတင်းသရုပ်ခွဲပညာရပ်မှာ တစ်ဖက်ကမ်းခတ်ကျွမ်းကျင်သူ ရဲဘော်ကေ၏ မျက်ဝန်းတွေက လင်းယုန်ငှက်တစ်ကောင်၊ ကျားရိုင်း တစ်ကောင်၏ မျက်ဝန်း တွေလိုမျိုး မြန်သည်၊ စူးရဲသည်၊ တိကျသေချာသည်။ ပစ်မှတ် ရန်သူကို ရှေ့တူရှု မြင်ကွင်းကျယ်ကြီးထဲက ချက်ချင်းသီးသန့်ခွဲထုတ် မြင်စွမ်းနိုင်သည်။ ပုန်းကွယ်နေသည့် ပစ်မှတ်၏တည်ရာနှင့် သူ့အင်အားကို ရုတ်ချည်း တွက်ဆနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်ကလေးရဲဘော် 'စီ' က အဖနိုင်ငံအတွက် အသက်စတေးခဲ့။ သူက လက်နှစ်ဖက်၊ ခြေနှစ် ချောင်း၊ စက္ခုနှစ်ကွင်းနှင့် လက်ကျန်ဘဝသက်တမ်းအလုံးစုံကို ပေးဆပ်ခဲ့ရသည့် သည်အန္တရာယ်ပြွမ်းသော အကာလမရဏခရီး၌ ရဲဘော်'ကေ'က ဆုံးရှုံးမှုအနည်းခဲ့ဆုံး။ အထူးသဖြင့် စနစ်တကျ လေ့ကျင့်တည်ဆောက်ထားသည့် အမြင်အာရုံ၊ အကြားအာရုံ၊ ဆင်ခြင်ပိုင်းဖြတ်မှုအာရုံတွေ၊ လက် တစ်ဖက်မှအပ အကောင်းပကတိကျန်နေသေးသည့် ရုပ်ခန္ဓာကြီးက သူ့အနာဂတ်ကို ဖန်တီးနိုင်ခွင့်တွေ ရှင်သန်အောင် စိုက်ပျိုးပြုစုမွေးမြူနိုင်နေသေးသည်။

ပြီးတော့ သူ့အတွက် ကမ္ဘာလောကနှင့် လုံးဝအဆက်မပြတ်မသွားစေဖို့ အချက်ပြသတင်းတွေဖြင့် ကူပံ့ပေးနေသည့် သက်ရှိအကဲကြည့်လည်း ဖြစ်သေးသည်။

ပစ္စက္ခတွင် သူ့လက်အောက် တပ်ဖွဲ့သားဆိုသည်ထက် သေတူရှင်ဘက် ကံကြမ္မာခရီးဖော်၊ သူ့မျက်စိ သူ့နားဆိုလေမှ မှန်မည်။

**သူ့ပါးစပ်တွင်**
**ကိုက်ထားသည့်**
**သစ္စာပြန်းကန်လုံး**
**ကလေးသည်**
**တံခါးသံတန်းကို**
**အဆက်မပြတ်**
**အလျင်စလို**
**တဒေါင်ဒေါင်**
**ခေါက်ခေါက်၊**
**ခေါက်ပြီးရင်းခေါက်။**

ရဲဘော်'ကေ'နှင့် ကျဆုံးခဲ့ရရှာလေသူကောင်ကလေး ရဲဘော် 'စီ'တို့က သူ့ကို ရဲဘော်ကြီး (Our Commander)ဟုပဲ ချစ်စနိုးခေါ်တတ်ကြစမြဲ။ စစ်ဆင်ရေးအစမှာ သူ့အတွက် သတ်မှတ်ပေးထားသည့် လျှို့ဝှက်နာမည်'စွန်ရဲ' (Kite) ဆိုသည်ကိုပင် မေ့သလောက် ရှိခဲ့ရ။

"ရဲဘော်'ကေ'ရေ… မင်းတို့ ရဲဘော်ကြီးရဲ့ နောက်ဆုံးခရီးကို လိုက်ပို့မယ့်ပရိသတ်တွေ စုရုံးနေကြတာပဲ ထင်ပါရဲ့။ အားလုံးက ဖြင့် နိဂုံးချုပ်ဖို့ တဖြည်းဖြည်းနီးလာနေပြီ"

တတောက်တောက် တတက်တက် လေမှာလွင့်၍ စီးမျောသွားသည့် သူ့ဆက်သွယ်သံအဆုံးမှာ ရဲဘော်'ကေ'၏ တုံ့ပြန်မှုက ချက်ချင်းပင် အပြေးအလွှားပြန်ရောက်လာတော့၏။

"ဘာလုပ်ကြမလို့လဲ ဆိုတာတော့ သေသေချာချာရှင်းရှင်းလင်းလင်း မသိရသေးဘူး။ ပုံမှန်ညဝန်ထမ်းရဲဘော်တွေကို ကပ်ပြီးမေးကြည့်လိုက်ဦးမယ်။ သိပ်စိတ်မလှုပ်ရှားပါနဲ့။ သတင်းတစ်ခုခု

www.burmeseclassic.com

www.burmeseclassic.com



ရထားလို့ အထူးရှာဖွေရေး (special searching) လုပ်တာလည်း ဖြစ်နိုင်တာပဲ။ ခဏစောင့်ပါဦး ရဲဘော်ကြီး"

"အင်းလေ … ဟုတ်ပါရဲ့"။ မျှော်လင့်ခိုးဖြင့် ရင်ငြိမ်အောင် ထိန်းလိုက်ရပြန်သည်။

"ဘဝဆိုတာ ကြိုတင်မျှော်လင့်မထားနိုင်တဲ့ မရေရာ မသေချာမှုတွေကို သူ့နေရာနဲ့သူ စနစ်တကျ စီစဉ်နေရာချထားပြီး အကောင်းဆုံးအဖြေထုတ်ယူတတ်ရတဲ့ ကစားပွဲတစ်ခုပဲ။ တိုက်ပွဲဆိုတာလည်း ဘဝရဲ့ အစိတ်အပိုင်း၊ အကိုင်းအခက်ဆိုတော့ အဲဒီအတိုင်းတိုင်းပဲပေါ့။ ဒါပေမဲ့ တိုက်ပွဲမှာ တုံ့ပြန်မှု ပိုမြန်ရတယ်။ မသေချာမှုတွေထဲက အကဲအသာဆုံးဖြစ်နိုင်ချေတွေကို အရင်ဦးဆုံး ထုတ်ယူနိုင်လိုက်တဲ့သူက အောင်နိုင်တဲ့သူပဲ။ ဒါကြောင့် မရေရာ မသေချာတာတွေ ဆိုတိုင်း မကြောက်နဲ့။ မည်းမည်းမှောင်မှောင်နေတဲ့ တိမ်အုပ်ကြီးရဲ့ အနားစွန်းမှာ အလင်းကွက်ကလေးတွေ ရှိနေတတ်စမြဲပဲ။ မသေချာမှုထဲက ဖြစ်နိုင်ချေတွေကို စစ်ထုတ်ယူနိုင်ဖို့က အတွေ့အကြုံလိုတယ်၊ လေ့ကျင့်မှုလိုတယ်၊ ရင့်ကျက်မှုလိုတယ်။ ဟိုဝေးဝေး အတိတ်ဆီက အသံတွေ။

တောင်ကုန်းအမှတ် (၇၃၂) ပေါ်က ကျဆုံးနေသည့် စစ်သည်အလောင်းတွေ၊ ခြေပြတ် လက်ပြတ်ကိုယ်ကောင်တစ်ပိုင်းတစ်စသက်မဲ့ရုပ်ခန္ဓာတွေ၊ တညည်းညည်းတညူညူ ဒဏ်ရာရနာကျင်တွန့်လိမ် ကိုယ်ကောင်အစုအပုံကြီးတွေဖြင့် ပြည့်ကျပ်နေသည့် ကတုတ်ကျင်းရှည်ကြီးတွေနှင့်ပြွမ်းသည့် ဟိုးစစ်မြေမှအသံတွေ။ တပ်စုတပ်ကြပ်ကြီး 'လီဂျင်စောက်'။ တီကေအိုင်-၄ နှင့် အယ်အိုင်-၃ ရန်သူစစ်ကြောင်းတွေ၏ အရှေ့ဦးတိုက်စစ်ဖြင့် ရုတ်တရက် တစ်ဟုန်ထိုး ထိုးဖောက်စစ်ဆင်လာမှုကို မည်သို့မျှ မဟန့်တားလိုက်နိုင်ဘဲ သူတို့ခံစစ်စည်း ကျိုးပေါက်၊ အထိနာ၊ အကျအဆုံးတွေ အတုံးအရုံးဖြင့် ရှုံးနိမ့်ဆုတ်ခွာခဲ့ရသည့် ထိုအရှေ့နံနက်တစ်ခင်းမှာ ကြွင်းရစ်ခဲ့သည့် သူတို့လက်ကျန်ရဲဘော်တွေကို ဆရာကြီးလီ အော်ငေါက်ဆူဆဲရင်း ပြောခဲ့ဖူးသည့် စကား။

"ကွန်မြူနစ်တွေ အလို့မရှိ"

"တို့နိုင်ငံကို ကာကွယ်ကြ"

"ကွန်မြူနစ်ခွေးကောင်တွေကို သုတ်သင်ကြ"

"သတ်ဖို့နဲ့သေဖို့ နှစ်လမ်းပဲရှိတယ်။ သေမလား၊ နေမလား။ သတ်မလား၊ သေမလား"

"ခါးပြနီတွေကိုသတ်"

"တပ်နီကောင်တွေဟာ သူခိုးဓားပြတွေပဲ။ တစ်ယောက်မကျန် သတ်ပစ်ကြ"

"မင်းတို့နိုင်ငံတော်အတွက် မင်းတို့အသက်ကို ပေးဆပ်ကြ။ မင်းတို့မိဘနဲ့ မင်းတို့သားသမီးတွေအတွက် အနီကောင်တွေကို သုတ်သင်ကြ"

စစ်တလင်း -တစ်ခုလုံး အောင်နိုင်သူတို့၏ ဟစ်ကြွေးသံတွေသာ လွှမ်းနေသည့် မည်းမည်းမှောင်သည့် မိုးခိုးတွေ၊ မီး



www.burmeseclassic.com

www.burmeseclassic.com



# ဗေဒါမြစ်ရင်း သချင်း သစ္စာကိုဆန့်၍

တောက်မီးလျှံတွေ၊ တဝုန်းဝုန်း တဒုန်းဒုန်း အဆက်မပြတ်ပေါက်ကွဲနေသည့် အမြောက်ကျည်ဆန်တွေ၊ တောင်နံရံကမ်းပါးကြီးတွေပဲ့ကြွေ လွင့်ကျလာသည်သို့ တဖြောဖြောသွန်ကျလာနေသည့် မြေစိုင်မြေခဲ၊ သဲမှုန့်ဖုန်မှုန့်တွေ၊ နေရာအနှံ့ တူးခြစ်လောင်ကျွမ်းနေသည့် မီးတောက်မီးလျှံတွေ၊ တဒိုင်းဒိုင်း တရှိန်ရှိန်အော်မြည် ပြေးလွှားရင်း သေမင်းနှင့် လိုက်တမ်းပြေးတမ်း စိန်ခေါ်ကစားနေသည့် သေွးမင်ငတ်မွတ်ကျည်ဆန်တွေ။ ထိုအခင်းအကျင်းထဲမှာပင် စစ်ပွဲကို တစ်ဖက်သတ် အသာစီးရသွားဟန်ရှိနေသည့် တစ်ခန်နက်သော ရန်သူစစ်သားလှိုင်းလုံးထုကြီးဆီမှ ကြုံးပသံတွေကလည်း ဟိန်းဟိန်းညံဝေ။

သေမလား၊ ရှင်မလား။

ဘာဆိုဘာမျှ မသေချာ။ အားလုံးဖြစ်သွားနိုင်သည်။ ပြေးနေလွှားနေတုန်း တစ်ဖက်ရန်သူကို ဖိ၍ ပစ်နေခတ်နေတုန်းမှာပင် ဗုံးခဲ လဲကျသေဆုံးသွားနိုင်သည်။ ဝုန်းခနဲ ဒိုင်းခနဲ အမြောက်ကျည်တစ်ခု ကျရောက်ပေါက်ကွဲချိန်မှာပဲ သူ့ခန္ဓာကိုယ် အပိုင်းအစတွေ တစ်စစီ တစ်မွှာစီ သွေးအလိမ်းလိမ်းဖြင့် ကြေပျက်လွင့်စင်သွားနိုင်သည်။ ဘာမဆိုဖြစ်ချင်ရာရာတွေ ဖြစ်နိုင်နေသည်။ 'အနတ္တမြေ'၊ 'မရဏမြေ'။

ထိုစဉ်တုန်းကလည်း မသေခဲ့။

သေကံမရောက် သက်မပျောက် ကြွင်းရစ်ရှင်သန်သူ လက်တစ်ဆုပ်စာသာသာကလေးထဲမှာ သူ ပါလာခဲ့သည်။

တောင်ကုန်းအမှတ် ၂၁၊ ၃၄၊ ၃၁၊ ၇၃၂ တစ်လျှောက် သူတို့စစ်ကြောင်းတွေ အထပ်ထပ် ဝိုင်းပတ်ပိတ်ဆို့၍၊ ရံ၍ ရိက္ခာနှင့်ရေ၊ လက်နက်၊ ကျည်ဖြည့်တင်းမှုများကို လုံးဝမလုပ်နိုင်ဘဲ (၇) ရက်ခန့် ပိတ်မိနေခဲ့ရပြီးဖြစ်သည်။ ရန်သူသည် သွေးရူးသွေးတန်းဖြင့် သရဲမင်းရဲစီးသလို အနီးကပ် (Dog fight)ပုံစံ ထွေးလုံးရစ်ပတ်ဖွတ်အတင်း ဝင်ပူးဝင်လုံးလျက် သူတို့စစ်ကြောင်း၏အားအပျော့ဆုံးတောင်ကုန်း-၇၃၂ ကို စီးနင်းတိုက်ခိုက်ခဲ့သည်။

ရှင်သန်လိုသူတို့၏ ကျားကုပ်ကျားခဲ အားထုတ်မှု အသက်လုပွဲသည် ကြောက်မက်ချောက်ချားစဖွယ်။ ခွေးရူးတစ်အုပ် မည်းမည်းမြင်ရာ ဖမ်းကိုက်နေသလို။

တောင်ကုန်းအမှတ်-၇၃၂ သည် တစ်မုဟုတ်ချင်းအတွင်း မယုံနိုင်အောက်အောင် ကျဆုံးခဲ့ရသည်။ စစ်ပွဲ၏ အကဲသာမှုသည် ရုတ်ခြည်းပင် ပြောင်းပြန်ဖြစ်သွားပြန်၏။ အသာစီးရမှု၌ ယစ်မူးလျက် သရဲမင်းရဲစီးနေသည့် ရန်သူသည် တောင်ကုန်းအမှတ်-၇၃၂ မှသည် ၃၄၊ ၃၁၊ ၂၁ တောက်လျှောက်ကြီး တန်ပြန်တိုက်စစ်ကို တရကြမ်းဖွင့်၍ သူတို့ခံစစ်ကြောင်းကြီးကို ရိုက်ချိုးပစ်လိုက်နိုင်ခဲ့သည်။

ထိုနေ့က အသက်ရှင်ကျန်သူ နည်းလွန်းလှ၏။

ထိုနည်းလှသည့် လူစုကလေးမှာ သူ ပါလာခဲ့သည်။ ပါသည်မှ သူ့ခြေ လက်အင်္ဂါ ဘယ်အပိုင်းတွင်မျှ ကြီးတောင်ကြီးမား ဒဏ်ရာထိထိခိုက်ခိုက်မရှိခဲ့ဘဲ ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။ ဖိုးကံကောင်းဟုသာ ဆိုရတော့

www.burmeseclassic.com

www.burmeseclassic.com



> "Hanging System" တဲ့။ မသေမချင်း လည်ပင်းကို ကြိုးကွင်းစွပ်၍ သတ်ခြင်း။ သေစေခြင်းတဲ့။ (Death Sentence) သေစားသေစေ သေဒဏ်တဲ့''

မလိုပင်။

သည်တစ်ခါကော ... သည်တစ်ကြိမ်မှာကော။

သေမင်းခံတွင်းက ကံကြီး ကံကောင်းစွာ ပွတ်ကာသီကာ ခုန်ထွက်နိုင်ဦးမလား။

"တောက် ... တောက် တောက် ... တောက် ... တောက်"

တဒင်္ဂတွေ၊ ခဏတွေ ကြွေကျသွားနေသည်ကိုပင် နှေးလွန်းလှ၏ဟု စိတ်အလျင်လိုနေဆဲ အခိုက် ရဲဘော်ကေဆီက သတင်းက ဝင်လာခဲ့ပြန်၏။

"အခြေအနေ မရှင်းလင်းသေးဘူး။ ဝန်ထမ်းတွေတောင် တိတိကျကျ သိကြပုံမရဘူးထင်တယ်။ မျက်နှာစိမ်းဝန်ထမ်းတွေက သင်တန်းသားတွေတဲ့။ ထောင်မကြီးက ဝန်ထမ်းတချို့ ပါလာတယ်။ ဆက်သတင်းပို့မယ် စောင့်ပါ"

သေချာပြီ၊ သေချာပြီ။ ကြောက်ကြောက်ရွံ့ရွံ့နှင့် စိတ်ကူးအတွေးထဲကို အဝင်မခံ မောင်းထုတ်ထားခဲ့မိသည့် အခြေအနေတစ်ခုသည် မမျှော်မလင့်မိလိုက်ခင်မှာပင် ဘွားခနဲ ကိုယ်ထင်ပြလာခဲ့ပြီ။ သေချာပြီ။

"Hanging System" တဲ့။ မသေမချင်း လည်ပင်းကို ကြိုးကွင်းစွပ်၍ သတ်ခြင်း၊ သေစေခြင်းတဲ့။ (Death Sentence) သေစားသေစေ သေဒဏ်တဲ့"

သည်မရဏခရီးကြမ်းဆီသို့ ခြေတစ်လှမ်းစ၍ ရွေ့လိုက်မိသည်နှင့်ပင် နောက်ဆုတ်ကျောခိုင်း၍ မရနိုင်တော့ပြီမှန်း၊ ခရီးလမ်းဆုံး၌လည်း အကြီးအကျယ်ဆုံး အောင်မြင်ဝမ်းမြောက်မှုတွေ ကြုံလာရနိုင်သလို သူတို့၏အန္တိမခရီးသည် တိုက်ပွဲဝင်ရင်း သေဖို့သက်သက်ဆိုသည်မှန်းလည်း တိတိလင်းလင်း သိထားခဲ့ပြီးသား။

ယခုကြုံနေရသလို လည်ပင်းကို ကြိုးကွင်းစွပ်၍ သေဒဏ်စီရင်ခြင်းဆိုသည်မျိုးကို သူတစ်ခါဖူးမျှ မတွေးခဲ့ စဖူး။ ကမ္ဘာကျော်ကောင်းဘွိုင်မင်းသားကြီး ဂျွန်ဝိုးတို့၊ ရော်နယ်ရေဂင်တို့၊ လီဗင်ကလစ်ဖ်တို့၊ ကလင့်အိ(စ်)ဝုဒ်တို့၏ အမေရိကန်အနောက်ဘက်ပိုင်းနိုင်ငံခြားဇာတ်လမ်းတွေထဲက ကြိုးပေးစီရင်ခန်းတွေလို ဖြစ်မှာပါပဲ ဟုသာ ဝေဝေဝါးဝါး ထင်ထား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့မိ၏။ မိမိနှင့်ဆိုင်လာလိမ့်မည်ဟုမူ မည်သို့မျှ အတွေးမဝင်မိခဲ့။ ယခုဖြင့်လျှင် ...

"ဖြူ ... ကောင်ကလေးဖြူ"

ပြင်းပြင်းပြပြ တမ်းတစိတ်တွေ ဆိုင်းဆိုင်းဆို့ လှိုက်တက်လာသည်။ ဟုတ်သည်။ ကောင်ကလေးဖြူ ဘယ်မှာလဲ။ ဖြူ ... ဘယ်ရောက်နေသလဲ။

အမှန်က ကောင်ကလေး၏နာမည်ကို Maung Phyu ဟု သူသိထားသည်။ သို့သော်လည်း Maung ဟူသည့် အက္ခရာစု၏အသံထွက်ကို သူ့အာ သူ့လျှာကမှန်အောင်ထွက်၍မရ။ ကြိုးစားပမ်းစား ခေါ်ကြည့်မိခဲ့သေးသည့်တိုင် ရယ်စရာအသံတွေသာထွက်လာနေ၍ လက်လျှော့လိုက်ရစမြဲ။ အခေါ်ရခက်လှသည့်နာမည်ပိုင်ရှင် အသားဖြူဖြူ၊ မျက်နှာဝိုင်းဝိုင်း၊ ဝဝလုံးလုံးကလေးမျက်နှာကလေးနှင့်ဟု အများကပြောကြသည့် ရဲဘော်ကလေးကတခစ်ခစ်ရယ်ရင်း သူ အခက်တွေ့နေပုံကို သဘောကျနေခဲ့သေး၏။ နောက်ဆုံးတွင်မူကောင်ကလေးကို 'ဖြူ'ဟုပဲနှုတ်သင့်သလို လွယ်လွယ်ခေါ်ခဲ့လိုက်မိတော့သည်။

ယခုဖြင့် သူ့ကောင်ကလေးဖြူ ဘယ်ပျောက်နေသလဲ။

အနေစိမ်းလွန်းလှသည့် စိုထိုင်းထိုင်း၊ အေးစိမ့်စိမ့်အသံလုံလုံထုထည်ကြီးကြီး တိုက်ခန်းကျဉ်းလေးတစ်ခုထဲမှာ သူ ရောက်ပြီးသိပ်မကြာခင် ကောင်ကလေး



ဖြူ။ ဖြူဟု သူက သံယောဇဉ်ဖွဲ့ဖြစ်ခဲ့သည့် ရဲဘော်ကလေးကိုတွေ့ခဲ့ရခြင်းဖြစ်သည်။ ခြေမဲ့လက်မဲ့ မျက်စိအလင်းကွယ်နေခဲ့သည့် သူလိုဒုက္ခိတအကျဉ်းသားအိုကြီးတစ်ယောက်ကို ချေးကလူသေးကလူ ကလေးပေါက်စနီးပေါက်စနု သုတ်သင်ပြုစုရသလိုမရွံ့မရှာ၊ မငြီးမငြူဆောင်ရွက်ပေးမည့် အကျဉ်းထောင်ဝန်ထမ်းကလေး အဖြစ်နှင့်လေ။

နှစ် တစ်ပတ်လည်ကျော်လာခဲ့ပြီဖြစ်သည့် သူနှင့် ကောင်ကလေးဖြူတို့၏ ဆက်ဆံရေးမှာနှစ်ကိုယ့်တစ်စိတ်ပမာ အသားကျနေခဲ့ပြီ။ ဖြူသည် သူ့ခြေ၊ သူ့လက်၊ သူ့မျက်လုံးမျှသာ မဟုတ်တော့။ နေရသခိုက် လူ့ဘဝတာကလေး၏ ငြိမ်းအေးရာ၊ လူ့စိတ်နှလုံးက သံယောဇဉ်အကြည်ဓာတ်တွေ လင်းလက်နွေးထွေးရာ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကြည်လင်ပျော်မွေ့ရာ၊ စိတ်တစ်ခဏ လုံခြုံရာ တဒင်္ဂလေးများစွာကို အတူစိုက်ပျိုးခဲ့သူလည်း ဖြစ်သည်။

"ကောင်ကလေးရေ … ဖြူရေ"

အသံက ထွက်မလာ။ လည်ချောင်းဝမှာပင် တစ်ဆို့နေသည်။

လက်ရှိပစ္စက္ခ၌ သူ အခင်တွယ်ရဆုံး လူသားဟူသည် ကောင်ကလေးဖြူတစ်ယောက်တည်း။

သည်ကလေး ဘယ်မှာလဲ။

ဘဝတာ၏ နောက်ဆုံးအချိန်ကလေးမှာ သည်ကောင်ကလေးကို နှုတ်ဆက်ခွင့်မှ ကြုံနိုင်ပါဦးတော့မည်လား။

"သုတ်သင်ရှင်းလင်းရေးသမားကောင်းတစ်ဦးအဖို့ လူသားဆန်လွန်းတဲ့ နှောင်တွယ်မှု မှန်သမျှကို ရက်ရက်ရောရော စွန့်ပစ်နိုင်ဖို့ လိုအပ်တယ်။ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့မိဘ၊ ငါ့သားသမီးတွေအတွက် အလုပ်လုပ်ပေးနေတယ်ဆိုပေမယ့်လည်း လိုအပ်လာခဲ့ရင် အဲဒီ 'ငါ … ငါ'ဆိုတဲ့ အရာတွေကိုတောင် ဥပေက္ခာပြုနိုင်ရဲရမယ်။ သံယောဇဉ်ဆိုတာဟာ တို့အလုပ်အတွက် တုံ့ဆိုင်းတွေဝေစေတတ်တဲ့ ဘိန်းပဲ။ ဆူးညှောင့်ခလုတ်ပဲ"

'ချူဒို'ဆိပ်ကမ်းက ထွက်မည့် နောက်ဆုံးနေ့၊ နောက်ဆုံးအချိန်၊ သူတို့ သုတ်သင်ရေး စီမံကိန်းများ၏ တပ်ဖွဲ့မှူး၊ ဗိုလ်မှူးကြီး 'ချို'က ပြောခဲ့သည့် နှုတ်ဆက်စကား။ ပြီးတော့ နောက်ကိုလှည့်မကြည့်နဲ့တဲ့။

သို့သော်လည်း သည်ကောင်ကလေးနှင့် နေခွင့်ရခဲ့သည့် ကာလတိုတို အချိန်ကလေးအတွင်းမှာ သူ့တစ်ကိုယ်လုံး ဟုန်းဟုန်း ဖွဲလောင်နေခဲ့သည့် အာဃာတမီးတွေက ငြိမ်းသေခဲ့။ မေတ္တာတရား၏ စစ်မှန်မှုတွေကို ကြုံကြိုက်ခဲ့။ ထိုသည်၏အခြားမဲ့၌ သံယောဇဉ်ဟူသည် မူးယစ်တွေဝေစေသည့် ဘိန်းမဟုတ်မှန်း သူသိခဲ့။

သံယောဇဉ်ဟူသည် မီးကိုလည်း လောင်စေနိုင်၏။

လောင်သောမီးကိုသော်မှလည်း ငြိမ်းစေနိုင်၏။

သံယောဇဉ်ကို ရင်မှာ ဘယ်လို ပျိုးသလဲ။ ဘယ်ပုံသို့ဖွက်သိမ်းဆည်းထားသလဲ။ ကောင်ကလေးဖြူနှင့်အတူ သင်ယူခွင့်ရခဲ့ပြီးပြီ။ ကောင်ကလေးရေ … ကောင်ကလေးရေ။

"ဒုန်း … ဒုန်း … ဒုန်း ဒုန်း … ဒုန်း"

ကွန်ကရစ်လှေကားထစ်တွေကို ရေးကြီးသုတ်ပျာ နင်းကျော်၍ အပြေးတစ်ပိုင်း တက်လာနေသူတစ်ယောက်၏ ခြေသံကို ကြား၏။ ကောင်ကလေးဖြင့် မဟုတ်။ ကြီးကြီးခိုင်ခိုင် စိတ်နှလုံးထား တင်းတင်းမာမာလူတစ်ယောက်သာ ဖြစ်မည်။ ဝံ့ရဲသေချာသော သူ့ခြေသံတွေက အားအင်ရှိလှ၏။

ခြေသံသည် တက်လာနေသူထက် အလျင်ဦး၍ သူ့တိုက်ခန်းကလေးဆီသို့ ရောက်နှင့်သည်။ အောက်ထပ်ကြမ်းခင်းပြင်မှသည် လှေကား (၂၂) ထစ်ကိုဖြတ်၊ အဆောက်အဦ၏ ထောင့်ချိုးကွေ့ကလေးကို ကျော်၍ ခြေလှမ်း (၁၀) လှမ်းခန့် လျှောက်မိလျှင်ပင် သူ့အခန်းကလေးရှေ့ကို ရောက်ပြီ။ အခန်းကလေးရှေ့မှာ ဝရန်တာကလေး ရှိမည်ထင်သည်။ ပြီးလျှင် ဟင်း

www.burmeseclassic.com

www.burmeseclassic.com



"ဒါက သူ လုပ်နေကျ အလုပ်ပါ ဆရာ။ သူ့အမှုတွဲနဲ့ အချက်ပြပြီး စကားပြောနေကြတာပါ"

"ဟေ"

"ဟုတ်တယ် ဆရာ။ ဟိုအထူးဆောင်၊ သီးသန့်အိမ်ကလေးထဲက အကျဉ်းသားက သူ့အမှုတွဲပါ။ ကပ္ပတိန်လို့ ပြောကြတာပဲ။ အဲ … သူတို့အဖွဲ့ထဲက တစ်ယောက်ကတော့ အဖမ်းမခံဘဲ သူ့ဘာသာ ဗုံးခွဲပြီး သတ်သေသွားတယ်တဲ့။ အခု သူ ဆက်သွယ်နေတဲ့ သီးသန့်အိမ်ကလေးက ငတိကတော့ ညာဘက်လက်ကောက်ဝတ်ကနေ ပြတ်သွားခဲ့တာကလွဲပြီး အကောင်းပကတိပဲ ဆရာ"

"သြော်"

"အဲဒီကောင်က ဖော်ကောင်လေ။ ဒါကြောင့် သူ့ကို အဲဒီသီးသန့်အိမ်ကလေးထဲမှာပဲ ခွဲထားတာ"

"သြော … အဲဒီလိုလား။ နို့ … နေပါဦး။ သူတို့အချင်းချင်း နေ့တိုင်းနေ့တိုင်း ဒီလိုပဲ အချက်ပြ ဆက်သွယ်ပြီး စကားပြောနေကြတာပဲလား"

ပြောတစ်ခွန်းပြောဖြစ်ခဲ့သည်က လွဲ၍ နှုတ်ကို တင်းတင်းစေ့ထားခဲ့သဖြင့် သူ့ကို ဆွံ့အနားမကြားဟု ထင်နေကြခြင်းဖြစ်သည်။

"ရှိပါတယ် ဆရာ"

"ဒီမှာကွာ အကျဉ်းသားက သံတိုင်ခေါက်ပြီး ခေါ်နေရှာတာ။ ဘာဖြစ်လို့လဲ၊ ဘာလိုချင်လို့လဲ၊ ဘာလုပ်ပေးရမလဲ မေးစမ်းပါဦး"

"သူက ကျွန်တော်တို့နဲ့ စကားမပြောဘူး ဆရာ"

"ဟေ"

"ပြီးတော့ မျက်စိနှစ်လုံးစလုံးကလည်း မမြင်ရရှာဘူး"

"အယ်"

"နောက် ခြေနှစ်ဖက်၊ လက်နှစ်ဖက်ကလည်း ငုံးတိကြီးတွေ ပြတ်နေသေးတာရယ်"

"ဟောဗျာ … ဒုက္ခပါပဲ။ အခု သူ ဘာလိုချင်တာတဲ့လဲ။ တို့က ဘာလုပ်ပေးရမလဲဆိုတာ ဘယ်လိုလုပ်သိမှာတုံး … ကဲ"

"သူ ဘာမှလိုချင်လို့ မဟုတ်ပါဘူး ဆရာ"

"ဟေ … မင်းက ဘာလို့ ဒီလောက်တောင် အတပ်သိနေရတာလဲ ဟေ့ကောင်ရေ"

လင်းပွင့် လဟာပြင်ကျယ်ကြီးလည်း ရှိနေပေလိမ့်မည်။ သူ့အခန်းကလေးဆီ တဟူးဟူး တရားရား တိုက်ခတ်လျက် ပြေးဝင်လာနေတတ်သည့် လေသည် အဆီးအတားမဲ့၊ သန့်စင် လန်းဆတ်လွန်းသည်။

"ဟေ့ … တိုက်ခန်းတာဝန်ကျ ကင်းသမား ဘယ်သူလဲ။ ဒီမှာ အကျဉ်းသားသံတိုင်ကို ခေါက်ပြီး ခေါ်နေတာ ကြာနေပြီကော။ မကြားကြဘူးလား။ ဟိုးအောက်ကတောင် ကြားနေရတယ်။ ကင်းသမား ဘယ်မလဲ"

အသံကြီးက ဟိန်းနေသည်။ တိုက်ခန်းစောင့် ညတာဝန်ကျ ဝန်ထမ်းကို ရှာဖွေနေခြင်း ဖြစ်မည်။

မြန်မာစာနှင့် မြန်မာစကားကို မြန်မာတစ်ဦးလောက်နီးနီး ကျွမ်းကျင်တတ်မြောက်အောင် စနစ်တကျ အပတ်တကုတ် သင်ကြားထားခဲ့သည်ဖြစ်၍ ဝန်ထမ်းတွေ၊ အရာရှိတွေ ပြောလေသမျှ စကားတွေကို သူကောင်းကောင်း နားလည်သည်။ သူကသာ ကောင်ကလေးဖြူနှင့် စိတ်လိုလက်ရရှိလွန်းမှ မေးတစ်ခွန်း

www.burmeseclassic.com

www.burmeseclassic.com



“ပြောစရာရှိတဲ့အခါပေါ့ ဆရာ။ တစ်ခါတလေလည်း နှစ်ရက် သုံးရက် လုံးဝမဆက်သွယ်ကြဘူး။ အဲ … တစ်ခါတစ်ခါတော့ နေ့စဉ်ရက်ဆက် အကြာကြီးကို ပြောချင်ပြောနေကြတာ”

“အဲဒီလို ပါးစပ်မှာ ခွက်ကြီးကိုက်ပြီး တဒေါက်ဒေါက် တဒက်ဒက် ခေါက်နေတာပဲလားကွာ”

“ဟုတ်ကဲ့”

“ဝဋ်ကြီးလိုက်တာကွာ။ သူတို့ ဘာတွေကို အရေးတကြီး ပြောနေကြတာလဲ။ မင်းတို့ရော သိသလား”

“မသိပါဘူး ဆရာ။ စစ္စာဦးတုန်းကတော့ သူတို့အချက်ပေးသံတွေကို တုံးကလေးတွေနဲ့ လိုက်မှတ်ပြီး အဓိပ္ပာယ် ဖော်ကြည့်ခဲ့ကြဖူးသေးတယ်လို့တော့ ပြောကြတာပဲ။ နောက်တော့ စကားဝှက်ကိုလည်း မဖော်နိုင်၊ သူတို့ကလည်း ကိုးကန်းကိုးကျင်း ခုနင်ခု ဆက်သွယ်ချင် ဆက်သွယ်နေတတ်ကြပြီး ဘာမှလဲ ထူးထူးထွေထွေ ပြဿနာဆိုတာက လည်း မရှိခဲ့တော့ ဒီအတိုင်းတိုင်းထားလိုက်တော့တာပဲ။ သိပ်ရေးကြီးခွင်ကျယ် ရှိလှတယ်လို့လည်း မထင်ကြတော့ဘူးလေ”

“သူက ခြေမရှိ လက်မရှိ၊ မျက်စိလည်း စုံလုံးကန်းနေတာဆိုတော့ သူ့ဝေယျာဝစ္စကိစ္စတွေကျတော့ ဘယ်သူက လုပ်ပေးနေရတုန်း။ မင်းတို့ကပဲ အလှည့်ကျ လုပ်ပေးရတာလား”

“မဟုတ်ပါဘူး ဆရာ။ သူ့ကို မျက်နှာသစ်၊ သွားတိုက်၊ ရေချိုးပေးတာကအစ ထမင်းကျွေး၊ ချီးသေးသုတ်သင်တဲ့အထိ ပတ်မအုပ်စုံ ခြေသိမ်းခေါင်းပိုက် လုပ်ပေးရတဲ့ ပုံသေဝန်ထမ်း တစ်ယောက် ရှိတယ်လေ ဆရာ။ မောင်ဖြူတဲ့”

“ဩော်”

“ဒီအကျဉ်းသားက လည်း မောင်ဖြူတစ်ယောက်ပဲ အကပ်ခံတယ်။ ပြုစုတာခံတယ်။ ထမင်းကျွေးလည်း မောင်ဖြူ ကျွေးမှပဲ စားတယ်။ ရေတောင်မှ မောင်ဖြူ ခပ်ပေးတဲ့ ရေမှပဲ သောက်တာ။ ဇီဇာကြောင်လွန်းတာကတော့ တကယ်ကို လက်လန်ပဲ။ သူ့ကို တစ်ယောက်ယောက်က အစာထဲမှာ အဆိပ်ခတ်ပြီး လုပ်ကြံမှာကို သိပ်ကြောက်တတ်တာကိုး ဆရာရဲ့။ မောင်ဖြူကလွဲရင် ဘယ်ဝန်ထမ်းကိုမှ သူ့အတွက် တာဝန်ချမပေးပါနဲ့လို့ ထောင်ပိုင်ကြီးနဲ့ ညွှန်ကြားရေးမှူးကို သတင်းပို့ထားခဲ့တာ”

“အင်း … အင်း … သူတို့အမှုမျိုး၊ သူတို့လိုလူမျိုးတွေက ဒီလိုပဲ သ ံကြီးကြီးထားတတ်ကြတယ်”

“မောင်ဖြူကလည်း မောင်ဖြူပါပဲလေ။ သွေးမတော် သားမစပ် လူမျိုးချင်းလည်း မတူတဲ့ ဒီဒုက္ခိတအကျဉ်းသားကြီးအပေါ် အနွံတာခံ လိုက်ပံ့ များတော့ အချင်းချင်းတွေ မပြောနဲ့ လူကြီးတွေကတောင် ဩချယူရတယ် ဆရာရေ့။ ဒီထောင်မှာ သူ့လောက် စိတ်ရှည်သည်းခံပြီး စိတ်ရင်းသဘောထားကောင်းတဲ့ ငတိဖြင့် ရှိမယ် မထင်တော့ဘူး”

“ဘယ် … မောင်ဖြူလဲကွ။ မောင်ဖြူတွေက အများကြီးရှယ်”

“ဩော် … ဆရာကလည်း ထောင်မှာ အိုးစည်ဒိုးပတ်နဲ့ တီးဝိုင်း ကဝိုင်းရှိတဲ့အခါတိုင်း ပုဆိုးစွန်တောင်ဆွဲနဲ့ မင်းသားလုပ်လုပ်ပြီး ကတတ်တဲ့ ငှက်

www.burmeseclassic.com

www.burmeseclassic.com



ပျောတောမင်းသားမောင်ဖြူပေါ့ ဆရာရဲ့။ ဟိုပေါချာချာ ဘုတ်အိုး ကောင်၊ အိုးပေါလောကြီးလေ”

“အေး ... အေး ... သိပြီ။ အဲဒီမောင်ဖြူကိုးကွ။ နေပါဦး ဒီကနေ့ ဒီကောင်လေးကို မမြင်မိပါကလား”

“သူ့လာမှာ မဟုတ်တော့ဘူး ဆရာ”

“ဟင် ... ဘာလို့”

“ဒီကနေ့က သူ့လူကြီးကို ကြိုးပေးမှာတဲ့ဆရာရဲ့။ အဲဒီအကြောင်းကို မနေ့ညနေပိုင်းမှာ ဒီကောင် သိသွားပြီးကတည်းက အရက်ကို မိုးအလင်း ဖင်ထောင်သောက်ပြီး လူမှန်းသူမှန်းမသိအောင် မူးလဲနေလေရဲ့။ ဂါတ်စာရေးကြီးကတောင် တောလုပ်တောင်လုပ်တွေ သူ့ကိုယ်သူပြန်ပြီး ဥပါဒ်ပေး ရန်ရှာမှာစိုးလို့တဲ့။ စိုးလှိုင်နဲ့ ထွန်းထွန်းကို အစောင့်ခိုင်းထားရတယ် ပြောကြတယ်”

“သြော် ... ကြားရတာ စိတ်မချမ်းမသာရှိလိုက်တာကွာ”

ခြေသံတွေက တဖျပ်ဖျပ်ဖြင့် လေးတိလေးကန် ဆင်းသွားနေသည်။ ကင်းသမားရဲဘော်လေးလည်း အသံမကြားရ။ အောက်ကိုဆင်း၍ လိုက်သွားဟန်တူသည်။

“ကောင်ကလေးရယ်”

အမှန်တကယ်ပင် သူ့ကိုကြိုးပေးကွပ်မျက်တော့မည်ဟု တိတိကျကျ ကြားသိလိုက်ရ။ သူ့နှစ်ကိုယ့်တစ်စိတ် ကောင်ကလေးမောင်ဖြူနှင့် ဘယ်လိုမှ တွေ့ခွင့်မကြုံနိုင်တော့သည်ကို ဧကန်ဧကသိခွင့်ရလိုက်သည့်အဖြစ်ကြီးက သူ့ရင်နှလုံးကို မီးလောင်တိုက်သွင်းပစ်လိုက်သလို ဖြစ်သည်။

မျက်ရည်ဥကြီးတွေ ပိုးပိုးပေါက်ပေါက် အံ့ခဲ၍လာ၏။

မွန်းကြပ်နေသလို တစ်ဆို့ဆို့ကြီး ဖြစ်သည်။

ရင်အပြင်ကို တရစပ် ဆုပ်နယ်ချေမွပစ်ခြင်း ခံနေရသလို မချိမဆန့် နာနာကျင်ကျင်ကြီးဖြင့် နင့်သည်းနွမ်းနယ်လှပြီ။

ရဲဘော်'ကော'ကို ဖျတ်ခနဲ သတိရလိုက်၏။ နှုတ်ဆက်ခဲ့ရဦးမည်။

သူသည် မမြင်မစမ်းဖြင့် ထောင်ပုံစံသတ္တုခွက်ကို ပါးစပ်ဖြင့် စမ်းရှာကိုက်လျက် ပြတင်းသံတိုင်ဆီ တစ်ကျော့တစ်ပြန် တိုးကပ်မိခဲ့ရပြန်သည်။

“ရဲဘော်ရေ ... 'ကစ်စင်ဂူရာမိ' ငါးတစ်ကောင်ကိုတော့ဖြင့် မိုးနတ်မင်းကြီးက အလိုတော်ရှိနေပြီ။ မကြာခင် ပြန်လမ်းမဲ့ခရီးကို ထွက်သွားရတော့မယ်။ 'ဝှမ်' မြစ်ဆီမှာပဲ ရှိမလား။ 'တိမ်လွှာတောင်'ကိုပဲ ရောက်လေမလား။ မိုးနတ်မင်းကြီးမှ သိမှာပဲ။ အဆုံးစွန်အထိ သစ္စာမတည်နိုင်ခဲ့တဲ့ မင်းရဲ့အနေအထားကို ခုတော့ ခွင့်လွှတ်နိုင်ခဲ့ပါပြီ။ တကယ်တော့ တို့ ထင်ထားခဲ့တာ၊ တို့ မျှော်လင့်တာတွေဟာ အချည်းနှီး အနတ္တတွေချည်းပဲဆိုတာ မျက်ဝါးထင်ထင် သိခဲ့ရပြီ။ နှုတ်ဆက်ခဲ့ပါတယ်ရဲဘော်”

ရဲဘော်'ကော'ထံက တုံ့ပြန်သံတွေကို မကြားလိုတော့။ ကြားနိုင်စွမ်းလည်း မရှိတော့။ အိပ်ရာထက်၌ ကွေးကွေးကလေးပုံ၍ လှဲနေလိုက်မိတော့၏။

'ကစ်စင်ဂူရာမိ'ငါးမျိုးမှန်ခဲ့လျှင် အတူနေငါးတစ်ကောင်သေဆုံးရုံမျှဖြင့် ကျန်ငါးတွေက အစားလုံးဝမစားတော့ဘဲ တမင်အငတ်ခံလျက် အရေခွံတွေ ကွာလန်ပွဲကြွေလာစေလျက် အသေခံသွားတတ်ကြသည်ကို ကော

www.burmeseclassic.com



သည်။

၁၉၅၀၊ ဖွန်လ (၂၅)၊ ငွမ်မြစ်၏ မြောက်ဘက်ပိုင်းမှ အစပြုခဲ့သည့် သူတို့၏ရန်မီးရန်ကြွင်းသည် တရုတ်ကွန်မြူနစ် တပ်နီ တစ်သိန်းကျော်အင်အားဖြည့်ခဲ့သည့် 'တိမ်လွှာတောင်' တိုက်ပွဲစဉ်တွင် ဂုဏ်ရောင်အပြောင်ဆုံးဖြစ်ခဲ့သည်ကိုလည်း ကေ သိသည်။


သို့သော် သူတို့၏လျှို့ဝှက်သုတ်သင်ရေးစီမံကိန်း မစ်ရှင်ကဖြင့် …

မျက်ရည်တွေ အတောမသတ်အောင် ကျလျက်။

ကောင်ကလေးဖြူကို သတိရလျက်၊ လွမ်းတလျက်။

၂။

သူ့မျက်စိဖြင့် တပ်အပ်ကြီးမြင်နေရသည်ကိုပင် မောင်ဖြူမယုံချင်မိသေး။ သူ့မျက်ဝန်းတွေကို အစွမ်းကုန်ဖွဲ၍ လူဟုဆိုသာရုံ မည်ကာမတ္တ သူ့ရှေ့က ဒုက္ခိတသတ္တဝါအကျဉ်းသားကြီးကိုသာ မမှိတ်မသုန် စူးစိုက်ကြည့်မိနေဆဲ။ ရင်၌လည်း တလှပ်လှပ်။



"ကျွတ် … ကျွတ် … ကျွတ်"

အလိုလို စုပ်သပ်မိခဲ့ရတော့သည်။

"ဖြစ်မှဖြစ်ရလေ" ဟုလည်း သူ့စိတ်ထဲမှာ ဘာသာမြည်တမ်းမိရ၏။ ထိုအရာကို လူဟု ခေါ်သတဲ့ ဂး။

တိုက်ခန်းကြမ်းပြင်၌ တင်ပျဉ်ခွေထိုင်ထားရင်း တိုက်နံရံကိုကျောမှီလျက် တောင့်တောင့်မတ်မတ် ကော်ပတ်ရုပ်ကြီး အဝတ်ပတ်ထားသလို လူသားကြီး၌ လက်နှစ်ဖက်စလုံး အလျဉ်းမရှိ။ လက်ကောက်ဝတ်အထက်နားဆီတွင် ငုံးတိတိ။ ခြေတစ်စုံလည်း နတ္ထိ။ ပေါင်ရင်းမှာ အနာရွတ်ဖေးကြီးတွေ ဗရပွနှင့် တိတိရိရိပြတ်နေသည်။ ပြီးလျှင် တစ်ကိုယ်လုံးမှာ မီးလောင်ဒဏ်ရာလို အနာရွတ်တွေက တင်းကြမ်းပြည့်။ ဖားပြုတ်တစ်ကောင်၏ ကျောကုန်းကြီးလို။ နဂိုမူလအသားအရေက ဝင်းဝင်းဝါဝါ၊ ဖြူဖြူသန့်သန့်ဖြစ်ကောင်းဖြစ်ခဲ့မည်။ သို့တိုင် မျက်မြင်တွေ့နေရသည့် ရုပ်အနေကဖြင့်မူ ညစ်ထပ်ထပ် ပေတလူး။ ရှုံ့နှံ့အိုင်ထဲမှ

www.burmeseclassic.com

www.burmeseclassic.com



လှုံးလဲကုန်းထလာသည့် ကျွဲတစ်ကောင်နှယ် နဂိုရုပ် ပျောက်လောက်အောင် ညစ်ပတ်နံစော်၍ နေသည်။

တောင့်တောင့်ကြီး မလှုပ်မချောက်ထိုင်နေသည်မှာ မီးလောင် သစ်ငုတ်တိုကို အင်္ကျီစုတ်၊ ပုဆိုးစုတ်တွေ ပတ်ပေးထားသလိုဖြစ်၏။

ဘယ်ကဘယ်လိုစ၍ ပြောရမှန်းပင် မသိ။

မောင်ဖြူက ပါးစပ်ပြင်လိုက်မိသည်နှင့် ထောင်မှူးကြီး ဦးဖေအောင်က သူ့ပခုံးကို အသာပုတ်၍ ဟန့်လိုက်၏။ သူတို့ရှေ့မှာ ထောင်ပိုင်ကြီး ဦးဘီမဂ္ဂနန်းနှင့် တာဝန်မှူး ဦးစိန်ဦး (ထောင်မှူး)၊ တိုက်တာဝန်ခံ ထောင်မှူး ဦးထွန်းအောင်လွင်တို့ ရှိနေသည်။

"မစ္စတာဇက် … နေကောင်းလား"

ထောင်ပိုင်ကြီးက တကယ့်အင်္ဂလိပ်အစစ်ကြီးတစ်ယောက်လို ဘိုသံပီပီ ဌာန်ကရိုဏ်းကျကျနှင့် မေးလိုက်၏။ ဂျူး-မြန်မာကပြားမို့ အင်္ဂလိပ်လိုကဖြင့် မှတ်နေသည့်ပုဂ္ဂိုလ်၊ ဝါရင့်သမ္မာရင့် ထောင်အရာရှိကြီးတစ်ဦး ဖြစ်သည်။

"ဟုတ်ကဲ့"

မပွင့်တပွင့်။ ပြီးတော့ တစ်လုံးတည်း။ စကားတစ်ခွန်းတည်းသာ သည်လူ့ဒုက္ခိတကြီးထံမှ တိုရေရှားရေ ထွက်ကျလာသည်။

သို့တစေ သူ့ကိုယ်ကို ရင်ချီထားလိုက်ပုံမှာ စစ်ဗိုလ်ချုပ်ကြီးတစ်ဦး၏ စစ်ဆေးမှုကို ခံယူနေရသည့် ဂုဏ်ပြုတပ်ဖွဲ့ဝင်စစ်သည်တော် တစ်ဦးထက် တစ်ပြားသားမလျော့။ ခေါက်ကျိုးရိုးနေပြီဖြစ်သည့် စစ်စိတ်စစ်သွေး စစ်မာန်တွေက သူ့စည်ကြက်မျက်နှာပြင်မှာ အထင်သားပေါ်နေသည်။ ပုံမှန်ဆိုလျှင် သူ့မျက်နှာက ခံစားမှုမဲ့၊ အာရုံမဲ့။ အကြောတစ်မျှင် အရေပြားတစ်တွန့်မျှ အလှုပ်အခတ်မရှိ။ ငုတ်စိစိ။ ယခုမှု …

"စားရ သောက်ရ နေရထိုင်ရတာကော အဆင်ပြေရဲ့လား"

"မပြေဘူး"

မေးတစ်ခွန်း၊ ဖြေတစ်ခွန်း။ ဤသည်ပင်လျှင် ထောင်ပိုင်ကြီးမို့သာ အရေးအရာ လုပ်၊ အဖက်လုပ်လျက် အတွံ့အတင် ပြန်ပြောနေခြင်း ဖြစ်သည်။ လက်အောက်ထောင်အရာရှိ၊ ထောင်ဝန်ထမ်းမည်သူနှင့်မျှ စကားတစ်ခွန်း အရောတဝင် မဟာခဲ့။ တုံ့ဏှိဘာဝေ။

"ဘာတွေက အဆင်မပြေတာလဲ"

"အားလုံးပဲ"

"အင်း … အင်း … တစ်ခုချင်းစီ ပြောပြပါဦး"

ထောင်ပိုင်ကြီးက စိတ်ရှည်လက်ရှည် မေးရသည်။ လောလောဆယ် သည်တစ်ထောင်လုံးမှာ အရေးကြီးအကျဉ်းသား(V.I.P Prisoner) ဆို၍ သည်ဒုက္ခိတအကျဉ်းသားကြီးနှင့် သူ့အမှုတွဲ သီးသန့်အိမ်ကလေးထဲက လက်တစ်ဖက်ပြတ်အကျဉ်းသားတစ်ဦး၊ ပေါင်းကြည့်မှ သူတို့နှစ်ဦးသာ ရှိသည်။ နှစ်ဦးစလုံး နိုင်ငံခြားသားအကျဉ်းသား (F.R.C)တွေ။ နိုင်ငံလုံခြုံရေးနှင့် အဓိက ဆက်နွယ်ပတ်သက်၍ ချိုးဖောက်ကျူးလွန်ခဲ့သည့် နိုင်ငံတကာ အကြမ်းဖက်သမားတွေ။ အထိမခံ ရွှေပန်းကန်တွေ။

"စားရတာ အဆင်မပြေဘူး။ အသီးအရွက်စိမ်းကြော်လိုဟာမျိုး၊ အသားကြော်လိုမျိုးတွေ

www.burmeseclassic.com

www.burmeseclassic.com



ပဲ စားချင်တယ်။ ပဲဟင်းတွေ၊ ငါးပိကြော်တွေ မစားတတ်ဘူး။ ရနိုင်ရင် ပေါင်မုန့်စားချင်တယ်"

"အင်း … ဟုတ်ပြီ။ စီစဉ်ပေးမယ်။ ပြီးတော့ကော"

"တစ်နေ့ကို ရေနှစ်ကြိမ် ချိုးချင်တယ်"

"အခုလည်း ချိုးပေးနေတာပဲ မဟုတ်လား။ ရဲဘော်လေးတွေက သတင်းပို့ကြတာကတော့ မစ္စတာဇက်ကကို ရေချိုးဖို့ အမြဲ ငြင်းဆန်နေခဲ့တာဆို"

"အဲဒါကတော့ သူတို့က လုပ်ပေးကိုင်ပေးတာ စိတ်မှ မရှည်ကြဘဲ။ စူစူဆောင့်ဆောင့်နဲ့ဟာ။ ပြီးတော့ ဘယ်ဟာကိုမှ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း လုပ်မပေးချင်ကြဘူး။ ပြီးပြီးရော ချည်းပဲ။ စားပြီးသားပုံစံပန်းကန်တွေဆိုလည်း ဆေးချင်မှ ဆေးတာ။ ရေသန့်သန့်နဲ့ သေချာ မဆေးဘဲ ထမင်းထည့်ကျွေးရင် ကျွေးကြသေးတာ။ ပြီးတော့"

"အင်း … အင်း … ပြောပါဦး"

"မျက်နှာသစ်တာ၊ ခင်းကြီးခင်းလေးကိစ္စပြီးတိုင်း ဆေးကြော သန့်ရှင်းပေးရတာတို့ဆို မလုပ်ချင်ကြဘူး။ မနည်း ခေါ်နေရတာ"

"ဒါကတော့ မစ္စတာဇက်ကလည်း ရဲဘော်ကလေးတွေကို စကားလုံးဝမပြောဘဲ လက်ဟန်ခြေဟန်နဲ့ပဲ ပြတတ်တာဆိုတော့ လက်ရှိအခြေအနေအရ မစ္စတာဇက်ရဲ့ လက်ဟန်ခြေဟန်ပြတာက ကလေးတွေအတွက် ဘယ်လိုမှ အဆင်မပြေဘူးလေ။ သူတို့ နားမလည်နိုင်ဘူး။ အဲဒီတော့ နှစ်ဦး နှစ်ဖက် အခက်တွေ့နေကြရတော့တာပေါ့"

"ဘာပဲဖြစ်ဖြစ်လေ အဆင်ပြေအောင် စီစဉ်ပေးဖို့က ထောင်ပိုင်ကြီးတို့ တာဝန်ပဲ။ အခက်အခဲတွေ ဆက်ရှိနေသေးရင် ညွှန်မှူးကို ဆက်သတင်းပို့ရမှာပဲ"

"ဘယ်သူ့ကို ဘယ်လို သတင်းပို့ရမယ်။ မပို့ဘူးဆိုတာက မစ္စတာဇက်ရဲ့ ကိုယ်ပိုင်အခွင့်အရေးပါ။ ကျုပ်တို့က ဘာမှ မပြောလိုပါဘူး။ ဥပဒေက ခွင့်ပြုသမျှ လူသားဆန်ဆန် ကူညီစောင့်ရှောက်ပေးနိုင်အောင်တော့ ကြိုးစားဆောင်ရွက်ပေးမှာပါ။ မစ္စတာဇက်ဟာ လောလောဆယ် အနေအထားမှာ ကျုပ်တို့ရဲ့ စောင့်ရှောက်မှုအောက်က သေဒဏ်အကျဉ်းသားတစ်ဦးဖြစ်တဲ့အတွက် မစ္စတာဇက်ရဲ့ စားဝတ်နေရေးကိစ္စအဝဝကို အဆင်ပြေဆုံးဖြစ်ရအောင် ကျုပ်တို့က စီစဉ်ပေးမှာပါ"

"ကျေးဇူးတင်ပါတယ် ထောင်ပိုင်ကြီး"

"အင်း … အင်း … နောက်ဘာရှိသေးတုံး"

"ကျုပ်အမှုတွဲနဲ့ ကျုပ် တွေ့ခွင့်မရနိုင်ဘူးလား"

"အဲဒါက အခုအချိန်အထိတော့ ခွင့်ပြုချက် မရသေးပါဘူး"

"ကျုပ်အတွက် မျက်နှာသစ်၊ အလေးအပေါ့သွတ်သင်၊ လက်တိုလက်တောင်းခိုင်းဖို့ အသက်ငယ်ငယ် အကျဉ်းသားကလေးတစ်ယောက်တလေများ တွဲဖက်မထားပေးနိုင်ဘူးလား"

"အင်း … အကျဉ်းသားဆိုရင်တော့ အခက်အခဲရှိတယ် မစ္စတာဇက်ရေ။ ဒါပေမဲ့ အဆင်ပြေနိုင်မယ့် ဝန်ထမ်းငယ်တစ်ယောက်ကို ပုံသေတာဝန်ချထားပေးဖို့တော့ စီစဉ်ထားပြီးပါပြီ"

"အားနာစရာခင်ဗျာ…

www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းရဲဘော်ကလေးတွေကို ကျူပ်ရဲ့ချေးကိစ္စ၊ သေးကိစ္စတွေ အထိ ခိုင်းရမှာ စိတ်မလုံပါဘူး။ အားနာလွန်းလို့ ချုပ်တည်းထား ပေတဲ့လည်း သဘာဝဓမ္မတာကိစ္စ တွေဆိုပြန်တော့ တားလို့ကမရ။ ခွကျလိုက်တာ"

"ကဲပါလေ ... အားနာ မနေပါနဲ့။ ဒီရဲဘော်လေးနဲ့ နေ ကြည့်ပါဦး။ သူကလည်း လော လောလတ်လတ် သူ့အဖေအိုကြီး ဆုံးပါးပြီးခါစဆိုတော့ သူ့အဖေ ကြီး အလွမ်းပြေ ပြုစုပေးပါရစေ လို့ သူကပဲ ကိုယ်ပိုင်ဆန္ဒပြုလာ ခဲ့တဲ့ကလေးပါ။ သူ့အဖေကြီးက လူကြီးနာနဲ့ အိပ်ရာထဲ လဲနေခဲ့ တာ ငါးနှစ်ကျော်ခြောက်နှစ်ရှိခဲ့ ပြီ။ မျက်နှာသစ်၊ သွားတိုက်၊ ထမင်းခွံ့ပေး၊ ချေးကလူ သေးက လူ ကိစ္စတွေကို ဘယ်သူ့မှ မခိုင်း ဘဲ သူပဲဒိုင်ခံပြုစုခဲ့တာ။ ဖအေ ကြီးက ချေးသေးကိုတောင် မနိုင် ရှာတော့တာလေ။ စကားလည်း မပြောနိုင်၊ သူများပြောတာဆိုတာ တွေလည်း သူက မသိတော့ဘူး။ လွန်ခဲ့တဲ့ဆယ်ရက်လောက်က ဆုံးသွားရှာတယ်။ အဲဒါနဲ့ ..."

"ဘယ်သူ ထောင်ပိုင် ကြီး"

"မောင်ဖြူတဲ့။ တပ်သား မောင်ဖြူ။ (Warder Mung Phyu)"

"M ... m ... Phyu ... မ ... မ ... ဖြူ"

"ကဲပါလေ။ နာမည်တွေ ဘာတွေကို ခဏထားလိုက်ပါ ဦး။ ဒီကလေးနဲ့ပဲ နေကြည့်ကြပါ ဦး။ အခက်အခဲတွေရှိရင်လည်း ထပ်ပြောတာပေါ့"

"ကျေးဇူးပဲ ထောင်ပိုင် ကြီး"

"အင်း ... အင်း ... See You again"

သည်လိုပုံဖြင့် မောင်ဖြူနှင့် သည်ဒုက္ခိတ အကျဉ်းသားအိုကြီး တို့ စတင်သံယောဇဉ်တွယ်ငြိဖြစ် ကြဖို့အကြောင်းဖန်လာခဲ့ခြင်း ဖြစ် သည်။

ထောင်ပိုင်ကြီးတို့အဖွဲ့ ပြန် သွားကြသည့်အခါ မောင်ဖြူက အကျဉ်းသားကြီး၏ တိုက်ခန်းဆီ သို့ ပြန်တက်လာခဲ့သည်။ သည် ဘုဂလန့်ဋ္ဌစာ လူဒုက္ခိတကြီးနှင့် ဘယ်လိုအဆင်ပြေပြေ ဆက်ဆံ နေထိုင်သွားရမည်လဲ ဆိုတာ မောင်ဖြူ အတွေးထဲမှာ တစ်ချိန်

**သည်ဘုဂလန့်ဋ္ဌစာ လူဒုက္ခိတကြီးနှင့် ဘယ်လိုအဆင်ပြေပြေ ဆက်ဆံ နေထိုင် သွားရမည်လဲဆိုတာ မောင်ဖြူအတွေးထဲမှာ**

www.burmeseclassic.com

www.burmeseclassic.com



ခြေမရှိ၊ လက်မရှိ ငုံးတိတိ ကိုယ်ခန္ဓာကြီးနှင့် အမြင်မဲ့ မျက်ဝန်းတစ်စုံ၏ ညို့အားသည် အဘယ်မျှ ထိတ်လန့်ချောက်ချားဖွယ်၊ နာကျင်ဖွယ်၊ သွေးပျက်ချင့်စဖွယ် ကောင်းသည်ကို ကိုယ်တွေ့ကြုံရပြီ။

လုံး သည်အကြောင်းတွေပဲ တရစ်ဝဲဝဲ စဉ်းစားကြည့်နေမိ၏။

“မန် .. မ .. မ.. ဖြူ”

ဗုဒ္ဓေါ။ မြတ်စွာဘုရား။ သူ့ခြေသံတရှပ်ရှပ်က တိုက်ခန်းရှေ့ သံတိုင်တံခါးဝမှာ ရပ်မိသည်ဆို ရုံရှိသေး တိုးညင်းညင်းအသံကို ကြားလိုက်မိ၍ ကြက်သီးမွေးညင်းတွေပင် ထောင်ထသွားရသည်။ သည်ပုဂ္ဂိုလ်ကြီး၊ သည်သေဒဏ်ကြိုးသမား နိုင်ငံခြားသားကြီးက ထောင်ပိုင်ကြီး၊ ညွှန်ကြားရေးမှူးကြီးတို့နှင့်မှ မဟုတ်လျှင် မည်သူ့ကိုမျှ အဖက်လုပ်စကားပြောတတ်ခဲ့ဖူးသူမဟုတ်တဲ့။ ယခုဖြင့်မူ ...

“ဖြူ ... ဖြူ”

သံတိုင်တံခါးရှေ့၌ ငြိမ်ငြိမ်ကလေးရပ်၍ တွေကြည့်နေမိသည့် မောင်ဖြူရှိရာနေရာဆီ မှန်းဆကြည့်ရင်း သူ့နာမည်ကို ခေါ်ကြည့်နေသည့် မျက်နှာသေတစ်ခု။

ငါးသေတစ်ကောင်လို ဖြူဖပ်ဖြူရော် မျက်ဝန်းသေတစ်စုံ ကို မြင်သည်။

ခြေမရှိ၊ လက်မရှိ ငုံးတိတိ ကိုယ်ခန္ဓာကြီးနှင့် အမြင်မဲ့ မျက်ဝန်းတစ်စုံ၏ ညို့အားသည် အဘယ်မျှ ထိတ်လန့်ချောက်ချားဖွယ်၊ နာကျင်ဖွယ်၊ သွေးပျက်ချင်စဖွယ် ကောင်းသည်ကို ကိုယ်တွေ့ကြုံရပြီ။

သည်အခြေအနေတွင် ကြင်နာမှုတွေဖြင့် နွေးထွေးနေသည့် ကိုယ်အနေအထိအတွေ့ တစ်စုံတစ်ရာသည် ချက်ချင်းလက်ငင်းပင် ငြိမ်းအေးချမ်းမြေ့မှုတွေကို ရှင်သန်နိုးထလာစေတတ်မှန်း အဖေက မောင်ဖြူကို လက်တွေ့သင်ပြပေးခဲ့ပြီဖြစ်၏။

“မန် ... မ ... မ ... ဖယူ”

မောင်ဖြူသည် သံတံခါးသော့ကိုဖွင့်၍ တံခါးကို လှပ်လိုက်၏။ သူ့အဖေအိုကြီးကို သူလုပ်ပေးနေကျအတိုင်း လက်တစ်ဖက်က ချိုင်းအောက်မှ ကျန်လက်တစ်ဖက်က ဒူးကောက်ကွေးမှ ပေါက်ခနဲ ကောက်ယူပွေ့ချီလိုက်သည်။ ဒုက္ခိတအကျဉ်းသားကြီးက မရုန်းသာ မဖယ်သာဘဲ ငွေ့ခနဲ ပါလာတော့၏။

“ကဲ ... ရေချိုးလိုက်ကြရအောင်နော်။ အလင်းရောင်လေးလည်း ရ၊ နေရောင်လည်း ရတော့

www.burmeseclassic.com

www.burmeseclassic.com



ဟောဒီရှေ့နားမှာပဲ ချိုးလိုက်ကြစို့။ ရေချိုးရင်း ညစ်ပတ်နေတဲ့ ဝတ်စုံတွေ၊ အိပ်ရာခင်းတွေကိုပါ လျှော်ပစ်လိုက်ကြရအောင်။ ကဲလာ … ဒီအနားမှာထိုင်။ ဟုတ်ပြီ … ဟုတ်ပြီ။ ဒါ စောစောကလေးကမှ ဘောက်ဆင်းကောင်လေးခပ်ပြီး ပို့လာတဲ့ ချိုးရေတွေလေ။ ကြည့်ပါဦး။ နွေးနေတာပဲ။ ကဲ .. ဝအောင်သာ ချိုးပေတော့။ တစ်ကိုယ်လုံး ညစ်ပတ်နံစော်နေတာတွေ ဒီကနေ့ ရှင်းပစ်လိုက်မှဖြစ်မယ်။ ပုံစံဝတ်စုံ တစ်စုံနဲ့ အိပ်ရာခင်းအသစ်ရယ်၊ ပုံစံပန်းကန်ပြား၊ ပန်းကန်လုံးတွေရယ် အသစ်ထုတ်လာခဲ့တယ်။ အနံ့စွဲနေတဲ့ ချေးတွေညှော်တွေ ရှစ်သစ်တက်နေတဲ့ အဟောင်းတွေကိုတော့ ညနေကျမှပဲ ပြန်အပ်လိုက်တော့မယ်။ ကဲ … ကဲ … ရေချိုးတာရပ်ကြဦးစို့။ ချေးတွန်းရအောင်။ သြော် … ဟောဒါ ထောင်ပိုင်ကြီးပေးလိုက်တဲ့ ဆပ်ပြာလေ။ ကာဘော်လစ်၊ ကာဘော်လစ်။ အနံ့ပြင်းပေမယ့် ပိုးသေတယ်။ စိတ်ထဲရှင်းသွားတာပဲ။ ကိုင်း … မဟုတ်ဘူးလား”

အကျဉ်းသားကြီးက သူ့စကားကို နားလည် မလည် မောင်ဖြူမသိ။ သူ့ဖခင်အိုကြီးကို ပြုစုခဲ့ရစဉ်ကအတိုင်း သောင်မတင် ရေမကျ စကားတွေကို လျှောက်ပြောနေမိခြင်းဖြစ်သည်။

“ဟဲ့ … မောင်ဖြူရဲ့ နင်တို့ ငါတို့ကသာ တို့ပြောနေတာ လုပ်နေတာတွေကို သူတို့မသိကြဘူး၊ မကြားကြဘူးထင်နေတတ်တာ။ ဒါပေမဲ့ သူတို့တွေရဲ့ မသိစိတ်က သူ့ဘာသာသိနေတတ်ကြတာမျိုးဟဲ့။ ဘာမှန်းမသိရင်တောင် သူတို့ကို အဲဒီလို တယုတယ ပြောနေတာမျိုးမှာ သာယာနေတတ်ကြ၊ နှစ်သက်နေတတ်ကြသတဲ့။ ရောဂါဝေဒနာတွေတောင် အလိုလိုသက်သာလာတတ်ကြသတဲ့။ ဘာအပန်းကြီးတာ မှတ်လို့ဟယ်။ လုပ်ရင်းကိုင်ရင်း ပြုစုရင်း စကားတော့ ပြောပေးနေ … ကြားလား”

ဒေါ်ရှိစီကြီးက ထိုသို့ပြောခဲ့ဖူးတာကို မောင်ဖြူမှတ်မိသည်။

ယခုလည်း ဘာရယ်မဟုတ်။

ပြောမိပြောရာတွေကို ပြောနေခြင်းသာ။ တစ်ခုပဲ … တစ်ခုသာပဲ။ သွားလေသူ အဖေ့ကို တိုင်တည်ပြောနေခြင်းဖြစ်၍ သားတစ်ယောက်၏ ချစ်ခြင်းတွေကဖြင့် စိမ့်၍ပျော်ဝင်နေမည် ထင်၏။

အိုး … အလို။ ကြည့်ပါဦး။ သူ့ရင်တစ်ပြင်လုံး သည်းသည်းလှုပ်လှုပ် အေးမြချမ်းငြိမ်း ပျောက်ဆုံးနေခဲ့သော၊ မတွေ့ရသည်ပင် ကြာခဲ့ပြီဖြစ်သော၊ အနေဝေးနေသော၊ မေ့သလောက်ရှိနေသော … သော …၊ သော … ခံစားမှု။ သိသိမှတ်မှတ်ကြီး ကိုင်လှုပ်နေသည်သို့ဖြစ်၏။ ချစ်ခြင်း၊ ချစ်ခြင်းတရားတဲ့လား။ ဝေးတစ်မြေရပ်ခြား၊ သွေးမတော်သားမစပ် ဘဝတစ်ခုကိုယ်စီနှင့် လူသားနှစ်ဦးသည် တစ်စုံတစ်ရာ ဆုပ်ဆုပ်ကိုင်ကိုင် မပြနိုင် မပြတတ်သည့် သံယောဇဉ်ချစ်ခြင်းတရားဆိုသည့်အရာကြောင့် နှောင်ဖွဲ့ကျွမ်းဝင်မိကြမည်ဆိုလျှင် … ဒါ ရှေးရှေးက ပြုဖူးရှိဖူးခဲ့သည့် ရေစက်ဟောင်းတွေပင် ဖြစ်ပေလိမ့်မည်။

“ဘုရား … ဘုရား။ သူ့လို ကွန်မြူနစ်အရိုးရင့်ကြီး တစ်ယောက်က ဘယ့်နှယ် ရှေး

www.burmeseclassic.com

ရေစက်တွေ၊ ချစ်ခြင်းတရားတွေ၊ သံယောဇဉ်တွေကို တောင်တောင်အီအီတွေးနေမိပါလိမ့်။ မဟုတ်ဘူး။ ဒါမဟုတ်ဘူး။ ဒုက္ခရဲ့ မြူဆွယ်ဖမ်းစားမှုတွေပဲ။ အဖနိုင်ငံတော်နဲ့ တပ်နီတော်၊ လူထုနဲ့ ကွန်မြူနစ်ဝါဒမှတစ်ပါး အခြားမရှိ။ သုခယောင်ယောင် လှည့်ဖျားမှုတွေကို ကြံ့ကြံ့ခံနိုင်ရမယ်"

သူ့စိတ်ကို သူ တင်းသည်။ သူ့စိတ်က သူ့ကို ဆုံးမသည်။ ကြုံနေရသည့် ပစ္စက္ခ၏ ငြိမ်းအေးသန့်စင်လွန်းမှုမှ မသိကျိုးကျွံ ရှန်းထကြည့်သည်။ မရ။

"အိုး... နေရောင်ကလေးက နွေးနေတာပဲ။ 'ဟာန်'မြစ်ထဲမှာ လှေစီးရင်း နေရောင်နွေးနွေးက လေးအောက်မှာ နေစာလှုံခဲ့ရတာကို လွမ်းလိုက်တာ။ ဒီပုံအတိုင်းဆို နေရောင်ခြည်ကလေးကလည်း ဝင်းနေမှာပဲ။ ရွှေရောင်တောက်တောက်နေပြောက်ကလေးတွေ တင်နေတဲ့ သစ်ရွက်ကလေးတွေလည်း လင်းပြီး စိမ်းတောက်နေမှာပဲ။ နေရောင်ခြည်ဖောက်ဝင်သွားတဲ့ မြက်ဖျားကလေးတွေက စိမ်းရောင်စို မှည့်လို့ပေါ့။ ကြည့်စမ်း ... လေကလေးကလည်း လန်းလိုက်တာ။ 'ဟာန်' မြစ်ထဲက ကမ်းစပ်ရေကြည်ကြည် တိမ်တိမ် ကျောက်တုံးကျောက်ခက်တွေကြား လျှောက်ပြေးနေတဲ့ 'ရှီရီ' ငါးကလေးတွေကိုတောင် မြင်ယောင်လာမိတော့တယ်။ ကိုရီးယားတစ်နိုင်ငံတည်းမှာပဲ တွေ့နိုင်တဲ့ ငါးကလေးတွေလေ။ အခုတော့ တချို့က 'ဟာန်' မြစ်ထဲမှာ၊ တချို့က 'ကွမ်'မြစ်ထဲမှာ။ တချို့က 'မြောက်ပိုင်း'မှာ၊ တချို့က 'တောင်ပိုင်း'မှာ။ သမ္မတဆစ်မန်ရီး(တောင်ကိုရီးယား အစိုးရအဖွဲ့၏ သမ္မတ၊ စာရေးသူ)သာ ကိုယ်ကျိုးမကြည့်လွန်းခဲ့ရင် ခါးသီးတဲ့ ဘဝဒဏ်ချက်တွေနဲ့အတူ ကွန်မြူနစ်ဝါဒကြီးသာ မီးတောက်ကြီး ဖွဲလောင်သလို ဟုန်းဟုန်းထ မတောက်ခဲ့ရင်၊ နွားကွဲ ကျားကိုက်ဆိုသလိုမျိုး ၃၈ ဒီဂရီ မျဉ်းပြိုင်ကို အခြေခံပြီး နိုင်ငံနှစ် ပိုင်းမကွဲခဲ့ရင် သူတို့အသက် လောက်တန်ဖိုးထားနေတဲ့ "ပြန်လည် ပေါင်းစည်းရေး" သာ ခုလိုနှောင့်နှေးကြန့်ကြာ မနေခဲ့ရင် ဒီနေရောင်ခြည် နွေးနွေးလေး၊ ဒီလေပြည်အေးအေးလေးကို တဝကြီးလွတ်လွတ်လပ်လပ် ခံစားနိုင်မှာပဲ။ 'ရှီရီ' ငါးကလေးတွေလည်း 'ဟာန်' မြစ်မှာရော 'ကွမ်'မြစ် ကြီးထဲမှာပါ ကူးခတ်မြူးတူးနေနိုင်ကြမှာပဲ။ အို ... 'ဟွမ်'ရယ်၊ 'ဟီး' ရယ်၊ 'ကင်'ရယ်၊ 'လင်း(မ်)' ရယ်တို့ မိသားစုကလေး ... တို့မိသားစုကငေ .ပး"

အတွေးတွေက တောက်လျှောက် ပြေးနေသည်။

ဖမ်းယူချည်နှောင်မထားလိုတော့။ ဖြေလျှော့လွှတ်ထားလိုက်မိတော့သည်။

"အို ... အဘ ... ငိုနေပြန်တာလား။ ဘာဖြစ်လို့လဲ ... ဘာဖြစ်လို့လဲ။ ချမ်းလို့လား။ ဗိုက်ဆာလို့လား။ ပြီးပြီ...ပြီးပြီ။ ဟောဒီ အိပ်ရာခင်းကလေးကို ရေလျှော်လိုက်ပြီးရင်ပြီးပါပြီ။ ဟော ... ထမင်းချိုင့်ရောက်နေပြီတဲ့။ ခဏလေးနော် ... ခဏကလေး"

BURMESE CLASSIC .com

သူ မျက်ရည်တွေကျနေမိပြန်ပြီလား။ သူ တကယ်အိုမင်းလာပြီဆိုသည်ကို လက်ခံလိုက်ရတော့မည်။ လူအိုကြီးတွေသာလျှင် ကလေးပေါက်စလေးတွေလို ငိုလွယ် ရယ်လွယ် ဖြစ်တတ်

www.burmeseclassic.com

www.burmeseclassic.com



ကြသည် မဟုတ်ပေလား။

ကောင်ကလေး ပျာယာခတ်နေသည်ကပင် ရယ်ချင်စရာ။ အလုပ်တွေ ရှုပ်နေသည့်အထဲမှာပင် သူ့အသံလွှင်လွှင်၌ ပျော်ရွှင်မှုတွေ စွက်နေ ကဲနေသည်။ ပို့ရှုယ်မှု၏ တပ်မက်ချင်စရာ အရည်အသွေးတွေထဲမှာ ထိုသည့်ဘာကိုမျှ ထိမထင် မဖြုံချင်စိတ်တွေပါသည်။

အကျဉ်းသားအိုကြီး၏ စိတ်တွေ တဖြည်းဖြည်း မြူးရွှင်၍လာနေသည်။

"ဖြူ"

"ဟင် … ဘာ … ဘာလို့လဲဟင် … အဘ။ အခန်းထဲဝင်ကြတော့မလား"

သူ့ကို ကောင်ကလေးက 'အဘ' ဟု ခေါ်နေသည်။ 'အဘ' … 'အဘ' … တဲ့။ အဘဆိုသည့် အက္ခရာပုဒ်သည် မြန်မာဘာသာစကားအရ ဖခင်ကို ရည်ညွှန်းသည်။ ဖခင်ကဲ့သို့ အသက်အရွယ်ကြီးရင့် အမျိုးသားကြီးများကိုလည်း ဖခင်ပမာ 'အဘ' ဟု ခေါ်တတ်ကြသေးသည်တဲ့။ ပါမောက္ခ 'ချို' က စနစ်တကျမြန်မာ့ လူမှုဓလေ့ကို ရှင်းပြဖူးခဲ့၏။ 'အဘ' တဲ့။ ကောင်ကလေးက သူ့ကို ခေါ်သည်။

သူ့ရင်မှာ ပီတိဖြင့် တသိမ့်သိမ့်။

"တို့တွေ ဒီမှာပဲ ခဏနေကြဦးစို့ ဖြူ"

"ဟင် … အဘ … အဘ … မြန်မာလိုပြောတတ်တယ် … ဟုတ်လား"

"ရှူး … တိုးတိုး။ ဖြူကလွဲရင် ဘယ်သူနဲ့မှ မပြောဘူး။ ပြီးတော့ ဒါက တို့နှစ်ယောက်တည်းပဲ သိထားရမယ့် လျှို့ဝှက်ချက်"

BURMESE CLASSIC .com

"အား … ဝမ်းသာလိုက်တာ။ အခုမှပဲ စိတ်ထဲက အလုံးကြီးကျသွားတော့တယ်။ ကျွန်တော်က အဘ နားလည်အောင် ဘယ်လိုပြောရလုပ်ရမလဲပဲ စဉ်းစားနေတာ။ ပျော်လိုက်တာ"

"ဖြူ … ပျော်သလား"

"ဟုတ်ကဲ့"

"အခုမွှေးနေတာ ဘာပန်းကလေးတွေလည်း ဖြူ"

"ဆိတ်ဖလူးပန်းနံ့လေ"

"ဆိတ်ဖလူး" အသံကို သူ မထွက်တတ်။ ဘယ်လိုမှ ကြိုးစား၍မရ။ သူရော မောင်ဖြူရော နှစ်ယောက်သားလုံး ဟက်ဟက်ပက်ပက် ရယ်မောကြပြန်၏။

သူတို့ရယ်သံတွေသည် သူတို့ သေဒဏ်ကြိုးတိုက်ခန်းကလေးအတွက် တကယ့်ထူးထူးဆန်းဆန်း။ ကျောက်စိုင်ကျောက်သား ကျောက်လွှာချပ်ကြီးမှ ပန်းကလေးတွေ ပွင့်လာသလို။

ထိုတဒင်္ဂ၌ ကောင်ကလေးဖြူကလည်း အကျဉ်းထောင်ဝန်ထမ်းတစ်ဦးမဟုတ်တော့။ သူသည်လည်း ကွန်မြူနစ်အရင့်အမာကြီး၊ နယ်ကျော်ရပ်ခြားလူမဆန်လှသည့် နိုင်ငံတကာအကြမ်းဖက်ရာဇဝတ်မှုကြီးကို ကိုယ်ထိလက်ရောက် ဦးစီးကျူးလွန်ခဲ့သည့် လက်မရွံ့ သုတ်သင်ရှင်းလင်းရေးသမား၊ အထူးလျှို့ဝှက်တပ်ဖွဲ့၏ ယူနစ်ခေါင်းဆောင်တစ်ဦးမဟုတ်တော့။ ဘဝ သေနေပြီဖြစ်သည့် ဒုက္ခိတ သေဒဏ်ကျ ကြိုးသမားကြီးလည်း မဟုတ်တော့။

အတိတ်သည် ဟိုးအဝေးမှာ။

ဇေယျမင်းသျှင်

www.burmeseclassic.com